www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၅၅၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၀၀၇၀၈

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁)

အမှတ် (၁၃)၊ ၁၀၇ လမ်း။

မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမြင့်သန်း (မြ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်-စက်တင်ဘာလ။

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

ဖြန့်ချိရေး

စိုးမိုးစာပေ

BURMESE CLASSIC

## အခန်း (၁)

ပြာလဲ့လဲ့ကောင်းကင်ကြီးအောက်တွင် ပေါ့ပါးစွာစက်ဘီးစီးနေသော ကောင်လေးကို တည်သစွာ အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။

ကောင်လေးက လူကြီးတစ်ယောက်နားမှာ စက်ဘီးကိုထိုးရပ်လိုက်ပြီး

"ဦးလေး၊ ဒီနားမှာကျောင်းဆရာမဒေါ်သီတာ့အိမ်ရှိလား ဟင်"

"ကျောင်းဆရာမမှန်းတော့သိတယ်။ ဒါပေမဲ့ ဒေါ်သီတာ ဟုတ်မဟုတ်တော့ မသိဘူးကွ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ သူဘယ်မှာနေလဲ ပြောပေးနိုင်မလား"

"ဟိုရှေ့မှာမြင်နေရတဲ့ တစ်ထပ်တိုက်ပုအဝါရောင်လေးပဲ"

ထိုလူကြီး လက်ညှိုးညွှန်ရာသို့ ကောင်လေးက လှမ်းကြည့်ပြီး

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



[illegible] ပြီ။

"ကျေးဇူးတင်ပါခင်ဗျာ" ဟုပြောကာ စက်ဘီးလေးကိုနင်း [illegible] ပြန်ထွက်သွား၏။

သူမလည်း ပြတင်းပေါက်ကို ကျောခိုင်းကာ မိမိခုတင်လေးဆီသို့ ပြန်လာခဲ့သည်။

ခုတင်ပေါ်ရောက်တော့ သူမနဖူးပေါ်လက်တင်ကာ မျက်လုံးအစုံကို မှိတ်ချလိုက်သည်။

ကျေးဇူးတင်ပါတယ်တဲ့။

သူများတွေအတွက် ထိုစကားက မထူးဆန်းပေမယ့် သူမအတွက်တော့ ထူးဆန်းသည်သာ။ သူမ သိပ်ချစ်ခဲ့ရသည့်ချစ်သူ အနုရှ၏ လက်သုံးစကားလေး။

သူမနှုတ်ခမ်းတွင် မဲ့ပြုံးတစ်ခုဖြစ်ထွန်းသွား၏။ ပြီးတော့ ရင်ထဲက နာလာသည်။

"တောက်"

သူမ တက်တစ်ချက်ခေါက်လိုက်သည်။

"သစ္စာရေ တည်သစ္စာ"

အောက်ထပ်မှခေါ်သံကြောင့် သူမ ခုတင်ပေါ်က ထထွက်လာခဲ့သည်။

အခုဆိုလျှင် ကိုကိုက အိမ်ထောင်ကျသွားခဲ့ပြီဖြစ်၍ ဇနီးရှိသည့် ပြင်ဦးလွင်မှာ နေထိုင်ခဲ့တာ သုံးနှစ်ပင်ကျော်ခဲ့ပြီ။ မိဘနှစ်ပါးနှင့် သူမ သာရှိသော ဒီအိမ်ကြီးမှာ အောက်ထပ်တစ်ထပ်လုံးကို စာသင်ဆောင်အဖြစ် သတ်မှတ်ပေးထားပြီး ကျောင်းသားများ၏ စားဝတ်နေရေးအတွက် မိမိ၏အိမ်ဘေးတွင် အဆောင်ကလေးတွေထိုးကာ တာဝန်ယူ





ခဲ့သည်။ တည်သစ္စာတို့ခြံထဲမှာ သူမတို့ အခုလက်ရှိနေနေတဲ့ အိမ်ကလေးရယ်၊ အဆောင်လေးရယ်၊ သူမ ပန်းချီဆွဲနေကျ အခန်းလွတ်လေး တစ်ခုသာရှိသည်။ ခြံက မကျဉ်းသော်လည်း မကျယ်။ သို့သော် သူ့အဆောင်၊ သူ့အခန်းလေးတွေရော၊ သစ်ပင်အိုကြီးတွေ ပန်းပင်ငယ်လေးတွေ၊ သစ်သားခုံတန်းလေးတွေ၊ မြေကွက်လပ်ကလေးတွေနှင့် သူမတို့ခြံက ကဗျာဆန်ကာ နေချင်စရာကောင်းပါ၏။ ဒါကြောင့်လည်း အစောကြီးကတည်းကမှ တာဝန်ယူမှုကောင်းသော တည်သစ္စာတို့၏ ဆောင်ဒါဆောင်လေးက တစ်နေ့တခြား လူများလာခဲ့သည်။

သူမ အောက်ထပ်ကိုရောက်တော့ တစ်လမ်းကျော်မှ သူငယ်ချင်းဖြစ်သူ သန်းဦးကို တွေ့လိုက်ရ၏။

သူမ သန်းဦးကိုကြည့်ရင်း နှာခေါင်းရှုံ့လိုက်မိသည်။ ဟွန့် မှပ်ကိုက စပ်ဖြီးဖြီးနဲ့။

သူမ သူငယ်ချင်းများကြားထဲတွင် အစောဆုံးအိမ်ထောင်ကျသွားသောသူက တည်သစ္စာကို အပျိုဟိုင်းကြီးဟု တွေ့တိုင်းစတတ်သဖြင့် သန်းဦးဆို သိပ်ကြည့်မရချင်။

"ဘာကိစ္စလဲ"

မာထန်ထန်မျက်နှာနှင့် မေးငေါ့ပြောလိုက်သော တည်သစ္စာကို သန်းဦးက မျက်လုံးအပြူးသားနှင့်

"ဟာ အပျိုဟိုင်းကြီးက ရင့်လှချည်လား"

တည်သစ္စာတို့က ဒါမျိုးတော့ ဘယ်တော့မှ ခေါင်းငုံ့မခံတတ်။

"ဘာအပျိုဟိုင်းကြီးလဲ၊ သစ္စာအသက် အခုမှ နှစ်ဆယ်ကျော် ရှိသေးတာ"

"အံမယ် နှစ်ဆယ့်ငါးပဲဖြစ်နေပြီ၊ ဘာအခုမှ နှစ်ဆယ်ကျော်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“[illegible] ဘာဖြစ်လဲ၊ သစ္စာတို့က သန့်သန့်လေး။ ရှင် [illegible] အအိုရှုတ်တွကြီး”

[illegible]သစ္စာပြောတော့ သန်းဦးမျက်နှာရှုံ့မဲ့သွား၏။

တွန့် အဲ့ဒါ ပြောချင်ဦး။

“ဆော်တယ်ဟေ့၊ ဘာလဲ နင်က ငါ့ကို နှိမ်နေတာလား”

“ဟုတ်တယ်”

သူမ ခပ်တည်တည်ပင် ဖြေလိုက်သည်။

“တကယ်နော် ဒါဆို ငါပြန်တော့မယ်”

“ပြန်ပေါ့”

“နင်ကလည်းဟာ၊ နည်းနည်းပါးပါးများ ဟန်ဆောင်ပြီး သူငယ်ချင်းကို ခေါ်ပါတော့လား”

“ဟင် ရှင်ပဲပြန်မယ်ဆိုလို့ သစ္စာက ခွင့်ပြုလိုက်တာလေ”

“ထားပါတော့ ထားပါတော့၊ ဒါနဲ့ ဒါဘာလဲသိလား”

သန်းဦးက လက်ကိုထောင်ကာ စာအိတ်တစ်ခုအား ပြသည်။

ဘယ်သူ့စာပါလိမ့်။

“အဲဒါ ဘာစာလဲ”

“ဘယ်သိမလဲ၊ ငါမှ မဖတ်ကြည့်တာ”

“ဟင် အဲဒါ သစ္စာအတွက်လား”

“ဟုတ်ပ”

“ဟောတော့ သစ္စာကို စာရေးမယ့်သူလည်း မရှိဘဲနဲ့”

“ရှိလို့ပေါ့ဟာ”

“နေပါဦး အဲ့ဒါဘယ်ကလဲ”

“နင့်လူ အနန္တဆီက”





“ဟင်”

သူမ မျက်ခုံးနှစ်ဖက်မြင့်တက်သွား၏။

“ကိုယ်မင်းဆီကို စာရေးမှာပါ”

အနန္တ သူမကိုပြောခဲ့သော စကားတွေကို ပြန်လည်ကြားယောင်လာ၏။

“ဘာလဲ အံ့ဩသွားပြီလား”

“ဟင့်အင်း မအံ့ဩပါဘူး သန်းဦးရယ်၊ ဒါလေးအတွက်နဲ့များ ဒီအထိလာရတယ်လို့ နောက်အေးအေးဆေးဆေးမှ လာပေးရင်လည်း ရသားနဲ့”

“ဟင် ငါက နင့်ကို ချက်ချင်းပေးလိုက်ရင် နင်မြန်မြန်ပျော်မယ်ထင်လို့”

“ဩော်”

သူမ ဩော်တစ်လုံးသာ ပြောလိုက်သည်။ ဟုတ်တာပေါ့။ သူမရဲ့ အနန္တ အဆက်ပြတ်သွားတာကို သန်းဦးမှ မသိဘဲ။

“ထားပါ ကဲ ရှင်လည်းပြန်ချင်ပြန်တော့။ ပြီးတော့ ကျေးဇူးပဲနော်”

အေးတိအေးစက် သူမပုံစံကိုကြည့်ရင်း သန်းဦးက စာကို စားပွဲပေါ်မှာတင်ထားခဲ့ပြီး ထွက်သွား၏။

“ငါသွားပြီ”

သန်းဦးထွက်သွားတော့ သူမခြံဝအထိလိုက်ပို့ပြီး ခြံတံခါးကို ပြန်ပိတ်လိုက်သည်။

အိမ်ထဲကို ပြန်ဝင်ခဲ့တော့ အိမ်သို့သွားသည့် တွန်းတရစ်လမ်းကလေးနားမှာ သူမတပည့်ကလေး မိုးကျော်ကို တွေ့သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



**“အချိုးကျော် အားရှင်** သူငယ်ချင်းတွေခေါ်ပြီး ဘောလုံး **ကန်ချော်။ အခန်းထဲမှာ အောင်း**မနေနဲ့။ ကိုယ်လက်လှုပ်ရှားလေးလုပ် **ဦး”**

“တုတ်ကဲ့ပါ ဆရာမ”

သူမနှင့်က မောင်နဲ့ အစ်မအရွယ်ပေမယ့် ရှိသေရန် တမင်သားဟု ခေါ်ဝေါ်ခဲ့သည်။ တော်ကြာ မောင်လေးတွေ ဘာတွေလုပ်နေရင် မမတွေဘာတွေ ဖြစ်လာဦးမည်။ ပညာဖြန့်ဝေချင်လို့ ဆရာမလုပ်ခြင်းကို ကျောင်းသားတွေနှင့် အထင်လွဲမခံနိုင်။ ပြောမယ့်သာပြောရသည် သူမသော်ခါမှာ ဘယ်ကျောင်းသားကမှ ရဲရဲတင်းတင်း ရှိုင်းရှိုင်းပျပျ မရှိ။ အားလုံးယဉ်ကျေးကြသည်ချည်းပင်။ ဒါကြောင့်လည်း သူမနာမည်ကောင်းရခဲ့တာလေ။

တည်သစ္စာ မှာစရာရှိသည်ကိုမှာပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။ အိမ်ထဲရောက်တော့ သူမအပေါ်ထပ်တက်သွားမည်လုပ်ပြီးမှ သန်ဦး စာသင်စားပွဲပေါ်တင်ခဲ့သောစာကို သတိရသွားသည်။

“ဒီလိုချည်းထားထားတာတော့ မကောင်းပါဘူး။ နည်းနည်းတော့ ဖတ်ကြည့်သင့်ပါတယ်”

သစ္စာ စာသင်စားပွဲဆီသို့ လျှောက်သွားကာ ခုံမှာထိုင်ချလိုက်သည်။ ပြီးမှ အံဆွဲထဲမှာရှိသည့် ကတ်ကြေးကိုယူကာ ဖောက်လိုက်၏။

“တည်သစ္စာ

ကိုယ်မင်းဆီကို လာမလည်ဖြစ်တာ စိတ်မဆိုးပါနဲ့နော်။ ကိုယ် းမမေတို့ဆီကိုတောင် သိပ်မရောက်ဖြစ်ဘူး။ အမှန်အတိုင်းပြောရရင် င်းဆီကို မလာရဲတာလည်း ပါတယ်။ ကိုယ်က အပြစ်ရှိတဲ့သူကိုး။ ိုယ်မင်းကို သတိရတယ်။ မလိမ်ချင်ပါဘူး။ သူငယ်ချင်းကောင်းတစ်





ယောက်အနေနဲ့ပေါ့လေ။ သီတာမောင်နဲ့တောင် တွေ့တယ်။ သူက ကိုယ့်ကို မကြည့်တဲ့ပုံပဲ။ ဒါပါပဲကွာ။ စာကို ဖတ်ပေးကဲ့အတွက် ကျေးဇူးပဲနော်”

သူမ စာအဆုံးမှာ ရယ်လိုက်မိသည်။ ပြီးတော့ ထိုင်ခုံမှထကာ အခန်းထောင့်တွင်ရှိသော အမှိုက်ပုံးလေးဆီသို့ လျှောက်သွားလိုက်၏။ အမှိုက်ပုံးလေးဆီသို့အရောက်မှာ အနန္တစာက ထိုအမှိုက်ပုံးလေးထဲသို့ ရောက်သွား၏။

သူမ ဆံပင်ကိုတစ်ချက်သပ်တင်ပြီး အင်္ကျီခါးကိုဆွဲချကာ အိမ်ပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။

သတိတော့ရတယ် အနန္တ။ ဒါပေမဲ့ ချစ်လို့တော့ မဟုတ်ဘူး။ ရှင်ပြောသလို သူငယ်ချင်းတစ်ယောက်အနေနဲ့ပေါ့လေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟဲ့ မောင်၊ ဒီနှစ်မှ ပြောင်းလာတဲ့ ကျောင်းသားသစ်က နာမည်တော်တော်ကြီးနေတယ်တဲ့ သိလား"

"ဟုတ်လား ပြောစမ်းပါဦး"

ဘေးနားမှ ရတနာနှင့် သီတာမောင့် စကားကြောင့် သူမ စိတ်ဝင်စားသွားသည်။

သို့သော် စာကိုပဲ ဆက်ရေးနေလိုက်သည်။ ဒါကို ရတနာက သူ့ဘောပင်ကို လုယူကာ

"သစ္စာ နားထောင်ဦး"

"ဟာ နင့်ဟာနဲ့ဘာသာ ပြောကြပါ၊ ငါဒီမှာ စာရေးဦးမယ်"

ရတနာက သူမကို မျက်စောင်းထိုး၏။ သူမကိုသူငယ်ချင်းတွေ





က မုန့်စားဆင်းချိန်ရောက်တိုင်း ဒီလိုပဲ စကားဖလှယ်နေကြ။ သူမ ရတနာ့ကိုအလျှော့ပေးကာ

"ကဲ ပြော"

"သူ့နာမည်က အနန္တတဲ့"

"အနန္တဟုတ်လား။ တယ်မိုက်ပါလား"

သီတာမောင် တအံ့တဩဆိုသလို သူမလည်း အံ့ဩသွား၏။ နာမည်က ခပ်ဆန်းဆန်းကိုး။

"အမယ်လေး နာမည်တင် မိုက်တာမဟုတ်ဘူး၊ လူကလည်း တကယ့်အပုံးစား။ စာကလည်း တော်မှတော်ဆိုပဲ"

"ဟုတ်လား။ စိတ်တောင်ပါချင်လာပြီ၊ ပြောစမ်းပါ၊ သူ့ရုပ်က ဘယ်လိုလဲ၊ ချောတယ်မဟုတ်လား"

"အဲဒီရတနာငတုံးကလည်း အပုံးစားပါဆိုနေမှ ချောတာပေါ့ တဲ့။ အသားကဖြူဖွေးနေတာပဲ၊ ဒါပေမဲ့ ဖြူဖတ်ဖြူရော်မဟုတ်ဘူးနော်။ အသားလေးက ပန်းရောင်သမ်းနေတာ၊ အရပ်ကလည်းတော်တော်မြင့်တယ်၊ နှာတံကလည်းစင်းနေတာပဲ၊ ဘာအပြစ်ပြောစရာမှကိုမရှိဘူး။ အဟုတ်ချောတာ"

"နေစမ်းပါဦး မောင်ရဲ့၊ နင်က အဲဒီလောက် ဘာဖြစ်လို့သိနေရတာလဲ၊ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်း အတိအကျကြီးကို သိနေတာပဲ၊ အမယ်လေး မောင်ရယ်၊ ဘယ်လောက်များ လိုက်ကြည့်ထားလဲ မသိဘူး၊ နင်မမြင်ဘူးတာ တစ်နေရာပဲရှိမယ်နော်"

"အေး ဟုတ်တယ်"

"ဟာ ဘာ ဘာပြောတယ်၊ နင်ဘာတွေပြောနေတာလဲ ရတနာ ရက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြာ၍ သီတာမောင်က ရတနာ့ကိုထုတော့ ရတနာက ရယ်၍ လက်ဖြင့်အတင်းကာလိုက်ရင်း

"ဘာလဲ မောင်ကလည်း ငါပြောတာ ခြေသလုံးကိုပြောတာ ရှိုက်တုံးနေတာ နင် သူ့ခြေသလုံးက တုတ်လား၊ ပိန်လား၊ ခြေသလုံး မွေးတွေနဲ့လား၊ ဘယ်သိမလဲ၊ နင့်ဟာနင် လျှောက်တွေးမနေနဲ့"

"ခွေးမ ရတနာ"

သီတာမောင်က ရတနာကို ပျစ်ပျစ်နှစ်နှစ်ပြောပြီး သူမပါ ရယ်တော့သည်။ ဘေးတွင် နားထောင်နေသော တည်သစ္စာပါ ဟန် မဆောင်နိုင်တော့ဘဲ ရယ်လိုက်မိ၏။

သူမတို့သူငယ်ချင်းသုံးယောက်က အမြဲဒီလိုပါပဲ။ ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့် တဖြည်းဖြည်းအခင်အမင်တွေသာ ပိုလာကြသည်။ ပြီးမှတည်သစ္စာက ကြားမှဝင်၍

"မောင် အဲဒီကျောင်းသားက ဘယ်လောက်တောင် တော် လဲဟင်"

သစ္စာစကားကိုကြားသော ရတနာက စပ်ဖြီးဖြီးမျက်နှာနှင့်

"အောင်မယ် တည်သစ္စာတို့ အခုလိုမေးတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ မောင့်စကားတွေကြောင့် စိတ်ဝင်စားသွားပြီနဲ့တူ တယ်"

တည်သစ္စာ ခေါင်းညိတ်ပြလိုက်ပြီး

"စိတ်ဝင်စားတာတော့ အမှန်ပဲ ရတနာ၊ ဒါပေမဲ့ ချောလို့ မဟုတ်ဘူး။ စာတော်တဲ့အကြောင်းသိချင်လို့"

ရတနာက မယုံသင်္ကာပုံစံနှင့်ကြည့်တော့ တည်သစ္စာမျက်နှာ တည်သွား၏။





"ဘာလဲ ရတနာ၊ နင့်မျက်နှာက ဘာဖြစ်နေတာလဲ"

တည်သစ္စာ ဒေါသသံနှင့်ပြောတော့ သီတာမောင်က ကြားမှ ဝင်တားကာ

"ရတနာကလည်း ဘာလို့သွားစနေပြန်တာလဲ။ တော်တော့ ငါပြောပြမယ် သစ္စာ။ ဒီတစ်ပတ်စာမေးပွဲမှာ သူရတဲ့အမှတ်ပေါင်းက နင်နဲ့ အတူတူပဲ။ ငါ့အထင်တော့ နင်နဲ့သူ တော်တာချင်းတူမယ်ထင် တယ်၊ ဒါပေမဲ့ သူ့ကို လူတိုင်းကချစ်ကြတယ်။ ဘာလို့လဲဆိုတော့ သူက ကျောင်းလခတို့ဘာတို့ကောက်ရင် မရှိတဲ့ကျောင်းသားကျောင်းသူ တွေအတွက် သူ့မုန့်ဖိုးထဲက စိုက်ပေးတယ်တဲ့။ အဲဒီတော့ စိတ်ကောင်း လည်းရှိတယ်ဆိုပြီး နာမည်ကြီးနေတာ"

"ဩော်"

တည်သစ္စာ အနန္တကို အထင်ကြီးသွား၏။ ဒါက တစ်ရာမှာ တစ်ယောက်တောင် ရှိခဲတဲ့စိတ်ဓာတ်မျိုးပါ။ မှန်ရာဝန်ခံရလျှင် သူမ အနန္တနှင့် ခင်ချင်နေခဲ့သည်။ ညတိုင်း အနန္တနဲ့ ခင်ခွင့်ရပါစေဆို တဲ့စကားက ဆုတောင်းနေကျစကားဖြစ်ခဲ့သည်။

ကိုယ်က ခင်ချင်တာကိုး။

မပြည့်လောက်ဘူးဟုထင်ထားသော ထိုဆုတောင်းလေးက နဝမတန်းစာသင်နှစ်တစ်ဝက်ကျော်သောအခါ ပြည့်ဝခဲ့၏။

အပေါင်းအသင်းကို ခင်သဖြင့် တည်သစ္စာတို့ ဉာဏ်ကောင်း သော်လည်း ဘာသာစုံထူးချွန်မဝင်ခဲ့၊ တစ်ဘာသာသာထူးချွန်သာ ဝင်ခဲ့၏။ အနန္တနှင့် နောက်ကောင်မလေးနှစ်ယောက်ကတော့ ဘာသာစုံထူးချွန် ဝင်ခဲ့သည်။ ကျောင်းပေါင်းစုံနှင့် မြို့နယ်အဆင့်ယှဉ်ပြိုင်ဖို့အတွက် သစ္စာ နှင့် အနန္တတို့သုံးယောက် အခန်းတစ်ခန်းတွင် အတူတူသာကျက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စုစုနှင်းနှင့် ဝင်းပပတို့ကတစ်တွဲ စာအတူကျက်ကြ၍ သူမက အနန္တနှင့်အလိုလို စာဆိုဖက်ဖြစ်သွား၏။ တစ်သက်လုံးစာဆိုတာ မြန် လာခဲ့သည့်သူမက အနန္တနှင့်တွေ့တော့ နှေးသွား၏။ ဒါကို စုစုနှင်း တို့က သိသည်။

"ဘယ်လိုလဲ တည်သစ္စာ အခုကျတော့ စာဆိုတာ ဘာလို့ အဲဒီလောက်တောင် နှေးသွားရတာလဲ၊ သူက အရင်တုန်းက စာဆိုတာ အရမ်းမြန်တာ အနန္တရဲ့၊ အခုမှဘာဖြစ်နေလဲကို မသိတာ"

စုစုနှင်းစကားကြောင့် သူမမျက်နှာဘယ်ထားရမှန်းမသိအောင် ထူပူသွား၏။ အနန္တကတော့ အေးအေးလူလူပင်။

"ဟုတ်လား သစ္စာ"

"အင်း ဒါပေမဲ့ သစ္စာ စာသိပ်မရလို့ နှေးနေတာပါ၊ တခြား ဘာကြောင့်မှ မဟုတ်ပါဘူး"

ကိုယ့်ဘာကိုယ် အလိုလိုဖြေရှင်းချက်တွေ ပေးနေမိ၏။ စုစုနှင်း တို့ကတော့ ရယ်နေကြသည်။ အနန္တကတော့ ဘာမှမပြော။

"ဘယ်လိုဖြစ် တာလည်း သစ္စာရယ်၊ ဘာမှလည်း မပြောရ သေးဘဲနဲ့ ဘာလို့အဲဒီလောက်တောင် ရှင်းပြနေရတာလဲ"

"အေးလေ တည်သစ္စာတို့များ ရိုက်နှက်ပြီးမေးစရာတောင် မလိုဘူး၊ ထင်ခနဲရှိ အကုန်ချပြောတော့တာပဲ"

အစောကြီးကတည်းက ပညာမာနနှင့် မတည့်ချင်သော သူမတို့သုံးယောက် ပို၍အဆင်မပြေဖြစ်သွား၏။ တည်သစ္စာ ဘာကိုမှ စဉ်းစားမနေချင်တော့ဘဲ နေရာမှထထွက်လာခဲ့သည်။ အနန္တ ကြားထဲမှ မနေသာတော့ဘဲ

"အဲဒီလောက်ထိ စလိုက်ဖို့မကောင်းဘူး၊ ဟိုမှာ စာကျက်တာ





သက်သက်မဲ့အရှိန်ပျက်သွားပြီ" အချိန်ထိ သစ္စာလက်ကို

သူပြောတော့ နှစ်ယောက်လုံးငြိမ်သွား၏။ ဒီတွေလက်က လွှတ် နောက်ကိုလိုက်ခဲ့သည်။ အမှန်ပင်ဖြစ်၏။

"သစ္စာ တည်သစ္စာ" တ်ပေး၏။

သစ္စာ လှည့်မကြည့်။

"တည်သစ္စာ တည်သစ္စာ"

နောက်တစ်ခေါက်ခေါ်လိုက်မှ လမ်းလျှောက်နေသော သစ္စာ သူ့ဘက်လှည့်ကြည့်လာသည်။ သူ လက်ကာပြလိုက်ပြီး သစ္စာဆီသို့ လျှောက်သွားလိုက်သည်။

"ဘာဖြစ်လို့ ထထွက်လာတာလဲ သစ္စာ"

သစ္စာ ဘာမှမပြောဘဲ ခေါင်းခါပြလိုက်သည်။ တကယ်ဆို အဲဒီမှာ သူမ ဘာဆိုဘာမှမပြောချင်။ ကိုယ့်အပြစ်နှင့်ကိုယ် ရှက်နေတာ ပဲသိသည်။

"စိတ်ကောက်သွားတာလား"

သူ့ကို သစ္စာကြည့်ပြီး ပြုံးပြလိုက်သည်။

"မဟုတ်ပါဘူး၊ ဒီလိုပဲ ထထွက်လာလိုက်တာ"

"ဘာလဲ သူတို့နဲ့ သိပ်မကိုက်ဘူးလား"

အနန္တစကားကြောင့် သူမရယ်မိသည်။ အနန္တက အံ့ဩ သလိုနှင့်

"ဘာရယ်တာလဲ သစ္စာ"

"ဟင် ဘာမှမဟုတ်ပါဘူး"

ပြော၍ သစ္စာဆက်ရယ်တော့ သူခေါင်းကုတ်သည်။

"ပြောပြလေ၊ ကိုယ်လည်းရယ်ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စုစုနှင့် ဝင်း[illegible]စကားကို ပြန်တွေးကြည့်လေ။ သိပ်မကိုက် အ[illegible]အလိုလို [illegible]လိုလိုနေရင်း တိရစ္ဆာန်ဖြစ်သွားတာပေါ့" လာခဲ့သည့်သူ[illegible] အဟား၊ အဲဒီလိုထည့်မတွေးလိုက်မိဘူး။ ဆောရီးနော် တို့က သိ[illegible]

"ရပါတယ်"

သစ္စာတို့ရယ်နေတုန်း စုစုနှင်းတို့ ဝင်းပပတို့ သစ္စာတို့ဆီ လမ်းလျှောက်လာ၏။ သူစ္စာ မျက်နှာပိုးသတ်လိုက်ပြီး

"သစ္စာ သွားတော့မယ်"

သစ္စာက ပါးစပ်ကသာ ပြောနေပေမယ့် မျက်လုံးက တခြားတစ်နေရာရောက်နေတာမို့ အနန္တ သစ္စာကြည့်နေသည့်နေရာကို လိုက်ကြည့်လိုက်မိသည်။

စုစုနှင်းနဲ့ ဝင်းပပ။

ဒါကြောင့် သစ္စာငြိမ်သွားတာကိုး။ သူ ဘာမှမစဥ်းစားတော့ဘဲ သစ္စာလက်ကိုဆွဲကာ

"လာ သစ္စာ၊ သွားကြမယ်"

သစ္စာက သူကိုင်ထားသောလက်ကို မရုန်းမိ။ ခေါင်းလည်း မညိတ်မိ။ ဟုတ်ကဲ့လို့လည်း မပြောမိ။ ဘာဆို ဘာမှမလုပ်။

အနန္တကတော့ သစ္စာအဖြေမစောင့်ဘဲ သစ္စာလက်ကိုဆွဲ အခန်းတစ်ခန်းထဲခေါ်သွားကာ စုစုနှင်းတို့ကို မျက်ခြည်ဖြတ်လိုက်[illegible] တည်သစ္စာတို့ကျောင်းက အကြီးကြီးမို့ စာသင်ခန်းတွေအပြင် စာမသင်[illegible] တော့ဘဲပိတ်ထားသည့် အခန်းတွေလည်းရှိသည်။ တစ်ခါတလေကျတော[illegible] ထိုအခန်းတွေထဲတွင် သစ္စာတို့စာကျက်ကြတာများ၏။ အခန်းထဲရော[illegible] တော့ အနန္တက နံရံကိုကွယ်၍ ပြတင်းပေါက်မှ အပြင်သို့ချောင်းကြည့်[illegible]





သည်။ သစ္စာကတော့ ငြိမ်နေလိုက်သည်။ အခုအချိန်ထိ သစ္စာလက်ကို သူမလွှတ်ပေးသေး။ မသိလျှင် ချစ်သူနှစ်ဦး ရန်သူတွေလက်က လွတ်မြောက်လာသလိုလို။ သို့သော် ရင်ခုန်မိတာကတော့ အမှန်ပင်ဖြစ်၏။

အနန္တက စိတ်ချရလောက်ပြီဆိုမှ သစ္စာလက်ကို လွှတ်ပေး၏။ ပြီးတော့ နူတ်ဖျားမှ

"ကျေးဇူးပဲနော်" ဆိုပြီး ပြောလေသည်။

သူ့ဘာကို ကျေးဇူးတင်မှန်း သစ္စာမသိ။ သို့သော် အနန္တ မျက်နှာကတော့ ပြုံးနေခဲ့သည်။ ထိုနေ့က ထိုအခန်းထဲမှာပဲ သစ္စာနှင့် အနန္တတို့ စာထိုင်ကျက်ခဲ့ကြသည်။

အိမ်ပြန်ရောက်လို့ ကျောင်းမှာကျက်ခဲ့တဲ့စာတွေကို သစ္စာပြန်ဆိုကြည့်တော့ တစ်ခုမှမမှတ်မိတော့။ အဲဒီနေ့က သစ္စာ အတော်ညည့်နက်မှ အိပ်ပျော်ခဲ့လေသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟိုမှာ ဟိုမှာ လာနေပြီ"

သီတာမောင်နဲ့ ရတနာ ညွှန်ပြရာသို့ သူကြည့်လိုက်တော့ ဘေးလွယ်အိတ်လေးကိုလွယ်လျက် ကျော့ကျော့မော့မော့ လှမ်းလျှောက်လာသော တည်သစ္စာကို မြင်လိုက်ရ၏။

"ကဲ အနန္တ၊ ငါတို့တာဝန်ကျေပြီနော် သွားပြီ"

"ကျေးဇူးပဲဟာ"

သီတာမောင်တို့က ခေါင်းညိတ်ပြလိုက်ပြီး နေရာမှထွက်ခဲ့သည်။ သစ္စာကတော့ အခုထက်ထိ သူ့ကိုမမြင်ဘဲ ကျော်သွား၏။ သူ သစ္စာ နောက်ကိုလိုက်၍

"တည်သစ္စာ"





"အောင်မယ်လေး"

ရုတ်တရက် နားနားမှထွက်ပေါ်လာသော အသံကြောင့် သစ္စာ လန့်သွား၏။ အနန္တက ရယ်သည်။

"အဟား သစ္စာရယ်၊ ဘာဖြစ်လို့ အဲဒီလောက်ထိ လန့်နေရတာလဲ ကိုယ်ပါ"

သစ္စာ သူ့ကို မျက်လုံးအပြူးသားလေးနဲ့ မော့ကြည့်တာ တကယ့်ကို အလန့်တကြားလေး ဘာမာယာမှမပါ။

"အနန္တ"

"အင်းလေ ဘာတွေဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး။ ဒီလိုပဲ ရုတ်တရက်ဆိုတော့ လန့်သွားတာပေါ့၊ ဒါနဲ့ အနန္တက ဒီမှာဘာလုပ်နေလဲ၊ ကျောင်းပဲတက်တော့မယ့်ဟာ"

နာရီကိုကြည့်၍ သစ္စာပြောတော့ အနန္တက ပြုံးသည်။

"ဘာလဲ ကိုယ်သစ္စာကို စောင့်နေတာကို မကြိုက်လို့လား"

"မဟုတ်ပါဘူး"

သစ္စာ ပျာပျာသလဲငြင်းမိသည်။ ကိုယ်က သူစောင့်နေတာကို ကြိုက်တဲ့အပြင် ကျေးဇူးတောင်တင်သေးသည်။ ဒါပေမဲ့ ဝိုင်းစကြွမည့်အထိကိုတော့ မခံချင်။

"ကျောင်းတက်တော့မှာမို့လို့ သစ္စာ သွားနှင့်တော့မယ်"

ပြော၍ သစ္စာလှည့်ထွက်သွားတော့ အနန္တက သစ္စာလက်ကို ဆွဲထားကာ

"မနေ့ကအခန်းထဲမှာပဲ စာကျက်ကြရအောင်နော်"

အနန္တက ထုံးစံအတိုင်း သစ္စာအဖြေကိုမစောင့်ဘဲ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

တည်သစ္စာ စာသင်ခန်းထဲကို ခြေလှမ်းလိုက်သည်နှင့် သီတာမောင်နှင့် ရတနာတို့က သစ္စာ၏ လက်မောင်းတစ်ဖက်စီကို တွဲကာ

"ဘာတွေပြောနေကြတာလဲ"

"ဘာတွေလုပ်ခဲ့ကြလဲ"

မေးခွန်းတစ်ခုစီနှင့် အနားမှာ ပချွဲနချွဲလာလုပ်သော သီတာမောင်နှင့် ရတနာတို့၏လက်တွေကို ခါထုတ်လိုက်ပြီး

"စာမေးပွဲနီးပြီ၊ ကိုယ့်နေရာကိုယ်သွားပြီး စာကျက်ကြတော့"

တည်သစ္စာ သူတို့နားမှ ခပ်သွက်သွက်ထွက်လာခဲ့ပြီး ကိုယ့်ခုံတွင် ကိုယ်ဝင်ထိုင်လိုက်သည်။ သီတာမောင်တို့ကလည်း သစ္စာနောက်ကို ထပ်ကြပ်မကွာလိုက်ခဲ့၏။

"သစ္စာ မလျှို့နဲ့ဟာ၊ ပြောစမ်းပါ အနန္တ ဘာပြောလဲ"

"အေးဟုတ်တယ်၊ ပြောစမ်းပါဟာ"

"နေပါဦး၊ နင်တို့က ဘယ်လိုလုပ် ငါနဲ့ အနန္တတွေ့မှန်း သိနေတာလဲ"

"ဟင် နင့်အနန္တ မပြောဘူးလား"

"အေးလေ၊ ငါနဲ့ မောင့်ကိုကျတော့ တစ်ချိန်လုံး တဖွဖွကို မေးနေတာ"

"ဘာလဲ ဘာမေးတာလဲ"

"နင်က ဘယ်မှာနေတာလဲ၊ နင်ကျောင်းကို ဘယ်အချိန်လာတတ်လဲ၊ အများကြီးပဲ"

"ပြီးတော့ နင်လာတဲ့အထိ သူနဲ့ခဏစောင့်ပေးပါတဲ့၊ နင်လာမှ အပေါ်တက်ချင်တက်ပါတဲ့"





"သူ တကယ်ပဲ အဲဒီလိုပြောသလား"

"ပြောတယ်၊ မိန်းမနော်၊ တစ်သက်လုံး သိက္ခာကိုစောင့်ထိန်းခဲ့တာ အခုဒီကောင်နဲ့တွေ့မှပဲ ဟွန့် မပြောလိုက်ချင်ဘူး"

"မဟုတ်ပါဘူး၊ ဒီအတိုင်းပဲ ခင်တာပါ၊ တလွဲတွေထင်မနေနဲ့"

တည်သစ္စာတို့ စကားပြောနေတုန်းမှာပဲ အတန်းပိုင်ဆရာမဝင်လာသည်။ သူမတို့ ထုံးစံအတိုင်း နှုတ်ဆက်လိုက်ပြီး ပြန်ထိုင်လိုက်ကြသည်။ ဆရာမက လူစစ်ပြီးသည်နှင့် တစ်ပြိုင်နက်

"သမီး တည်သစ္စာ၊ စာသွားကျက်တော့လေ၊ ဟိုမှာ အနန္တက စောင့်နေပြီ"

"ရှင် ဟုတ်ကဲ့ ဟုတ်ကဲ့"

တည်သစ္စာ အံ့သြသွားသည်။ အနန္တက ဆရာမကို ဘာတွေပြောလိုက်လို့ အခုချိန်ကတည်းက စာကျက်ခိုင်းနေမှန်းမသိ။ အမှန်ဆိုလျှင် တည်သစ္စာတို့က အမြဲတမ်း ပထမတစ်ချိန်၊ နှစ်ချိန်လောက် အတန်းတက်ပြီးမှ ရသွားကျက်ရ၏။ အခုတော့ ပထမတစ်ချိန်တောင် မတက်ရသေးပါဘဲ ဆရာမက အနန္တစောင့်နေပြီဆိုပြီး စာကျက်ခိုင်းသည်။ အနန္တ တော်တော်စွမ်းပါလားဟု သူမ ကောက်ချက်ချမိသည်။

သူမ ယူစရာရှိသည့်စာအုပ်များကိုယူ၍ ထထွက်တော့ ရတနာက သူမလက်ကိုလှမ်းဆွဲကာ

"စာရအောင်ကျက်ခဲ့နော်" ဟု စပ်ဖြဲဖြဲမျက်နှာနှင့် ပြော၏။ သစ္စာကတော့ ဘာမှပြောမနေတော့ဘဲ ထွက်လာခဲ့သည်။ သူမ မနေ့က အခန်းလေးသို့သွားရန် ကွေ့လိုက်တော့ အနန္တက ဘွားခနဲပေါ်လာ၏။ သစ္စာတို့စာသင်ခန်းနှင့် နောက်စာသင်ခန်းသုံးခုက လှေကားမှတက်လျှင် ညာဘက်ကိုချိုးပြီး ဆက်လျှောက်မှရောက်သည့်မို့ လှေကားနှင့်ရှိနားတွင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည့်အနန္တကို မမြင်ရခြင်းဖြစ်သည်။

"အခုလေး လုပ်ပြန်ပြီ အနန္တရယ်၊ ဒီမှာ ဘာလုပ်နေပြန်တာလဲ"

"မင်းကိုလာစောင့်နေတာလေ"

"အခန်းထဲမှာ စောင့်နေလည်း ရရဲ့သားနဲ့၊ ဘာလဲ တစ်ယောက်တည်းဆိုတော့ ကြောက်လို့လား"

သစ္စာအမေးကို အနန္တက ပြုံးပြုံးလေးပြန်ဖြေသည်။

"ဟင့်အင်း မင်းကိုစိတ်မချလို့"

ဗုဒ္ဓေါ ဘာစကားကြီးလဲ။ သစ္စာ အခုန်လွန်နေသော ကိုယ့်ရင်ကို ကိုယ်ပြန်ထိန်းရသည်။ အနန္တ နောက်များနောက်နေသလားဆိုသည့် စိတ်နှင့် အကဲခတ်ကြည့်တော့လည်း အနန္တမျက်နှာက နူးညံ့မှုများနှင့် ရီဝေနေ၏။ တည်သစ္စာ သတိလက်လွှတ် သူ့မျက်နှာကို ငေးကြည့်မိသွားသည်။

ဒီနေ့ အနန္တက အရင်တုန်းကအနန္တတွေနှင့် မတူတော့ဘဲ ပိုချောလို့နေ၏။ ပြုံးရီရီနှင့်စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကလည်း အဓိပ္ပာယ်တွေပါနေသည်။ သစ္စာ ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းရင်း ခေါင်းကိုငုံ့ချလိုက်သည်။ အနန္တက သစ္စာ၏အကြည့်ကို နားလည်သွားသည့်ပုံနှင့်

"ကိုယ်မင်းကို ပြောစရာရှိတယ်" ဟုပြောပြီး သစ္စာလက်ကို ဆွဲကာ မနေ့ကအခန်းလေးထဲကို ခေါ်သွား၏။ အခန်းလေးထဲရောက်တော့ သစ္စာကို သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ

"မင်းကိုကိုယ်ချစ်တယ်"

သစ္စာ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင်ကို ကြောင်သွား





သည်။ တစ်ခါမှ ပြောလိမ့်မည်ဟု မထင်ထားသောစကား။

"မင်းနဲ့တွေ့တာ မကြာသေးပေမယ့် ကိုယ်တကယ်ကို မြတ်နိုးနေတာ"

ပြောပြီးမှ သူ့ရင်ခွင်ထဲမှ သစ္စာကိုဆွဲထုတ်ကာ နံပေါ်တွင် ထိုင်စေသည်။ အခုအချိန်ထိသစ္စာ တုပ်တုပ်မျှမလှုပ်သေး။ သူ့စေညွှန်ရာစေဖြစ်နေခဲ့သည်။

"သစ္စာ ကိုယ့်ကို ပြန်ချစ်ပါလားဟင်"

တည်သစ္စာ ဘာမှပြန်မဖြေ။ သူ့အားမလိုအားမရဖြစ်လာပြီး တည်သစ္စာ၏ ပခုံးလေးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ရမ်းကာ

"သစ္စာ သစ္စာ ကိုယ်ပြောနေတာ ကြားလားဟင်"

ထိုအချိန်ကျမှ သစ္စာ ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်လို သဘောရလဲဟင်"

"သစ္စာ သစ္စာ မသိဘူး"

"သစ္စာကလည်းကွာ မင်းကိုယ့်ကိုမချစ်ဘူးလား"

"သစ္စာကို စဉ်းစားခွင့်ပေးပါ"

"ဘာလို့ ကိုယ့်ကိုယ်ကို ညာနေရတာလဲ သစ္စာ၊ သစ္စာ ကိုယ့်ကို သံယောဇဉ်ရှိမှန်း ကိုယ်အစောကြီးကတည်းက သိတယ်"

ဘုရားရေ အစောကြီးကတည်းကဆိုပါလား။ သစ္စာကိုယ်လေး မတ်သွားသည်။

"ကိုယ့်ကို မညာပါနဲ့ သစ္စာ၊ မင်းကိုယ့်ကို ချစ်ခနေတယ် မဟုတ်လား"

သစ္စာ အနန္တကို မော့ကြည့်လိုက်ပြီး

"ဟုတ်တယ် အနန္တ၊ သစ္စာအစောကြီးကတည်းက အနန္တကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတာ"

"ဟာ"

အနန္တ ပြောမပြတတ်အောင် ဝမ်းသာသွားရသည်။ သိပ်ကို ဖြူစင်သည့် ကောင်မလေး။ အနန္တ သစ္စာ၏ နဖူးလေးကို ငုံ့နမ်းလိုက်သည်။ ထို့နောက် ပါးပြင်။ ထို့နောက် ဖူးအိနေသော နှုတ်ခမ်းလေး။

သစ္စာ ဘာဖြစ်သွားမှန်းမသိ။ သေချာတာကတော့ သူ့ရင်တွေ ဝုန်းဒိုင်းကျဲကုန်ကြပြီ။ သစ္စာ အနန္တ၏ ရင်ဘတ်ကိုတွန်းကာ

"လွှတ်ပါဦး အနန္တရယ်၊ သစ္စာကို အသက်ရှူခွင့်ပေးပါဦး"

ထိုအခါကျမှ အနန္တက သစ္စာကို လွှတ်ပေးလိုက်ပြီး

"ဆောရီးနော် ကိုယ်အပျော်လွန်သွားလို့ ပြီးတော့ ကျေးဇူးပဲ"

"အနန္တ သစ္စာ အနန္တကို ချက်ချင်းအဖြေပေးလိုက်လို့ သစ္စာကို အထင်မသေးပါနဲ့နော်။ သစ္စာက အစောကြီးကတည်းက ချစ်နေခဲ့ရတော့ အခုအချိန်မှာ"

အနန္တက လက်ညှိုးလေးနှင့် သူမနှုတ်ခမ်းကို ဖိကပ်ကာ

"တော်တော့ အထင်သေးဖို့ နေနေသာသာ ပိုတောင်မြတ်နိုး သွားသေးတယ်၊ မင်းသိပ်ဖြူစင်တာကို သိရလို့"

"ဒါပေမဲ့လေ အို"

အနန္တက သစ္စာစကားမပြောနိုင်အောင် ပညာပေးလိုက်သည်။

ဒီတစ်ကြိမ်တွင်တော့ သစ္စာ အနန္တကျောပြင်ကို ပြန်လည် ဖက်တွယ်ထားလိုက်ပါသည်။

❀❀❀



## အခန်း (၄)

•

အိမ်ပြန်ချိန်ရောက်တော့ ကျောင်းဂိတ်ဝမှ ထွက်ကာညာ ဘက်သို့ ကွေ့လိုက်သည်။ သစ္စာလမ်းလျှောက်နေတုန်း နောက်မှ ခပ်ပြင်းပြင်း စက်ဘီးနင်းသံကို ကြားရ၏။ သို့သော် လှည့်တော့ မကြည့်ဖြစ်။ စက်ဘီးနင်းသံက တဖြည်းဖြည်း နီးကပ်လာသည်။ တည် သစ္စာ၏ခါးကို ပွေ့ဖက်ခြင်းခံလိုက်ရပြီးနောက် တည်သစ္စာ ထိုစက်ဘီး လေး၏ စက်ဘီးနင်းသူထိုင်ခုံနှင့် လက်ကိုင်ကြားရှိ တန်းလေး ပေါ်မှာ ထိုင်ရက်သားဖြစ်သွား၏။

တည်သစ္စာမော့ကြည့်လိုက်တော့ ဘယ်ကိုမှမကြည့်ဘဲ ရှေ့ တည့်တည့်ကိုသာ အာရုံပြုနေသည့် အနန္တ။

သစ္စာပြုံးလိုက်ပြီး အနန္တရင်ခွင်ကြားထဲရောက်နေသည့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကိုယ် ကျေနပ်သွားမိသည်။ ပြီးတော့မှ ခေါင်းကလေးကို ငုံ့စောင်းကာ အနန္တ၏ရင်ခွင်ကို မှီနေလိုက်သည်။

အနန္တက စက်ဘီးနင်းနေရင်း သစ္စာ၏ နဖူးစွန်းလေးကို ငုံ့နမ်းသည်။ ပြီးမှ

"တည်သစ္စာ မင်းအိမ်နားရောက်ရင် ပြောဦးနော်"

"အိမ်က ကျော်လာခဲ့ပြီ"

"ဟင် အဲဒါဆို ဘာလို့ကိုယ့်ကိုမပြောတာလဲ၊ ကိုယ်ရပ်ပေးမှာပေါ့"

"သစ္စာမှ အနန္တရင်ခွင်ထဲမှာ စက်ဘီးစီးရတာ မဝသေးတာ၊ ဘာလဲ အနန္တက မစီးစေချင်ဘူးလား၊ အဲဒါဆိုလည်း စောစောစီးစီး ပြောနော်၊ သစ္စာတို့က ဆင်းပေးပြီးသားပဲ"

ပြော၍ သစ္စာနှုတ်ခမ်းစူတော့

"ဟော့ ဘာလို့နှုတ်ခမ်းကြီးကို စူထားရတာလဲကွာ၊ စိတ်မထိန်းနိုင်လို့ ငုံ့နမ်းပစ်လိုက်ရင် တစ်ခါတည်း စက်ဘီးမှောက်ပြီး နှစ်ယောက်လုံး မ‌ှောက်ကျသွားမယ်"

သူပြောမှပဲ သစ္စာသတိရသည်။ လမ်းပေါ်မှာ ကားတွေ အတော်ရှုပ်နေသည်ပဲ။ အခုမှ သစ္စာ အနန္တရင်ခွင်ထဲမှာ လုပ်ချင်တာ လုပ်နေမိတာကို ရှက်ဖို့သတိရတော့သည်။

"အမယ်လေး ရှက်လိုက်တာ"

သစ္စာ ကိုယ့်မျက်နှာကိုယ် လက်နှစ်ဖက်နှင့်အုပ်ကာ အော်လိုက်မိသည်။

"ဟောဗျာ ဘာဖြစ်ရပြန်တာလဲ"

သစ္စာ အုပ်ထားသည့်လက်ကို မဖယ်ဘဲ





"ဘာဖြစ်ရမှာလဲ၊ သစ္စာက အနန္တရင်ခွင်ထဲမှာ ခေါင်းကို မှီလိုက်၊ အနန္တက သစ္စာကို နဖူးကို ငုံ့နမ်းလိုက်နဲ့ ဒီလောက်လမ်းပေါ်မှာ ကားတွေရော၊ လူတွေပါရှိနေတာကို အရှက်မရှိတဲ့ သစ္စာမ"

သစ္စာ ကိုယ့်ကိုယ်ကိုယ် ပြစ်တင်စကားဆိုတော့ အနန္တက တဟားဟားရယ်လေသည်။

"အဟား ဘာဖြစ်လဲ၊ ချစ်သူနှစ်ယောက် ချစ်လို့ ကြည်နူးနေကြတဲ့ဟာ ဒါသဘာဝပဲလေ၊ လူတွေမှာ ကိုယ်ချင်းစာစိတ်ရှိပါတယ်ကွာ"

သူကပြော၍ လက်တစ်ဖက်တည်းဖြင့် စက်ဘီးလက်ကိုင်ကို ထိန်းကာ ကျန်လက်တစ်ဖက်ဖြင့် မျက်နှာကိုအုပ်ထားသော သစ္စာ၏ လက်နှစ်ဖက်ကို ဖယ်ချပစ်သည်။

အခုမှပဲ အနန္တ ကိုယ့်ချစ်သူမျက်နှာလေးကို သေချာကြည့်မိသည်။ ဘယ်လောက်များ မျက်နှာကို လက်နှင့်အုပ်ထားသည်မသိ။ နှာဖျားလေးတွေရဲတွတ်ကာ ပါးလေးတွေကချင်းချင်းနီနေသည်။

လှလိုက်တာ တည်သစ္စာရယ်။

သူ ဖက်နမ်းချင်စိတ်ကို မနည်းမြိုသိပ်ကာ စက်ဘီးကို ပြန်ကွေ့လိုက်ရသည်။ သစ္စာ၏ လမ်းပြမှုကိုလိုက်ရင်း သစ္စာတို့၏အိမ်ကို ချောချောချူချူရောက်သည်။

သစ္စာ စက်ဘီးတန်းပေါ်ကဆင်းတော့ သူက သစ္စာလက်ကို လှမ်းဆွဲကာ

"မနက်ကျရင် လာခေါ်မယ် ကျောင်းအတူတူသွားကြတာပေါ့"

ဟုပြောပြီး သစ္စာ၏ လက်ဖမိုးလေးကို ငုံ့နမ်းသည်။ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရှက်နှင့်

"နောက်ပြန် ဝနေလေ အနန္တရဲ့"

"တား ဖုတ်သားပဲ၊ ကိုယ့်မှမေ့သွားတယ်၊ သေပြီကွာ၊ သစ္စာကို နှစ်ရက်တောင်မတွေ့ရတော့ဘူး။ အဲဒီတော့ တစ်ခါတည်း အလွမ်းပြေသွားအောင် အခု သစ္စာကို အဝနမ်းခဲ့မယ်နော်"

သူက အတည်ပေါက်နှင့် သစ္စာမျက်နှာနားကို တိုးလာတော့ သစ္စာ အလန့်တကြား လက်ဖြင့်ကာလိုက်ပြီး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"အမယ်လေး မလုပ်ပါနဲ့၊ သစ္စာ တစ်ခါတည်း အိမ်ပေါ်က ဆင်းရရင် ဘယ်မှာသွားနေရမလဲ"

"အတော်ပဲ ကိုယ့်ဆီမှာလာနေပေါ့"

"တော်ပါပြီ အနန္တရယ်၊ ကြောက်ပါတယ်"

သစ္စာ ကိုယ့်ရင်ဘတ်ကိုယ်ဖိကာ ပြောတော့ သူတဟားဟား ရယ်ပြန်သည်။

"ကဲ ဒါဆို တနင်္လာနေ့မှတွေ့မယ်၊ ကိုယ်လာခေါ်မယ်၊ စောင့်နေ"

"ဟုတ်ကဲ့"

သူ တည်သစ္စာခေါင်းလေးကို ပုတ်လိုက်ပြီး

"ကဲ ကိုယ်သွားပြီ"

တည်သစ္စာ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ဪ အခုကျတော့လည်း ခုနက ခွန်အားတွေ ဘယ်ရောက်ကုန်ပြီမသိ။

အနန္တ သစ္စာတို့အိမ်မှအပြန် သစ္စာနှင့်အတူ ကျောင်းသွား





ရမည့်အရေးကို တွေး၍ပျော်နေခဲ့သည်။

စစချင်းကတော့ လှသည်ဆိုရုံလောက်သာရှိသည်ဟု ထင်ထားသော သစ္စာက ဒီနေ့သေချာအနီးကပ်မြင်ရတော့မှ လှတာတွေထက်ပိုလှနေသည်။ ရဲရဲနီနေသော နှုတ်ခမ်းပါးလေးများ၊ မွေးညှင်းနုလေးတွေနှင့် ပန်းနုရောင်ပါးကလေးတွေ၊ ချွန်ကော့နေသော နှာတံလေးနှင့် မျက်လုံးဝိုင်းဝိုင်းကလေးများ။ တစ်ခုချင်းကြည့်လျှင်လည်း လှသည်။ ခြုံငုံပြီးကြည့်လျှင်လည်း လှတာက လှတာပဲဖြစ်သည်။

ကိုယ့်မှာက ချစ်သူတွေဖြစ်ပြီးမှ ကိုယ့်ရည်းစားက လှမှန်းသိရသည့်အဖြစ်။

အတွေးနှင့် အိမ်ကိုဘယ်လိုရောက်သွားမှန်းမသိ။ သူခြံရှေ့ရောက်တော့ စက်ဘီးပေါ်မှဆင်းကာ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။ ခြံစောင့်ကြီး ဦးနီတွတ် ထွက်လာပြီး

"ဟော လူလေးတောင် ပြန်လာပြီကိုး သွား သွား၊ အထဲမှာ အစ်ကိုကြီးတို့ စောင့်နေကြတယ်"

"ဟင် ဖေဖေက ဒီနေ့အလုပ်မသွားဘူးလား"

"မသိပါဘူး ကလေးရယ်၊ အလုပ်သွားမယ်ဆိုပြီး ထွက်သွားပြီးမှ အိမ်ကိုပြန်လာတာ၊ မျက်နှာကတော့ သိပ်မကောင်းလှဘူး။ လူလေးသာ သွားကြည့်လိုက်တော့"

"ဟုတ်ကဲ့"

သူ့စိတ်ထဲမှာ ထင့်ခနဲတော့ဖြစ်မိသည်။ ခါတိုင်းဆို ဖေဖေက ဘယ်တော့မှ အလုပ်ပျက်မခံ။ "နားပါဦး အစ်ကိုရယ်" လို့ မေမေ ပြောလျှင်လည်း "ငါ့လုပ်ငန်းက ငါရှိမှရတာ" ဆိုပြီးသာ အကြောင်းပြချက်ပေးလေ့ရှိ၏။ အခု မျက်နှာလည်းမကောင်း၊ အလုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်ဆိုတော့ ဖေဖေ နေမျှားမကောင်းဘူးလား။

စိုးရိမ်စိတ်နှင့် အိမ်ထဲကို ခြေလှမ်းချလိုက်သည်နှင့်

"ဒုန်း"

"ခွမ်း"

သူခေါင်းကို အမြန်ရှောင်လိုက်လို့သာ ခေါင်းကွဲမယ့်အရေးက လွတ်မြောက်သွားခြင်းပါ။ သူ တအံ့တဩနှင့် လှမ်းကြည့်လိုက်တော့ ဖေဖေက အနီးအနားရှိ နောက်ဖန်ခွက်တစ်လုံးကို သူ့ဆီလှမ်းပစ်ရန် ကြိုးပမ်းနေသည်။ မေမေက ဖေဖေ့ခါးကိုဖက်၍ တောင်းပန်သည်။ မမကတော့ ဖေဖေ့လက်ထဲမှ ဖန်ခွက်ကို အတင်းလုယူနေ၏။

သူ ပို၍အံ့ဩရပြီ။ ဖေဖေ ဘာကြောင့် သူ့ကို ဒီလောက်ထိ ဒေါသထွက်နေရတာလဲ။

"ဖယ်စမ်း နဒီ မင်းသားကို ငါဒါနဲ့ပစ်ပေါက်ရမှကို ကျေနပ်မှာ၊ အလကားကောင်"

"မလုပ်ပါနဲ့ မလုပ်ပါနဲ့ ဖေဖေရယ်၊ သမီး တောင်းပန်ပါတယ်၊ အငယ်လေး အိပ်ခန်းထဲကိုသွားတော့"

သူ ဘာမှနားမလည်နိုင်ဘဲ ကြောင်တောင်တောင်ရပ်ကြည့်နေတော့

"သား အနန္တ ဝင်တော့လေ"

"မဝင်နဲ့ ပော့ကောင် ငါ့ဆီကိုလာစမ်း ငါ့ရှေ့ကိုလာခဲ့"

ဖေဖေ့အသံက တော်တော်ဒေါသထွက်နေမှန်း သိသာသည်။

"ဖယ်စမ်း မင်းတို့နှစ်ယောက်"

ဖေဖေကပြော၍ မေမေနဲ့ မမတို့လက်ကို ဖယ်ချလိုက်ပြီး သူ့ဆီသို့ လျှောက်လာသည်။ မေမေက ဖေဖေ့ကို ထပ်မတားတော့ဘဲ





မမလက်ကိုသာ ဆုပ်ကိုင်ထားပြီး သူ့ကိုကြည့်နေသည်။

သူ့အနားကို ဖေဖေရောက်လာတော့ ဖေဖေက သူ့လက်ကို ဆွဲခေါ်လာကာ ဆိုဖာပေါ်ကို စောင့်ချပစ်လိုက်သည်။

"ဘာဖြစ်တာလဲ ဖေဖေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လဲ ဟုတ်လား၊ မင်းယောကျ်ား မဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ အမှန်ကို အမှန်အတိုင်း ပြောရတယ်ကွ"

"အမှန် သားဘာမှ ဖေဖေတို့ကို လိမ်တာမရှိဘူး၊ အဲဒါ အမှန်ပဲ ဖေဖေ"

သူ တည်တည်ငြိမ်ငြိမ်နှင့်ဖြေတော့ ဖေဖေမျက်နှာက ပိုခက်ထန်လာသည်။ မေမေနှင့် မမကတော့ သူ့ဆိုဖာဘေးမှာ ရပ်နေဆဲ

"မင်း အဲဒါကိုက ပြောင်လိမ်နေတာ"

"ဖေဖေရယ် အဲဒီလောက်ထိ ဒေါသထွက်စရာ မလိုပါဘူး။ ဖေဖေ့ရောဂါပဲ တိုးရုံရှိမှာပေါ့"

"မင်း ငါ့ကို ဆရာမလုပ်နဲ့။ ငါ့ကို အမှန်အတိုင်းသာ မင်းလုပ်ခဲ့တဲ့ အလုပ်တွေကိုပြော။ ဟာကွာ ကြာရင် ငါမင်းကိုထိုးမိလိမ့်မယ်"

"မဟုတ်တာတွေ လျှောက်မပြောပါနဲ့ အစ်ကိုရယ်။ နဒီတောင်းပန်ပါတယ်။ ပြီးတော့ သားလေးကိုကြည့်ရတာလည်း အမှန်အတိုင်း ပြောနေတဲ့ ပုံပါပဲ"

ဖေဖေက လက်သီးတပြင်ပြင်ဖြစ်နေတော့ မေမေက အတင်းဝင်တား၏။ ဒါပေမဲ့ သူသိသည်။ ဖေဖေက အမြဲတမ်း ထိုးမိတော့မယ် ထိုးမိတော့မယ်နှင့် တကယ်တမ်းကျတော့ ဖေဖေဘယ်တော့မှ မထိုးခဲ့သည်မှာ သူ့တစ်သက်ပင်ဖြစ်သည်။ ဒါကြောင့်လည်း သူဘာမှမဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို မလေးစား၍တော့ မဟုတ်ပါ။ ဒါပေမဲ့ ဖေဖေက ဒေါသကြီးလွန်းသည်။ ပြောပြန်လျှင်လည်း အဖေထက် သားတစ်လကြီးသည် ဖြစ်ဦးမည်။

မမကတော့ သူ့နံဘေးမှာ လာထိုင်သည်။

"အငယ်လေး ဘာတွေ ဘာတွေလုပ်လာလဲဟင်"

"သား ဘာမှမလုပ်ထားဘူး မမ၊ အဲဒါ သက်သက်မဲ့ ဖေဖေက ဒေါသတွေကြီးနေတာ"

"ဘာသက်သက်မဲ့လဲ မင်းအခုကျောင်းက အပြန်မှာ ဘာတွေလုပ်ခဲ့လဲ မောင်ကောင်"

"သား အိမ်ကို တန်းပြန်လာခဲ့တာပဲ ဖေဖေ၊ အဲ မဟုတ်ဘူး၊ သား သူငယ်ချင်းတစ်ယောက်ကို လိုက်ပို့ပေးပြီး သားပြန်လာတယ်၊ ဒါပဲလေ ဖေဖေရဲ့"

"သူငယ်ချင်းဟုတ်လား၊ အဲဒါ သူငယ်ချင်းလား"

"ဪ အစ်ကိုရယ်၊ သားက သူငယ်ချင်းလို့ ပြောနေတာပဲ။ စိတ်ကိုလျှော့ပါ"

"အေး အဲဒီသူငယ်ချင်းက ယောက်ျားလား။ မိန်းမလား၊ သူနဲ့ဘာတော်လဲ မေးကြည့်စမ်းပါ"

ဖေဖေပြောတော့မှ သူ တည်သစ္စာကို သတိရမိသွားသည်။ သူနဲ့ တည်သစ္စာ စက်ဘီးစီးပြန်လာသည်ကို ဖေဖေမြင်သွားမှာ သေချာသည်။ ဒါကြောင့်လည်း ဖေဖေ ဒီလောက်ထိ ဒေါသထွက်နေတာဖြစ်မည်။ ဖေဖေတို့က အစောကြီးကတည်းက

"လိုချင်တာအကုန်ဝယ် ပေးမယ်၊ ဒါပေမဲ့ ပညာရှာရမယ့် အရွယ်မှာ ဘာရှုပ်ရှုပ်ရက်ရက်မှ မလိုချင်ဘူး"ဟု အပြတ်မောင်း





င်ထားတဲ့သူတွေ။

သူကလည်း သူပါပဲ။ ချစ်သူနှင့်အတူ သွားလာခွင့်ရလို့ ပျော် စိတ်နှင့် ဒီနဝဒေးလမ်းက ဖေဖေ့ခြေရာထပ်ခဲ့သည်ကို မေ့သွား၏။

ခံဦးတော့ အနန္တရေ။

"သားလေး၊ အဲဒီသူငယ်ချင်းက ဘယ်သူလဲ၊ ယောက်ျားလေး မိန်းကလေးလား၊ သားနဲ့ ဘာတွေလဲ"

မေမေမေးတော့ သူရုတ်တရက်မဖြေနိုင်ဘဲ ခေါင်းငိုက်စိုက်ကျ ။ မမက သူ့ပေါင်ကို ကုတ်ကာ

"ငယ်လေး အဲ့ဒါဘယ်သူလဲလို့ မေးနေတယ်လေ"

သူခေါင်းမော့ကာ ဖေဖေနှင့် မေမေ့မျက်နှာကိုကြည့်၍

"အဲဒါ သားချစ်သူပါ မေမေ"

"ဟင်"

"ဟယ်"

ထိုခဏမှာပင် အာမေဋိတ်သံတွေ လှိုင်လှိုင်ဝေခဲ့သည်။

"သူ့ကို သားချစ်တယ် မေမေ၊ သား ကိုယ့်ကိုယ်မှားမှန်း မယ့် အဲဒီအမှားမှာပဲ ဆက်နေခွင့်ပေးပါ"

ဖေဖေ ရှေ့သို့ တိုးလာသည်။ ဖေဖေ့ညာဘက်လက်က သူ့ဆီ ရောက်လာသည်။ သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်တာ မဟုတ်ပါ။

"ခွပ်"

သူ ဆိုဖာကျောမှီပေါ် ခေါင်းရောက်သွား၏။ ဖေဖေက နောက် က်ထိုးရန်ပြင်သည်။

"တော်တော့ အစ်ကို၊ တစ်ချက်ဆို လုံလောက်ပါပြီ"

ဖေဖေ့လက်နောက်သို့ ပြန်ဆုတ်သွားသည်။ သူ့ခေါင်းကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



ထောင်လိုက်တော့ မမ၏ အံ့သြမှုစွက်နေသော မျက်ဝန်းတစ်စုံ။ မယုံနိုင်မှုများ ပြည့်လျှမ်းနေသော မေမေ့မျက်ဝန်းများ။ ဒေါသဖြင့် နီရဲနေသော ဖေဖေ့မျက်နှာကို မြင်လိုက်ရသည်။

သူခေါင်းကို အတတ်နိုင်ဆုံး ပြန်ငုံ့ထားလိုက်သည်။

"မင်းဘာလုပ်မယ်စိတ်ကူးလဲ"

"သား နောက်တော့မဆုတ်နိုင်ဘူး ဖေဖေ၊ သားသူ့ကို တကယ်ချစ်တာ"

"တော်စမ်း သား၊ မင်းကို မေမေဘာ..ပြောခဲ့လဲ၊ လိုချင်တာကို ကြိုက်တာပြောလို့ရတယ်။ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်မလာနဲ့ မင်းကို မပြောထားဘူးလား"

"သား အခု ဘာမှမလိုချင်ဘူး မေမေ။ တည်သစ္စာကို ချစ်တာတစ်ခုပဲ သားသိတယ်"

"တည်သစ္စာ ဟုတ်လား"

"ဟုတ်တယ် မေမေ၊ အဲဒါ သားကောင်မလေးရဲ့ နာမည်ပဲ"

"မင်း သူ့ကိုအဆက်ဖြတ်ပါ"

ဖေဖေက ပြတ်သည်။ တစ်ခွန်းတည်းပြောသွားတာ ထိရောက်လွန်းလှ၏။ ဖေဖေက ပြောပြီးပြီးချင်း အိမ်ထဲဝင်သွားသည်။ သူ ဖေဖေ့ကို စောဒကပြန်တက်ရန်ပြင်ဖို့ မတ်တပ်ထရပ်တော့ မေမေက သူ့ပခုံးကိုကိုင်ပြီး ဆိုဖာပေါ်မှာ ထိုင်စေသည်။

"သမီးကြီး အိမ်ထဲကို ခဏဝင်နေပါ၊ မေမေ သားငယ်ကို ပြောစရာရှိလို့"

"ဟုတ်ကဲ့ မေမေ"

မမ သူ့ဘေးနားက ထသွားတော့ မေမေဝင်ထိုင်သည်။





"သားမျက်နှာကလည်း စုပုတ်နေတာပဲ။ ပြုံးပြုံးလေးနေပါ သားရယ်"

"ဘယ်လိုလုပ် ပြုံးလို့ရမှာလဲ မေမေ၊ အခုအခြေအနေမှာ သား ဘယ်လိုပြုံးရမှာလဲ"

"ဒီမှာ သား၊ သားက အခုမှ ကိုးတန်းပဲရှိသေးတယ်၊ ဘာလို့ ချစ်သူတွေ ရည်းစားတွေ ထားချင်နေရတာလဲ"

"ချစ်သူတွေ ရည်းစားတွေ ထားနေတာမှ မဟုတ်တာ မေမေ၊ သား အခုအချိန်ထိ သူတစ်ယောက်ကိုပဲ ချစ်ဖူးသေးတာ"

"ကဲ ဟုတ်ပြီ၊ သူနဲ့သား ဘယ်လိုတွေ့ပြီး ဘယ်လိုကြိုက်သွားလဲ၊ ဘယ်တုန်းကလဲ၊ အဲဒါ မေမေကိုပြောပြ"

"သူလည်း သားလို ထူးချွန်ပဲ မေမေ၊ စာအတူကျက်ရင်း ကြိုက်သွားတာ"

"ဟောတော့ စာအတူကျက်ရင်း ဘယ်လိုကြိုက်သွားကြလဲ။ မဖြစ်နိုင်တာ သားရယ်၊ ဘာလဲ သားက ရည်းစားစကားကို စာဆိုရင်းနဲ့ ပြောလိုက်တာလား"

မေမေ ပြောတော့ သူရယ်မိသည်။

"အဟား မေမေ တော်တယ်၊ သားမှားသွားတာ၊ စာကျက်ပါများတော့ သူနဲ့တွေ့တာများလာရော အဲဒီတော့ ကြိုက်သွားတာပေါ့"

"ကောင်မလေးက ဘယ်လိုလဲသား။ အဆင့်အတန်း။ အရည်အချင်း စာရိတ္တ ကောင်းရဲ့လား"

"ဟွန့် မေမေသိရင်ရော သဘောတူမှာမို့လို့လား"

ဒေါ်မေနဒီ အကြပ်ရိုက်သွား၏။ တယ်လည်းဆေ့တဲ့သား။

"သဘောတူတူ မတူတူလေ၊ မေမေ သိချင်တာပေါ့၊ ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



ဆို ဘာနဲ့ ဘယ်လိုဆွဲဆောင်လိုက်တာလဲ"

"ဘာနဲ့မှ ဆွဲမဆောင်ဘူး၊ သူက သိပ်ဖြူစင်တယ်၊ အဲဒ

လေးတိုင်ဲ သာချစ်သွားတာ၊ သားသူ့ကို ရည်းစားစကားပြောတေ

ချက်ချင်းပဲ ပြန်အဖြေပေးတယ်လေ၊ ကဲ ဘယ်လောက် ဖြူစင်လိုက်လဲ"

ဒေါ်မေနဒီ ရင်ဘတ်ဖိမိသည်။ အခုခေတ်ကလေးတွေမျာ

မြန်လိုက်ကြတာ။ သူမတို့ခေတ်တုန်းကများ သုံးနှစ်သုံးမိုးဆို တကယ်

သုံးနှစ်သုံးမိုးစောင့်ပြီးမှ ရည်းစားဖြစ်ကြရတာ။ အခုခေတ်မှာ သုံးနှ

သုံးမိုးသာဆိုလျှင် ကလေးပါရသွားမည့် အခြေအနေ။

"အဲ့ဒါ ဖြူစင်တာမှ မဟုတ်တာ၊ လွယ်လွယ်နဲ့ ဆုံးဖြတ်ပြ

လွယ်လွယ်နဲ့ကြိုက်လိုက်တာ၊ အဲဒီလို မိန်းကလေးမျိုးကိုသာ မင်

လက်ထပ်လိုက်ကြည့်ပါလား၊ တစ်ခါတည်း ပွဲမှာတင် ထွက်ပြေးသွာ

မယ်"

"ဟာ အဓိပ္ပာယ်မရှိတာပဲ၊ တည်သစ္စာက အဲဒီလိုလူမျိုး

လုံးဝမဟုတ်ဘူး၊ ချစ်ခွင့်ပန်တာကိုတောင်မှ ဘာမှဟန်မဆောင်၊ ပယ

ပလာတွေမလုပ်ဘဲ ချက်ချင်းခေါင်းညိတ်ခဲ့တာ၊ အဲဒါ ဖြူစင်တာပေ

သားကတော့ မေမေဘာပဲပြောပြော သူ့ကို ဖြူစင်တယ်လို့ပဲ သတ်မှတ်

တယ်"

ဒေါ်မေနဒီ ဉာဏ်သုံးရပြီ။ ကြည့်ရတာ သားက ဘယ်

ပြောပြောရမည့်ပုံမပေါ်။ အခုအချိန်မှာ သားကို အချိုသပ်ထား

လိုလာပြီ။ နောင်ကိစ္စက နောင်မှရှင်းလည်း ဖြစ်သည်ပဲ။

"ကဲ ကဲ ဟုတ်ပါပြီ၊ ဖြူစင်ပါတယ်၊ ဒါပေမဲ့ သား

မေမေပြောမယ်၊ အခု သားကိုးတန်းနော်။ ဆယ်တန်းကို ဂုဏ်ထူးတွေ

နဲ့အောင်ပြီးတဲ့အထိ သူ့ကို ခဏအဆက်ဖြတ်ထား ဘယ်လိုလဲ"

(စိုးမိုးစာပေ)



"အဆက်ဖြတ်ပါတယ်ဆိုမှ ဘယ်လိုလုပ်ခဏဖြစ်မှာလဲ မေမေရဲ့"

"မေမေပြောတာက သူ့ကိုလည်း ပြောထားပေါ့ ၊ ဆယ်တန်းပြီးမှ တို့တွေပြန်တွေ့ကြမယ် ဘာမယ်ပေါ့ သားရယ်၊ ငါသားကလည်း တုံးလိုက်တာ"

"မေမေတို့ကရော အဲဒီအချိန်ကျရင် သဘောတူမှာလား"

"အင်း ဒါပေမဲ့ ကောင်မလေးရဲ့ စာရိတ္တတို့၊ မျိုးရိုးတို့ ကောင်းမှနော်၊ ပြီးတော့ အခုအချိန်တွေမှာလည်း သား မေမေတို့ စကားကို နားထောင်ဖို့လိုတယ်၊ ကတိပေးနိုင်လား"

အနန္တမျက်နှာ ချက်ချင်းဝင်းပသွားသည်။

"ပေးတာပေါ့ မေမေရယ်"

ဟု ပြောပြီး မေမေ့ကို ချက်ချင်းပွေ့ဖက်လိုက်သည်။

လိုချင်တာက အနန္တနဲ့ တည်သစ္စာတို့ ပေါင်းစည်းခွင့်ရဖို့။ အခုဆို ဘာလိုသေးလဲ။

အဲ့ဒါ မင်းကိုသိပ်ချစ်လို့ တည်သစ္စာ။

ဒေါ်မေနဒီကတော့ ကိုယ့်အကြံနှင့် ကိုယ် ပြုံးလိုက်မိသည်။ မေမေစီစဉ်တာ အားလုံးက သားကောင်းစားဖို့အတွက်ပါ သားရယ်။

❀❀❀

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဘာရယ် အနန္တ ခဏလေး တွဲဖြုတ်ကြရအောင် ဟုတ်လား"

"ဟုတ်တယ် တည်သစ္စာ၊ ဒါပေမဲ့ ကိုယ်ပြောသလို ခဏတဖြုတ်ပါ၊ ဆယ်တန်းအောင်ပြီးရင် မေမေတို့က ကြိုက်သလိုလုပ်တဲ့ ဒါပေမဲ့ ဘွဲ့ရပြီး တစ်နှစ်နှစ်နှစ်လောက်နေပြီးမှ လက်ထပ်ကြတဲ့၊ မေမေတို့က သဘောကောင်းလွန်းလို့ ကိုယ်တောင် အရမ်းအံ့ဩသွားတယ်၊ မင်းရော မပျော်ဘူးလား"

"ပျော် ပျော်ပါတယ်"

ပြောမယ့်သာပြောလိုက်ရသည် တကယ်တမ်း တည်သစ္စာ မပျော်နိုင်။ ကိုယ့်ချစ်သူရင်ခွင်မှာ ခိုလှုံမယ်ကြံကာရှိသေး လက်တွဲဖြုတ်ရဦးမည်တဲ့။ တကယ်ပြန်ပေါင်းဖြစ်လျှင် ကိစ္စမရှိ။ ကံကြမ္မာအလှည့်





အပြောင်းကြောင့် ဝေးခဲ့လျှင် တည်သစ္စာတစ်ယောက် အသက်ရှင်နိုင်မှာမဟုတ်။

အဲဒီလောက်ကို ချစ်တာပါ အနန္တရယ်။

ပျော်ပါတယ်ဟု ပြောလာသော တည်သစ္စာမျက်နှာမှာ တကယ်တမ်း အပျော်တွေကိုမမြင်ရတော့ သူစိတ်ထင့်သွားမိသည်။ ဖေဖေက သဘောမတူပေမယ့် မေမေက သဘောတူသည်ဆိုတော့ သူ့အတွက် ဘာမှုစရာလိုလို့လဲ။ ဖေဖေ့ကို မေမေသာ သေချာဖြောင်းဖြလိုက်လျှင် ကိစ္စပြတ်ပြီ။

ဒါကို မင်းပျော်သင့်တာပေါ့ တည်သစ္စာ။

"တည်သစ္စာ"

"ရှင်"

"မပျော်လို့လားဟင်၊ မျက်နှာက ဘာလဲ နေမကောင်းဘူးလား"

"မဟုတ်ပါဘူး အနန္တရယ်၊ သစ္စာလေ ကမ္ဘာပေါ်မှာ အကြောက်ဆုံးက အနန္တနဲ့ ဝေးရမှာကိုပဲ၊ တကယ်ပြောတာပါ၊ အခု အနန္တက လက်တွဲဖြုတ်ဖို့ပြောလာတော့ သစ္စာဘယ်ပျော်နိုင်မှာလဲ၊ ဟို သစ္စာကို စိတ်မဆိုးပါနဲ့နော်၊ လက်တွဲမဖြုတ်ရင်ကော အနန္တမေမေက စိတ်ဆိုးမှာလား"

ကလေးဆန်ဆန်လေးမေးနေသော တည်သစ္စာကို သူကြည့်၍ ရယ်ဖြစ်ပါ၏။ မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်နေသော တည်သစ္စာက တကယ့်အဖြူထည် သက်သက်လေး။

ဒီနေ့ ကျောင်းပိတ်ရက် စနေနေ့မို့ တွေ့ရအောင်ဆိုပြီး ချိန်းတော့လည်း မဖြစ်မနေအရောက်လာခဲ့သည်သာ။ သူကတော့ ရှင့်လား ဘာလား မမေးဖြစ်။ လာဖို့နေရာသာ တန်းချိန်းခဲ့သည်။ ဒါကို တည်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာ ဘယ်လိုနိုးထွက်လာသည်မသိ။ သူ့ထက်ပင် စောရောက်နေ သည်။ လာမြဲနေ့တော့လည်း ချစ်သူနှင့် နှစ်ယောက်တည်းအပြင်မှ တွေ့ရမှာကြောင့် ဘာမှပြင်ဆင်ခြယ်သလာတာမျိုးလည်းမရှိ။ အခု မျှော်နေသည့် မျက်နှာလေးက ဝင်းဖန့်နေသည်။ အိပ်ရာက နိုးတာစမို့ မျက်ခွံလေးတွေက မို့နေ၏။ အင်္ကျီလေးကလည်း အိမ်နေ အင်္ကျီလက်ပြတ်အဖြူလေးကိုထပ်၍ အနီရဲရဲလက်ရှည်ခေါင်းဆောင် ပါသော အနွေးထည်လေးကိုဝတ်ထားပြီး အောက်က အနက်ရောင် စတာဝ်ကားကားအတိုဖဲလေးကို ဝတ်ထားသည်။ နီညိုရောင် ကတ္တီ ဖိနပ်လေးက ဖြူဖွေးဝင်းနု၍ သွေးကြောစိမ်းကလေးများ ထင်ထင်ရှားရှား ပေါ်နေသော သူမ၏ ခြေဖမိုးအထက်မှာ လှပစွာရှိနေသည်။ တစ်ကိုယ် လုံးကြည့်လိုက်လျှင် ပြင်ဆင်ထားတာ ဘာမှမရှိ။ ဒါပေမဲ့ ထို့ထက်ပို ပိုလှနေသည်။

သူ ဘာမှပြန်မဖြေဘဲ တည်သစ္စာကို သူ့ရင်ခွင်ထဲ ဆွဲသွင်း လိုက်သည်။

"အနန္တ ဆိုင်ထဲမှာ လူတွေနဲ့"

"ဘာဖြစ်လဲကွာ ကိုယ်မင်းကို နမ်းနေတာမှ မဟုတ်တာ ဖက်တာလောက်တော့ ဖြစ်ပါတယ်"

"မဟုတ်သေးဘူးလေ၊ အသိတစ်ယောက်ကတွေ့သွားရင် သစ္စာအသတ်ခံရလိမ့်မယ်"

ပြော၍ သူမကရုန်းတော့ သူ့ပို၍ တင်းတင်းကျပ်ကျပ် ဖက် ထားလိုက်ပြီး

"ငြိမ်ငြိမ်နေနော်၊ မနေရင် ဖက်ထားတဲ့ အခြေအနေထက် ဆိုးသွားမယ်၊ မယုံရင်စမ်းကြည့်လိုက်"





တည်သစ္စာ တကယ်ပင် ငြိမ်ကျသွား၏။ သူမတကယ် ကြောက်နေရှာသည်ကို။ အတွေးစိတ်နှင့် သနားသွားသဖြင့် သူ လွှတ်ပေးလိုက်၏။

"စိတ်ဆိုးသွားတာလားဟင် အနန္တ"

"ဟာ မဟုတ်ပါဘူး၊ အလကားနေ ဘာလို့စိတ်ဆိုးရမှာလဲ၊ ကိုယ့်ရုပ်က အဲဒီလောက်ထိ ပုပ်သိုးနေလို့လား"

"မဟုတ်ပါဘူး၊ အနန္တက ဒီလောက်ချောတဲ့ဟာကို၊ ဒါနဲ့ အနန္တ သစ္စာမေးတာကို ဖြေဦးလေ"

"ဘာကိုလဲ"

"လက်တွဲမဖြုတ်ရင် အနန္တမေမေက စိတ်ဆိုးမှာလားလို့"

သူ တည်သစ္စာခေါင်းလေးကို ပွတ်လိုက်ပြီး

"သစ္စာ ကိုယ်နဲ့တစ်သက်လုံး ဝေးသွားချင်လား"

"ဟင်"

အနန္တမေးခွန်းကြောင့် သစ္စာခေါင်းငိုက်ကျသွားသည်။ မျက်ဝန်း ထဲမှာ ပြည့်သိပ်တက်လာသည်က မျက်ရည်တွေ။

"သစ္စာ ဖြေဦးလေ"

"သစ္စာ"

သူ ခေါ်တာကို ဘာမှမဖြေ။ ခေါင်းလည်းမော့မလာသော သစ္စာကို သူကြည့်တော့ သူမကိုယ်လေး သိမ့်သိမ့်တုန်နေရှာသည်။

သစ္စာ ငိုနေသည်ပဲ။ သူ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွား ပြီး သစ္စာမျက်နှာကို ပင့်မလိုက်သည်။ သစ္စာက သူ့လက်ကို ညင်ညင် သာသာ ဖယ်ချလိုက်၏။ သူ ပိုရင်ထိတ်ရပြီ။ သစ္စာ ဘယ်လောက် တောင် ခံစားသွားရပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မော့ပါဦး သစ္စာရယ်၊ ကိုယ်မနေတတ်လို့ပါ၊ တောင်းပန်ပါတယ်"

ထည်သစ္စာ အခုမှ ခေါင်းမော့လာသည်။ သူ သစ္စာမျက်နှာပေါ်က မျက်ရည်တွေကို တယုတယ သုတ်ပေးလိုက်၏။

"ဘာလို့ငိုရတာလဲ သစ္စာရယ်၊ ကိုယ်က အဖြစ်မေးတာ"

"ဘာကြောင့်ပဲဖြစ်ဖြစ် မမေးပါနဲ့ အနန္တရယ်၊ တစ်သက်လုံး မပြောပါနဲ့၊ တစ်ရက်တောင် မဖော်ချင်ဘူး၊ အဲဒါကို အနန္တက အဲဒီလို ကြီးမေးတော့ သစ္စာအရှမ်းဝမ်းနည်းသွားတာပေါ့"

ပြော၍ သစ္စာထပ်ရှိုက်တော့ အနန္တက

"မငိုနဲ့တော့ကွာ၊ ကိုယ်မနေတတ်တော့ဘူး၊ မင်းငိုနေတာ ကိုယ်ဘယ်လိုခံစားနေရမလဲ၊ နည်းနည်းလောက်စဉ်းစားကြည့်ကွာ"

သစ္စာ ချက်ချင်း ကိုယ့်မျက်ရည်ကိုယ်သုတ်၍ ပြုံးလိုက်ပြီး

"သစ္စာ မငိုတော့ဘူးနော်၊ အနန္တလည်း စိတ်မကောင်းမဖြစ်နဲ့တော့"

"အင်း သစ္စာ ကိုယ်နဲ့မဝေးနိုင်သလို ကိုယ်လည်း မဝေးနိုင်ဘူး၊ အဲဒါကြောင့် မေမေ့စကားကို နားထောင်ရလိမ့်မယ် သစ္စာ၊ မေမေက ပြောရင် ပြောတဲ့အတိုင်း လုပ်ပေးတတ်တဲ့ လူစားမျိုးပါ။ အခု ကိုယ်တို့က အသက်အရမ်းငယ်သေးတော့ မေမေစီစဉ်တာကို လက်ခံလိုက်တာ ကောင်းလိမ့်မယ်၊ မေမေက စာဆက်မှာလည်း မလျှော့စေချင်သလို ကိုယ်လည်း မလျော့ချင်ဘူး၊ အခုတောင်မှ ထူးချွန်စာမေးပွဲတွေ ဖြေရတော့မယ်၊ ကိုယ်တို့ လက်တွဲဖြုတ်တယ်ဆိုတာ သူငယ်ချင်းလို နေလို့ရသေးတယ်၊သစ္စာ မေမေ့စကားကို နားမထောင်လို့ဝေးသွားရင် မျက်နှာတောင်မြင်ရမှာ မဟုတ်ဘူး၊ ကိုယ့်ကိုယုံပါ၊ ဆယ်





တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ပြီးရင် ကိုယ်တို့တဝက ပေါင်းသည်းပြီးသားဖြစ်သွားပြီ၊ အဲဒီအထိတော့ ခဏသည်းခံပြီးစောင့်ပေးပါ သစ္စာ"

သူ သေချာရှင်းပြတော့လည်း သစ္စာက နားလည်ပေးရှာသည်။

"အင်းလေ သစ္စာတို့က အခုမှ ဆယ့်ငါးနှစ်သာသာပဲ ရှိသေးတော့လည်း အနန္တမေမေစကားကို နားထောင်သင့်ပါတယ်၊ အနန္တပြောတဲ့အတိုင်းပဲ ခဏတဖြုတ် မေ့ထားကြတာပေါ့"

"ဟာ ကိုယ့်ကိုမမေ့နဲ့နော်၊ အဲဒါ လုံးဝခါးတယ်၊ ကိုယ်လည်း မင်းကို လုံးဝမမေ့ဘူး၊ ခဏလေး အခုလိုချိန်းမတွေ့ဘဲ သူငယ်ချင်းဆို ဆက်နေမှာ၊ မေ့တာလုံးဝမဟုတ်ဘူး"

အနန္တ ခါးခါးသီးသီးပြောတော့ သူမ သဘောကျမိသည်။ သူလည်း ကိုယ့်လိုပဲဆိုတော့ ရင်အေးရသည်သာ။ တော်ကြာမှဖြင့် ခွဲနေတုန်း ခဏတာ တခြားတစ်ယောက်နောက်ပါသွားလျှင် ရင်ကျိုးရမည်။ သို့သော် အနန္တ ဒီလောက်ထိ သစ္စာမဲ့လိမ့်မည် မထင်ပါ။

"စကားအဖြစ်ပြောတာပါ အနန္တရယ်၊ ကဲ သစ္စာ ပြန်တော့မယ်၊ အခုလောက်ဆို မေမေဟို့ သစ္စာဘယ်သွားလဲ မေးနေဦးမယ်"

"နေဦး ကိုယ်လိုက်ပို့မယ်"

"မပို့နဲ့တော့၊ တော်ကြာ အနန္တကိုတွေ့သွားရင် မေးခွန်းတွေ အများကြီးကို ရင်ဆိုင်ရမှာ၊ မပို့နဲ့တော့နော်၊ တနင်္လာနေ့ကျမှ တွေ့မယ်"

'ကိုယ်လာခေါ်မှာနော်"

'အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမ နှုတ်ဆက်ကာ ဆိုင်လေးထဲမှ ထွက်ခဲ့သည်။ မလိုက်မယ့်သာ မလိုက်ပို့နိုင်းပေမယ့် တကယ်တမ်း အနန္တနဲ့လက်တွဲပြီး အိမ်ပြန်ချင်တာပါ။ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချပြီး ဆိုင်ကလေးဆီသို့ ခပ်သွက်သွက်ပြန်လျှောက်ခဲ့တော့ ဆိုင်ထဲမှ ပြေးထွက်လာသော အနန္တနှင့်ဆုံသည်။

"တည်သစ္စာ မပြန်သေးဘူးလား"

"အနန္တရော ဘာလို့ပြေးထွက်လာတာလဲ"

"မင်းကို ကိုယ်လိုက်ပို့ရမှဖြစ်မယ်"

"သစ္စာလည်း အနန္တကို အခုပဲ လိုက်ပို့နိုင်းတော့မလို့"

နှစ်ယောက်သား အပြုံးကိုယ်စီကို ဆင်မြန်းလိုက်သည်။ ထို့နောက် အနန္တက တည်သစ္စာ၏ သွယ်သွယ်လျလျ လက်ကလေးကို ဆုပ်ကိုင်လျက် ပြုံးပြုံးလေးဆိုင်မှ ထွက်ခွာခဲ့သည်။

ထိုအချိန်တုန်းကတော့ ဘာကံကြမ္မာကိုမှ မတွေးမိတာ တည်သစ္စာတို့ပဲ ညံ့တာလား။

❀❀❀



အခန်း (၆)

ဒီနေ့ ထူးချွန်တွေဖြေရင်တော့မည်ဆိုတော့ တည်သစ္စာတစ်...တ် ကျောင်းကို ခါတိုင်းထက်နောက်ကျမှ သွားရန်ဆုံးဖြတ်လိုက်...ည်။

"ဟဲ့ သမီး၊ ကျောင်းမသွားသေးဘူးလား။ ဟိုမှာ ခုနှစ်နာရီ...ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်"

"ဟုတ်သားပဲ၊ သစ္စာ နောက်ကျမှ သွားဖို့ဆုံးဖြတ်ပြီး စာကျက်...ိက်တာ မေမေပြောမှပဲ သတိရတော့တယ်၊ သစ္စာ သွားတော့မယ်..."

သစ္စာ ခေါင်းကို အမြန်ဖြီး၊ လိုအပ်သည်များကို လွယ်အိတ်...ထည့်လျက် ကတ္တီပါအပါးအစိမ်းရောင်လေးကိုဝတ်ပြီး အိမ်ပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်ခဲ့သည်။ အိမ်ပြင်ရောက်မှ မေမေ့ကို မှာစရာရှိသည်ကို သတိရသွားတာ

"မေမေ ဖယောင်းတိုင်ထွန်းပေးထားဦးနော်"

"အေးပါ သမီးရယ်၊ မြန်မြန်သာသွား"

"ကန်တော့တယ်နော် မေမေ"

လက်အုပ်လေးချီလျက် ကန်တော့သည့်ပုံလေးလုပ်ကာ ပြေးထွက်သွားသော တည်သစ္စာကိုကြည့်ရင်း ဒေါ်ခင်ထိပ်ထားရင်မောမိသည်။

ကလေးမှ တကယ့်ကလေးပါ။ သိပ်ဖြူစင်တဲ့ သမီးလေး။ ဟိုတစ်နေ့ကတော့ သမီးလေးကို ကောင်လေးတစ်ယောက် အိမ်ရှေ့ထိ လိုက်ပို့သွားတာကို တွေ့သည်။ သမီးရော ထိုကောင်လေးရော ပြုံးနေတဲ့အကြောင့် နှစ်ယောက်သားချစ်သူတွေဖြစ်နေသည်ဟု ခန့်မှန်းရသည်။ ဒါပေမဲ့ ဘာမှတော့ မမေးဖြစ်၊ မပြောဖြစ်ခဲ့ပါ။ ဒီအရွယ်လေးတွေက စိတ်ကစားတတ်သည့် အရွယ်ကိုး။ ဒါပေမဲ့ သမီးလေးက စာတော့တော်သည်။ အခုလည်း ထူးချွန်ဖြေရမည်ဆိုတော့ စာတွေကျက်နေလိုက်တာ ခုနှစ်နာရီထိုးလျှင် ကျောင်းတက်တာကိုတောင် မေ့ထားပုံရ၏။ ပြီးတော့ ခေါင်းလေးသာဖြီးပြီး ဘာမှမပြင်မဆင်ဘဲ ဖိုသီဖတ်သီ ထွက်သွားတာလေးကပင် သမီးလေးက ဖြူစင်ရိုးသန့်နေသည်။ ကောင်လေးကလည်း ချောချောလေးဆိုတော့ အမေတစ်ယောက်အနေနှင့် အလိုလိုသဘောတူနေချင်မိသည်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ထိန်းတတ်အောင်တော့ သင်ပေးရဦးမည်။ ဒီအရွယ်က စဉ်းစားတတ်တာမျိုး ရှိတာမဟုတ်။ ဒေါ်ခင်ထိပ်ထား တွေးရင်းပင် ဘုရားစင်ရှေ့သို့ လျှောက်သွားပြီး ဘုရားမီးဖွင့်ကာ ဖယောင်းတိုင်ငါးတိုင်ကို မီးထွန်းပူဇော်လိုက်





သည်။

သမီးလေး ဖြေနိုင်ပါစေ။

တည်သစ္စာ ကျောင်းဝင်းထဲသို့ ဝင်ပြီးပြီးချင်း ကမ္ဘာမကြေ သီချင်းဆိုသံကို ကြားလိုက်ရသည်။

သွားပြီ ငါနောက်ကျနေပြီ။

သစ္စာ အပြေးနှုန်းကို ထပ်တင်လိုက်ပြီး ဖြေဆိုရမည့် အခန်းသို့ ဝင်လိုက်သည်။

"ဟော သမီး စိတ်အေးအေးထား သွားဖြေတော့"

ဆရာမကမ်းပေးသော အဖြေလွှာစာရွက်ကိုယူရင်း ဆရာမကို ပြုံးလိုက်သည်။

အနန္တက ဖြေနေရင်းမှ လှည့်ကြည့်ပြီး

"နောက်ကျလိုက်တာ"

ဟု တိုးတိုးလေး ပြောလေသည်။

စာမေးပွဲဖြေပြီး အခန်းထဲကထွက်လာတော့ အနန္တက လှေကားမှာ စောင့်နေသည်။ တည်သစ္စာ သူ့ဆီလျှောက်သွားလိုက်၏။

"အနန္တ"

"ဟော မယ်နောက်ကျလေး၊ ဘယ်လိုလဲ ဖြေနိုင်လား"

"အင်း မဆိုးပါဘူး အနန္တရော"

"သိပ်မဖြေနိုင်ဘူး"

"ဟင် ဘာဖြစ်လို့လဲ၊ သိပ်လည်းမခက်ဘဲနဲ့"

"ခင်ဗျားလေးနောက်ကျတော့ ကျွန်တော့်မှာစိတ်ပူရင်း စာတွေ မေ့သွားကုန်တာပေါ့"

အနန္တက ပြော၍ လက်သီးဆုပ်ကလေးနှင့် တည်သစ္စာ၏



www.burmeseclassic.com

www.burmeseclassic.com



နဖူးကို ဖွဖွလေးထုသည်။

"အား နာလိုက်တာ"

"ဟာ ဒီလောက်ဖွဖွလေးကို လာပိုနေတယ်၊ အဲဒီ ပိုတဲ့ ကောင်မလေးကို ပညာပေးရမယ်"

တည်သစ္စာ ချက်ချင်း အနန္တမျက်နှာကို လက်နှစ်ဖက်ဖြင့် ကိုင်ဖျစ်လိုက်ပြီး

"သစ္စာတို့က သူငယ်ချင်းတွေလေ သတိထားဦး"

"ဘာဖြစ်လဲ အခုအချိန်မှာ ခိုးနမ်းရင် မသိလောက်ပါဘူး"

"ဟင့်အင်း မရဘူး၊ မလုပ်နဲ့ ကတိတည်မှ နောင်ရေးအတွက် စိတ်အေးရမှာ"

"အဲဒါဆိုလည်း အသည်းယားအောင် မလုပ်နဲ့ကွာ၊ တကယ် ကိုယ်နမ်းချင်နေတာ"

"ဟာ အဲဒါဆို ခဏလေး"

သစ္စာ လွယ်အိတ်လေးထဲ လက်နှိုက်ကာ ပိုက်ဆံအိတ်လေး ကို ထုတ်လိုက်ပြီး ဖွင့်လိုက်၏။ ပြီးမှ အိတ်ကပ်လေးထဲမှာ ထည့်ထား သည့် သူမ၏ သုံးနှစ်သမီးအရွယ်က ဓာတ်ပုံလေးကို ထုတ်ပေးလိုက် သည်။

"ရော့ ဒီမှာ၊ ကြိုက်သလောက်နမ်း"

"ဘာလေးလဲ၊ ဘယ်သူလေးလဲ၊ တည်သစ္စာလား၊ ဟား ဟား ချစ်စရာလေး၊ ပါးလေးက ဖောင်းကစ်နေတာပဲ၊ နမ်းချင်စရာ လေး"

အနန္တက ပြော၍ ဓာတ်ပုံကို နမ်းမည်ပြင်ပြီး တည်သစ္စာ ခါးကိုဖက်ကာ သူ့နားဆွဲပြီး သစ္စာပါးကိုနမ်း၏။ သစ္စာ တွန်းထုတ်





လည်းမရ။ စိတ်ရှုပ်ရှုပ်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ရန် မျက်နှာကို လှည့်လိုက်တော့ အနန္တက သူမ၏ နှုတ်ခမ်းဖူးဖူးလေးကို နမ်းပြန် သည်။ သူမ မျက်လုံးကို မှိတ်ချပစ်လိုက်သည်။

ပြီးမှ အနန္တက သူမကို လွှတ်ပေးကာ

"သိပ်ချစ်စရာကောင်းတာပဲ ပြီးတော့ ကျေးဇူးပဲ"

"သွားပါ ဓာတ်ပုံကို နမ်းမလိုလိုနဲ့ ဟွန့်"

"ဟင် ကိုယ်ဓာတ်ပုံကို နမ်းလိုက်တာပါ၊ ဘာဖြစ်လို့လဲ"

"အမယ် လာပြီးမဟုတ်တာတွေ လျှောက်ပြောနေတယ်၊ မသိ ရင် သစ္စာကပဲ လိမ်ပြောသလိုလိုနဲ့"

"ဟာ တကယ်ပါကွာ"

"တော်တော့ ဟုတ်တယ်၊ ဘာလဲမသိဘူး၊ ဒီမှာ အနန္တနမ်း သွားတာ ပူပူနွေးနွေးကြီးရှိသေးတယ်"

တည်သစ္စာက ကိုယ့်နှုတ်ခမ်းကိုယ် လက်ညှိုးထိုးပြတော့ သူက တည်သစ္စာလက်ကို ဖယ်လိုက်ပြီး

"မှန်းစမ်း တကယ်နွေးရဲ့လား"

"ရော့ ရော့ အဲဒီမှာစမ်းကြည့် ဘယ်လောက်ပူနေသလဲလို့၊ တကတည်း ဒီမှာနှုတ်ခမ်းဖူးဖူးလေးကနေ နှုတ်ခမ်းပြားပြားလေးဖြစ် တော့မယ်၊ ပြီးတော့ ပြောင်ကလည်း လိမ်လိုက်သေး"

အနန္တက တကယ်ပင် သူမနှုတ်ခမ်းလေးကို လက်ညှိုးဖြင့် ချိုကြည့်သည်။

"ဟာ ဟုတ်တယ်၊ နွေးနေတုန်းပဲ၊ ဘယ်သူနမ်းသွားတာလဲ၊ တည်သစ္စာလေး သနားပါတယ်"

"တော်ပြီ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



တည်သစ္စာ ဆောင့်အောင့်ပြီး အနန္တဘေးနားမှ ထွက်လာခဲ့သည်။ တကယ်လူလည်ကျတဲ့ အနန္တ။

"တည်သစ္စာ"

သူမ လှုံ့ဝလှည့်မကြည့်ဘဲ ဆက်လျှောက်ခဲ့သည်။ အနန္တက နောက်မှပြေးလိုက်လာပြီး

"အလကားစတာပါကွာ၊ နောက်မနမ်းတော့ဘူး၊ ရပြီလား"

"မရပါဘူး၊ တော်သေးတယ်၊ ဘယ်သူမှ မရှိတော့လို့ သူများတွေသာရှိလို့ကတော့ တစ်ခါတည်းကျောင်းထွက်ရမယ့်ကိန်း၊ အနန္တဟာလေ သိပ်ဖွတ်ဆန်တာပဲ၊ ချစ်မိတာတောင်မှားတယ်"

တစ်ချိန်လုံးရယ်နေခဲ့သော အနန္တ ဒီတစ်ကြိမ်တော့ တည်သွားပြီ။

"ဘာပြောတယ်၊ သစ္စာနော် တခြားဟာတွေ ကြိုက်သလိုပြော၊ ဒါပေမဲ့ အဲဒီမှားတယ်ဆိုတဲ့ စကားမျိုးနောက်ထပ်ဘယ်တော့မှ မပြောမိစေနဲ့"

သူက ပြောပြောပြီးချင်း သစ္စာကိုထားခဲ့ပြီး တစ်ယောက်တည်း ထွက်သွား၏။

"စောင့်ဦးလေ"

အနန္တက လမ်းလျှောက်နေတာကို ရပ်လိုက်ပြီး စောင့်သည်။ ဒါပေမဲ့ သစ္စာဘက်တော့လှည့်မလာ။ သစ္စာ အနန္တကို ကျောကုန်းမှ သိုင်းဖက်လိုက်ပြီး

"ချစ်တယ်၊ ချစ်တယ် ဟွန့်၊ ကလေးလည်းမဟုတ်ဘဲနဲ့ အရမ်းချစ်တယ်။ ပြီးတော့ အနန္တကိုချစ်တာ သစ္စာလုပ်ဖူးသမျှအလုပ်တွေထဲမှာ အမှန်ဆုံးအလုပ်ပဲ"





အနန္တရယ်လိုက်၍ တစ်ဖက်လှည့်ကာ သစ္စာကို ရင်ခွင်ထဲ သွင်းလိုက်၏။

"သိပြီးသားပါ တမင်ဘာပြောမလဲ သိချင်လို့ ကလိလိုက်တာ"

"ထားပါ သစ္စာတို့ ပြန်ကြမယ်လေ၊ အခုလောက်ဆို မေမေ သစ္စာ ဖြေနိုင်မဖြေနိုင် သိချင်နေရှာမှာ"

"အင်း ပြန်ကြတာပေါ့"

သစ္စာတို့နှစ်ယောက် ထွက်လာခဲ့တာ ဘယ်သူကိုမှ သတိမထားမိ။ ဒါပေမဲ့ သစ္စာတို့ထွက်သွားမှ အခန်းလွတ်ထဲမှ ကောင်မလေးနှစ်ယောက်ထွက်လာကာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း အဓိပ္ပာယ်ပါပါပြုံးလိုက်ကြသည်။

စုစုနှင်းနွဲ့ဝင်းပပ။

တည်သစ္စာ တစ်သက်လုံးနင်နာမည်ကောင်းရလာခဲ့သမျှ အခုချိန်မှာနင်ခံရတော့မယ်။ တည်သစ္စာဆိုတာ ရည်းစားနဲ့သာယာနေတဲ့ မိန်းမတစ်ယောက်ဆိုတာ တစ်ကျောင်းလုံးသိသွားစေရမယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

“ဘယ်လိုလဲ သမီးလေး ဖြေနိုင်ရဲ့လား”

“မဆိုးပါဘူးမေမေ သူ့ဟာနဲ့သူတော့ရပါတယ်”

“ဟုတ်ပါပြီ သမီးလေးမေမေ့အနားကိုလာပါဦး မေမေမေးစရာတွေရှိလို့”

“လာမယ်မေမေ ခဏလေး သမီးကျောင်းစိမ်းအကျီလေးလဲလိုက်ချင်လို့”

သူမအခန်းထဲသို့ဝင်ဟန်ပြင်တော့ မေမေကနောက်မှလိုက်လာပြီး သူမလက်ကိုလှမ်းဆွဲ၏။

“ပြီးမှလဲပါ သမီးရယ် သမီကောင်လေးအကြောင်းအရင်ပြောပြစမ်းပါ”





သူမတစ်ကိုယ်လုံး လျှပ်စစ်နှင့်အတို့ခံလိုက်ရသလို ကျင်ခနဲဖြစ်သွား၏။ မေမေသူမတို့အကြောင်းသိသွားပြီလား။ သူမငြင်းရန်ပြင်လိုက်သည်။

“မဟုတ်ဘူးမေမေ တစ်ခုခုလွဲနေပြီ သစ္စာမှာဘာကောင်လေးမှမရှိဘူး အခုအိမ်လိုက်ပို့တဲ့သူက သမီးသူငယ်ချင်းပါ”

“သမီးလိမ်တတ်နေပြီလား”

မေမေ့မျက်နှာက ခုနကချိုနေသလောက် အခုထန်နေသည်။

“မလိမ်ပါဘူးမေမေ တကယ်ပါ”

သူမ မထူးစိတ်ပိုက်လျှက် ဆက်ငြင်းလိုက်သည်။

“တည်သစ္စာ သမီးကိုဘာလို့ဒီနာမည်ပေးထားတယ်ထင်လဲ မလိမ်တတ်အောင် ကတိတည်အောင် သစ္စာရှိအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ပေးခဲ့တာ အခုတော့ဘာမဟုတ်တဲ့ကောင်လေးတစ်ယောက်အတွက် မလိမ်တတ်တဲ့ ကိုယ့်ရဲ့ငယ်ငယ်တည်းကအကျင့်ကိုဖျက်ပစ်လိုက်တယ် ဒီမှာ သမီးလုပ်သမျှအားလုံးကို မေမေမသိတာဘာမှမရှိဘူး အကယ်ဖြစ်နေတဲ့အချိန်မှာမသိရင်လည်း တစ်ချိန်ချိန်မှာတော့သိမှာပဲ အဲ့ဒါကိုယုံလိုက်”

“သစ္စာမှားပါတယ်မေမေ သစ္စာဘယ်တော့မှမေမေ့ကိုမလိမ်တော့ဘူး ကတိပေးပါတယ်”

“အဲဒါ မေမေဖြစ်စေချင်တာပဲ ကဲအခုတို့သားအမိနှစ်ယောက် ချစ်ရေးဆွေးနွေးကြရအောင်”

သူမပြုံးကာ မေမေကိုခေါင်းညိတ်ပြလိုက်သည်။မေမေကနှစ်ယောက်ထိုင်ကြိမ်ထိုင်ခုံလေးသို့ရွှေ့ထိုင်လိုက်ပြီး မေမေ့ဘေးနားပဲသူမကိုထိုင်စေသည်။ သူမလွယ်အိတ်လေးကိုချွတ်ကာ စားပွဲပေါ်ကောက်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်သည်။

"ပြောပါဦး သမီးကောင်လေးအကြောင်း"

"သူ့နာမည်က အနန္တတဲ့"

"အနန္တ"

မေမေကအံ့ဩသလို တစ်ချက်ဆိုပြီးခေါင်းတစ်ဆတ်ဆတ်ညိမ့်

သည်။

"အဲဒါကြောင့်လည်း မေမေ့သမီးစွဲသွားတာကိုး"

"သူကစာတော်တယ် ချမ်းလည်းချမ်းသာတယ် ဒါပေ

အဲဒါတွေက အရေးမကြီးပါဘူးမေမေ သစ္စာအဓိကကြိုက်တာသူ့စိ

ဓာတ် ကျောင်းမှာမရှိတဲ့သူတွေကိုသူစားအိုးထဲကဖွဲ့ပြီးကျွေးတာ မေ

သိပ်စေတနာကောင်းတယ် ပြီးတော့သူကအဆောင်အယောင်တွေ ဟ

ဆောင်မှုတွေကိုမုန်းတယ်တဲ့ အဲ့ဒါကြောင့်သူကျောင်းလာရင်ဘယ်တော့

မှအိမ်ကကားနဲ့မလာဘူး သူ့စက်ဘီးလေးနဲ့ပဲသူလာတယ် လုံးဝလည်

မကောက်ကျစ်ဘူး"

"အင်း သမီးပြောတဲ့အတိုင်းဆိုရင် လိုလေးသေးမရှိတဲ့လူပေ

ပေါ့ ကောင်းပါတယ် သမီးတို့ရဲ့အခုလတ်တလောအခြေအနေကရော

"ခဏလက်တွဲဖြုတ်ထားတယ်မေမေ"

"ဟင် ဘာဖြစ်လို့လဲသမီးရာယ်"

"သမီးတို့ကအခုမှ ကိုးတန်းဆိုတော့ သူ့အမေကငယ်သေးတယ်

တဲ့ ဆယ်တန်းကိုအမှတ်များများနဲ့အောင်ပြီးမှ လုပ်ချင်တာကိုလုပ်ပြ

တဲ့"

ဒေါ်ခင်ထိပ်ထားတွေဝေသွားမိတာကတော့ အမှန်ပင်ဖြစ်သည်

မြွေမြွေချင်းတော့ခြေမြင်သည်လေ။ ဒါပေမဲ့ သိပ်မသေချာတော့ သမီ





ကိုသတိမပေးဖြစ်။ တော်ကြာစိတ်အေးနေသည့် ကလေးတွေဝုန်းဒိုင်း

ကြဲကုန်ကြမှဖြင့် သူမရင်ကျိုးဖို့သာရှိသည်။

"အင်းလေ လူကြီးစီစဉ်တာဆိုတော့လည်းကောင်းမှာပါ"

"ဟင်း မေမေပြောမှပဲ စိတ်အေးသွားတော့တယ် သစ္စာက

သူနဲ့တစ်သက်လုံးဝေးရမှာကိုစိုးရိမ်"

သူမကိုယ့်ပါးစပ်ကိုယ်ပြန်ပိတ်လိုက်သည်။ တော်ကြာမေမေက

ဒီအရွယ်လေးနဲ့ပိုရန်ကောဟုပြောလာလျှင် သူမဘယ်လိုမှခံနိုင်မှာမဟုတ်။

အခုတောင်ရှက်စိတ်ဖြင့် မျက်နှာနီနေပြီ။

မေမေကတော့ခန့်ခန့်ကြီးတစ်ချက်ပြုံးသည်။

"ဘာဖြစ်လဲ ဆက်ပြောလေ အမယ်လေး အခုမှလာရှက်နေ

တယ် ရည်းစားထားတုန်းကထားပြီး"

"မဟုတ်ပါဘူး မေမေကပိုတယ်လို့ပြောမှာစိုးလို့"

"မပြောပါဘူး မေမေလည်းဒီအရွယ်ကလာတာပဲ နားလည်

ပါတယ်"

"ဟုတ်တယ်မေမေ သစ္စာသူနဲ့တကယ်ကိုမဝေးချင်တာ သူ့

အမေက လက်တွဲဖြုတ်ဖို့ပြောလာတော့ သစ္စာငိုတောင်ငိုမိတယ် ပိုတာ

မဟုတ်ပါဘူးမေမေ သစ္စာသူ့ကိုတကယ်ချစ်သွားလို့"

"ဪ သမီးရယ်"

"အင်းလေ သမီးကအခုမှရည်းစားထားဖူးသည်ဆိုတော့လည်း

မချစ်ဘူးတဲ့အချစ်ရူးလေးပေါ့၊ ဒါပေမဲ့ သမီးရယ် အနန္တမေမေအခုလို

လုပ်တာ မေမေသဘောမတွေ့ချင်ဘူး"

ဒေါ်ခင်ထိပ်ထား မိမိအတွေးကိုစိတ်ထဲမှာပဲသိမ်းထားလိုက်၏။

သမီးလေးမျက်နှာညိုမှာ မမြင်ချင်ပါ။ အခုချိန်မှတော့ သမီးလေးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။ အချစ်ရေးအတွက်နဲ့ ဘဝရည်မှန်းချက် [illegible]လဲအောင်ထားတဲ့သူတွေထဲမှာ သူမသမီးမပါစေရ။ သူမတစ် [illegible] နှုတ်ပြုံးလိုက်ပြီး

"သမီးအခု ရည်းစားထားတာကိုမေမေဘာလို့မဆူတာလဲသိလား"

တည့်သစ္စာခေါင်းခါ၏။

"သမီးက ကျောင်းစာမှာလည်းတော်နေလို့ပေါ့ ပြီးတော့မေမေ့သမီးက ရည်းစားရှိတယ်ဆိုပြီးအလှတွေလည်းမပြင်ဘူးလေ အမျိုးကြီးပုံစံ မဖမ်းဘူးပေါ့ ဒါပဲနော်သမီး သမီးကျောင်းစာဘက်မှာလျော့လာလို့ကတော့ မလွယ်ဘူးမှတ် အခုအတိုင်းပဲ ပုံမှန်လေးနေ"

"ဟုတ်ကဲ့ပါမေမေ သစ္စာကတိပေးပါတယ် ဒါနဲ့ ဟိုဖေဖေရောသိလားဟင်"

"အဟင်းဟင်း စိတ်ပူသွားပြီလား စိတ်ချပါ ဖေဖေမပြောနဲ့ သမီးကိုကိုတောင်မသိဘူး"

မေမေအခုလိုပြောတော့လည်းကျေးဇူးတင်ရ၏။ တော်ကြာဖေဖေသိသွားလျှင် မိုးမီးလောင်တာထက်ဆိုးမည်မှာအသေအချာ။

"ကဲသမီး အကျီလဲသွားလဲတော့လေ နောက်ဆုံးစာမေးပွဲကြီးကနီးနေပြီမဟုတ်လား စာကျက်တော့ ဂုဏ်ထူးတွေမေမေလိုချင်တယ်နော်"

"ဟုတ်ကဲ့ပါ"

သူမ မေမေ့ကိုပြောပြီး ဖက်၍တစ်ချက်နမ်းလိုက်သည်။တကယ်နားလည်ပေးနိုင်သည့်မေမေ။ သူမဘဝမှာမေမေသာမရှိလျှင် အခုလိုတိုင်ပင်ဖော်လည်းရှိမည်မဟုတ်။ ဘာဆိုဘာမှရှိမည်မထင်။ သူမမေမေ့ကိုပို၍တင်းကျပ်စွာဖက်ထားလိုက်သည်။





"မေမေ နေမကောင်းမဖြစ်နဲ့နော်"

မေမေကသူမဖက်ထားသော လက်ကလေးကိုဆွဲယူတာသူမလက်နှင့်ပွတ်သပ်ပေးပြီး

"ဟင်း မေမေ့သမီးလေးကတကယ့်ကလေးလေးပဲ ကဲ သွားစာကျက်တော့"

သူမမေမေ့ပါးကို တစ်ချက်ထပ်နမ်းလိုက်ပြီး စားပွဲပေါ်မှလွယ်အိတ်ကိုယူကာ သူမအခန်းဆီသို့ထွက်ခဲ့သည်။ အခုရှိန်ဆိုလျှင်အိမ်မှာဘယ်သူမှ မရှိတတ်။ ဖေဖေနှင့်ကိုကိုကရုံးသွားတတ်တာမို့ အိမ်မှာမေမေတစ်ယောက်တည်းသာ ရှိတတ်သည်။ ဒါကြောင့်လည်းမေမေ့မှာ အထီးကျန်နေရသည်။ တစ်ခါတရံ သူမစာမေးပွဲတွေရှိမှ မေမေအဖော်ရတတ်သည်။ သနားလည်းသနားဖို့ကောင်းတဲ့မေမေပါ။

သူမအခန်းရှိရာအပေါ်ထပ်သို့တတ်သွားပြီး အခန်းထဲဝင်လိုက်သည်။အခန်းထဲရောက်သည်နှင့် အဝတ်အစားလဲပြီး စာကြည့်စားပွဲထိုင်လိုက်၏။ ပြီးမှခုတင်ပေါ်ပစ်တင်ထားသည့် လွယ်အိပ်လေးကိုယူကာ အတွင်း စရာရှိသည်များကို ထုတ်တော့ ပန်းနုရောင်စာအိတ်လေးတစ်အိတ်ကိုတွေ့သည်။

ဒါအနန္တ လက်ချက်ပဲဖြစ်မည်။

စာအိတ်လေးကို ကတ်ကျေးနှင့်တယုတယဖောက်လိုက်၏။

ဒီနေ့အတွက် ကျေးဇူးပဲ။

ဒီနေ့ညတော့ ကိုယ်အိပ်လို့ရမှာမဟုတ်တော့ဘူး။

မင်းနှုတ်ခမ်းလေးကို လွမ်းနေမှာသေချာတယ်။

အနန္တ။

လက်ရေးကဝိုင်းစက်စက်မဟုတ်ပေမယ့်လှနေသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ဆိုးမိသည်က ဒီနေ့သူမကို နမ်းဖို့အတွက် ကြိုတင်ပြင်ဆင် ထားခဲ့ရသည့်ဒါကြောင့်လည်းစာနဲ့အံကိုက်ဖြစ်နေတာပေါ့။

"သိပ်မုန်းဖို့ကောင်းတဲ့ အနန္တ"

သူမတိုးတိုးလေးတစ်ချက်ဆိုကာ စာအိတ်လေးကို နှုတ်ခမ်းနှင့် တစ်ချက်ဖိကပ်နမ်းလိုက်သည်။ ပြောမယ့်သာပြောရသည် အနန္တ၏ အနမ်းလေးတွေကြောင့်ပဲ သူမရင်တွေ ကတိမ်းကပါးဖြစ်ခဲ့ရဖူး၏။ မှန်ရ ဝန်ခံရလျှင် ကိုယ့်ချစ်သူ၏အနမ်းကိုတော့ခံယူချင်ပါသည်။

တည်သစ္စာ စာကြည့်စားပွဲမှအံဆွဲလေးကို ဆွဲထုတ်ပြီး သူမ၏ကျွန်း သေတ္တာလေးကိုထုတ်ယူလိုက်သည်။ ဒီသေတ္တာလေးထဲမှာ သူမမြတ်နိုးသည့် ပစ္စည်းလေးတွေကိုသိမ်းနေကျ။ ဖေဖေပေးထား သည့်ပို့စကဒ်လေး။ ကိုကို ပေးထားသည့်နှုတ်ခမ်းနီတောင့် ကလေး နှင့်သူမတန်ဖိုးအထားဆုံး မေမေ ပေးထားသည့် omegaနာရီကလေး ထိုနာရီကလေးက သိန်းကျော်တန်ဟုမေမေပြောဘူးသည်။ သိန်းတော် မှ ထော်ရှုံတန်ရှုံမဟုတ် တော်တော်များသည်ဟုလည်းပြောသည်။

သူမရှစ်တန်းမှာ ဘာသာစုံဂုဏ်ထူးနှင့်အောင်တော့ မေမေ့နိုင်ငံ ခြားမှသူငယ်ချင်းလက်ဆောင်ပေးထားသည့် ဒီနာရီလေးကိုသူမအား ဆုချခဲ့သည်။ ထိုအချိန်တုန်းကများ တည်သစ္စာတို့ရင်ထဲကအပျော်ဟု ဘယ်သူမှမမီ။ အခုတော့ အနန္တဆီက ချစ်စကားတွေနဲ့ အနမ်းတွေ ကို ပိုတောင်းတနေခဲ့သည်ဆိုလျှင် သစ္စာပဲလွန်နေပြီလား။

သစ္စာ သေတ္တာလေးကိုဖွင့်ကာ စာအိပ်လေးကို အောက်ဆုံးမှာ ထည့်ထားလိုက်သည်။

အနန္တရယ် သစ္စာ အနန္တနဲ့ဝေးရရင်သေမှာပဲ။

သစ္စာကိုခွဲမသွားပါနဲ့နော်။



## အခန်း (၈)

အချိန်တွေကုန်လွန်လာခဲ့သည်မှာ သစ္စာတို့ ကိုးတန်းမှာ ဘာသာဂုဏ်ထူးဖြင့်အောင်ပြီး ဆယ်တန်းသို့ရောက်ခဲ့သည်။ အနန္တ တော့ ဘာသာစုံဂုဏ်ထူးဖြင့်အောင်၏။ အတော်တွေများလွန်းသော သစ္စာတို့ကျောင်းတွင် ငါးဘာသာဂုဏ်ထူးရသော်လည်း တန်းခွဲ (B )သို့သာရောက်ခဲ့သည်။ အနန္တ ကတော့ တန်းခွဲ(A )ရောက်သွားသဖြင့် သစ္စာတို့နှစ်ယောက် အတန်းကွဲသွား၏။သစ္စာတော်တော့်ကို စိတ်ပျက်မိ သည်။ အနန္တတော်မှန်းသိ၍ အနန္တနှင့်အခန်းတူရောက်ရန် ကြိုးစားခဲ့ သမျှ အရာမထင်။

"အနန္တ မျက်နှာကဘာလို့ ပြုံးနေရတာလဲ"

"ဟာ ကိုယ်တန်းခွဲအေကို အဆင့်(၃)နဲ့ဝင်တယ်လေ ပျော်တာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

ကြည့်စမ်းကိုယ့်မှာတော့ သူနဲ့အတန်းချင်းမတူ၍ရှူးချင်နေပြီ သူကတော့ပြုံးလို့ ပျော်လို့၊ ဝမ်းနည်းစိတ်က ချက်ချင်းမျက်လုံးထဲမှာ မျက်ရည်တွေပြည့်လာ၏။

"ဟောဗျာ ဘာဖြစ်ရပြန်ပြီလဲ"

အနန္တက သစ္စာအနားကပ်လာပြီး မျက်ရည်သုတ်ပေးရန်ပြင်တော့ သစ္စာရှောင်လိုက်သည်။ အနီးအနားရှိကျောင်းသားတွေကတော့ ပြုံးနေကြသည်။ ပြုံးမှာပေါ့ စုစုနှင်းနှင့်ဝင်းပပတို့ကြောင့် သစ္စာနဲ့အနန္တ ချစ်သူတွေမှန်း တစ်ကျောင်းလုံးသိသွားတာကိုး။ ဒါပေမဲ့သူမတို့နှစ်ယောက် မျှော်လင့်ထားသလို တည်သစ္စာနာမည်မပျက်ခဲ့။ တချို့ဆရာမတွေဆို လိုက်ဖက်ညီတယ်ဆိုပြီးတောင် ဝမ်းသာသွားကြသေးသည်။ ဒါပေမဲ့ အနေအထိုင်ဆင်ခြင်ပြီး တွဲသွားတွဲလာ မလုပ်ရန်တော့ ဆရာမများကဆုံးမခဲ့သည်။ ဆရာမတွေ၏ စကားကိုနားထောင်ခဲ့တော့ အနန္တနှင့် အနည်းငယ်စိမ်းခဲ့သည်။ ဒီကြားထဲ အနန္တအမေကိုပေးထားသည့် ကတိကြောင့် ဝေးနေခဲ့ကြသည်မှာ အခုဆိုလျှင် အရင်ကကျောင်းကို စက်ဘီးစီး၍ တည်သစ္စာနှင့်အတူလာနေကျမှ ကိုယ့်အိမ်ကကားကို တစ်ယောက်တည်းစီး၍လာတတ်သော အနန္တဖြစ်နေပြီ။ ဒါကိုတည်သစ္စာ မကျေနပ်ဘူးပြောတော့လည်း အေးတိအေးစက်။ ယောက်ျားတွေက စိတ်အပြောင်းအလဲမြန်တတ်တယ်ဆိုတာ မေမေပြောတော့မယုံခဲ့မိ။ အခုတော့အနန္တများ မေမေပြောသလို စိတ်ပြောင်းသွားပြီလားတွေးမိတော့ ခံစားရသည့်ဝေဒနာက ရင်နှင့်တောင်မဆံ့ချင်။

တွေးရင်းတွေးရင်း မျက်ရည်တွေတသွင်သွင်ကျနေ၏။

အနန္တက တည်သစ္စာလက်ကိုဆွဲကာ ကျောင်းသားများနှင့်ဝေး





ရာ ကျောင်းပန်းခြံလေးသို့ခေါ်သွား၏။ တည်သစ္စာတို့ကျောင်းမှာက တင်းနစ်ကွင်း၊ ဘတ်စကတ်ဘောကွင်း၊ ဘောလုံးကွင်း အစုံရှိ၏။ ဒါ့အပြင် ကလေးများအတွက် ကစားစရာလေးများရှိသော ပန်းခြံလေးလည်းရှိသည်။

ပန်းခြံထဲရောက်တော့ အနန္တက တည်သစ္စာကိုဒန်းပေါ်မှာ ထိုင်ခိုင်းပြီး သူကနောက်မှလွှဲပေးသည်။

"ဟော့ မငိုနဲ့ကွာ ကိုယ်မင်းငိုတာကိုမြင်ရင် စိတ်ညစ်တယ်"

စိတ်ညစ်တယ်တဲ့၊ ငိုနေသည့် ငိုနေသည့်တည်သစ္စာတောင်ဆက်ငိုရမှာတွန့်သွား၏။

ပြောရက်လိုက်တာ အနန္တရယ်။တည်သစ္စာငိုတာ အနန္တကို ချစ်လွန်းလို့ဆိုတာ မသိဘူးလား။

"စိတ်ညစ်ရင် အနန္တထွက်သွားလိုက်ပါ သစ္စာဘာမှမဖြစ်ပါဘူး အနန္တ ဘာမဟုတ်တဲ့မိန်းမတစ်ယောက် ငိုနေတာနဲ့ စိတ်အညစ်မခံပါနဲ့ ပျော်စရာရှိတာကိုဆက်ပျော်ပါ"

"မရိုနဲ့ကွာ ကိုယ်တကယ်ပြောတာ"

အနန္တကို သူမလှည့်ကြည့်လိုက်မိသည်။ အနန္တစကားတွေက အေးအေးလေးနှင့် ပူနေသည်။

"အနန္တ အနန္တသစ္စာကိုချစ်သေးရဲ့လားဟင်"

"ကျွတ် သစ္စာရယ် အဲ့ဒါမေးရတာ မမောသေးဘူးလား"

ဘုရား ဘုရား သစ္စာမျက်လုံးအပြူးသားနှင့်ဘုရားတလိုက်မိသည်။ အနန္တကလုံးဝ ပြောင်းလဲသွားပါလား။ အရင်တုန်းက အနန္တ မဟုတ်တော့တဲ့ အနန္တ။

သစ္စာဒန်းပေါ်မှ ဆတ်ခနဲထရပ်လိုက်ပြီး အနန္တမျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလျှောက်သွားလိုက်၏။

"အနန္တ သစ္စာမေးတာကို ဖြေပေးပါ အနန္တက သစ္စာရဲ့ချစ်သူ ဟုတ်သေးလား"

"မဟုတ်သေးဘူး သစ္စာ ကိုယ်ပျော်နေတဲ့အချိန်မှာ ဘာလို့စိတ်ညစ်စရာကောင်းတဲ့မေးခွန်းတွေကို မေးနေရတာလဲ"

သူမဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး

"ဆောရီးပဲ အနန္တရယ် သစ္စာသိပ်လွန်သွားတယ် အတော်ဆုံးလူက ထိပ်ဆုံးအခန်းကို အဆင့်(၃)နဲ့ဝင်တော့လည်း ပျော်တာမဆန်းပါဘူး ညံ့တဲ့သူကသာ တန်းခွဲ(B) ကိုလည်းရောက် ချစ်သူနဲ့လည်းအတန်းကွဲလို့စိတ်ညစ်နေမိတာ တကယ်စိတ်မကောင်းဘူး အနန္တရယ် သစ္စာသိပ်မှားသွားတယ် ကဲ ဟိုမှာ အဆင့်တစ်နဲ့နှစ်ဝင်တဲ့ စုစုနှင်းနဲ့ဝင်းပပတို့ကြည့်နေကြတယ် အနန္တကိုခေါ်ချင်လို့နဲ့တူတယ် သွားလိုက်ပါဦး ဆရာကြီးတွေ စကားသွားပြောကြပါဦး သစ္စာလည်းပြန်တော့မယ်"

သစ္စာပြောပြီးပြီးချင်း လှည့်ထွက်ခဲ့တော့ အနန္တကသစ္စာ့လက်ကိုလှမ်းဆွဲ၏။ သစ္စာလက်ကို ဆောင့်ရုန်းလိုက်ပြီး

"မထိနဲ့ အနန္တ ကျေးဇူးပြုပြီးမထိပါနဲ့ ကျေးဇူးတင်ပါတယ်"

သူမသက်သက်မဲ့ရွဲ့ပြောပြီးကျောခိုင်းထွက်ခဲ့သည်။

အနန္တလိုက်မလာပါ။ သစ္စာနောက်ကိုအနန္တလိုက်မလာပါ။

သူမမျက်ရည်တွေကို လက်နဲ့ ခပ်ကြမ်းကြမ်းသုတ်လိုက်ပြီး ခေါင်းမော့ကာ ကျောင်းဝင်းထဲမှ ထွက်ခဲ့သည်။

တည်သစ္စာဆိုတဲ့ မိန်းမက ချစ်လွန်းလို့ ရှုံးချင်ရှုံးသွားမယ်ဒါပေမဲ့ စိတ်နဲ့ကိုယ်နဲ့မကပ်တဲ့အခါမှာ ဘယ်တော့မှ မခိုလှုံဘူးဆိုတာရှင်ယုံလိုက် အနန္တ။



## အခန်း (၉)

"ဒေါက် ဒေါက် ဒေါက်"

"သမီးရေ သမီးလေး အခန်းတံခါး ခဏဖွင့်ပါဦး ဖွင့်ပါဦးသမီးရယ်"

ခုတင်ပေါ်မှာ မျက်နှာကိုအပ်ကာ ငိုနေသောသူမ အသံကိုအတည်ငြိမ်ဆုံးလုပ်လိုက်ပြီး

"မေမေ သစ္စာအရမ်းအိပ်ချင်နေလို့ နောက်မှလာတော့နော်"

ကြော် သမီးရယ်၊ အမေကိုပဲဖုံးကွယ်ပြီးငိုချင်သေးတယ်။

"တံခါးဖွင့်သမီးရာ၊ မေမေဝင်လာမှာနော်၊ မေမေ့မှာ သော့အပိုရှိတယ်၊ အဲဒီအချိန်ကျရင် သမီးကိုမေမေခွင့်မလွှတ်ဘူးနော်"

အခန်းထဲမှ အသံတွေတိတ်ကျသွား၏။ ခုတင်ပေါ်မှဆင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ချွေးသံတို့ကြားရသည်။ ထို့နောက်တံခါးပွင့်သွားပြီးမျက်ရည်တွေစိုစွတ်နေသော သမီးမျက်နှာဝင်းဝင်းလေးကို တွေ့လိုက်ရသည်။

ဒေါ်ခင်ထိပ်ထားသမီးခေါင်းလေးကိုပွတ်ကာရင်ခွင်ထဲဆွဲသွင်းပြီးတံခါးကိုလက်တစ်ဖက်နှင့်ပိတ်လိုက်သည်။

"သမီး၊ ဘာဖြစ်လို့လဲဟင်၊ မေမေ့ကိုပြောပါဦး"

သူမခေါင်းခါလိုက်သည်။

"ပြောပါသမီးရယ် မေမေ့ကိုစိတ်ပူအောင်မလုပ်ပါနဲ့"

သူမခေါင်းခါနေဆဲ။

ဒေါ်ခင်ထိပ်ထားသမီးဖြစ်သူကိုရင်ခွင်ထဲမှ ခဏဆွဲထုတ်ပြီး ပခုံးမှဖက်ကာ ခုတင်ဆီသို့ခေါ်သွားသည်။ ပြီးတော့ခုတင်ပေါ် မှာထိုင်ချလိုက်ပြီး

"သမီး မေမေ့ကိုကြည့်စမ်း သမီးနဲ့သူနဲ့ဘာတွေဖြစ်ခဲ့လဲ"

တည်သစ္စာမျက်ဝန်းတွေသူမဆီရောက်လာသည်။

"သူနဲ့သစ္စာလမ်းခွဲတော့မယ်"

"ဟင် ဘာ ဘာဖြစ်လို့လဲသမီး"

"သူ အနန္တမဟုတ်ဘူးမေမေ၊ သစ္စာသိခဲ့တဲ့၊ သစ္စာချစ်ခဲ့တဲ့ အနန္တမဟုတ်တော့ဘူး၊ သူ စိမ်းကားသွားပြီ၊ သူသိပ်အတ္တကြီးသွားပြီ သစ္စာကို သူမချစ်တော့ဘူး မေမေ၊ သစ္စာကို သူမချစ်တော့ဘူး"

တည်သစ္စာ ပြောရင်းငိုပြန်သည်။ သမီးငိုနေတာတွေ့တော့ ဒေါ်ခင်ထိပ်ထားလည်း မျက်ရည်မဆည်နိုင်။

သမီးလေးခမျာ အရွယ်နဲ့မလိုက်အောင် ခံစားနေရရှာတာ သနားစရာကောင်းလိုက်တဲ့ သမီးလေးရယ်။

ဒေါ်ခင်ထိပ်ထား သမီးပါးပေါ်မှ မျက်ရည်တွေကို တယုတယ





သုတ်ပေးလိုက်သည်။

"သမီး တိတ်တော့နော်၊ ရည်းစားဘဝ ဒီလိုပဲဖြစ်တတ်ပါတယ် သမီးရယ်၊ ဟိုမှာ သမီးဖေဖေနဲ့ ကိုကို သမီးငါးဘာသာဂုဏ်ထူးပါလို့ ဆုချမယ်ဆိုပြီး ရုံးကအစောကြီးပြန်လာပြီ၊ သမီးဆက်ငိုနေရင် သမီးဖေဖေက မေးနေဦးမယ်။ ထ မျက်နှာသစ်ပြီး တို့ပတ်လေးရိုက်လိုက်၊ ဟိုမှာ ဖေဖေစောင့်နေပြီ၊ ထပါ သမီးရယ်"

တည်သစ္စာ မေမေ့ကို သနားစိတ်ဖြင့်သာ ထ၍မျက်နှာသစ်လိုက်ရသည်။ အခုအချိန်မှာ ဘာကိုမှ မလုပ်ချင်။ ဖေဖေ့ဆီကဆုလည်း မလိုချင်သည်မှာ အမှန်ပင်ဖြစ်၏။

သစ္စာကို တော်တော်နှိပ်စက်ပါလား အနန္တရယ်။

"ဟော တွေ့လား၊ အခုမှ မေမေ့သမီးလေးက လှသွားတာ"

သစ္စာ မေမေ့ကို ပြုံးပြလိုက်ပါသည်။

"လာ ဒီမှာထိုင်၊ မေမေ တို့ဖတ်ရိုက်ပေးမယ်"

"မရိုက်ချင်တော့ဘူး မေမေ၊ သစ္စာ ဒီအတိုင်းပဲဆင်းတော့မယ်၊ စိတ်မဆိုးပါနဲ့နော်"

"မေမေ နားလည်ပါတယ် သမီးရယ်"

ဒေါ်ခင်ထိပ်ထား မှန်တင်ခုံရှေ့မှခုံကို ပြန်ကပ်လိုက်ပြီး သမီးနှုံးကိုဖက်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

"ဟော ဖေဖေ့သမီး အကျော်အမော်လေး ဆင်းလာပြီ"

ညှော်ခန်းထဲမှ ဖေဖေက ဝမ်းသာအားရပြောတော့ မေမေက သစ္စာ၏ ကျောကုန်းလေးကိုပွတ်၏။

ဒီနေ့ကျမှပဲ ဖေဖေ၊ မေမေ၊ ကိုကို အစုံအလင်ရှိနေသည်။ သစ္စာကိုဂုဏ်ပြုဖို့ အလုပ်မှ စောစောပြန်လာကြသော ဖေဖေတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတကယ်ပင် ကျေးဇူးတင်မိပါသည်။

တကယ့်ကို သစ္စာကို ချစ်ကြတဲ့သူတွေပါ။ အခုလိုကျတော့လည်း ရင်ထဲက ဝေဒနာတွေ ပြေလျော့ရသည်။

သူမ အတတ်နိုင်ဆုံး ပြုံးလိုက်၏။

"ဟုတ်တယ်နော် ဖေဖေ၊ သားလည်း ရုံးမှာကွေ့သမျှလူတွေ အကုန်ကြွားခဲ့တယ်"

မေမေနှင့် သူမက နှစ်ယောက်တွဲကြိမ်ခုံလေးမှာပဲ ဝင်ထိုင်လိုက်သည်။

"အဖေကြီးရေ၊ ဒီမှာ ဒအဖေကြီးသမီးက ငါးဘာသာပဲရလို့ အစကတည်းက ဝမ်းနည်းနေတာ၊ အခုတန်းခွဲ (A) မရဘဲ (B) ဝဲရောက်လို့ အပေါ်ထပ်မှာ ကြိတ်ငိုနေတာလေ၊ အခုတောင် မနည်းဆွဲခေါ်လာခဲ့တာ"

ကြည့်ပါဦး။ တကယ်တော်သည့် မေမေပါ။

"ဟောဗျာ၊ ဘာလို့အဲဒီလောက်ထိ ဖြစ်နေရတာတုန်း။ ဘာဖြစ်လဲ၊ အတန်းက ဘာရရလေ၊ အရေးမှ မကြီးတာ၊ အဓိကက ဂုဏ်ထူးများဖို့ပဲ၊ ပြီးတော့ သမီးလေးကျောင်းက တကယ့်ခေါင်ကြီးဆိုတော့လည်း အတော်တွေများမှာပေါ့ သမီးရယ်၊ သမီး ငါးဘာသာရသလို သူများတွေလည်း ခြောက်ဘာသာရကြမှာပေါ့၊ ဘာမှ အားငယ်စရာ မဟုတ်ဘူး"

"အေးလေ ညီမလေးကလည်း ကိုယ်တော်နေရင်ပြီးတာပဲ ဒါနဲ့ ညီမလေးပြောပြောနေတဲ့ ညီမလေးနဲ့အပြိုင် ကောင်မလေးနှစ်ယောက်ရော ဘယ်လိုလဲ"

အခုမှ ငိုချင်ရက်လက်တို့ဖြစ်ရပြီ။

(စိုးမိုးစာပေ)



"သူတို့က တန်းခွဲ (A) ကို အဆင့်တစ်နဲ့ နှစ်နဲ့ ဝင်သွားတယ်။ အဟင့် အဟင့်"

"ဟော သားကြီးကလည်း ဘာတွေလျှောက်မေးမှန်း မသိဘူး။ သူ့ဘာသာ ဘယ်ရောက်ရောက်ပေါ့"

"အေးလေ ငါ့သားကလည်း ကဲသမီး မငိုနဲ့တိတ် အမေကြီးချော့လိုက်ဦး"

ကိုကိုကကြားထဲမှ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွား၏။

တောင်းပန်ပါတယ်ကိုကိုရယ် သစ္စာအစောကြီးကထဲကဝမ်းနည်းနေလို့ပါ။

"ဆောရီးနော် ညီမလေး ဟုတ်ပါတယ် မေမေပြောတာမှန်တာပဲ ဂရုမစိုက်နဲ့"

"တိတ် တိတ် သမီး"

သူမကို မေမေကနှိုးမစင်သေးသည့်ကလေးလေးများထင်နေသလားမသိ။ ကျောကုန်းကိုပုတ်လိုက်၊ ဖင်ကိုပုတ်လိုက်၊ မျက်ရည်ကိုသုတ်လိုက်နှင့် ချော့မြူနေသည်။ ကြာလာလျှင် ချိုချိုစို့ဦးမလားဟု မေးလာနိုင်သည့်ကိန်း။

သူမတွေးရင်းရယ်ချင်လျက် မျက်ရည်ကိုသုတ်ကာရယ်လိုက်သည်။

"ရပြီ ရပါပြီမေမေရဲ့ သမီးမငိုတော့ပါဘူး"

"မေမေ့သမီးကလည်း အရှုံးလေးကျနေတာပဲ ခုရယ်လိုက် အခုငိုလိုက်နဲ့ ချော့ရတဲ့သူတောင်ရှုံးချင်နေပြီ"

"ရှုံးချင်ရင် နောက်မှရှုံး မေကြီးရေ ကဲ အခုတော့ သမီးလေးက ဖေဖေ့ဆီလာဦး"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူမထိုင်နေရာမှထကာ ဖေဖေ့ဆီလျှောက်သွားလိုက်ပြီး ဖေဖေ့ကြိမ်ခုံလက်တန်းပေါ်မှာ ထိုင်ချလိုက်သည်။

သစ္စာလက်နှစ်ဖက်ကို ဖြန့်ကာတောင်းတော့

"ဒီလိုတော့ မရဘူးလေ၊ ဖေဖေ့ကိုအရင်ကျေးဇူးတင်ရမယ်"

ဖေဖေကပြော၍ သူ့ပါးကို လက်ညှိုးနှင့်ထိုးပြသည်။ အဲဒါတည်သစ္စာတို့မိသားစုရဲ့ ချစ်စရာကောင်းတဲ့ အကျင့်ကလေးတစ်ခုပါ။ ငယ်ငယ်ကတည်းက မေမေက သစ္စာကို တစ်ယောက်ယောက်က မုန့်ပေးတာနှင့် "ကျေးဇူးတင်လိုက်ဦးလေ" ဆိုပြီး အမြဲနမ်းခိုင်းလေ့ရှိသည်။ အခုထိတိုင် သစ္စာတို့အတွက် ထိုအကျင့်က တိမ်ကောခြင်းမရှိ။

"ရွတ်"

"ဟုတ်ပြီ၊ ဒီလိုမှပေါ့၊ ရော့ သမီးအတွက် ဘာလေးလဲ ဖွင့်ကြည့်လိုက်ဦး"

ဖေဖေ သူမလက်ထဲကို ထည့်ပေးလာသော ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။

"ဟယ် လှလိုက်တာ"

ဘူးလေးထဲမှ ပလက်တီနမ်ဆွဲကြိုးမျှင်လေးက တလက်လက်တောက်ပနေသည်။ ဈေးမကြီးသော်လည်း ရိုးဝန်ထမ်းတွေဖြစ်သော ဖေဖေတို့အဖို့ ဒီပစ္စည်းဝယ်ရန် အတော်ပင်ကြိုးစားခဲ့ရမည်ကို သိသောကြောင့် ပို၍မြတ်နိုးသွားမိ၏။

သူမ ဆွဲကြိုးလေးကို ဘူးထဲမှထုတ်ယူလိုက်ပြီး

"ရော့ ဖေဖေ၊ သမီးကို ဝတ်ပေး"

"ဟာ အခုမှ မေမေ့သမီးက ပိုလှသွားတာ"

ကျော့ရှင်းဖြူဖွေးနေသော လည်တိုင်လေးအထက်မှာ ဆွဲကြိုး





လေးနေရာယူသွားတော့ မေမေက ချီးကျူးသည်။

သူမ ထိုင်နေရာမှထကာ ကိုကို့ဆီ လျှောက်သွားပြီး

"ကဲ ဖေဖေ့အလှည့်ပြီးပြီ၊ ကိုကိုကရော ဘာပေးမှာလဲ"

"ပါပါတယ်ဗျာ၊ ပါပါတယ်"

ကိုကိုကပြော၍ သူ့သေတ္တာလေးကို ဖွင့်ကာ ဘူးလေးတစ်ဘူးထုတ်ပေးပြန်သည်။

"ဟာ ကြည့်ရတာ ဒါလည်း ဈေးကြီးမယ့်ပုံပဲ"

"ဟာ ပြောရက်ပါပေ့၊ တစ်သက်လုံး စုလာသမျှငွေ ကုန်ရောပဲ"

"အမယ်လေး မပိုပါနဲ့နော်၊ ဖေဖေကတောင် ဘာမှမပြောဘူး"

"အလကားစတာပါကွာ၊ ဖွင့်ကြည့်လေ"

"မှန်းစမ်း ဘာလေးလဲ"

ဒီတစ်ခါကျတော့လည်း ဆွဲကြိုးလေးနှင့်တွဲဝတ်ရန် လော့ကတ်သီးလေးက ဆွဲကြိုးနှင့်တွဲဝတ်ရန် စိန်လေးတွေမြှုပ်ထားသည့် အချောင်းရှည်ရှည်သေးသေးလေး။

"ဟာ တကယ်လှတာပဲ၊ ကိုကို မိန်းမယူဖို့ စုထားတဲ့ဟာတွေကုန်ပြီနဲ့ တူတယ်"

"ပေး ကိုကိုဆွဲပေးမယ်"

သူမ ကိုကို့ကို လော့ကတ်သီးလေးပေးကာ ကိုကို့ရှေ့တွင် ကျောထောက်ထိုင်ချလိုက်၏။

"ဘယ်လိုလဲ မေမေ၊ သစ္စာလှရဲ့လား။ အခုမှ တစ်သက်လုံး ပြောင်ချော်ချော်ကြီးဖြစ်နေတဲ့ လည်ပင်းလေး ပြည့်စုံသွားတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ထိပ်ထား ဆုရသွားလို့ပျော်နေတဲ့ သမီးလေးမျက်နှာကိုကြည့်ရင်း ပြုံးလိုက်မိသည်။

အခုကျတော့လည်း ဝေဒနာတွေ ဒဏ်ရာတွေကိုမေ့လို့ ပြုံးပျော်နေသည်သာ။

ဘယ်အချိန်ကျမှ အနန္တရောဂါ တက်လာလိမ့်မည်လဲကိုတော့ ခေါင်ထိပ်ထားတစ်ယောက် မခန့်မှန်းတတ်တော့ပါ။

❀❀❀



## အခန်း (၁၀)

တည်သစ္စာ မိမိအခန်းထဲမှ အပြင်သို့ ငေးကြည့်နေမိသည်။

"ဒေါက် ဒေါက်၊ သမီး မေမေဝင်ခဲ့မယ်နော်"

တံခါးခေါက်သံကြားမှ ပြတင်းပေါက်မှ ခြေလှမ်းကို တံခါးဆီဦးတည်လိုက်သည်။

"သမီးကို မေမေကြားလာတာတစ်ခု ပြောစရာရှိလို့"

"ဘာများလဲ မေမေ"

"အနန္တက အခု တာဝန်ကျတဲ့နယ်ကိုပြောင်းပြီး အဲဒီမှာပဲ ဆရာဝန်လုပ်တော့မယ်တဲ့"

"မဆန်းပါဘူး မေမေ၊ သစ္စာ ဘယ်လိုမှ မခံစားရပါဘူး"

တည်ငြိမ်စွာဆိုလာသော သစ္စာကို မေမေကကြည့်၍ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်သည်။

အနန္တပေးခဲ့သော ဒဏ်ရာတွေကပဲ ဒီလိုနေနိုင်ဖို့အတွက် အထောက်အကူဖြစ်ခဲ့သည်။ ဒါအတွက်တော့ အနန္တကို ကျေးဇူးတင်မိသည်။ အခုဆိုလျှင် သူမစိတ်ဝင်စားသည့် အင်္ဂလိပ်စာမေဂျာနှင့် ကျောင်းတက်နေတာ ကျောင်းပြီးလို့ ဘွဲ့ပင်ရခဲ့ပြီ။ အနန္တကတော့ ဆရာဝန်ဆိုတော့ ကျောင်းဆက်တက်ရဦးမည်မှာ မလွဲ။ လေးနှစ်တာကာလပတ်လုံး အနန္တဆီမှ အဆက်အသွယ်ဆိုလို့ စာတစ်စောင်သာ ရခဲ့သည်။ ကြာလာတော့လည်း ဒဏ်ရာတွေ အနည်ထိုင်ကာ အခုဆိုလျှင် အနန္တကိုမြင်လည်း ဘာမှဖြစ်တော့မည်မထင်။ အနန္တ၏ ရက်စက်မှုခြေရင်းမှာ နှလုံးသားက ဝပ်ဆင်းခဲ့ပြီ။

"သမီး မခံစားရမှန်း မေမေသိပါတယ်။ ဒါပေမဲ့ သူငယ်ချင်းတစ်ယောက်အနေနဲ့ နှုတ်ဆက်စကားသွားပြောလိုက်ပါလား"

"နိုင်းရက်လိုက်တာ မေမေရယ်၊ သူက သစ္စာအသည်းကို ခွဲခဲ့တဲ့လူ၊ သူ့ကြောင့် သစ္စာ နောင်ရည်းစားရဖို့တောင် မဖြစ်နိုင်တော့ဘူး၊ ငယ်ငယ်လေးနဲ့ ခံခဲ့ရတဲ့ဝေဒနာက ကြီးလွန်းပါတယ် မေမေရယ်၊ ထားပါ၊ ဒါတွေကို သစ္စာ ပြန်အစမဖော်ချင်တော့ပါဘူး"

နူးညံ့သိမ်မွေ့လွန်းသည့် မေမေက သူ့သမီး အသည်းခွဲခံရတာတောင် အနန္တကို စိတ်မနာနိုင်။ ငယ်တဲ့အချစ်ဆိုတော့လည်း ဖြစ်တတ်ပါတယ်လေဆိုပြီးသာ ပြောခဲ့သည်။ အခုလည်း သွားပြီးစကားပြောခိုင်းနေသေး၏။ တကယ့်မေမေပါပဲ။

"ဟုတ်ပါတယ်လေ၊ သမီးမသွားချင်လည်း မသွားပါနဲ့၊ သူတို့က ချမ်းသာတော့ သူ့သား ဟိုနယ်မှာ လိုလေသေးမရှိအောင် ခြံနဲ့တိုက် ဝယ်ထားပြီးပြီတဲ့၊ ကြည့်ရတာ အဲဒီမှာပဲ တစ်သက်လုံးနေရ





တော့မယ်နဲ့ တူတယ်၊ အဲဒါကြောင့် မေမေသွားခိုင်းတာပါ၊ တစ်သက်လုံး မတွေ့ရတော့ဘူးဆိုတော့လေ"

သူမ ခေါင်းညိတ်လိုက်ပြီး

"သစ္စာ စဉ်းစားပါဦးမယ်၊ မေမေလည်း သွားနားတော့လေ"

"အင်း သမီးစဉ်းစားပြီး သွားလိုက်ဦး။ မေမေ သွားတော့မယ်"

"ဟုတ်ကဲ့"

မေမေ ထွက်သွားတော့ သစ္စာ တံခါးပိတ်လိုက်သည်။ စိတ်ထဲမှာတော့ အနန္တဆီသွားရမည်လား၊ မသွားဘဲနေရမည်လား ဝေခွဲ၍ရသေး။

သွားလိုက်မယ်။ ဟုတ်တယ် သွားမယ်။ ပြောစရာရှိတာတွေ နိုင်ကွပ်စရာရှိတာတွေပြောပြီး ဇာတ်လမ်းဖြတ်လိုက်ရုံပဲ။ ကောင်းတယ်။

သူမ ကိုယ့်အတွေးကိုယ်သဘောကျသွားပြီး အင်္ကျီကောက်ထဲလိုက်သည်။ အခုဆိုရင် အပျိုလေးဖြစ်သွားတော့ ကိုယ့်ကိုယ်ကိုယ် မြင်ပြင်ဆင်ဆင်နေတတ်လာပြီ။

တည်သစ္စာ အဝတ်ဘီရိုထဲမှ အနက်ရောင်ပါတိတ်ဝမ်းဆက် လက်ပြတ်လေးကိုထုတ်ပြီး ဝတ်လိုက်သည်။ အင်္ကျီလက်ပြတ်လေးက ဒီရိုးသေသပ်သောကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်ဖြစ်သွားပြီး ပါတိတ်ထမီလေးက တိကျစွာလှပနေသော ခန္ဓာကိုယ်ကောက်ကြောင်းလေးကို ပေါ်လွင်နေစေသည်။

တည်သစ္စာ ကိုယ့်ပုံကိုယ် မှန်ထဲမှာကြည့်ကာ ဆံနွယ်တွေကို စုစည်းပြီး ချည်နှောင်လိုက်သည်။ ကျေနပ်ပြီဆိုတော့မှ ပိုက်ဆံအိတ်ပြားလေးကိုယူကာ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တည့်သစ္စာ ထွက်မယ့်သာထွက်လာရသည်။ အခုအချိန်အထိ တွေဝေနေသေး သွားမည် မသွားမည်ကို ထပ်တွေးရင်းနှင့်ပင် အနန္တတို့ ရှေ့သို့ ရောက်မှန်းမသိ ရောက်သွား၏။ သစ္စာ သူတို့ခြံတံခါးကိုကြည့်ရင်း လှည့်ပြန်ရန် ပြင်လိုက်၏။

ထိုအချိန်မှာပင် ခြံတံခါးမှ လူဝင်ပေါက်တံခါးလေး ဆွဲဖွင့်သံကြားလိုက်ရပြီး

"တည်သစ္စာ၊ သစ္စာမဟုတ်လား"

ကြားဖူးနေကျ အသံတစ်သံ ထွက်ပေါ်လာသည်။

"အနန္တ"

"သစ္စာ"

အနောက်လှည့်လိုက်တော့ ပြုံးပြသော အနန္တကို တွေ့လိုက်ရသည်။ အနန္တက သူမဆီ လျှောက်လာပြီး

"ကိုယ်လိုတာတွေသွားဝယ်ဖို့ အပြင်ထွက်တုန်း သစ္စာကိုတွေ့လို့ လာဖွင့်တာ"

ဘယ်သူမှ မမေးရဘဲနှင့် အနန္တက ပြောနေသည်။ သစ္စာ သူ့ကို တစ်ချက်ပြုံးပြကာ

"အခုပဲ ပြန်တော့မလို့၊ နှုတ်ဆက်မလို့ လာတာပါပဲ၊ ဒါပေမဲ့ ဒီကိုရောက်တော့ နှုတ်ဆက်ချင်စိတ် မရှိတော့လို့"

သူ့ မျက်နှာတစ်ချက်ပျက်သွား၏။

"ဟို အထဲဝင်ပါဦးလား သစ္စာ၊ အအေးလေး ဘာလေး သောက်ကြတာပေါ့"

"မလိုတော့ပါဘူး၊ ဒီအတိုင်းပဲ နှုတ်ဆက်သွားတော့မယ်၊ ဒီမှာ အနန္တအတွက် လိုမလိုတော့ မသိဘူး၊ မေမေက အတင်းထည့် ပေးလို့





ယူလာတာ"

"ကျေးဇူးတင်ပါတယ်"

"အဟင်း နှုတ်ဆက်တယ်၊ ဟိုမှာ ပျော်နိုင်ပါစေ၊ သစ္စာ သွားတော့မယ်"

"ခဏနေပါဦး၊ ကိုယ်ပြောစရာရှိလို့"

ပြော၍ အနန္တက သစ္စာအနားသို့ အနီးဆုံးဖြစ်အောင် ကပ်လာသည်။

"ကိုယ်မှားခဲ့တာတွေအတွက် တောင်းပန်ချင်လို့ပါ"

သစ္စာ လက်ကာပြလိုက်ပြီး

"မလိုတော့ဘူး အနန္တ၊ တကယ်ကို မလိုတော့ပါဘူး။ အနန္တ အမှားတွေက နှစ်တွေကြာသွားလို့ ချေစားသွားပြီ၊ တောင်းပန်ဖို့ကို မလိုတော့တာ"

"မဟုတ်သေးဘူး ကိုယ်"

"တော်ပြီ အနန္တ၊ သစ္စာ ဒီစကားတွေကြားချင်လို့ ဒီကို လာခဲ့တာမှ မဟုတ်တာ၊ အနန္တရှင်းပြနေလည်း မထူးမှမထူးတော့တာ၊ ဘာလို့ ပျော်စရာကောင်းတဲ့ အချိန်မှာ စိတ်ညစ်စေမယ့် စကားတွေကို ပြောနေရတာလဲ"

သူမ အနန္တပြောခဲ့သည့် စကားအတိုင်း အနန္တကို ပြန်ချေပလိုက်တော့ သူကပြုံးသည်။

"အခုထက်ထိ မမေ့နိုင်ဘူးပဲကိုး"

"မမေ့ဘူး၊ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ ခံရတဲ့သူငယ်တော့ ဘယ်တော့မှ မေ့တော့မှာမဟုတ်ဘူး၊ သိပ်ကောင်းတဲ့ စကားလေးပါ၊ ဒီစကားလေးက အနန္တဆီက ဒီစကားအတွက် ကျေးဇူးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အသုံးအနှုန်းအသစ်လေးရသွားတာပေါ့၊ အခု သစ္စာတာဝန်ကျေပြီဆိုတော့ သွားတော့မယ်၊ ကံကောင်းပါစေ''

သစ္စာ ချက်ချင်းလှည့်ထွက်လာခဲ့သည်။ စကားပြောချင်သည့် စိတ်လည်း မရှိတော့။

''ကိုယ် မင်းဆီကို စာရေးမှာပါ''

အနန္တအော်ပြောသံကို သူမကြားသည်။ သူမ လမ်းလျှောက် တာကို မရပ်ဘဲ နောက်လှည့်ကြည့်ကာ နောက်ပြန်လမ်းလျှောက်ရင်း

''အလုပ်ပိုတွေကြောင့် အပင်ပန်းမခံပါနဲ့၊ စာရေးမယ့်အစား လူနာတွေကို ဆေးကုပေးလိုက်ပေါ့ ကုသိုလ်ရပါတယ်''

သူမ ပြောပြီး လက်ပြန်ပြကာ ပုံမှန်အတိုင်း လမ်းပြန်လျှောက် ခဲ့သည်။

ရင်ထဲမှာ ရှင်းနေသည်။

သေချာတာတစ်ခုက အနန္တကို သူမ လုံးဝမေ့ပျောက်နိုင်ခဲ့ သည်။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်နှင့်အတူ ပီတိပြုံးတစ်ခုက နှုတ်ခမ်းပေါ်တွင် လှစ်ခနဲပေါ်၏။

အဲဒါ တည်သစ္စာပဲ အနန္တ။

❀❀❀



## အခန်း (၁၁)

''တင်းတောင် တင်းတောင်''

ခြံတံခါးမှ လူခေါ်ဘဲလ်အသံကြောင့် တည်သစ္စာ၏ အတွေး တွေ ပြတ်တောက်သွား၏။

အောက်ထပ်ဆင်းကာ ခြံတံခါးဆီ ထွက်ခဲ့သည်။ တည်သစ္စာ အောက်ကိုရောက်တော့ ကျောင်းသားအချို့က ဘောလုံးကန်နေ၏။ အချိန်က သူတို့အတွက် အားလပ်ချိန်။ အားလပ်ချိန်ဆိုလျှင် သစ္စာက အတိုင်း ငှုငှုကြီးထိုင်နေတာကို မကြိုက်တတ်။ ကိုယ်လက်လှုပ်ရှား ကစားလုပ်နိုင်ရန်အတွက် ဘောလုံးဆိုလျှင်ဘောလုံး။ ကြက်တောင် ရန်အတွက် ဘက်တံဆိုလျှင် ဘက်တံ။ လိုလေသေးမရှိ ဝယ်ပေး သည်။ ဒါကြောင့်လည်း သစ္စာတို့အဆောင်ကို ကျောင်းသားများက



www.burmeseclassic.com

www.burmeseclassic.com



နှင်းသတ်ကြင်း စည်းကမ်းကြီးသော်လည်း အသင်အပြကောင်းသည်။ ချော်ရေရာအချိန်ဆိုလျှင် တကယ်ပျော်ရသည့်အတွက် သစ္စာတို့အဆောင်မှာ ကျောင်းသားလစ်သည်မရှိ။ တည်သစ္စာခဲ ကျွမ်းကျင်စွာသင်ပေးခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။

ခြံဝရောက်တော့ ခပ်နွမ်းနွမ်းအဝတ်အစားနှင့် လူကြီးတစ်ယောက်နှင့် ဆယ့်ခွန်ဆယ့်ရှစ်အရွယ် ခပ်သန့်သန့်ကောင်လေးတစ်ယောက်ကို တွေ့လိုက်ရသည်။

သစ္စာ ခြံတံခါးဖွင့်ပေးလိုက်ပြီး

"ဘာကိစ္စရှိလို့ပါလဲရှင်"

လူကြီးက ဘာမှမဖြေဘဲ အပြာနုရောင်တီရှပ်နှင့် ဂျင်းပင်အနက်ဝတ်ထားသော ကောင်လေးဆီသို့ ငဲ့ကြည့်သည်။

ကြည့်ရတာတော့ လူကြီးက ကောင်လေးကိုလိုက်ပို့သော ဒရိုင်ဘာဖြစ်ပုံပေါ်၏။ သို့သော် ကားတော့မတွေ့။

ကောင်လေးက သူ့ဆံပင်ရှည်ရှည်ချွန်ချွန်လေးများကို လက်ဖြင့်တစ်ချက်ဖွကာ

"ကျွန်တော် ကျောင်းလာအပ်တာ"

ဂျစ်ကန်ကန်နှင့် ကောင်ချောလေး၏ အသွင်ကိုကြည့်ရင်း သစ္စာရင်မောသွားမိသည်။ သစ္စာတစ်သက်လုံးတာဝန်ယူလာသော ကျောင်းသားတွေထဲမှာ ဒီလိုမျိုး ခပ်မိုက်မိုက်ဂျစ်ကန်ကန် တစ်ယောက်မှမပါ။ အားလုံးယဉ်ကျေးသိမ်မွေ့ကြသည်ချည်းပင်။

သစ္စာ ကောင်လေး၏ဘေးတွင် စုပုံထားသော အဝတ်သေတ္တာများကို တစ်ချက်ကြည့်၍

"စာမေးပွဲဖြေဖို့ ခြောက်လလောက်ပဲ လိုတော့တာကို အခုမှလာတယ်ဆိုတော့"

ကောင်လေး သူမစကားမဆုံးခင်မှာပဲ ကြားဖြတ်ပြော၏။

"ကိစ္စမရှိပါဘူး။ ကျွန်တော့်ကို အစကနေ ပြန်သင်ပေးစရာမလိုပါဘူး။ မှီတဲ့နေရာကပဲ လိုက်သင်တာပေါ့"

သူမ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး

"ထားပါတော့လေ၊ ဒါနဲ့ မင်းနာမည်က"

"အနန္တ"

"ဟင်"

ရင်ထဲတွင် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ခပ်ရှားရှားနာမည်ကို လာတူနေသည်ကို။ တည်သစ္စာအကြောင်းများသိ၍ လာနောက်နေတာလားဟု အကဲခတ်ကြည့်တော့လည်း ကောင်လေးက ခပ်တည်တည်ပင်။

နာမည်တူသော်လည်း ဟန်ချင်းကတော့ ကွာသည်။

သို့သော် တူတာတစ်ခုက အနန္တတိုင်းက သူမကို ကောင်းကျိုးပေးဖို့ ဘယ်တော့မှရောက်မလာတာပဲဖြစ်သည်။ အခုကောင်လေးကိုပဲကြည့် ရုပ်ချောသလောက် ဂျစ်ကန်ကန် မာဆတ်ဆတ်နှင့် ပြောစကားလည်း နားထောင်မည့်ပုံမပေါ်။ သူမအထင်တော့ ကောင်လေးက အတော်ချမ်းသာသော အသိုင်းအဝိုင်းထဲက ဖြစ်မည်ထင်သည်။ ယူလာသည့်ပစ္စည်းတွေကလည်း အကောင်းစားတွေ။ ဝတ်ပုံစားပုံကလည်း ခပ်ပုံစား။ သူမ သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ဘယ်လိုလဲ ခြံဝမှာပဲထားပြီး ညှိခံမှာလား၊ ဒီမှာ အိတ်တွေကို လမ်းပေါ်မှာချထားရတာ"

လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ကပ်ထဲထည့်၍ မျက်ခုံးပင့်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြဲ့ပြောလာသော ထိုကောင်လေးကို တစ်ချက်မျက်စောင်းထိုး လိုက်မိသည်။

"ဝင် ဝင်၊ အဲ ဟိုဘကြီးလည်း အထဲကို ဝင်ပါဦးနော်"

"မလိုဘူး မ၊ သူက ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ အ ထုပ်အပိုးတွေ ကူသယ်ပေးဖို့ လမ်းထိပ်က ဆိုက်ကားဂိတ်က ခေါ် လာတာ"

သူမ ပို၍ စနဲ့ညြရပြီ။ တစ်သက်မှာ အုပ်ထိန်းသူမပါဘဲ ကျောင်းလာအပ်တာ ဒီတစ်ယောက်သာ ကြုံဖူးပေါ့။

အနန္တက သူ့အထုပ်တွေကို မ,ကြည့်ပြီး မျက်နှာရှုံ့မဲ့သွားက

"တောက် လေးလိုက်တာ၊ လက်ညောင်းနာတယ်"

အဝတ်အိတ်လေးတစ်အိတ်သယ်တာကို ညည်းနေသော ထို ကောင်လေးကို ပိုရန်ကောဟူသောအကြည့်ဖြင့် ကြည့်မိသည်။ ထို ကောင်လေးက လက်ကိုခါထုတ်ပြီး ကိုယ့်လက်ကိုယ်ပြန်ကြည့်၏။ ထူ ဆန်းစွာပင် အနန္တ၏လက်မှာ သွေးခြည်ဥနေသည်။

ဩော် တော်တော်ကိုနုတဲ့ သူပါလား။

ယူလာတဲ့ အဝတ်အစားအိတ်က ခြောက်အိတ်၊ အခုတစ်အိတ် တောင်မှမနိုင်သည့် ထိုကောင်လေးကို သူမကူသယ်ပေးဖို့ မကြိုးစားချင် အစကတည်းကမှ အနန္တဆိုလျှင် စိတ်ကနာနေသည်။

ဒါပေမဲ့ သူငှားလာသော လူကြီးက ပျာပျာသလဲပင်။

"ပေး ပေး၊ ဦးလေးထမ်းမယ်"

"လုပ်ဗျာ၊ ကျွန်တော် မနိုင်ဘူး"

ပိန်ချုံးနေသောလူကြီးက ပုဆိုးကိုပြင်ဝတ်ကာ အထုပ်တွေ ထမ်းရန်ပြင်နေသည်။ သစ္စာ မနေသာတော့။





"ဟို မ,မပါနဲ့ ဘကြီးရယ်၊ အဝတ်သေတ္တာတွေက အများ ကြီး။ ကျောင်းသားတွေကို မခိုင်းလိုက်မယ်။ သားတို့ မိုးကျော်၊ နန္ဒ ဒီမှာ ခဏလာကူပါဦး"

သူမ ဘောလုံးကန်နေသော ကျောင်းသားများဘက်သို့ ဖဲ့ကြည့် ကာ အော်ခေါ်လိုက်တော့ ကလေးတွေ ပြေးလာသည်။

"အနန္တ မင်းက စာသင်မှာလား၊ ရုပ်ရှင်ရိုက်မှာလား"

"ဟင် ဘာဖြစ်လို့လဲ မ၊ ကျွန်တော့်ရုပ်က မင်းသားနဲ့ တူ နေလို့လား"

အခုမှတွေ့သော အနန္တက တရင်းတနှီးပြော၍ သူ့မျက်နှာကို ထက်ညှိုးထိုးပြကာ ပြုံးသည်။

"ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီမှာ မင်းယူလာတဲ့ အဝတ် အစားအိတ်တွေကိုကြည့်ဦး။ နည်းတာမဟုတ်ဘူး၊ မသကာ နှစ်အိတ် သုံးအိတ်ဆို တော်ပြီပေါ့၊ ပြီးတော့ သယ်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဟာ အခုမှရောက်လာတဲ့ ကျောင်းသားကို အဲဒီလိုပဲ ဆက်ဆံ တာပဲလား၊ ရောက်ကတည်းက မျက်စောင်းထိုးရတာနဲ့၊ ငေါက်ရတာနဲ့ အိမ်မှာ ဒယ်ဒီက မင်းအဝတ်အစားတွေ အကုန်ယူသွား၊ ငါမမြင်ချင် ဘူးတဲ့၊ အဲဒါကြောင့် ယူလာတာ၊ သိပ်ယူချင်လို့တော့ မဟုတ်ဘူး၊ ဒီကကောင်က အဝတ်အထည်ကိုယ်တွာစ်ခုနဲ့ဆိုလည်း ရုပ်ထွက်တယ်"

တော်တော့်ကို ကိုယ့်ကိုယ်ကိုယ်အထင်ကြီးပြီး မိုးမမြင်လေ မြင်ဖြစ်နေသည့် ကောင်လေးပါ။ သူမ ဘာမှမပြောနိုင်တုန်းမှာပဲ

"ကျွန်တော်နေရမယ့်အခန်းကို ပြပေး၊ ဒီမှာ အနားယူချင် ပြီ"

"ကဲ ဒါဆိုလည်း လာ၊ ဩော် ဟိုဘက်က ဘကြီး ပြန်လို့



www.burmeseclassic.com

www.burmeseclassic.com



ရပါပြီ၊ မိုးကျော်တို့ကတော့ ဆရာမကို ဒါလေးတွေ ကူသယ်ပေးနေ်၊ ဒီမှာ ရုပ်ရှင်မင်းသားရောက်လာလို့"

အနန္တက သူ့ကိုရွဲ့ကာ မျက်နှာပေးနှင့်ပြောလာသော ချောချော လေးကို ပြုံး၍စိုက်ကြည့်နေမိသည်။ ထိုဆရာမလေး ဦးဆောင်လမ်းပြမှု နောက်ကိုလိုက်ရင်း သူမ၏ ခန္ဓာဗေဒအလှတရားကို မြင်လိုက်ရသည်။

တော်တော်လှသည့် မိန်းကလေး။

❀❀❀



## အခန်း (၁၂)

ဒေါ်ခင်ထိပ်ထား စာသင်စားပွဲတွင်ထိုင်၍ မဂ္ဂဇင်းဖတ်နေသော သမီး၏ကျောကိုပွတ်ကာ

"သမီး"

"ရှင် မေမေ"

"သမီးဖေဖေက ကိုကို့ဆီ အလည်သွားချင်လို့တဲ့"

"ဟင် ဘာဖြစ်လို့လဲ မေမေ"

"ဘာမှ ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ သမီးယောက်ျား ယ်ဝန်ရှိနေပြီဆိုတော့လည်း သားကြီးက လာစေချင်မှာပေါ့လေ၊ ရောက်တာလည်း အရမ်းကြာနေပြီဆိုတော့ သားကြီးက မုန်းထဲမှာ ထွမ်ပွမ်နဲ့ ခေါ်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမမေကလည်း ပြင်ဦးလွင်ဆိုတော့ သမီးနဲ့ အဆက်ပြ
နေမှာပေါ့၊ ဟိုက ရာသီဥတုက အေးကအေးနဲ့၊ ဖေဖေကိုက်ခဲတာ
တော့ မဖြစ်သေးပါဘူး"

သူမ၏ တားမြစ်ဟန်အတိပေါ်လွင်နေသော စကားကြေ
မေမေရော ကျောင်းသားတွေ၏စာသင်ခုံစားပွဲပေါ်စာထိုင်ဖတ်နေသေ
ဖေဖေပါမျက်နှာပျက်သွား၏။

ထိုအခါကျမှပဲသစ္စာမတရားကြောင်းကိုယ်ကိုယ်ကိုသိသွား၏

ဟုတ်သားပဲ ဖေဖေ မေမေတို့လည်းသူ့သားနဲ့တွေ့ချင်ဦးမှာ
ပြီးတော့ကိုကိုကလည်းလုပ်ကျွေးချင်ရှာမှာပေါ့။

"ဟုတ်ကဲ့ပါ မေမေသွားချင်တယ်ဆိုလည်းသွားပါ သစ္စာ
တော့ ကျောင်းသားတွေကိုအဖော်ပြုရင်းပဲနေခဲ့တော့မယ်"

"အဲဒီအတွက် စိတ်မပူနဲ့သမီး တစ်အိမ်ကျော်က မလုံး
သိတယ်မဟုတ်လား ဟိုမှာသူက သမီးဖေဖေ သူ့သားကိုအလုပ်သွင်း
ထားတော့ ဘယ်နည်းနဲ့ကျေးဇူးဆပ်ရမလဲချောင်းနေတာ ဟိုတစ်နေ့
ဈေးမှာတွေ့လို့မေမေတို့ခရီးသွားမယ့်အကြောင်းပြောနေတော့ သစ္စာ
သူနေခဲ့ပေးပါ့မယ်တဲ့ ထမင်းဟင်းအတွက်လည်းမပူနဲ့တဲ့ သူချက်
မယ်တဲ့"

"အို မေမေကလည်း သူစိမ်းကို အဲဒီလိုခိုင်းလို့သင့်တော်
မလား ပြီးတော့သူ့သားနဲ့ဟာကို"

"ဘယ်ကသူစိမ်းကမှာလည်း ဒီလောက်မလုံးနဲ့ခင်နေတာ
ပြီးတော့ အခုရက်ပိုင်း သူ့သားကလည်း အလုပ်တာဝန်နဲ့ နယ်မှာ
နေရတော့ သူလည်းပျင်းနေတာနဲ့ အတော်ဖြစ်သွားတာပေါ့ ဖေ
စိတ်မပူရအောင် မလုံးကိုသာခေါ်ထားလိုက်ပါသမီးရယ် ပြီးတော့





က ထမင်းဟင်းကိုတစ်ယောက်စာပဲချက်စားရတာမဟုတ်ဘူး ကလေး
တွေကိုပါကျွေးရသေးတာ ဘာပဲဖြစ်ဖြစ် မလုံးရှိတော့ အကောင်းဆုံးပဲ"

ဖေဖေယတိပြတ်ပြောတော့ သူမ မငြင်းသာတော့ပဲ ခေါင်း
ညိတ်လိုက်ရသည်။

"ဒါနဲ့ ဖေဖေနဲ့မေမေက ဘယ်တော့သွားမှာလဲ"

"ဒီနေ့ပဲ သွားမှာ"

"ဟင် ကောက်ကာငင်ကာကြီး"

"ဟုတ်တယ် သမီးရဲ့ အစကတော့မေမေတို့ မနက်ဖြန်
သဘက်ခါလောက်မှသွားမလို့ပဲ ဒါပေမယ့် မီးရထား လက်မှတ်သွား
ယ်တော့ အထူးတန်းက နောက်သုံးလေးရက်လောက်အထိ ဘွတ်ကင်
တွေပြည့်နေတာနဲ့ ကားနဲ့သွားမယ်လုပ်တာ ကားလက်မှတ်ကကျတော့
ဒီနေ့ပဲရလိုက်ပြီ မေမေတို့လည်း မထူးတော့တာနဲ့ လက်မှတ်ဖြတ်လိုက်
တာ"

"ဒါဆို ကိုကို့ကို ဘာမှမပေး ရတော့ဘူးပေါ့"

သူမ နှုတ်ခမ်းဆူတော့ မေမေကရယ်သည်။

"မပေးရလည်း ဘာဖြစ်လည်းသမီးရယ် သူတို့ကပြည့်စုံ
ပြီးသားပဲဟာကို"

"ဟင်း သစ္စာက ကိုကို့ကို တစ်ခုခုပေးလိုက်ချင်တာ"

"ဂျီမကျနဲ့နော် သမီး ဖေဖေတို့ကို သူကဖောင်ပြန်ပေးနေ
တာ ကဲ မေကြီး လာ အဝတ်အစားတွေသေသေချာချာ ပြန်စစ်ရအုံး
မယ်"

ပြော၍ ဖေဖေက အပေါ်တက်သွားသည်။

"ဘာလဲ သမီးလေးက ဖေကြီးကို စိတ်ကောက်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဟင်း ဟင်း မလုပ်ပါနဲ့သမီးရယ် သူလည်းမတွေ့ရတာ ကြာတဲ့သူ့သားကြီးကို တွေ့ချင်ရှာမှာပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေကိုစိတ်မကောက်တော့ပါဘူး ဒါနဲ့မေမေ သစ္စာတကယ့်ကို တစ်ခုခုပေးလိုက်ချင်တာ"

"အဲ့ဒါဆို အခုသမီးမှာ ရှိတာလေးကို ပေးလိုက်လေ ဒါလည်း လက်ဆောင်ပဲဟာ"

"ဟုတ်တယ် မေမေပြောတဲ့အကြံကောင်းတယ်"

သူမ မေမေ့ကို ပြောပြီး အိမ်ပေါ်ထပ်ကို ပြေးတက်ခဲ့သည်။ အိမ်ပေါ်ထပ် လှေကားတစ်ဝက်ရောက်တော့ အကြံတစ်ခုရသွားကာ အောက်ကိုပဲ ပြန်ဆင်းခဲ့၏။

"ဟော ဒါက ဘာဖြစ်ရပြန်ပြီလဲ သမီးလေးရဲ့"

ပြုံးရင်းဖြင့် ပြောနေသော မေမေ့ပါးကို သူမရှုတ်ခနဲတစ်ချက် နမ်းလိုက်ပြီး

"ဒါပဲပေးလိုက်တော့မယ် မေမေ ဟိုရောက်ရင် မေမေကိုကိုကို နမ်းပြီး အဲ့ဒါသမီး လက်ဆောင်ပေးလိုက်တာလို့ ပြောနော်"

ဒေါ်ခင်ထိပ်ထား အခုအရွယ်အထိ ကလေးအမူအကျင့်တွေ မပျောက်သေးသော သမီးဖြစ်သူကို ဖက်ကာ ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

"မေမေ့သမီး ကလေးဆန်ပုံမျိုးနဲ့တော့ မဖြစ်သေးပါဘူး"

"သစ္စာက ကလေးမဆန်ပါဘူး မေမေရဲ့ သစ္စာဆုံးဖြတ်တတ်နေပါပြီ"

ဒေါ်ခင်ထိပ်ထား သမီးလေးကို ရင်ခွင်ထဲမှဆွဲထုတ်ကာ

"လိမ်လိမ်မာမာနေခဲ့နော် သမီး"

"ဟုတ်ကဲ့ပါ မေမေရဲ့"

"ကျောင်းသားတွေနဲ့လည်း တည့်အောင်နေဦး"

"တည့်အောင်နေရအောင် သူငယ်ချင်းတွေမှ မဟုတ်တာချည်း သူတို့က သစ္စာစကားကို နားထောင်ရမယ့်ဟာကို"

"ဟုတ်ပါတယ်လေ ကလေးတွေကလည်း ယဉ်ယဉ်ကျေးကျေး လေးတွေပါ"

"ယဉ်ယဉ်ကျေးကျေးဆိုလို့ မေမေ့ကို သမီးပြောရဦးမယ် မနေ့က ကျောင်းသားသစ်တစ်ယောက် ရောက်တယ်"

"ဟုတ်လား"

"အင်း တကယ့် ဂျစ်ကန်ကန်ကလေး ကိုင်ရတွယ်ရခက်မယ့် ပုံပဲ"

"ကြားရတာတော့ ရင်မောစရာပဲ ဒါပေမဲ့ သမီးကတော် တာပဲ ကောင်လေးပုံစံပြောင်းသွားမှာပါ"

"သူ့ပုံပြောင်းမပြောင်းတော့မသိဘူး မေမေရေ ကလေးတွေ သူ့ဆီက အကျင့်တွေကူးမှာဆိုးရတယ်"

"ဟင် သူက အရက်တို့ဆေးလိပ်တို့သောက်တတ်လို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး ဒါပေမဲ့ မနေ့ကမှ ရောက်တာ ဆိုတော့ သစ္စာလည်းသေချာတော့မသိဘူး၊ သောက်ချင်လည်းသောက် မှာပေါ့လေ ဒါပေမဲ့ အခန်းထဲမှာတော့ ဘာမှမလုပ်ရဘူးလို့ ပြောထား ပြီးပြီ"

"သူက ဘယ်အခန်းမှာနေနေတာလဲ"

"သစ္စာပန်းချီဆွဲတဲ့ အခန်းမှာလေ အဆောင်မှာလူများရင်



www.burmeseclassic.com

www.burmeseclassic.com



မနေတတ်လို့တဲ့ ကိုယ်တော်ချောက"

"ကကယ့် ပြဿနာအိုးလေးပဲ ဒါနဲ့ နာမည်က"

"အနန္တတဲ့"

"ဟင်"

"ဟုတ်တယ် မေမေ နာမည်ချင်းကလာတူနေတယ်"

"မေမေ့သမီးက အနန္တတွေနဲ့ ကံစပ်လာတယ်နဲ့တူတယ် အ ထက်ထိလည်း ဘယ်အနန္တကမှ မေမေ့သမီးလေးကို စိတ်ချမ်း သာအောင် မလုပ်ပေးခဲ့သေးဘူး ဒီအနန္တလေးကတော့ စောင့်ကြည့် ရမှာပေါ့လေ"

"အမယ်လေး အထင်တွေကြီးနေပြန်ပါပြီ ဟိုက ကိုယ်တော် ချောက ဘဝင်ကခပ်မြင့်မြင့် စကားပြောတာ ခပ်ကျောကျောရယ် သမီးနဲ့ ကီးကိုက်ဖို့က မလွယ်ပါဘူး"

"မထင်ပါနဲ့ သမီးရယ် ကြာလာရင်လည်း အချိုးပြေသွား လိမ့်မယ် သမီးက ကိုယ့်ကိုယ်ကို ကျောက်ဆစ်သမားလို့ မှတ်ထာ လိုက်ပေါ့ စစချင်းတော့ ကျောက်တုံးကြီးပေါ့ သမီးရယ် တဖြည် ဖြည်း ထုတာကြာလာတော့လည်း အချိုးပြေလာပြီး အရုပ်ကောင်းကောင် လေး ထွက်လာတာပဲ"

"သူက ကျောက်တုံးမဟုတ်ဘူး မေမေရေ သဲ သဲ ဒီနာ မှာစုထားလိုက် လေတိုက်လို့ ပြန့်လွင့်သွားလိုက်နဲ့ ဘယ်လိုမှထိန်း သိမ်းမရတဲ့သဲ"

သူမ ခေါင်းတတွင်တွင်ခါလျက်ပြောတော့ မေမေကသဘော ကျစွာရယ်၏။

"သမီးဟာလေ သိပ်ပြောတတ်တာပဲ"





"အမေကြီးရေ ဒီတစ်သက်အဖို့ အပေါ်တက်လာပြီး အကျိုတွေ ထည့်ဦးမှာလား မင်းသားဆီသွားမှာ ဒီနေ့နော် ဒီနေ့"

အပေါ်ထပ်က ဖေဖေ့အော်သံကြောင့် မေမေကဇက်ပုလျက် ထက်သွား၏။ ဒါတောင်မှ လှေကားပေါ်ကနေပြီးတော့

"သမီးရေ သဲဆိုလည်း ရေဆွတ်ပြီးတော့သာ ပုံသွင်းလိုက် တော့"ဟု အော်ပြောသွားသေး၏။

သူမ အလိုမကျမှုတွေ မေမေ့ကြောင့်ပျောက်ကုန်၏။

သို့သော် အနန္တအကြောင်း ခေါင်းထဲပြန်ဝင်လာတော့ ပြန် စိတ်ညစ်ရပြန်သည်။

မင်းသာ ရွှံ့တုံးလေးဖြစ်ရင်သိပ်ကောင်းမှာပဲ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မိဘတွေကို အရွဲ့တိုက်ပြီး အိမ်ကထွက်ခဲ့သော အနန္တတစ်ယောက် အစစအရာရာ ပြီးပြည့်စုံသောဘဝ အခြေအနေကိုပြန်သတိရနေမိသည်။

တကာယ့်ကိုငြိမ့်ငြိမ့်ကလေး နေရတာမှ ထမင်းတောင်ဝါးကျွမည့် အခြေအနေ။

အခု သူနေရသည့်နေရာက . ပန်းချီရေးဆွဲနေကျ အခန်းလွတ် သစ်သားအိမ်ကလေးဖြစ်သည်။ အမှန်ဆို ကျောင်းသားတွေက သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲ စသဖြင့် နေကြရခြင်းပါ။ ဒါပေမဲ့ သူကပြတ်ပြတ်သားသားကို တစ်ယောက်တည်း နေရန် ပြောခဲ့သည်။





"ကျွန်တော် အစုပေါင်းတွေနဲ့ မနေတတ်ဘူး မ တစ်ယောက်တည်း သီးသီးသန့်သန့်ရှိမယ့် အခန်းမရှိဘူးလား"

"မရှိရင် မင်းကမနေတော့ဘူးလား"

"ဆန္ဒရှိတာကို ပြောတာပါ မရှိရင် မနေရအောင် ကျွန်တော် ဘာနကြီးလို့မှ မရတာ လောလောဆယ်လိုနေတာက နေစရာနေရာလေးလိုပဲ သည်းခံရမှာပေါ့"

"မင်းကတကယ့် ပြဿနာပဲနော် သူများတွေကျောင်းလာအပ်တာများ အထုပ်သယ်ဖို့လူတွေ အခန်းလွတ်တွေ ဘာမှစီစဉ်ပေးစရာမလိုဘူး မင်းကျမှပဲ"

"နေပါဦး မ နာမည်ဘယ်လိုခေါ်လဲ"

"သိတော့ ဘာလုပ်မလို့လဲ"

"ဟ နာမည်ကို ကိုယ်မသိရဘူးလား တော်တော်တွန့်တိုတာပဲ ရတယ် ဒီကလည်း သိပ်သိချင်လို့တော့ မဟုတ်ဘူး"

"ကြည့်ပါလား မင်းကလေ သိပ်ရိုင်းတာပဲ အခန်းလွတ်ပေးချင်တဲ့ စေတနာတောင်ပျက်သွားပြီ မင်းဘာသာမင်း စုပေါင်းအခန်းမှာပဲ အောင့်အီးပြီးနေတော့"

"မ ပြောတာ အခန်းလွတ်ရှိတယ်ပေါ့"

"ရှိလည်း မင်းကိုမပေးဘူး"

" ဟင် မ ရော ဘာထူးလဲ"

"ဘာကိုလဲ"

"သိပ်ရိုင်းတာပဲ ကိုယ့်ဆီအသစ်ရောက်လာတဲ့ ကျောင်းသားကို ဆက်ဆံတာ ဘယ်လိုမှလက်ခံလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် မင်းကပဲပြောရတယ်ရှိသေးတော်ပြီ တော်ပြီ၊ မင်း ဘာသာမင်း နေချင်တဲ့နေရာမှာနေတော့ မင်းနဲ့ဆက်စကားပြောရင် ဒေါသထွက်ရုံပဲ အဖတ်တင်မယ်"

တည်သစ္စာ ချက်ချင်းလှည့်ထွက်ဖို့ပြင်တော့ အနန္တက သူမ လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး

"မ ကလည်းစိတ်ကြီးပဲ မ ပြောတဲ့အခန်းလွတ်သော့လေး ပေးသွားဦး"

"ပေးမယ် မင်း တို့လက်ကိုအရင်လွှတ်"

အဲဒီအချိန်ကျမှ သူလက်ကိုလွှတ်ပေးလိုက်ပြီး

"ကျေးဇူးပဲနော်"

"အို"

ကျေးဇူးနော်တဲ့။ လာပြန်ပြီ နောက်တစ်ယောက်။

"ဘာကိုကျေးဇူးရမှာလဲ ဆောရီးလို့ ပြောရမှာ"

"အဲ့ဒီလိုပဲ ကျွန်တော်က ကျွန်တော်စိတ်ကျေနပ်သွားရင်အလို ရှိနေရင်း ကျေးဇူးတင်နေတာ ကပါ အခန်းလေးပေးမယ် မဟုတ်လား"

"ပေးမယ် ပေးမယ် တကတည်း သူ့ကျမှပဲ ဟွန်း"

တည်သစ္စာမျက်စောင်းလေးထိုးလျက် အိမ်ပေါ်တက်သွား

အဆောင်မှူးတည်သစ္စာကို ကျောင်းသားအားလုံးက ဆရာမ ခေါ်ကြသော်လည်း အနန္တက မ,ဟုပင်ခေါ်သည်။ မကျေနပ်ပေမယ့် တားနေလျှင် ပိုအရွဲ့တိုက်မှာဆိုး၍ ဘာမှမပြောဘဲ နေလိုက်သည်။

"ကျေးဇူးပဲ"

ဟု သူအော်ပြောတော့ လှည့်တောင်မကြည့် ဒီလိုအတိုက်အခံ တွေကြောင့်ပဲ သူ့အတွက်သီးသန့် သစ်သားလုံးချင်းလေးမှာ နေခွင့် ရတာပါ။ အခန်းလေးက ပန်းချီဆွဲရင်သာ အသုံးပြုတာဖြစ်ပေမယ့် ရှုပ်ပွမနေ။ သူနေမည်ဆိုတော့လည်း အဆောင်က ခုတင်တွေကို ဒီအခန်းထဲထည့် ကုလားထိုင်တွေထည့်နှင့် ဆရာမလေးက မငြိုးမ





လုပ်ပေး၏။

သူ ခုတင်ပေါ်မှာလှဲနေရင်း ကိုယ့်အကြောင်း ကိုယ်ပြန်တွေး မိသည်။

သူက စိန်တိုက်ပိုင်ရှင် ဒေါ်မြလွန်းမေနှင့် ဦးမင်းထင်တို့၏ တစ်ဦးတည်းသောသားပါ။

သူ့ဘဝက တကယ့်ကိုလိုတရ၊ ရိုးရိုးကျောင်းသွားတာတောင် တစ်ရက်ကို ကားတစ်စီးနှင့်သွားခဲ့သူ။ ဒယ်ဒီနှင့်မာမီကလည်း တစ်ဦး တည်းသောသားမို့ သူ့ကိုအလိုလိုက်ခဲ့သည်။ဒါပေမဲ့ အလိုလိုက်ပုံချင်းတော့ မတူ။ ဒယ်ဒီက သူ့အတွက် တစိမ်းဆန်သည်။ မာမီကတော့ သူ့ကို အနွေးထွေးဆုံး မေတ္တာပေးခဲ့သူပါ။ ဒါကြောင့်လည်း သူမာမီ့ကို ပိုချစ် သည်။

အခု သူ့စိတ်တွေလေနေခဲ့လို့ လေးကြိမ်မြောက်စာမေးပွဲ ထပ်ကျတော့ ဒယ်ဒီ အပြတ်မောင်းချခဲ့သည်။ သူကလည်း အေးဆေး "ဆင်းပေးမယ်" ဟု ပြန်ဖြေခဲ့သည်။ ပထမ တစ်နှစ်စာမေးပွဲကျတုန်းက သင်္ချာဘာသာမှာ သူအောင်မှတ်ပဲ ရအောင်ဖြေနိုင်သဖြင့် ခြစ်ချခဲ့သည်။ သူလိုချင်တာက အနည်းဆုံး လေးဘာသာဂုဏ်ထူးပါဖို့။ ဒုတိယနှစ် သေချာ ကြိုးစားမည်ဟု အားခဲထားကာမှ ဒယ်ဒီနှင့်မာမီတို့၏ အိမ်ထောင်ရေးက ပြိုကွဲလုလု ဖြစ်မတော့ သူ စိတ်အပျက်ကြီးပျက်ကာ စာမေးပွဲကို လုံးဝစိတ်မဝင်စားတော့ပဲ ပစ်ထားခဲ့တာခုချိန် တဖုန်းဖုန်း ကျသည်။

အစောကြီးကတည်းကမှ သူ့ကိုမနွေးထွေးခဲ့သော ဒယ်ဒီက သူ့ကိုနှင်ချသည်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ဒယ်ဒီနှင့်မာမီ အကြီး အကျယ် စကားများခဲ့သည်။ ဒါပေမဲ့ သူကိုယ်တိုင် မာမီကိုခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆင်းလာခဲ့သည်။

ဒယ်ဒီနဲ့ တွဲသွားတိုင်း ပတ်ဝန်းကျင်က အထင်အမြင်သေး တဲ့ အကြည့်တွေနှင့်ကြည့်ကြတာကို သူ စက်ဆုပ်နေခဲ့ပြီ။

သူ အိမ်ကထွက်လာပြီးသည်နောက် သူငယ်ချင်းတစ်ယောက် ၏ လမ်းပြပေးမှု ဒီဘော်ဒါဆောင်လေးကို ရောက်ခဲ့သည်။ တစ်ခါမှ အိမ်ထမင်းဟင်းကလွဲလျှင် မစားတတ်သော သူ့အဖို့ စစချင်းတော့ ဒုက္ခရောက်သေး၏။ သို့သော် သူ့မ၏ကောင်းမှုဖြင့် သူဒီမှာ နေသားကျ နေပြီဖြစ်သည်။

"ဒုန်း ဒုန်း"

"အနန္တ ဘာလုပ်နေလဲ အိပ်နေတာလား"

တံခါးကို တဘုန်းဘုန်းထုနေသော သူကို ဘယ်သူလဲဟု မေးတွေးကြည့်နေစရာ မလိုပါ။ ဒီလိုနှစ်လိုဖွယ် အသံလေးနှင့် စကား ပြောတတ်တာ မ တစ်ယောက်တည်းသာရှိ၏။ သူ့ခရီးပန်းလာလို့ ဟု သောအကြောင်းပြချက်နှင့် စာသွားမသင်တာ ဒါနဲ့ပါဆို လေးရက်ရှိပြီ။

သူ ခုတင်ပေါ်ကဆင်းပြီး တံခါးသွားဖွင့်လိုက်တော့ နီညိုရောင် ခါးတို လက်ပြတ် ပန်းပွင့်ရိုက်အင်္ကျီလေးနှင့် နီညိုရောင်ထမီလေးကို ဝတ်ဆင်လျက် ခါးထောက်ကာရပ်နေသော မ,ကို တွေ့လိုက်ရသည်။

"မင်း စာလာမသင်တာ လေးရက်ရှိပြီ ခရီးက အဲဒီလောက် ပန်းနေရအောင် မင်း ဘယ်ကနေလာရတာမို့လို့လဲ"

"ဟို ဟိုး ဘာလို့ အဲဒီလောက်ထိအောင် မေးနေရတာလဲ ကျွန်တော်က မနဲ့ နီးနီးလေးမှာ ရပ်နေတာကို ဖြည်းဖြည်းပြောပါဗျာ"





"မင်း ဘာမှအထွန့်မတက်နဲ့ မင်းဘယ်နယ်ကလာတာလဲ"

"ရန်ကုန်က"

"ဟင် ရန်ကုန်ဆိုရင် နယ်မှမဟုတ်တာ မင်းပြောတော့ခရီး ပန်းလာတယ်ဆို"

"ဟုတ်တယ်လေ ရွှေတောင်ကြားလမ်းကနေ အခုဒီဗိုလ်ချုပ် ဈေးနားမှာရှိတဲ့ မတို့ ဘော်ဒါဆောင်ထိလာရတာ ခရီးပန်းတာပေါ့"

"ဩော် တော်တော်ဝေးတာကိုး"

သူ မျက်နှာတစ်ချက်ရှုံ့လိုက်ပြီး

"ဒါပေါ့ အရမ်းဝေးတာလေ မရဲ့"

မချိုမချဉ် ရုပ်နဲ့ပြောလာသော အနန္တကို သစ္စာမျက်စောင်း ထိုးလိုက်သည်။

"ဟော ကျွန်တော့်ကို မ မျက်စောင်းထိုးတာ ဒါပါနဲ့ဆို သုံးခါရှိပြီ"

"ဩော် ဒါကျတော့သိတယ် စာလေးရက်လုံး လာမသင်တာကျ တော့ မေ့ထားတယ်"

"မေ့ထားတာ မဟုတ်ပါဘူး ကျွန်တော်က မသင်လည်းရနေ တာပဲကို အဲဒါတွေက သိပြီးသားတွေပါ"

"ဘာလဲ မင်းတခြား ကျူရှင်မှာသင်ပြီးသားတွေလား"

"ဟင့်အင်း လွန်ခဲ့တဲ့ သုံးနှစ်လောက်က သင်ထားတာတွေ"

"ဘုရား မင်း ဒါဆိုစာမေးပွဲကျတာ"

"လေးခါရှိပြီ"

စာမေးပွဲကျတာ လေးခါရှိပြီတဲ့ တကယ့်နုနုဖတ်ဖတ်ရုပ်လေး က ထင်ရက်စရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မ မထင်ရဘူး မဟုတ်လား ကျွန်တော့်ရုပ်က အရုပ်ဆိုးနေနေတော့"

"ဟွန်း တို့က အစောကြီးကတည်းက မင်းရုပ်ကဗောင်နေ လို့ ကြည့်နေတာ လက်စသတ်တော့ နှစ်ချို့ကြီးပါလား"

သူမ အထင်သေးသည့် မျက်နှာပေးနှင့် အနန္တကို ကြည့် ပစ်လိုက်တော့

"မ ကျွန်တော့်ကို အဲဒီလိုမကြည့်နဲ့ ပထမတစ်နှစ်က ကျွန် တော်ခြစ်ချလိုက်တာ နောက်နှစ်တွေက ကျွန်တော့်မှာ စိတ်ညစ်စရာ တွေရင်ဆိုင်နေခဲ့ရလို့ ကျွန်တော်ညံ့လို့မဟုတ်ဘူး ဒယ်ဒီနဲ့မာမီ တို့ကို တောင် ကျွန်တော်မပြောပြဘူး"

"အမလေး အနန္တရယ် အရှက်ပြေပြောမနေပါနဲ့"

သူမ ထပ်ကလိလိုက်တော့ အနန္တမျက်နှာ ရဲရဲနီသွားသည်။ အနန္တက သူမလက်ကိုဆောင့်ဆွဲကာ သူ့အခန်းထဲကို ဆွဲသွင်းပြီး အခန်း တံခါးကို ဂျိမ်းကနဲမြည်အောင် ပိတ်လိုက်သည်။ ပြီးတော့ သူမ ပခုံး နှစ်ဖက်ကိုခပ်တင်းတင်း ဖျစ်ကိုင်ပြီး ပိတ်ထားသောတံခါးနှင့် ကပ်ထား လိုက်သည်။

"ကျွန်တော့်ကို မရွဲ့နဲ့ ကျွန်တော်အဲဒါတွေကို အရမ်းမုန်း တယ် ဒီနှစ်မှာဂုဏ်ထူးတွေနဲ့ အောင်အောင်လုပ်ပြမယ် မ စောင့်ကြည့် နေ"

သစ္စာ တစ်ခါမှ ဒီလို အကြမ်းဖက်တာမခံရဘူးခဲ့၍ ဒေါသ ကငယ်ထိပ်တက်ဆောင့်သည်။ အနန္တ လက်နှစ်ဖက်ကို ချက်ချင်းရုန်း ပြီး ခါချလိုက်သည်။

"ဖြန်း"





အနန္တ မျက်နှာ တစ်ပတ်လည်သွားသည်။ အနန္တကအံ့ဩ သွားသလို နှင့် စစချင်း ကြည့်သည်။ သို့သော်တဖြည်းဖြည်းနှင့်ထို အံ့ဩမှုက ဒေါသသို့အသွင်ပြောင်းသွားသည်ထင်သည် မျက်လုံးများ တနိုမြန်းကာ အသားတွေတဆတ်ဆတ်တုန်နေသည်။

"မင်း စကားပြောရင် နောက်တစ်ခါ ဒီလိုမရိုင်းနဲ့ ပြီးတော့ မင်းအချိုးတွေကိုပြင် မင်း တို့ ဘော်ဒါမှာနေရင် တို့စည်းကမ်းကို လိုက်နာ မလိုက်နာနိုင်ရင် ထွက်သွား အချိန်မရွေးပဲ"

သူမလက်ညှိုးထိုးကာ ခပ်ကြမ်းကြမ်း ခပ်ရင့်ရင့် ပြောပစ်လိုက် သည်။ ဘယ့်နှယ့် ဆွဲလားရမ်းလားနဲ့။ ဒါမျိုးတွေက လွှတ် ပေးလိုက်လျှင် ခေါင်းပေါ် ချီးတက်ပါမည့်ကိန်း။ ပြီးတော့ အသက် ကလည်း သိပ်ကွာတာမဟုတ်။

တည်သစ္စာ ချက်ချင်း အခန်းတံခါးကိုဆွဲဖွင့်ကာ ထွက်ခဲ့ပြီး ဒီ အိမ်လေးဆီသို့ ပြန်လာခဲ့သည်။

ကိုယ်က စေတနာနှင့် စာလာမသင်လို့ သတိသွားပေးတာ ကိုက မှားတာပါ။ ဒီနှစ် စာမေးပွဲအောင်စေချင်လို့ ခပ်ရွှတ်ရွှတ် ပြောလိုက်တာကိုပဲ သူကဆွဲလိုက်ရမ်းလိုက်နှင့်။

ပြီးတော့ သစ္စာ နားနားမှာကပ်ပြီးတော့ပြောတာကြောင့် သူ့ နှာခေါင်းချွန်ချွန်က သစ္စာပါးနှင့်ထိလုမတတ်။ တစ်ခါမှ သူစိမ်းတစ် ယောက်၏ ခလိုပြုမှုခြင်းကို မခံဘူးတာကြောင့် ဒေါသလည်းထွက်ရသည်။ ရှင်လည်းခုန်ရသည်။ အနန္တ မျက်နှာက သူမနှင့်ဘယ်လောက်နီးကပ် သလဲဆိုလျှင် အနန္တ နှာခေါင်းမှ မှုတ်ထုတ်လိုက်သည့် လေက သူမ ဆီကိုလာရိုက်သည် အထိ နီးကပ်နေသည်။ သေချာနီးကပ်မြင်ရမှ အနန္တက သူမ အရင်ချစ်သူ အနန္တ ထက်ပို၍ချောမှန်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible] မျှော်လုံး နာခေါင်း ဘာမှ အပြစ်ပြောစရာ မရှိအောင် [illegible]သိသည်။ ကိုရီးယားမင်းသားတွေတောင် ထိုင်ငိုသွားရလောက် အောင်ကိုချောသည်ဆိုတာ သူမ ပိုတာမဟုတ် ။သို့သော် ကိုယ်က အလျှော့ပေးလို့ မဖြစ်။

မင်းကိုဒီလောက် ဆုံးမလိုက်တာကို မကျေနပ်ရင် ထွက်သွားလိုက် အနန္တ။ မင်းကိုတော့ဘယ်သူမှ ခယယနဲ့ ဆွဲထားလိမ့်မယ် မထင်နဲ့။

❀❀❀



## အခန်း (၁၄)

သူ ကိုယ့်ပါးကိုယ် ပြန်စမ်းကြည့်မိသည်။ အခုထိနွေးနေတုန်း ပဲ။ တွေးမိလေ ဒေါသဖြစ်လေ။ သူဘာမှထပ် စဉ်းစားမနေတော့ပဲ ကိုယ့် အင်္ကျီတွေကို ပြန်သိမ်းလိုက်သည်။ ပြီးမှ လိုအပ်မည်ထင်သည့် အင်္ကျီ တစ်အိတ်စာလောက်သာ သယ်ပြီးထွက်ခဲ့သည်။

အိမ်တံခါးကို သူဖွင့်လိုက်သည်နှင့် သူ့ဆီဘောလုံးကိုင်လျက် ပြေးလာနေသော မိုးကျော်ကိုတွေ့လိုက်သည်။သူ အိမ်ပြင်တစ်ကိုယ်လုံး ထွက်လိုက်မှ အိတ်ကိုမြင်သွားပြီး သူ့ဆီနားမလည်သော မျက်ဝန်းများ ငေးလမ်းလျှောက်လာသည်။

“အစ်ကို ဘယ်သွားမလို့လဲ”

သူက စာသွားမသင်ခေါ်လည်း ထမင်းစားပြီး အားလပ်



www.burmeseclassic.com

www.burmeseclassic.com



ချိန်များတွင် အပြင်မှာနေတတ်သဖြင့် ဒီကောင်လေးတွေနှင့် စကား ပြောဖြစ်ခဲ့သည်။ သူကလည်း သူ့အကြောင်းတွေ ပြောပြ။ ဟိုကလည်း သူတို့အကြောင်းတွေ အပြန်အလှန်ပြောကြနှင့် ဘယ်နှရက်မှမကြာလိုက် ဘဲ ဒီကောင်လေးတွေနှင့်ခင်မင်ခဲ့သည်။ သူ့အသက်ကိုသိသော ကောင် လေးတွေက အတန်း တူသော်လည်း အစ်ကိုဟုခေါ်ကာ ရိုရိုသေသေ ဆက်ဆံခဲ့သည်။ သူကလည်း ရိုကျိုးကာ ရိုသားသောဒီကောင်လေး တွေကိုခင်ပါသည်။ ဒါ့ဖြင့်ပမဲ့ အခုအချိန်မှာတော့ ဘယ်သူ့ကိုမှလည်း စကား မပြောချင်၊ ဘယ်သူကမှလည်း သူ့ကိုတားနိုင်မည် မဟုတ်

သူ ကောင်လေးကို လက်ကာပြပြီး ဆက်ထွက်လာခဲ့သည်။ ကောင်လေးက သူ့နောက်က အတင်းလိုက်လာပြီး ဘာမပြော ညာ မပြောနှင့် သူ့လက်ကိုင်အိတ်ကို ဆွဲယူ၏။

"ဘာလုပ်တာလဲ"

သူ ဒေါသထွက်ထွက်နှင့်ပဲမေးလိုက်သည်။

"စိတ်မဆိုးပါနဲ့ အစ်ကို ကျွန်တော် အစ်ကို့ကို မေးတာလေး ဖြေပါဦး"

သူ မိုးကျော်လက်ထဲမှ အိတ်ကို ပြန်ဆွဲယူလိုက်ပြီး

"ပြန်တော့မလို့"

"ဗျာ ဘာဖြစ်လို့"

"ဘာလဲ မင်းကို မက တာဝန်ပေးထားတာလား ငါ့ကို မေးခွန်းတွေမေးဖို့"

"မ ဆရာမကို ပြောတာလား"

သူ ခေါင်းညိတ်ပြလိုက်တော့

"မဟုတ်ပါဘူး အစ်ကို ဆရာမက အခုနကပဲ အပြင်ထွက် သွားတာ ဒီလိုလုပ်ပါလား အစ်ကို ဆရာမပြန်လာမှ ပြောပြီးသွား ပါလား"

"မလိုတော့ပါဘူးကွာ ရော့ ဒီမှာ ငါ့အခန်းသော့ သူပြန်လာ ရင်ပေးလိုက်"

"ကျွန်တော် မယူရဲဘူး အစ်ကို တော်ကြာ ဆရာမပြန်လာ ရင် ကျွန်တော့်ကို ဆူနေမှာ"

"မဆူလောက်ပါဘူးကွာ သူပြန်လာရင်လည်း ငါပြန်မယ်ဆို ခွင့်ပြုမှာပါ ယူထားစမ်းပါကွာ"

"မလုပ်ပါနဲ့ အစ်ကိုရာ အစ်ကိုလည်း မသွားပါနဲ့"

"မိုးကျော် မင်းပြဿနာမရှာနဲ့ကွာ မင်းမယူလည်းနေ ငါ အန်တီလုံးကိုပဲ ပေးခဲ့တော့မယ် အန်တီလုံး ရှိတယ်မဟုတ်လား"

"ဟုတ် ရှိပါတယ်"

သူ မိုးကျော်ပခုံးလေးကို ဖျစ်လိုက်ပြီး မ နေထိုင်ရာ အိမ် ဆီကိုထွက်ခဲ့သည်။

"အန်တီလုံး အန်တီလုံး"

"လာပြီ လာပြီ"

အန်တီလုံးက မီးဖိုချောင်ထဲမှ ထွက်လာကာ

"သြော် ဘယ်သူများလဲလို့ သားကိုး"

"ဟုတ်ပါတယ် အန်တီ ကျွန်တော် အခန်းသော့လာအပ်တာ

"ဘယ်အခန်းသော့လည်း သားရဲ့"

"ကျွန်တော့် အခန်းသော့ပါ"

"ဘာလဲ သားက အခန်းပြောင်းတော့ မလို့လား"

အန်တီလုံးက မေးပြီးသွားမှ လက်ကိုင်အိတ်ကိုမြင်သွားပြီး





www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှစ်ဖက် စုကျုံ့သွားသည်။

"သား ဘယ်သွားမလို့လဲ"

"ပြန်တော့မလို့"

"ဟင် ဘာဖြစ်လို့လဲ သားရဲ့"

"ဘာမှ မဖြစ်ပါဘူး ဒီလိုပါပဲ အဲ့ဒါ အန်တီလုံးကို ကျွန်တော် သော့လာအပ်တာ"

သူ အန်တီလုံး ဘာထပ်မေးလာမည်ကိုသိ၍ သော့ကို အ တီလုံး လက်ထဲ အတင်းထည့်ကာ လှည့်ထွက်လိုက်သည်။

သူခြံဝရောက်တော့ ခြံရှေ့မှာ အငှားကားတစ်စီး ထိုးရပ်သွ ပြီး ကားပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

မ ပါလား။

မက သူ့ကို တစ်ချက်ဝေ့ကြည့်ပြီး သူ့ကိုကျော်ကာ ထဲဝင်သွား၏။

အနန္တ သူမကို ကျောခိုင်းပြီး မထွက်သွားမိသေးတာ ဘ ကြောင့်မှန်း မသိ။

"မိုးကျော်"

မိုးကျော်က သူမအနား ချက်ချင်းပြေးလာ၏။

"အခန်းသော့ ဘယ်မှာလဲ"

"ဗျာ"

"ဆရာမ ပန်းချီဆွဲတဲ့ အခန်းသော့ကို မေးတာ"

မိုးကျော်က သူ့ကိုအားနာဟန်ဖြင့် တစ်ချက်ကြည့်ပြီး

"အန်တီလုံး ဆီမှာပါ"

"ဟုတ်ပြီ"





သူမ အဲဒါပဲပြောပြီး ထွက်သွားသည်။

"တောက်"

သူ တက်တစ်ချက် ကျယ်ကျယ်ခေါက်လိုက်ပြီးထွက်ခဲ့သည်။ အနန္တ ထွက်သွားတော့မှ သူမ ခြံတံခါးဝလေးကို လှမ်းကြည့်မိသည်။ ပြီးတော့ သက်ပြင်းတစ်ချက် ချလိုက်ပြီး အိမ်ထဲ လှမ်းဝင်လာခဲ့သည်။

ဒါကို မိုးကျော်ကမြင်သည်။ ဆရာမနှင့် အစ်ကို အနန္တ ကြားမှာ သူမသိတဲ့ ပြဿနာတစ်ခု ရှိကိုရှိရမည်။ တစ်ယောက်ကလည်း ထွက်သွားမည် တကဲကဲ ပြင်ပြီးမှ ဆရာမ ပြန်လာတော့ ဆရာမတား ချင် မပြန်ဘဲနေမည့်ပုံ ။ဆရာမက မတားတော့ တက်တစ်ချက်ခေါက် ကာ ထွက်သွားပုံက တကယ့်ကို ခံပြင်းနေသည့်အတိုင်း။ ဟိုက ထွက်သွားမှန်းသိတော့မှ ဆရာမကလည်း အိမ်ဝကနေ လှမ်းကြည့်ပြီး သက်ပြင်းတစ်ချက်ချပြန်သည်။ ဆရာမကိုကြည့်ရတာလည်း တားချင် မယ့် မာနခံနေ၍ လုံးဝမတား။

မဟုတ်မှလွဲရော ဆရာမနဲ့အစ်ကိုများ သံယောဇဉ်တွယ်နေ ကြပြီလား။

မိုးကျော် ကိုယ့်ခေါင်းကို လက်ဖြင့်ဖွလိုက်ပြီး ဘောလုံးကန်နေ သော နေရာဆီ ပြန်ထွက်ခဲ့သည်။

ဘာတွေမှန်းလဲကို မသိ။

သစ္စာ အိမ်ထဲကိုရောက်တော့ အန်တီလုံးက သူမဆီသို့ လျှောက်လာပြီး သူမ လက်ကိုဆွဲကာ အပေါ်ထပ်ကိုတက်ခဲ့သည်။ ပြီးတော့ အပေါ်ထပ်က ပလပ်စတစ်ခုံလေးပေါ်မှာ ထိုင်စေပြီး သူမ ဒီ သစ္စာအနီးမှာထိုင်သည်။

"သမီး ဟို ရုပ်ချောချောလေးနဲ့ ကောင်လေးလေ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆန်းဆန်းနဲ့ ဘယ်သူလဲ''

''ဒေနန္တပါ အန်တီလုံး''

''အေး ဟုတ်တယ် သူဒီမှာ အခန်းသော့လာပြန်အပ်သွား တယ်''

အန်တီလုံးက ပြောရင်း သူမလက်ထဲသို့ အခန်းသော့ထည့် ပေး၏။ သူမက လက်ထဲမှာရှိနေသည့် သော့လေးကို ကြည့်လိုက်မိသည်။

''သမီးတို့ ဘာဖြစ်ကြလို့လဲ''

ဟင် ဘာစကားကြီးလဲ။

''သမီးတို့က ဘာဖြစ်ရမှာလဲ အန်တီလုံးရဲ့''

''မသိဘူးလေ ဟိုကချက်ချင်းကြီး ထွက်သွားတာဆိုတော့''

''မဟုတ်ပါဘူး အန်တီလုံးရယ် သူရောက်ကတည်းက တ လာမသင်လို့ ဆူလိုက်တာကို အဲ့ဒီလိုဖြစ်သွားတာပဲ သစ္စာလည်း မတတ် နိုင်ဘူး သူ့ကိုပဲ ဆရာမက ပြန်ချော့ရမှာလား''

''ဩော် ဒီကောင်လေးနှယ် ဒီလောက်လေး အဆူခံရတာကို ပဲ''

''အဲဒါ ပြောတာပေါ့''

တည်သစ္စာ ဒီလောက်ပဲ ပြောပြလိုက်သည်။ ကျန်တာတွေ ပါပြောလိုက်လျှင် အခြေအနေတွေက ပြောင်းသွားနိုင်သည် မဟုတ်လား

''အဲဒါဆိုလည်း ပြီးတာပဲပေါ့ ကောင်လေးက ကြည့်တော့ရိုး သားသားနဲ့ ဒီလောက်လေးကို ဒီလိုဖြစ်တာတော့ မကောင်းပါဘူး ... အန်တီလုံးလည်း ညစာအတွက် သွားစီစဉ်လိုက်ဦးမယ် သမီးလည်း နားလိုက်ဦး''

''ဟုတ်ကဲ့''





အန်တီလုံးက ပြောပြီး အောက်ထပ်ပြန်ဆင်းသွားသည်။

တည်သစ္စာ ခုံလေးကိုကျောမှီလိုက်ပြီး ခေါင်းကိုလည်း ကျော ... ပေါ်မှာပဲတင်ကာ မော့ချလိုက်သည်။

မင်းအတွက်နဲ့တော့ စိတ်မောပါတယ် အနန္တရယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အနန္တတစ်ယောက် အခုထက်ထိဦးတည်ရာ မရှိဘဲ လျှောက်
သွားနေမိသည်။ ဒါပေမဲ့ လမ်းလျှောက်တာ ကြာလာတော့ ခြေ
ထောက်တွေက ထုံလာသည်။ ဗိုက်ကလည်း ဆာလာ၏။ ထို့ကြောင့်
အနီးနားရှိ စားသောက်ဆိုင်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

တော်သေးသည်။ သူ့မှာ မေမေပေးလိုက်သော ငွေတွေ ကျ
နေသေးလို့။ သူကလည်း တစ်သက်လုံး လမ်းဘေးဆိုင်မှာ မစားခဲ့
မို့ သန့်ရှင်းသပ်ရပ်ကာ ခမ်းနားသည့် ဒီဟာက်ပီး စားသောက်ဆိုင်
လေးကိုပဲ ရွေးခဲ့သည်။ ဆိုင်၏ အပြင်အဆင်ကြောင့် ဟင်းတစ်ပွဲဘ
လောက်ပေးရမည်ကို သူခန့်မှန်းမိသည်။ထိုင်စားနေကြသည့် သူ
ထဲမှာလည်း တစ်ယောက်မှ နွမ်းနွမ်းဖတ်ဖတ်မရှိ ။စားပွဲထိုးကောင်လေး
က သူဆိုင်ထဲဝင်လိုက်သည်နှင့် သူ့လက်ထဲမှအိပ်ကိုယူကာ ပစ္စည်း





တွေသိမ်းသည့် နေရာလေးမှာ သွားသိမ်းပေးသည်။

စိတ်ချမ်းသာရတာကတော့ အမှန်ပင်။

သူ အခန်းထောင့်တွင်ရှိသော နှစ်ယောက်ထိုင် စားပွဲလွတ်
တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"အစ်ကို ဘာသုံးဆောင်မလဲ"

"ကိုယ့်ကို menu(မန်နူး)ပေးကွာ အဲဒါကြည့်ပြီး မှာမယ်"

"ဟုတ်ကဲ့ အစ်ကို"

ကောင်လေးက ခေါင်းညိတ်လျက် ကောင်တာဆီလျှောက်သွား
၏။ အဲကွန်းခန်းဖြစ်၍ အလုံပိတ်ထားတာကြောင့် တိတ်ဆိတ်နေသည်။
သူများစကားပြောလျှင်တောင်မှ အတိုင်းသားကြားနိုင်သည့် အခြေအ
နေ။

"အစ်ကို ဒီမှာပါ"

"အင်း အမဲသားပြားရှိလား"

"ဟုတ်ကဲ့ ရပါတယ်"

"အဲ့ဒါ ပေးကွာ"

"အကင်လား ပေါင်းမှာလား ချက်မှာလား အစ်ကို"

"ပေါင်းလိုက်ကွာ"

"ဟုတ်ကဲ့ အအေးကော ဘာသောက်မလဲ အစ်ကို"

"ပန်းသီး ဖျော်ရည်လုပ်ကွာ"

"ဟုတ်ကဲ့ပါ အစ်ကို"

ကောင်လေးက သူမှာပြီးတော့ သူ့အနားမှထွက်သွားပြီး လက်
သုတ်ပဝါကို သွားယူကာ သူ့ပေါင်ပေါ်မှာ ခင်းပေးသည်။ ပြီးတော့မှထွက်
သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူကြည် ယူ စေ့စပ်မယ့်သူက ဘယ်သူ"

"အနန္တလေ"

"တယ်မိုက်ပါလား"

"နာမည်ကတော့မိုက်တယ် ဒါပေမဲ့ လူကိုတော့ မမြင်ဖူးဘူး ဟ"

သူ့ရှေ့က စာပွဲဝိုင်းက စကားသံကြောင့် သူခေါင်းထောင်သွား သည်။ အနန္တဆိုပါလား။

"ဘယ်လိုကြီးလဲ ဖြူကြည်ရဲ့ ကိုယ်စေ့စပ်မယ့်သူကိုတောင် မမြင်ဖူးဘူးဆိုတော့"

"မသိပါဘူးကွာ မာမီတို့စီစဉ်တာပဲ ကိုယ်က မမြင်ဖူးတော့ ချောမှန်းမသိ ရုပ်ဆိုးမှန်းမသိနဲ့"

အနန္တ သေချာအကဲခတ်ကြည့်လိုက်တော့ ခေတ်လွန်အဖြ အဆင်များနှင့် ကောင်မလေးနှစ်ယောက်။

သူတို့ခေါ်ပြောပုံအရတော့ ဖြူကြည်ဆိုသည့် ကောင်မလေ ကသူ့ကိုကျောပေးထားပြီး နောက်တစ်ယောက်ကတော့ ထိုကောင်မလေ နှင့် မျက်နှာချင်းဆိုင်မှာထိုင်နေသည်။

ဖြူကြည်ဆိုသည့် ကောင်မလေးကိုတော့ သူ့ကိုကျောပေးထာ ၍ မမြင်ရ။ သို့သော် ကျောဘက်ကနေကြည့်နေသော်လည်း ထိုကော မလေး ဘယ်လောက်ပြင်ထားမည်ကို သိသည်။ ဝတ်ထားသည်ထ အဖြူခံပေါ်တွင် ဘောလုံးတွေနှင့် လက်ပြတ်တစ်ဆက်တည်း ဂါဝန်လေ ကျောမှာ အပေါက်ကပါသေးသည်။ ဆံပင်ကလည်းအခုခေတ်စားနေသည် ဆံပင်အကောက်ကို ဟိုက်လိုက် ဖောက်ထားသေး၏။ ဆံပင်ကို အပြော သိမ်းစည်းထားတာမို့ သူမနားတွင် ပန်ထားသော နားကွင်းကြီးကိုလည်





ခိုင်ရသည်။ တကယ့်ကို မျက်စိနောက်စရာပါ။ အနန္တစိတ်ထဲ မ နှင့် ဆုံကြည့်မိသည်။ မ လည်းဆံပင်အရောင်ဆိုးထားပါသည်။ ဒါပေမဲ့ လို အကြောင်အကျားတွေတော့မဟုတ်။ ရွှေအိုရောင် ဖျော့ဖျော့လေး ဝ မသိလျှင်နဂို ဆံပင်လေးလိုပါပဲ။

ငူး ကွာပါ။

တွေးရင်း ဒီမိန်းကလေးနှင့် လက်ထပ်ရလျှင်တော့ သူ့ကိုယ် ရ သေကြောင်းကြံမိမှာ အမှန်ပဲဟု စဉ်းစားမိ၏။

ဖြစ်ချင်တော့ ထိုမိန်းကလေး လက်ထပ်မည့်သူက အနန္တ တော့ သူပေါ့။ ဒါပေမဲ့ နာမည်တူများဖြစ်နေမလားဆိုသည့် စိတ်နှင့် ကာနားစွင့်နေလိုက်သည်။

"ဘာလဲ ယူ့ မိဘတွေက ဘာလုပ်တယ် ဘယ်လိုပုံလဲ ဆို သတောင် မပြောပြဘူးလား"

"မသိပါဘူးကွာ ပြောတာကတော့ အသက်နှစ်ဆယ်ကျော် သားဖြူဖြူ အရပ်မြင့်မြင့်နဲ့တဲ့ ပြီးတော့ ဆရာဝန်ဆိုလားပဲ"

သေချာနေပါပြီ။ အသက်နှစ်ဆယ်ကျော်၊ အသားဖြူဖြူ အရပ် မြင့် ဆိုတာ သူမှသူပဲပေါ့။ ဒါပေမဲ့ ဆရာဝန်ဆိုတာကြီးက ဘာမှန်း သိကိုယ်ကဖြင့် ဆယ်တန်းတောင် မအောင်နိုင်သေး။ ဒါကို မာမီတို့ ဘာလို့ ဆရာဝန်ဆိုပြီး ပြောနေသည်မသိ။ သူ့အထင်တော့ ယ်တန်းကျသည်ကို ပြောလိုက်လျှင် စေ့စပ်ပွဲ ပျက်သွားနိုင်သည်မို့ ရာဝန်ဟု ညာပြောခြင်းသာဖြစ်လိမ့်မည်။ဒါတွေက အရေးမကြီး။ မီတ က သူ ထိုကောင်မလေးနဲ့ မစေ့စပ်ဖြစ်ရန်သာဖြစ်၏။

ဒယ်ဒီနှင့်မာမီတို့ကလည်း ဘာတွေစီစဉ်နေသည်မသိ၊ သူမ ာတောင် မိန်းမပေးစားဖို့ ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူဘာလုပ်ရင်ကောင်းမလဲအမြန်ဆုံးစဉ်းစားလိုက်ပြီး သူ့
ရှာ ထွက်ခဲ့သည်။ ထိုကောင်မလေးနှစ်ယောက် စားပွဲရှေ့မှာ သူရ
လိုက်တော့ သူတို့နှစ်ယောက်လုံး မော့ကြည့်လာ၏။

သူထင်ထားသည့် အတိုင်းပါပဲ။ တကယ်ပြင်ထားတာများ
ချက်ချက်စက်စက် လှသည်။ ဒါပေမဲ့ ရိုင်းသည်။

"တို့ နာမည် အနန္တ မင်းက ဖြူကြည်နော်"

ကောင်မလေးနှစ်ယောက်စလုံး ဘာမှမပြောနိုင်ဘဲ သူ့
ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေ၏

"ဟော့ ဖြူကြည်ဆိုတာ မင်းလားလို့"

"ဟင် ဟုတ် ဟုတ်ပါတယ်"

"ဒါဆို မင်းက တို့နဲ့စေ့စပ်မယ့်သူပေါ့"

"ရှင်"

သူမအံ့သြသလို ပြောတော့ အနန္တမျက်ခုံးနှစ်ဖက်စုကျုံ့သွာ
ပြီး

"မင်း စေ့စပ်မယ့်သူက အနန္တဆို တို့က အနန္တလေ"

"ဪ ဒါဆိုဟုတ်ပါတယ်"

"ဟုတ်ပြီ ဒါဆို တို့ရှင်းရှင်းပဲပြောမယ်။တို့မင်းကို မစေ့
နိုင်ဘူး တို့မှာ ချစ်သူရှိတယ် ပြီးတော့ မင်းထင်သလို တို့က ဆရာ
မဟုတ်ဘူး"

သူမ ဘာမှပြန်မပြောနိုင်။

"ဒီလောက်ဆို မင်းလည်း ခေတ်လူငယ်ဆိုတော့ နားလည်
ပါ ရိုင်းတယ်လို့တော့ မထင်နဲ့ ဘာမှ လက်မလွန်ခင် ကြိုသိထား
တာ အကောင်းဆုံးပဲ"

(စိုးမိုးစာပေ)



အနန္တ ပြောချင်တာပြောပြီး သူ့စားပွဲဆီသို့ သူပြန်လာခဲ့သည်။
ကြည် ဆိုသည့် ကောင်မလေးကတော့ ခုထိအူကြောင်ကြောင်ဖြစ်နေ
ရှာ၏။

"ဖြူကြည် တိုက်လည်း တိုက်ဆိုင်တယ်နော်"

ဖြူကြည်ထိုသူ့စာပွဲဝိုင်းကို လှည့်ကြည့်ပြီးတော့မှ

"အင်း ဖြူကြည်လည်း နားမလည်နိုင်တော့ဘူး"

"အေးလေ ကိုယ်နဲ့ စေ့စပ်မယ့်သူက ကိုယ့်နောက်မှာ ရောက်
နေတယ်လို့"

"တိုးတိုးပြောပါ ခုနကတောင် ကြားသွားလို့လား မသိဘူး
ထာတာ ကြည့်ပါလား"

"ချောချက်ကတော့ ပက်စက်တယ် ဖြူကြည် ယူတော့ မှ
တယ်"

"အမလေး တော်ပါ ဟိုကပြောသွားတာများ"

ဖြူကြည် မေးငေါ့ပြလိုက်တော့ ပေရယ်က ရယ်သည်။

"မာနခဲလေးပေါ့ ဖြူကြည်ရာ"

အခုမှ သူမ သတိရသည်။ ဟုတ်တာပေါ့ ခုနက အနန္တပြော
သွားတာများ မသိလျှင် သူမကပဲ အရုပ်ဆိုး အကျည်းတန်နေလို့ပဲ
စေ့စပ်ချင်သလိုလို။ အစောကြီးကတည်းကမှ အခံရှိနေသည့် မာန
တွေက ခေါင်းပြူထွက်လာသည်။ တွေးမိလေ ခံရခက်လေ။ သူ့စစချင်း
အပြောတုန်းကတော့ ဒီလောက်ချောသည့်သူ တစ်ခါမှ မတွေ့ဘူး
စကားပြောတာဆောင်ထစ်ကုန်ရသည့် အဖြစ်။

သူပြောသမျှကို ငြိမ်ငြိမ်ကုတ်ကုတ်လေးပဲ နားထောင်နေခဲ့
သည်ကို အခုမှ နောင်တရသည်။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း သူ့ပဲ မာနရှိတာကျနေတာပဲ"

"အံ့မယ် ယူနော် သွားပြီးရန်တွေရင် အစောကြီးကတည်း
လက်ပြနေတဲ့ သူက အရိပ်တောင်တွေ့လိုက်ရမှာတောင် မဟုတ်ဘူ

ပေရယ် ပြောလိုက်မှ ပို၍ဆိုးသွားပြီး ချက်ချင်းထိုသူ့ဆီထွ
ခဲ့သည်။

"ဖြူကြည် ဒုက္ခပါပဲ"

ခေါင်းကုတ်လျက် ကျန်ခဲ့သူက ပေရယ်ပါ။ သူမကလ
သွားစမိသည်။ ဘာတွေဖြစ်ကြဦးမည်မသိ။

"ဒီမှာ ဒီမှာ"

သူစားနေရာမှ မော့ကြည့်လာပြီး သူမကိုမြင်တော့ ခေ
ခရင်းကို ဘေးချလိုက်သည်။

"ဘာပြောမလို့လဲ"

သူ၏ ဘောက်ဆတ်ဆတ်အမေးကြောင့် မေးရမည့်သူ
တွန့်သွားသည်။ ခေါင်းထဲမှာ စီလာသည့်စကားတွေကိုလည်း မ
တော့။

"ဘာမှ မဟုတ်ဘူး"

သူမခပ်တည်တည်ပဲလှည့်ထွက်ကာ အိတ်ကိုယူ၊ ကောင်
မှာ ငွေရှင်းလိုက်ပြီးတော့ ဆိုင်ထဲမှထွက်ခဲ့သည်။ နောက်က ပေ
ကပျာကယာ ထလိုက်လာ၏။

"ဘယ်လိုဖြစ်ရတာလဲ ဖြူကြည်ရယ် ဟိုမှာစားလို့
မကုန်သေးဘူး"

"ဟွန်း ပေရယ်ပဲ တို့ကို ဒေါသထွက်အောင် ကလိပြီးေ
"အဲ့ဒီလိုသဘောမဟုတ်ပါဘူးကွာ တို့က ယူ့ကို အဲဒီ





ချောမျိုးနဲ့ မလွဲစေချင်တဲ့သဘောပါ"

"အံ့မယ် သူချောတိုင်း ဒီကကြွေမယ်ထင်နေလား"

ပေရယ် ဘာမှမပြောဘဲငြိမ်နေသည်။

ဖြူကြည့်ရင်ထဲမှာတော့ အနန္တပုံရိပ်က လုံးဝစွဲထင်သွားပြီ။
မေမေတို့ စီစဉ်ပေးတုန်းက အကြောက်အကန် ငြင်းခဲ့သမျှ အခုချိန်
မှာတော့ မေမေကိုကျေးဇူး တင်နေမိသည်။

ဖြူကြည်က မွေးကတည်းက မာနကြီးခဲ့တာပါ။ ကျောင်းမှာ
အချောဆုံး၊ အလှဆုံးသူ အဖြစ်လည်း အမြဲ အရွေးအချယ်ခံရသည်။
ဖြူကြည့်ကို ကြိုက်တဲ့သူတွေများ ဝိုင်းဝိုင်းလည်လို့။

အခု သူနှင့်တွေ့မှပဲ ဖြူကြည်က အပယ်ခံဘဝရောက်သွားသည်။

ရှင်ကသိပ်စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဖြူကြည့်နှလုံးသား
ကို ရှင်သိမ်းပိုက်လိုက်ပြီနဲ့တူတယ်။

သိပ်ချောတာပဲ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

အနန္တမရှိတော့သည့် နောက်ပိုင်းမှာ သူမတို့အဆောင်လေး ကသိသိသာသာ ခြောက်ကပ်သွားသည်။ ဒီကောင်လေးကြောင့် ရန်ဖြ ရ၊ ဒေါသဖြစ်ရ၊ တစ်ခါတလေလည်း ပျော်ဖို့ကောင်းသည်။ ဒါကြောင့် လည်း သူမကျောင်းသားတွေကပါ အနန္တဆိုလျှင်ခင်ကြသည်။ အ သူမရှိတော့ ပါးစပ်ကထုတ်မပြောကြပေမယ့် အားလုံးကအနန္တကို ပြ ခေါ်စေချင်ကြသည်။ ထို့အပြင် သူမဘော်ဒါက နေစရိတ် အပြီးသွင်း တာမို့ အနန္တက ဘာမှ မနေရသေးဘဲ ထွက်သွားတာကြောင့် တစ် နှစ်စာသွင်းထားသော သူ့ပိုက်ဆံတွေက အလကားသက်သက် သစ္စာ ယူသလိုဖြစ်နေ၏။

“ဆရာမ”

သူမအနားမှာ မိုးကျော်က လက်ကလေးပိုက်လျက် လာရပ်





သည်။

“ဖြေလို့ ပြီးသွားပြီလား”

ဒီနေ့ စာမေးပွဲ အသေးလေးတစ်ခုစစ်ထားတာမို့ ကျောင်းသား တွေအားလုံးက ငြိမ်သက်စွာ ဖြေနေကြသည်။

အချိန်မစေ့သေးပဲနှင့် သူမအနားကိုလာရပ်နေသော မိုးကျော် ကြောင့် သူမမျက်ခုံးတွေကျုံ့သွားသည်။

“မပြီးသေးပါဘူး ဆရာမကို ကျွန်တော် ပြောချင်တာလေး ရှိလို့”

“ဘာပြောမလို့လဲ စာမေးပွဲဖြေပြီးမှ ပြောတာမဟုတ်ဘူး”

“မဟုတ်ပါဘူး ကျွန်တော်ရော နန္ဒရော ကျော်စွာရော ကျောင်း သားတွေအားလုံးက ဒီစကားကို ပြောချင်နေတာပါ”

“ဘာလဲ ဒီစာမေးပွဲ မဖြေနိုင်ဘူးလား မရဘူး မရလည်း ဖြေ”

“မဟုတ်ပါဘူးဗျာ ဟို အစ်ကို့ကိစ္စ ပြောမလို့”

“ဘယ်က အစ်ကိုလဲ”

“ဆရာမကလည်း အစ်ကို အနန္တလေ”

သူမတစ်ဖက်သို့ မျက်နှာလွှဲလိုက်ပြီး

“ဘာလုပ်မလို့လဲ”

“အစ်ကို့ကို ပြန်ခေါ်လိုက်ပါလား”

“ဘာ”

လွှဲထားသောမျက်နှာက ချက်ချင်းပြန်လှည့်ပြီးသား ဖြစ်သွား သည်။

“မိုးကျော် မင်းဘာသိလို့ ဆရာမကို လာပြီး ဆရာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ပြန်ခေါ်ရအောင် ဆရာမနဲ့ စကားများပြီးထွက်သွားတာမှ မဟုတ်တာ သူဘာသာသူစိတ်နဲ့ သူကိုယ်ပဲ"

"ကျွန်တော်တို့ သိပါတယ် ဒါပေမဲ့ စာမေးပွဲကလည်း ပြီးပတ်လောက်ပဲ လိုတော့တာဆိုတော့ အစ်ကို စာမေးပွဲ ထပ်ကျနေမှာ စိုးလို့ပါ"

ဒါကျတော့လည်း ဟုတ်သည်။ အနန္တကညာဏ်မကောင်းလို့ စာမေးပွဲတွေကျခဲ့တာမဟုတ်။ အခုတစ်နှစ်လည်းထပ်ကျနေဦးမည်ဆိုလျှင် အချိန်တွေ အလဟဿ ထပ်ဖြစ်နိုင်သည်။

"ဟို ဆရာမ ကို ကျွန်တော်တို့က ခွင့်တောင်းတာပါ ဟိုတစ်နေ့က ကျော်စွာတို့ ကျောင်းကအပြန်မှာ အစ်ကိုကို စားသောက်ဆိုင်တစ်ခုထဲက ထွက်လာတာတွေ့တယ်တဲ့ အစ်ကိုက အခု ဟိုတယ်မှာ တည်းနေတယ်တဲ့"

ဘယ်ကပိုက်ဆံတွေနဲ့များ အနန္တ တစ်ယောက်ဟိုတယ်မှာ တည်းနေသည်မသိ။ သူမဆီက ထွက်သွားတာ ဒါပါနဲ့ဆို လေးရက်ရှိပြီ။ တော်ကြာ ပိုက်ဆံကုန်သွားလို့ အနန္တ တစ်ယောက် မဟုတ်ကဟုတ်ကတွေလုပ်နေမှဖြင့် ဘုရား ဘုရား ဒီကောင်လေးအတွက်ရင်လေးစရာပါလား။

"ဆရာမ ခေါ်ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ အစ်ကို့ကို ပြန်သွားခေါ်ပါရစေ"

သူမ ဘာပြောရမလဲမသိ စာမေးပွဲဖြေနေသော ကျောင်းသားတွေဆီ လှမ်းကြည့်တော့လည်း အားလုံးရဲ့မျက်လုံးတွေက အသနားခံနေသယောင်ယောင်။

"ခွင့်ပြုမယ် မဟုတ်လားဟင် ဆရာမ"

(စိုးမိုးစာပေ)



ရော် တယ်ခက်ပါလား။ သူမခေါင်းညိတ်ပြလိုက်တော့ မိုးကျော်ပ်သာအားရထခုန်သည်။

"ဟေး ကျေးဇူး ကျေးဇူးတင်လိုက်တာ ဆရာမရယ်"

"ဘယ်လို ဖြစ်တာလဲမိုးကျော် သွားစမ်း ကိုယ့်နေရာကိုယ်သွားထိုင်နေချည်"

"ဟုတ် ဟုတ်ကဲ့"

သစ္စာ ဝေါက်လိုက်တော့မှမိုးကျော်ကိုယ်ရှိန်သတ်ကာ ထွက်သွားဒါတောင်မှ ကျော်စွာတို့ နန္ဒတို့နှင့် လက်ခွဲနှုတ်ဆက်လိုက်သေးသည်။

"ဟေ့ ဒါနဲ့ မင်းတို့ကိုမှာမယ်နော် သူ့ကိုပြန်ခေါ်လာရင် သူမရှေ့ကို ခေါ်မလာနဲ့ စာသင်ချိန်ကလွဲပြီးတော့ပေါ့ မင်းတို့ဘာသာတို့ သူ့ကိုထိန်း ဆရာမက ခေါ်ချင်တာမဟုတ်ဘူး မင်းတို့အတင်းနေလို့"

သူမ မှာ၍ ထိုင်ခုံမှာပြန်ထိုင်လိုက်တော့ ကျောင်းသားတွေကဆိုး တီးတိုးနှင့် တွတ်ထိုးနေကြသည်။

"ဟေ့ ဒါစာမေးပွဲနော် ကိုယ့်စာကိုယ်ဖြေတော့ အေးကောင်းင်းမဖြေလို့ကတော့ မင်းတို့တောင်းဆိုတဲ့ ကိစ္စကို ဆောရီးဖြစ်ယ်"

ကျားသစ်တွင်းထဲကို ပြုတ်ကျသွားသည့် သားကောင်လို ငြိမ်သွား၏။ သူမပြုံးလိုက်မိသည်။ အနန္တ ကလေးတွေကို ဘယ်လိုစ်ပေါင်းလိုက်သည်မသိ။ အားလုံးက အနန္တ မှ အနန္တ ဖြစ်နေကြ

တည်သစ္စာလည်းအခုမှ ပျော်နိုင်တော့သည်။ သူမ အရိပ်တ်ကို အနန္တက ပြန်လည်ခိုလှုံလာတော့မည်လေ။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဒါ အာကြောင့်လဲတော့ တည်သစ္စာကိုယ်တိုင်လည်းမခ
မြတ်ထတ်တော့။

❀❀❀



## အခန်း (၁၇)

"ဟော့ကောင် မိုးကျော် အဲ့ဒါ အစ်ကို အနန္တ မဟုတ်လား"

မိုးကျော် နှုန်းညွှန်ပြသည့်နေရာကို ကြည့်လိုက်တော့ လူတစ်ယောက်နှင့်စကားပြောနေသော အနန္တကိုတွေ့၏။

"ဟုတ်တယ် အဲ့ဒါ အစ်ကိုမှအစ်ကိုပဲ"

သူ ဝမ်းသာအားရပြောကာ နှန္ဒနှင့်အတူ အနန္တ ရှိရာသို့ထွက်ခဲ့သည်။ အနန္တက စကားပြောနေရာမှ ပြေးလာနေသော သူတို့ကိုမြင်သွားပြီ။

"ဒါဆိုလည်း ဖောင်ကြီးရာ နောက်မှတွေ့မယ်"

"အေး အေး သွားပြီကွာ"

သူခေါင်းညိတ်ပြလိုက်ပြီး လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်၍ မိုးကျော်တို့ အလာကို စောင့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် တွေ့မှတွေ့ပါ့မလားလို့"

"ကျွန်တော်တို့ လိုက်ရှာနေတာ နှစ်ရက်ရှိပြီ တော်သေးတာပေါ့ အစ်ကိုတို့တွေ့လို့"

"ဘာအတွက်လိုက်ရှာနေတာလဲ"

မိုးကျော်နှင့်နန္ဒ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မျက်စပစ်နေသည်။ ကြည့်ရတာတော့ သူပြော ငါပြောဖြစ်နေသည့်ပုံ"

"မင်းတို့နှစ်ယောက် ပြောရောပြောဦးမှာလား"

နောက်ဆုံးတော့ မိုးကျော်က ခေါင်းကုတ်လိုက်ပြီး

"ဟို အစ်ကိုကို ဆရာမက ပြန်ခေါ်ခဲ့ဖို့ ပြောတယ်"

မိုးကျော်က နန္ဒကို နားမလည်သလို တစ်ချက်ကြည့်တော့ နန္ဒကလက်ကုတ်၏။

"လုပ်စားနေပါနဲ့ကွာ မ ငါ့ကိုပြန်မခေါ်မှန်းငါသိပါတယ်"

"ဟာ အဲ့ဒီလိုမဟုတ်ပါဘူး အစ်ကိုရာ ကျွန်တော်တို့ အခု အစ်ကိုကိုလာခေါ်တာလည်း ဆရာမခွင့်ပြုလို့ပါ"

"ဟုတ်ပါတယ် ကျွန်တော်တို့နဲ့ ပြန်လိုက်ခဲ့ပါဗျာ ဆရာမကလည်း အစ်ကို့ကိုစိတ်ပူနေတယ် သူ ထုတ်မပြောပေမယ့်သာ မပြောတာပါ"

"လိုက်ခဲ့ပါဗျာ"

သူ့လက်ကို အတင်းဆွဲခေါ်နေသော မိုးကျော်ကြောင့် သူ့အကျၤ ရှိက်သွားသည်။ ချော့တိုင်း ပျော့ရအောင် သူကစိတ်ကောက်နေသည်လည်းမဟုတ် ပြီးတော့ လာချော့ရအောင်လည်း သူကမိန်းမမှ မဟုတ်ဘဲ၊ သူမိုးကျော်လက်ကို ညင်ညင်သာသာ ဆွဲဖြုတ်လိုက်ပြီး။

"ငါ စိတ်ဆိုးနေတာ မဟုတ်ဘူးနော် အဲ့ဒီတော့ မင်းတို့လာ





စရာ မလိုဘူး ငါထွက်လာတာ ငါ့စိတ်နဲ့ငါ့ကိုယ်မို့လို့ပါကွာ စိတ်ပါနဲ့"

"မပူဘဲနဲ့ နေမလားဗျ အစ်ကိုကသာ ကျွန်တော်တို့ကို မခင် ကျွန်တော်တို့က အစ်ကို့ကိုခင်သွားလို့ အခုလိုလိုက်ခေါ်နေတာ"

"ရော် ခက်ပြီ"

"ဘာမှ မခက်ဘူး အစ်ကို ကျွန်တော်တို့နဲ့ ပြန်လိုက်ခဲ့ရင် လုံးပြီးပြီ ကျွန်တော်တို့လည်း စိတ်ချမ်းသာ ဆရာမလည်းပျော် ကိုလည်း ဘာမှပူစရာ မလိုတော့ဘူးပေါ့ ပြီးတော့စာမေးပွဲလည်း ပြီ အစ်ကိုရဲ့"

သူ တစ်ချက်စုပ်သပ်လိုက်သည်။

"ကျွတ် မင်းတို့ကွာ ငါ့ဘာသာ အေးအေးဆေးဆေးနေပါရ "

"မရဘူးဗျာ"

မိုးကျော်နဲ့ နန္ဒက တဖြည်းဖြည်း ဖွတ်ဆန်လာသည်။သူကြ

"မ ကိုလာခေါ်ခိုင်းလိုက်"

"ဗျာ"

"ပြောလိုက် အဲဒီအတိုင်း သူ့လာမခေါ်ရင် ငါလည်း ပြန် တော့ဘူး"

"ဟာဗျာ အဲ့ဒါကတော့ မလုပ်ပါနဲ့"

သူ နန္ဒကို လက်ကာပြလိုက်ပြီး။

"တော်ပြီကွာ နန္ဒ လုံလောက်သွားပြီ မ ကိုပြောလိုက်ဦး ယ်ဘက်ပါးက အခုထက်ထိ နာနေတုန်းပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟာ တဗျာဗျာနဲ့ကွာ မကို အဲ့ဒါသာပြောလိုက် လာခေါ်မယ်ဆိုရင် ငါ ပတ်(စ်)ရှိုင်ရယ် ဟိုတယ်မှာ တည်းနေတယ်လို့ ပြောလိုက်ကဲ သွားပြီ"

သူ မိုးကျော်နဲ့ နန္ဒကို လက်ပြနှုတ်ဆက်ကာထွက်ခဲ့သည်။ သူတို့နှစ်ယောက်ကတော့ ကြောင်တောင်တောင်ဖြစ်ရင်း ကျန်ခဲ့သည်။ အနန္တ ကိုယ်တိုင်လည်း မ ရှိတဲ့နေရာဆီ ပြန်ချင်ပါသည်။သို့သော် ကိုယ့်ဘက်ကတော့ ဘယ်တော့မှ အလျှော့မပေးနိုင်။ ဒါကြောင့်လည်း မ ကိုယ်တိုင်လာခေါ် ခိုင်းလိုက်တာဖြစ်သည်။

မ တကယ်သာ သူ့ကိုလာခေါ်ခဲ့လျှင် သူတကယ်ပြန်လိုက်သွားမိမည်မှာ အသေအချာပင်ဖြစ်၏။

ကျွန်တော် မ ကိုချစ်နေပြီထင်တယ်။

❀❀❀



## အခန်း (၁၈)

"မေမေ"

"ဟင် ဘာလဲ သမီးရဲ့"

"မေမေတို့ သမီးကို စေ့စပ်ပေးမယ့်သူက အနန္တ မဟုတ်ဘူးဟင်"

"အဲ့မယ် မေမေ့ဂါမီးက ဘာစိတ်ကူးတွေ ပေါက်ပြီးလာမေးတာလဲ စိတ်မဝင်စားဘူးဆို"

"သမီးက စိတ်မဝင်စားပါဘူး မိဘစကားကို အားနာလို့ ထောင်ပေးမလို့ လုပ်နေတာကိုများ"

"ဟယ် သမီး တကယ်ပြောတာလား"

မေမေပျော်သွားတာများ ဆိုဖာပေါ်က ထခုန်တော့မတတ်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက သတင်းစာကို ဒေါ်မေကြည် စာပွဲပေါ် တင်ထားလိုက်သ

"မသေတော့ မသေချာသေးဘူးနော် သမီးက စဉ်းစာ
စဉ်းစားဦးမှာ"

"အမလေး သမီးရယ် စဉ်းစား ကြိုက်သလောက်စဉ်း
အနန္တတို့က ချမ်းလည်း အရမ်း ချမ်းသာတာ သမီးရဲ့ ပြီးတော့လ
အနန္တက ရုပ်ချောတယ် ဆရာဝန်လည်း ဆရာဝန် ဆိုတော့ ပြီးပြီ
အံကိုက်ပဲ"

"မင်း ထင်သလို တို့က ဆရာဝန် မဟုတ်ဘူး"

သူမ အနန္တပြောစကားကို ပြန်လည်ကြားယောင်မိ၏။ ဆရ
ဖြစ်နေလျက်နှင့်တော့ ဆရာဝန် မဟုတ်ဘူးဟု ပြောမှာမဟုတ်။ ဒ
အနန္တ မေမေနဲ့ ဖေဖေကသူမတို့ကို လိမ်ညာနေတာလား။ ဒါလ
မဖြစ်နိုင်၊ တစ်သက်လုံး ခမည်းခမက်တော်ရမည့်ကိစ္စမှာ ဒါမျိုး
မည်မဟုတ်။ ဒါဆို သူက ဘာလဲ။ တွေးရင်းနှင့် သူမ စိတ်ရှုပ်လာသ

"မေမေ အနန္တက အသားဖြူဖြူ အရပ်ရှည်ရှည်နဲ့လာ

"ကိုအနန္တ လုပ်ပါသမီးရယ်"

"ဟင် မေမေ ပြောတော့ နှစ်ဆယ်ကျော်လေးဆို"

"အဟင်း နှစ်ဆယ့်ငါးကျော်ပြီ သမီးရဲ့"

"ဒါဆို သူက သမီးထက် ငါးနှစ်တောင်ကြီးတာပေါ့ 
မထင်ရပါလား"

သူမက သူမအတွေးနှင့်သူမ ပြောလိုက်သော်လည်း မေ
ကတော့ မသိရှာ။

"ကြော် သမီးရယ် ဆရာဝန်ပဲဖြစ်နေပြီ ဒီလောက်အသ
တော့ ရှိတော့မပေါ့ ပြီးတော့ သူက ဒီမှာနေတာမဟုတ်ဘူး သ





ကလောမှာ သမီးဆုံးဖြတ်ချက်ချ ပြီးပြီဆိုမှ ရန်ကုန်ကို ပြန်လာမှာ"

"ရှင်"

တကယ်ကို သူမ အံ့သြရပြီ။ ဟိုတစ်နေ့ရက်မှ အနန္တနှင့်သူမ
တက်ပီး စားသောက်ဆိုင်မှာတွေ့ခဲ့သေး၏။ ဒါကို အခု မေမေက က
လောမှာတဲ့ ဘာတွေလဲ။

"ဘာဖြစ်တာလဲ သမီးရယ် အလန့်တကြား"

"မဟုတ်သေးဘူး မေမေ သမီး သူ့ကို ဟိုတစ်နေ့ကပဲတွေ့
တယ်"

"ဟင် ဟုတ်လား နေစမ်းပါဦး သမီးက အနန္တကိုမြင်ဖူးလို့
လား"

"ဟင့်အင်း မမြင်ဖူးဘူး သူကပဲသူ့ကိုယ်သူ အနန္တလို့ ပြောသွား
တာ ပြီးတော့ ပြောသေးတယ် သူက ဆရာဝန် မဟုတ်ဘူးတဲ့"

"ဟင် ဘာတွေလဲ နဒီပြောတော့ သူ့သားက ဆရာဝန်တဲ့
ဘွဲ့တောင် ရပြီးပြီဆိုပဲ"

"သမီးလည်း မသိတော့ဘူး"

"နေပါဦး သူ့သားကရောသမီးကို သမီးမှန်း ဘယ်လိုသိသွား
တာလဲ"

"ဒီလို မေမေရဲ"

သူမ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တော့ မေမေက နှုတ်ခမ်း
ခဲ့၏။

"ဟွန်း သူကပဲ ချစ်သူရှိတယ် မစေ့စပ်နိုင်ဘူးလေး ဘာလေး
နဲ့ အဲ့ဒီ နဒီကလည်း ဘာတွေစီစဉ်နေမှန်းလည်းမသိဘူး သူ့သားက
အချစ်ကိစ္စ လုံးဝကင်းပါတယ်တဲ့ ဘာတွေပြောမှန်းလဲကို မသိဘူး



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်တယ် သမီးရယ် သမီးသူ့ကို ခေါင်းထဲက ထုတ်ပစ်လိုက်တော့"

"ရှင်"

"ဘာဖြစ်လို့လဲ"

"ဟို သမီး သူနဲ့စေ့စပ်ချင်တယ် မေမေ သမီးသူ့ကို ဟို ကြိုက်လို့"

"ဘုရားရေ မြန်လှချည်လား ပြီးတော့ ဟိုက သမီးကို ပစ်ပစ်ခါခါ ငြင်းသွားတဲ့သူ ငါ့သမီးက မာနတွေ ဘယ်ရောက်ကုန်ပြီ လည်း"

"အရည်ပျော်ကုန်ပြီ မေမေ"

"အမလေးနော် ဖြူကြည်ရယ် မေမေတော့ စိတ်ညစ်တယ် စစချင်းကတော့ ဒါတွေကို စိတ်မဝင်စားဘူးတဲ့ အခုကျတော့"

"မေမေနော် သမီးက စေတနာနဲ့ကို"

ဖြူကြည် မျက်စောင်းထိုးတော့ မေမေကရယ်သည်။

"အဟင်း ဟင်း မေမေ့သမီးလေးဟာလေ ဒါပေမဲ့ မေမေ နဒီနဲ့ သွားတွေ့ပြီး မေးကြည့်ပါဦးမယ်"

"ဟာ မေမေကလည်း ဆရာဝန် မဟုတ်လည်း ဘာဖြစ် လဲ မဟုတ်ဘူးလား"

"နေစမ်းပါဦး သူက အဲ့ဒီလောက်တောင်ချောလား"

"ဟင် ဘာဖြစ်လို့လဲ မေမေရဲ့"

"အမလေး ညည်းအမေပါနော် မချောဘဲနဲ့ သမီး ဒီလောက် ထိ သည်းသည်းလှုပ်မှာ မဟုတ်ပါဘူး"

"အဟင်း ဟုတ်တယ် သူက အရမ်းချောတာ ကိုရီးယား မင်းသားတွေထက်ကို ချောတာ"

(စိုးမိုးစာပေ)



"ဟုတ်ပြီ"

"တကယ်ပြောတာ မေမေရဲ့ မေမေမြင်ရင် မေမေပါ ကြွေ သွားမယ်"

"တော်ပါ သမီးချစ်သူကို အမေကကြွေလို့ရမလား"

"ချစ်သူ မဟုတ်ပါဘူး မေမေရယ် ဟိုက ခါးခါးသီးသီးရယ်"

သမီးဖြစ်သူ မျက်နှာလေးညှိုးသွားတော့ ဒေါ်မေကြည် စိတ် ကောင်းနိုင် သမီး၏ ဆံစလေးတွေကို သပ်တင်ပေးလိုက်ပြီး

"သမီးကလည်း သမီးတကယ် သဘောကျရင် မရနိုင်ဘဲနေ လား ဒီမှာ မေမေ နဒီ့ကို သေချာပြောပြီး မေမေတို့တွေ မိသားစု ချင်းဆုံကြမယ် ဘယ်လိုလဲ"

"ဟာ ကောင်းတယ် ကောင်းတယ် အဲ့ဒါကြောင့်မေမေ့ကို သမီးချစ်တာ အနန္တကိုသာ ပိုင်ရလို့ကတော့ ကျောင်းကိုခေါ်သွား ကို ကြွားမှာ အဟင်း အားလုံးသမီးကို အားကျကြမှာ သေချာတယ်"

လက်မထောင်လျက် မြူးမြူးလေး ပြောလာသောသမီးလေး ကြောင့် ဒေါ်မေကြည် ရယ်လိုက်မိသည်။ ကိုယ့်မှာ ဒီ သမီးလေးတစ် ယောက်ကို ပိုမွေးသလို မွေးခဲ့ရတာ။ ဒါကြောင့်ဒီသမီးလေး မျက်နှာကို ညှိုးမခံနိုင်။ ဒေါ်မေနဒီနှင့် သူမ သေချာတွေ့မှကိုရမှာပါ။

ဒေါ်မေကြည်သမီးလေးကိုရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပါသည်။

❀❀❀

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"နန္ဒ ဆရာမကို မင်းပဲ ပြောလိုက်တော့ကွာ"

"အွန် မင်း သိပ်နစ်နာနေဦးမယ်"

"ဒီလိုပဲပေါ့ကွာ သူငယ်ချင်းဆိုတော့လည်း အနစ်နာခံရ... ပေါ့"

"နောက်မနေနဲ့ မိုးကျော် အစ်ကို အနန္တကို ဒီကိုပြန်လာ... က ဒီတစနည်းပဲ ရှိတယ် အဲ့ဒီတော့ မင်းရော ငါရော ဆရာ... ပြော မှကိုဖြစ်မှာ ဘယ်လိုလဲ မင်းပြောမှာလား မပြောဘူးလား"

"ပြောရမှာပေါ့ကွာ ဒါပေမဲ့ ဆရာမ အကြောင်းလည်... မင်းသိသားနဲ့"

"မင်ကလည်း ကြောက်တတ်လိုက်တာ စစချင်း ဘယ်သူ...





...အစ်ကို့ကိုမခေါ်တော့လည်း မင်းပဲလိုက်စည်းရုံးတယ် ဟော အခု ...အားလုံးက တက်တက်ကြွကြွ ဖြစ်နေတော့ မင်းက သူ့ရဲ့ဘောကြောင် ...နေတယ် မင်း ပထမတုန်းက ဘယ်ကသတ္တိတွေနဲ့ ဆရာမကို ခွင့် ...သွားတောင်းတာလဲ"

"အဲ့ဒီတုန်းက သူ့ကိုရှာခိုင်းတာမှ မဟုတ်တာကွ အခုဟာက ...င်းပဲစဉ်းစားကြည့် ငါတို့ ဘာသာပြန်ခေါ်လာရင်တောင် ...သူ့ရှေ့ခေါ်မလာ နဲ့လို့ပြောထားတာကို သူ့ကိုသာ သွားခေါ်ခိုင်းရင် ...ဒီကိုပါးရက် သွားမှာပေါ့"

"ဒါပေမဲ့ မင်းက စာတော်တာကိုးကွ"

"အံမယ် မင်းကကျတော့ မတော်တာကျနေတာပဲ၊ ပထမဆုံး ...တဲ့စာမေးပွဲမှာ မင်းရောငါရော လေးဘာသာဂုဏ်ထူးနဲ့အောင်တဲ့ ...ကိုပဲ"

"ထားပါကွာ"

"မထားဘူး ဟော့ကောင် လုံးဝမရတော့ဘူး အဲ့ဒီတော့ မင်း ...သွားပြော မပြောလို့ လုံးဝကိုမရတော့ဘူး တစ်ယောက်တစ်လှည့်ပဲ"

မိုးကျော်ကအပြတ်ပြောသည်။ နန္ဒ ခေါင်းကုတ်လိုက်ပြီး

"မိုးကျော် နှုတ်ဆက်ခဲ့တယ်ကွာ"

"ဟင် ဘာဖြစ်လို့"

"ဆရာမက ငါ့ကို ကျောင်းထုတ်မှာလားတောင် မသိဘူး ...ဒီတော့ တစ်ချိန်ချိန်ပြန်ဆုံကြတာပေါ့"

"ချီးတဲ့မှပဲ"

မိုးကျော်က နန္ဒခေါင်းကိုရိုက်တော့ နန္ဒ တခွီးခွီးရယ်သည်။

"ကဲ သွားပြောစမ်းပါကွာ ငါအပြင်မှာစောင့်နေမယ် အခြေ...



www.burmeseclassic.com

www.burmeseclassic.com



အနေမကောင်းရင် ငါပါဝင်ခဲ့မယ်"

"အခြေအနေကတော့ ကောင်းမှာမဟုတ်ဘူး အဲ့ဒီတော့ တ ... ခါတည်း ငါနဲ့လိုက်ခဲ့"

မိုးကျော် မျက်လုံးပြူးပြလိုက်တော့မှ နန္ဒကလက်ပြလျ ... ဆရာမ အိမ်ထဲဝင်သွားသည်။

အဲ့ဒီကောင် တကယ့်လူနောက်။

"ဆရာမ ကျွန်တော်ဝင်ခဲ့မယ်နော်"

တံခါးပေါက်ဝက ခေါ်သံကြောင့် ကုလားထိုင်၌ထိုင်၍ မဂ္ဂ ... ဖတ်နေသော သစ္စာလှမ်းကြည့်လိုက်သည်။

ခါးကိုင်းကာ လက်နှစ်ဖက်ကို နောက်ပစ်ထား၍ ခွင့်တော ... နေသော နန္ဒကိုတွေ့သည်။

သစ္စာ ခေါင်းညိတ်ပြလိုက်တော့မှ နန္ဒကအိမ်ထဲဝင်လာ ... သူမ မဂ္ဂဇင်းမှာအုပ်ကို ကတ်ထူပြားလေးညှပ်ကာ ပိတ်ထားလိုက်သ ...

"ပြော နန္ဒ"

ကြည်လင်နေသော ဆရာမမျက်နှာလေးကိုကြည့်ရင်း န ... အားအင်တွေ ဆုတ်ယုတ်ကုန်သည်။

သူပြောလိုက်သော စကားကြောင့် ဆရာမ ဒေါသထွက်သွ ... ခဲ့လျှင်။ သူတွေးရင်းကြက်သီးထလာသည်။ သူရဲဘောကြောင်တယ် ... ပြောလျှင်လည်း ပြောပါစေတော့။

"နန္ဒ ဘာကြောင့်ကြည့်နေတာလဲ ဆရာမဆီကိုဘာလာ ... တာလဲ"

"ဘာမှ မလုပ်ပါဘူး ဟို ဒီနေ့ ကျွန်တော်တို့အတွက် ဘာ ... ချက်တာလဲ သိချင်လို့"





"ဟင် ခဏနေပဲ စားရတော့မယ့်ဟာ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ကျွန်တော်နည်းနည်း ဗိုက်ဆာလာလို့"

"အာ စားရမယ် စားရမယ် သွား"

"ဟုတ် ဟုတ်ကဲ့"

နန္ဒ ပြောပြီးပြီးချင်း အပြင်ကိုထွက်လိုက်၏။ အိမ်အပြင်တွင် ... င့်နေသော မိုးကျော်ကတော့ ဝမ်းသာအားရဖြင့်။

"ဘယ်လိုလဲ နန္ဒ အခြေအနေကောင်းလား"

"အေး ကောင်းတယ်ကွ ဒီနေ့ ငါတို့ကို စောစော ထမင်း ... ကျွေးမယ်တဲ့"

"ဟေ ဟုတ်လား ဒါဆိုကောင်း ဟမ် နေစမ်းပါဦး မင်းငါ ... ိုင်းလိုက်တာ အစ်ကိုအနန္တကိစ္စလေ"

"ငါလည်း အဲ့ဒါပဲ မေးမလို့ကွ ဒါပေမဲ့ အိမ်ထဲရောက်တော့ ... ခန်းက မွှေးနေတာနဲ့ မေးခွန်းတွေ ကမောက်ကမဖြစ်ကုန်တာ"

မိုးကျော်ဘာမှ မပြောတော့ပဲ နန္ဒ ကျောကုန်းကို လက်နှစ်ဖက် ... တွန်းကာ အိမ်ထဲကိုထပ်သွင်းလိုက်သည်။

"ဟာ ဟေ့ကောင် မလုပ်နဲ့ မလုပ်နဲ့"

အသံကြောင့် တည်သစ္စာ လှမ်းကြည့်လိုက်တော့ နန္ဒ။

ဒီကောင်လေး ဘာဖြစ်နေသည်မသိ။

သူမ ထိုင်ခုံမှထကာ နန္ဒဆီသို့ လျှောက်ခဲ့သည်။

"ဘာဖြစ်လာပြန်ပြီလဲ"

သူမ အရှေ့ရောက်မှနောက်ကတွန်းနေသော မိုးကျော်ကို ... သည်။ မိုးကျော်က သစ္စာကိုမြင်သွားတော့ လှစ်ခနဲပျောက်သွား၏။ ... ာ မိုးကျော် အတင်းတွန်းနေတာကို နန္ဒက ကျောနှင့်ပြန်ခံထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အခု မိုးကျော် မတွန်းတော့ဘဲ ပျောက်သွားတော့ နန္ဒကိုယ်
ရှိန်ကို မထိန်းနိုင်တော့ဘဲ လှေကားပေါ် ပက်လက်လန်ကာပြုတ်ကျသည်
သစ္စာ နန္ဒလက်ကို အမိ ဖမ်းသော်လည်း အချိန်မမီတော့

"ဘုန်း"

"ဟဲ့ ဟဲ့ ဒုက္ခပါပဲ"

တော်ပါသေးသည်။ လှေကားကသုံးထစ်ပဲရှိ၍ နန္ဒဖင်နဲ့ထိုင် တာမို့ ဘာမှမဖြစ်လိုက်။ သို့သော် တော်တော်လေးတော့ နာသွားပုံ ထင်သည်။ နန္ဒက စင်္ကြံလမ်းပေါ်မှာ ပက်လက်ကလေး။ သူမလှေကား ပေါ်မှ ပြေးဆင်းကာ နန္ဒကိုသွားထူလိုက်သည်။

"ထ ထ နန္ဒ ဘယ်နားနာသွားသေးလဲ မိုးကျော်တို့ စွာတို့ ဘယ်ရောက်ကုန်ပြီလဲ"

သူမအော်လိုက်တော့မှ မိုးကျော် ပြေးထွက်လာသည်။

"မိုးကျော် ဒီကိုလာစမ်း ဒီမှာ မင်းကြောင့် နန္ဒ ချော် သွားပြီ"

"ဟို ကျွန်တော့်ကြောင့် မဟုတ်ပါဘူး သူ့ဘာသာသူ လဲတာပါ"

"တော်စမ်း"

သစ္စာ နန္ဒကိုလက်ထဲမှာ ကိုင်လျက်သားနှင့် အော်လို သည်။

" ဟော့ကောင် နန္ဒ ပြောလိုက်လေကွာ"

"ဟုတ်ပါတယ် ဆရာမရယ် ကျွန်တော့်ဘာသာ ကျွန်တော် လဲတာပါ"

နန္ဒက မိုးကျော်ကိုကာပြောလိုက်သည်။





"ဟာ အဲ့ဒါကို ပြောနေတာ မဟုတ်ဘူး ဟိုကိစ္စကိုပြောနေတာ"

ဆရာမရှေ့မှာတောင် ဟန်မဆောင်နိုင်တော့ဘဲ နန္ဒကို မိုးကျော်က အတင်းပြောခိုင်းနေသည်။

သစ္စာ ဘာမှနားမလည်နိုင်။ သို့သော် နန္ဒ မျက်နှာကတော့ ခပ်လန့်လန့် ဖြစ်နေသည်။

"ဘာတွေလဲ နန္ဒရယ် ဆရာမကို ပြောစမ်းပါဦး"

"ဟို ဟို"

"ဟော့ကောင် ပြောလိုက်လေကွာ"

"နေစမ်းပါဦး မင်ကလည်းတမှောင့် ဒီမှာနာရတဲ့အထဲ ဟို ဒီလိုပါ ဆရာမ ဆရာမခွင့်ပြုလို့ ကျွန်တော်တို့ အစ်ကို အနန္တကို ရှာတော့ တွေ့တယ် ဆရာမ"

သစ္စာမျက်နှာလွှဲလိုက်သည်။

"အဲ့ဒါ ဘာဖြစ်လဲ"

နန္ဒက ဆက်မပြောတော့သလို မိုးကျော်ကိုတစ်ချက်ကြည့်တော့ မိုးကျော်ကတော့ ပြောလိုက်ဆိုသည့် သဘောနှင့် မေးငေါ့ပြနေ၏။ နန္ဒမထူးစိတ်ပိုက်ကာ ဆက်ပြောရန်ပြင်လိုက်သည်။

"ဟို အစ်ကိုက ဆရာမ သူ့ကိုပြန်လာခေါ်ရင် သူလိုက်မယ် တဲ့"

"ဘာ"

သစ္စာ ဒေါသထွက်ပြီး နန္ဒကိုကိုင်ထားသောလက်ကိုလွှတ်လိုက် တော့ နန္ဒ လူ့သွား စင်္ကြံပေါ် ဘုန်းခနဲ ပြုတ်ကျ၏။

"ဘုန်း"

"အား သေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နန္ဒ ဘာဖြစ်သွားသေးလဲ"

"ဒီမှာပြုတ်ကျသွားတာပေါ့ကွ ဘာဖြစ်လဲ သိချင်ရင်မင်းစခဲ့ကြည့်ပါလား"

တည်သစ္စာ ချက်ချင်းမတ်တပ်ထရပ်လိုက်တော့ မိုးကျော်က လိုက်ရပ်သည်။ နန္ဒကလည်း ကျိုးထောကာရပ်၏။

"သူက အဲ့ဒီလိုပဲ ပြောလား"

"ဟုတ်"

"မဟုတ်သေးဘူး ဆရာမ အစ်ကိုက ပြောသေးတယ် သူ ဘယ်ဘက်ပါးက နာနေတုန်းပဲတဲ့"

"ဟင်"

တပည့်နှစ်ယောက်ရှေ့မှာ ကိုယ့်ကိုယ်ကို ထိန်းလိုက်သော်လည်း မျက်နှာကတော့ ပူမိသည်။ ဒီနှစ်ယောက်က ဝေါ့းတွေမှ မဟုတ်ဘဲ အနန္တ ပြောတဲ့စကား အဓိပ္ပာယ်ကို နားလည်မှာ သေချာ၏။ ဒါက အရှိအသေတန်နိုင်သော ကိစ္စ။ ဒါကို အနန္တက သက်သက်မဲ့ သူမကို အရှက်ရအောင် ပြောလိုက်တာလား။

"ဆောရီးပဲ မိုးကျော် ဆရာမ မင်းတို့ကို ခွင့်ပြုထားတဲ့ ကိစ္စ ပြန်ရုပ်သိမ်းပြီးတယ်"

သူမပြောပြီးချင်း အိမ်ထဲကိုပြန်ဝင်ခဲ့သည်။

မိုးကျော်နှင့်နန္ဒကတော့ အားလုံးကိုသဘောပေါက်သွားပြီ ဖြစ်၏။ ဆရာမက အစ်ကို့ကို ကိစ္စတစ်ခုခုကြောင့် ရိုက်လိုက်၍ အစ်ကိုစိတ်ဆိုးပြီး ထွက်သွားခြင်းဖြစ်မည်။ ခက်တာက နှစ်ယောက် စလုံးက မာနကိုယ်စီနှင့်။ ဆရာမက သွားခေါ်ဖို့လည်း မဖြစ်နိုင်။

ဒါဆို သူတို့အစ်ကို အနန္တနဲ့ တစ်သက်လုံးမတွေ့ရတော့





ဘူးလား။ မိုးကျော်နဲ့နန္ဒတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အဓိပ္ပာယ် ပါပါ ပြုံးလိုက်သည်။

ကျွန်တော်တို့ကို စိတ်မဆိုးပါနဲ့ ဆရာမရယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

တည်သစ္စာ ကိုယ့်အခန်းထဲမှာကိုယ် အနန္တအကြောင်းစဉ်းစား
နေမိသည်။

အနန္တက သစ္စာ ခေါ်မှလာမှာတဲ့လား။

ဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်။ အနန္တကို သံယောဇဉ်
ရှိတော့ မဟုတ်။ ရောက်တာဘယ်လောက်မှ မကြာသေးပေမယ့် အနန္တ
ကို သူမ သံယောဇဉ်တွယ်မိတာ အမှန်ပင်ဖြစ်သည်။ သွားခေါ်ပြီ
မင်းငါနဲ့ အချုပ်နှိပ်လိုက်ခဲ့ဟု ခပ်မာမာပြောပစ်လိုက်ချင်သော်လည်း မာန
ခံနေသည်။ ဘာပဲပြောပြော သွားခေါ်ပြီဆိုကတည်းက ကိုယ်ကရှုံးပြီသာ

"သမီးရေ တည်သစ္စာ"

အန်တီလုံးက သူမ အခန်းတံခါးကိုတောင် မခေါက်တော့





တန်းဖွင့်၍ ကပျာကယာ ပြေးဝင်လာသည်။

"ဘာတွေ အရေးကြီးနေလို့လည်း အန်တီလုံးရဲ့"

"ဟို ဟို ကောင်လေး အနန္တ ရန်ဖြစ် ရန်ဖြစ်လို့တဲ့"

အန်တီလုံးက ရင်ဘတ်ကိုဖိလျက် တစ်လုံးချင်းပြောသည်။
အန်တီလုံးစကားအဆုံးမှာ တည်သစ္စာ အခန်းထဲမှပြေးထွက်ပြီးသား
ဖြစ်နေသည်။ ဘယ်မှာလဲတောင်မမေးမိ။

အောက်ထပ်ရောက်တော့ နန္ဒနှင့်တွေ့သည်။

"ဆရာမ အစ်ကိုဆီ သွားမလို့မဟုတ်လား"

သူမချက်ချင်း ခေါင်းညိတ်ပြလိုက်မိသည်။

"အစ်ကို လပြည့်ဝန်းပလာဇာက စားသောက်ဆိုင်ခန်းတွေ
ဘက်မှာရန်ဖြစ်တာတဲ့"

တည်သစ္စာ ဘယ်နေရာလဲဆိုတာကိုသိသည်နှင့် ချက်ချင်းပြေး
ထွက်ခဲ့သည်။ တော်ပါသေးသည် အိမ်နှင့်ထိုပလာဇာက နီးသဖြင့်
ခဏလေးပဲပြေးလိုက်ရသည်။

လပြည့်ဝန်းကို ရောက်သည်နှင့် သစ္စာ စတုတ္ထထပ် စား
သောက်ဆိုင်ခန်းတွေ ရှိရာဆီ ပြေးတက်ခဲ့၏။

ထို စားသောက်ဆိုင်ခန်းတွေရှိရာ ဖု(ဒ်)ကော်နာ( food cor-
ner) ကိုရောက်တော့ စားပွဲလွတ် တစ်လုံးမှာ အခန့်သား ထိုင်နေသော
အနန္တကို တွေ့လိုက်ရ သည်။ သူမ စိတ်ပူပူနှင့် အနန္တဆီ လျှောက်သွား
တာ အနန္တပခုံးကို ဆွဲလှည့်လိုက်သည်။ ရန်ဖြစ်ထားသည်ဆိုတော့
အနည်းဆုံး နှုတ်ခမ်းမှာ သွေးတော့စို့နေသည်ထင်၍ ဖြစ်သည်။

"ဟင်"

ကိုယ်တော်ချောက သူမဘက်လှည့်လာတော့ မျက်နှာကရှင်း



www.burmeseclassic.com

www.burmeseclassic.com



သန့် ဖြူဖွေးနေသည်။ ဆံပင်ကလည်း ပုံသွင်းထားသည့် အတိုင်းပဲ တစ်မျှင်ဒီတစ်မျှင်၊

ဒါရန်ဖြစ်ထားသည့်ပုံစံလား။

"မင်း ရန်ဖြစ်တယ်ဆို"

သူမ သက်သာမကောင်းမေးတော့ အနန္တမျက်ခုံးနှစ်ဖက်မြင့်တက်သွားသည်။ သူဖြစ်နိုင်ခြေ အရှိဆုံးကိုစဉ်းစားလိုက်တော့ မိုးကျော်နဲ့ နန္ဒ။

"အစ်ကိုကို ဆရာမက လပြည့်ဝန်း ဖုန်စင်တာမှာ စောင့်နေလို့ ပြောတယ်"

ဒီကောင်တွေလက်ချက်ပဲဖြစ်မည်။

"အင်း ဖြစ်တော့ဖြစ်တယ် ဒါပေမဲ့ ပြီးသွားပြီ"

သစ္စာ သူ့နံဘေးရှိ ခုံကိုဆွဲယူကာ ထိုင်ချလိုက်ပြီးမှ

"မင်းရန်ဖြစ်တယ်ဆိုတာ ညာပြောတာမဟုတ်လား"

"ဘာဖြစ်လို့"

"ဒါရန်ဖြစ်ထားတဲ့ ရုပ်လား ဆံပင်ကလည်း ပုံမပျက် ရုပ်ကလည်းမပျက် အင်္ကျီတွေကလည်း တောင့်တင်းနေတာနဲ့များ လိမ်ရင်လည်း ယုတ္တိရှိအောင်လိမ်ရတယ်"

"ဟာ မ ကလည်း ရန်ဖြစ်တိုင်း ကွဲပြဲ ကြေမွပြီး ဒဏ်ရာရမှာလား ကျွန်တော်က စကားများရုံပဲ များတာ ဘေးကလူတွေ ဝင်ဖြန်ဖြေတော့ ပြီးသွားတာပေါ့"

"ထပ်လိမ် သီလား ထပ်လိမ် မင်းအလိမ်ပေါ်စေချင်ရင် ချက်ချင်း စာပွဲထိုးတစ်ယောက်ခေါ်မေးလိုက်လို့ရတယ် ဒါပေမဲ့ မလိုတော့ပါဘူး ဒီလိုနည်းနဲ့ မင်းဆီငါရောက်လာအောင် ကြိုးစားတာ တောင်း





ခန်ပါတယ် ငါက ဆရာမ တစ်ယောက်အနေနဲ့ ကိုယ့်တပည့်ဆိုတော့ လိုက်လာရတာပေါ့ ဒါပေမဲ့ မင်းကိုတော့ ပြန်ခေါ်လိမ့်မယ် မထင်နဲ့ မင်းဒီလို တစ်ခါလိမ်ဖူးတဲ့ အတွက် နောက်တစ်ခါ မင်းရန်ဖြစ်တယ် ဆိုပြီး ပြောလာရင် တကယ် ဟုတ်ဟုတ် မဟုတ်ဟုတ် ငါဘယ်တော့ မှလာတော့မှာ မဟုတ်ဘူး"

ဒေါသကထွက်တော့ အရင်က ငါဟု သုံးနှုန်းလျှင်မုန်းသော သစ္စာက အခု မင်းတွေငါတွေဖြစ်ကုန်သည်။ သစ္စာ အတွက်မို့ ပြင်တော့ အနန္တက လက်ဖြင့်ကာသည်။

"မင်းလက်ကိုဖယ်နော်"

"ကျွန်တော် မ ကိုလုံးဝမထိဘူးနော် ဒီအတိုင်းပဲ ခဏရပ် ဒီပြောတာ ကျွန်တော် ပြောတာကို မ နားထောင်ပေးပါ ကျွန်တော်မှား တယ်ဆိုတာ ကျွန်တော်ဝန်ခံတယ်"

တည်သစ္စာ သူ့ကိုအံသြသလိုမော့ကြည့်သည်။

"ဒါပေမဲ့ မ လည်းမဲ မှားတာကိုဝန်ခံရမယ်"

"ဆောရီးပဲ တို့မမှားဘူး"

အနန္တ ကြိတ်ပြုံးလိုက်သည်။ အခုနကတော့ ငါ အခုကျတော့ တို့ ပြန်ဖြစ်သွားပြီဆိုတော့ အခြေအနေ ကောင်းလာသည့်သဘော။

"အဲဒီလိုလုပ်မနေနဲ့ရဘူး ကျွန်တော်က သက်သက်မဲ့ မ ကို နိုင်ကျင့်တာမှ မဟုတ်တာ မ ကကျွန်တော့်ကို စကားနာထိုးတော့ ညှပ်မိလုပ်ရာလုပ်မိသွားတာ"

အနန္တ အသံက လိုတာထက်ပိုကျယ်သွားတော့ ဘေးဘီက လူတွေ သူမတို့ကို လှမ်းကြည့်လာသည်။

"မင်း အရှက်မရှိဘူးလား တိုးတိုးပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခပ်ရှက်ရှက်နှင့် တိုးတိုးပြောတော့ သူက ကျွတ်ခနဲ တစ်ချက်စုပ်သပ်လိုက်ပြီး

"ဟေး ပိုက်ဆံရှင်းမယ် စားပွဲပေါ်မှာထားခဲ့ပြီ ပိုတာမင်း ယူလိုက်"

သူက စာပွဲထိုးကို ထိုတစ်ခွန်းပဲ ပြောကာ သူမလက်ဖျံလေးကို ဆုပ်ကိုင်လျက် ဆိုင်ထဲမှ ထွက်လာသည်။

သစ္စာလည်း ဆိုင်အပြင်ရောက်မှ ကိုင်ထားသည့်လက်ကို ရှန်းလိုက်ပြီး

"မင်းစကားပြောရင် လက်မပါဘဲနဲ့ပြောလို့မရဘူးလား'

"အဲဒီလို ပြောစေချင်ရင် မ ငြိမ်ငြိမ်လေး နားထောင်ပေါ့"

"ဘာလဲ မင်းက အကျပ်ကိုင်တာလား"

"မဟုတ်ပါဘူး ရိုးရိုးပြောတာပါ ထားပါ မ ဝန်ခံလား"

"ဘာကိုလဲ"

"မသိချင်ဟန် မဆောင်ပါနဲ့ဗျာ မ ကျွန်တော့်ကို ရိုက်တာကို ပြောတာ တကယ်ပြောတာ အဲ့ဒီတုန်းက တကယ်နာတယ် လူနာတာ ထက် အသည်းက ပိုနာသွားတာ အဲ့ဒါကြောင့်လည်း ထွက်လာတာ"

"တို့ ရိုက်လိုက်တာ မှားတယ်ပဲထားပါဦး မင်းက ဘာလို့ ဘာမပြော ညာမပြောနဲ့ ထွက်သွားတာလဲ"

"ဟာ ထားပါဦး မရဘူးလေ ကျွန်တော်က အတိအလင်း ဝန်ခံတာကို လိုချင်တာ"

"အတိအလင်း ဝန်ခံရအောင် မင်းက တို့ရည်းစားလား"

သူမလွှတ်ခနဲ ပြေစလိုက်ပြီးမှ ကိုယ့်စကားကိုယ် ပြန်သတိ ရသွားကာ ရှက်သွား၏။ အနန္တကတော့ ပြုံးနေသည်။

(စိုးမိုးစာပေ)



"တို့ မှားတယ် ဒါပေမဲ့ မင်းလည်းမှားတယ်"

သူမ စကားလမ်းကြောင်းလွှဲလိုက်သည်။

"ဒြော် ကျွန်တော်လည်း မှားပါတယ်လို့ ပြောသားပဲကို"

"အဲဒါဆိုလည်း ပြီးတာပဲ"

တည်သစ္စာပြောပြီး ခပ်သုတ်သုတ် ရှေ့ကိုလျှောက်သွား၏။

သူ အနေမှ မ,ကိုကြည့်မိသည်။ သူ့ကို ဘယ်လောက်စိတ်ပူ သွားသည်မသိ။ အိမ်နေရင်း ထမီအင်္ကျီလေးနှင့် ပြေးထွက်လာပုံရ သည်။ အင်္ကျီလေးက အစိမ်းနုရောင်လက်ပြတ် ခပ်နွမ်းနွမ်းဟာလေးနှင့် မြန်မာထမီ အနက်ကလေးကို တွဲဝတ်ထားသည်။ ဖိနပ်လေးကတော့

"ဟာ"

မ ဖိနပ်က တစ်ဖက်နှင့်တစ်ဖက်မတူ။ တစ်ဖက်က ကတ္တီပါ ဖိနပ်အစိမ်းအပါးလေးနှင့် တစ်ဖက်က ယောကျ်ားစီးမန္တလေးဖိနပ်ကြီး။ ကြည့်ရတာ မ ဖေဖေ၏ ဖိနပ်ဖြစ်မည်။

"မ"

သူ လှမ်းခေါ်လိုက်ပေမယ့် မ,ကလှည့်မကြည့်။ မ,က လှေကား အနေ တတိယထပ်ကို ဆင်းသွား၏။ သူ မ,နောက်ကို ပြေးလိုက် ကာ မ,လက်မောင်းပြည့်ပြည့်လေးကို ဆုပ်ကိုင်လိုက်သည်။

"ဘာလုပ်ပြန်ပြီလဲ"

"မ ဟိုဆိုင်မှာ ဖိနပ်ဝင်ဝယ်ရအောင်"

"မင်းဘာသာမင်း သွားဝယ်ပါလား။ ဘာလို့တို့ကိုလာခေါ်နေ တာလဲ"

"ကျွန်တော်မှ မ,ခြေထောက်အတိုင်းကို မသိတာ"

"တို့ခြေထောက်အတိုင်းကိုမသိတော့ ဘာဖြစ်လဲ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မ,ကို ဖိနပ်ဝယ်ပေးမလို့လေ"

"မင်းဝယ်ပေးရအောင် တို့မှာဖိနပ်မရှိလို့လား။ ဒီမှာ တို့စီးထား တဲ့ ဟယ်"

သစ္စာ ကိုယ့်ဖိနပ်ကိုယ်ကြည့်ရင်း အံ့ဩသွားသည်။ တစ်ဖက်က အစိမ်းရောင်ကတ္တီပါအပါးလေး၊ နောက်တစ်ဖက်ကျတော့ ဖေဖေ့မန္တလေ ဖိနပ်ကြီးနှင့်။

ဘယ်လိုတွေဖြစ်ကုန်တာလဲမသိ။

ဒါကို တစ်ချိန်လုံး သူမ မသိဘဲနှင့် လျှောက်သွားနေခဲ့သည် ရှက်ဖို့ကောင်းလိုက်တာ။

"သွားဝယ်မယ်မဟုတ်လား မ"

"ဟို ဒါကြီးနဲ့ ဆိုင်ထဲကိုဝင်သွားရရင် တို့ရှက်လို့သေမှာပဲ"

"အဟင်း ဟင်း ကျွန်တော်ပဲ သွားဝယ်ပေးပါ့မယ်၊ ဒီလှေကားနားမှာပဲစောင့်နေ"

အနန္တက ပြောပြီးပြီးချင်း ဖိနပ်ဆိုင်ဆီသို့ ထွက်သွား တည်သစ္စာ တားလိုက်ချိန်တောင်မရ။ ဘယ်လိုကောင်လေးမှန်းလဲမသိ သူမ ဖိနပ်အတိုင်းမယူဘဲ ထွက်သွားလျှင် လက်ဗလာချည်းပြန်လာမှာ ကို မြင်ယောင်သေး။

ဘာမှ မကြာလိုက်။ အနန္တဖိနပ်အိတ်ကလေးကိုကိုင်လျှက် ထွက်လာ၏။ သူမနားရောက်တော့ ဖိနပ်အိတ်ကို ကမ်းပေးသည်။

"ရော့ မ စီးလိုက်"

"မင်းဝယ်လာတာလား"

"မဝယ်လို့ အလကားရမလား မ,ရဲ့"

"ဟင် မင်းအတိုင်းမသိဘဲနဲ့ ဝယ်လာလို့ မတော်ရင် ဘယ်လို

(စိုးမိုးစာပေ)



ပ်မလဲ၊ ပြန်လဲလို့ရလား"

"လဲရတာ ဝါသနာမပါဘူး၊ ကဲ ဝတ်ကြည့်ပါ"

"မင်းဟာလေ အတိုင်းယူသွားတော့ ဘာဖြစ်လဲ"

သူမ ပါးစပ်က ပွစိပွစိပြောရင်း ဖိနပ်ကလေးကို ထုတ်ကြည့် က်တော့ အစိမ်းနုရောင်ဖိနပ်ကလေးက လှမှလှ။ ကျောက်ကလေး ပွ မြှုပ်ထားသော အတန်းလေးနှစ်တန်းသာပါသော ထိုဖိနပ်လေးက ရင်းလေးနှင့် လှနေသည်။ သူမ ချက်ချင်းဝတ်ကြည့်လိုက်တော့ ပ်လေးက သူမ ခြေထောက်နှင့်ကွက်တိ။

အနန္တ သူဝယ်လာသော ဖိနပ်ကလေးက မ,ခြေထောက်နှင့် လွန်လိုက်ဖက်သောကြောင့် ကျေနပ်သွားသည်။ သူ သက်သက်မဲ့ ရောင်လေးကို ရွေးဝယ်လာခဲ့တာ မ,ကအသားဖြူတဲ့အပြင် အသား ရေက ဝင်းဝင်းဝါဝါလေးနှင့် လှသည်။ ဒါ့ပြင် မ ဝတ်ထားတဲ့ ကျီလေးက အစိမ်းနုရောင်လေးဖြစ်နေတာလည်းပါ၏။

မ,ကတော့ ဖိနပ်လေးကို တော်တော်သဘောကျသွားသည် င်သည်။ မျက်နှာလေးက ပြုံးလို့။

"မ ဖိနပ်အဟောင်းလေးကို ဒီအိတ်ထဲထည့်လိုက်"

သူမက သူပြောသည့်အတိုင်း ဖိနပ်ကို အိတ်ထဲထည့်လိုက်

"မင်းသိပ်တော်တာပဲ၊ တို့ခြေထောက်နဲ့ ကွက်တိပဲ"

မ,က ဟန်တောင်မဆောင်တော့ဘဲ သူ့ကို ချီးကျူးသည်။ တကယ်ဖြူစင်သည့် မ,ပါ။

"မ ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူနဲ့ ချီးကျူးတာ ဒီတစ်ခါပဲ ကြုံဖူးတယ်"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"အနန္တ တို့စိတ်ကောင်းဝင်နေတာကို လာမနှောင့်နဲ့၊ တစ်ခါတည်း ဖိနပ်တို့ ဆိုင်ပြန်သွားပေးလိုက်မယ်"

"အဟား မလုပ်ပါနဲ့ဗျာ၊ မ,ခြေထောက်နဲ့ လှနေတာကို ဘယ်လိုလဲ မ။ ကျွန်တော့်ကို မ,ပြန်ခေါ်ချင်ပြီလား"

"ဘာလဲ ဖိနပ်နဲ့ အပေးအယူလုပ်တဲ့ သဘောလား"

"ဖြီး ဒီဖိနပ်လောက်က စာဖွဲ့လောက်ပါဘူး မ,ရာ၊ ဒီအတိုင်းပဲ မ ကျွန်တော့်စိတ်ရင်းအမှန်ကို သိသွားပြီလားလို့ပါ"

"မင်းကလေ ဆိုပ်ဘဝင်မြင့်တာပဲ"

"ပြောကြတယ်၊ ဒါပေမဲ့ ရုပ်ချောတယ်လို့လည်းပြောတယ်"

"ဟင်း ဟင်း"

"ပြောလေ မ ရာ ကျွန်တော်ကို အခုအခါမှာ ပြန်လက်ခံမှာလားလို့ မ ခေါ်ရင်လေ"

"မင်း ဘာသာမင်း လာချင်လာပေါ့"

"ဗျာ"

"ဟုတ်တယ်လေ မင်း ပိုက်ဆံတွေက အလကားရတာမှမဟုတ်တာ မင်းရှာရတာ မဟုတ်တိုင်း မင်းကဖြုန်းနေတာ"

"ဘယ်မှာ ဖြုန်းလို့လဲ"

"ဟင် မင်းဘော်ဒါက ထွက်သွားချင်တိုင်းထွက်သွား ပြီးတော့ ဟိုတယ်မှာ တက်နေ ပြီးတော့ ဖိနပ်ဆိုလည်း ဖျတ်ခနဲဝယ် အဲ့ဒါ မဖြုန်းတာလား"

"ဖိနပ်က လိုအပ်လို့ ကျွန်တော်ဝယ်ပေးတာလေ ပိုက်ဆံသုံးသောင်းကျော်လောက်နဲ့တော့ ကျွန်တော့် ဘာဝပျက်မသွားပါဘူး"

"ဘာ ဘာရယ် အနန္တ ဒီဖိနပ်က သုံးသောင်းကျော်တောင် ပေးရတယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟင် မင်းဖြုန်းလှချည်လား သွား သွားပြန်ပေး တို့ မင်းကို အဲ့ဒီလောက်ထိ ပြန်မပေးနိုင်ဘူး"

ပြော၍ သစ္စာ ဖိနပ် ချွတ်ရန်ပြင်တော့ သူက သစ္စာလက်ကို ဆုပ်ကာ၊

"မ ဘယ်လိုဖြစ်နေတာလဲ ဟိုမှာ လူတွေကြည့်ကုန်ကြပြီ"

ထိုအခါကျမှ မက ငြိမ်သွားသည်။

"ကျွန်တော့်ကို မ ပြန်ပေးစရာမလိုပါဘူး"

"ရမလား"

"ရတာပေါ့ ကျွန်တော်စေတနာရှိလို့ ပေးတာပဲ ပြီးတော့ မ ကျွန်တော့်ကို စိတ်ပူခဲ့ရတာနဲ့စာရင် ဘာမှမပြောလောက်ပါဘူး"

"မင်းကို ဘယ်သူက စိတ်ပူတယ်ပြောလို့လဲ"

"ဟုတ်လား မသိပါဘူး ဖိနပ်တောင်မှ မှားစီးလာတယ်ဆိုတော့ စိတ်နဲ့ ကိုယ်နဲ့ မှကပ်သေးရဲ့လားလို့ ကျွန်တော် ထင်နေတာ"

"အနန္တ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ မ ကျွန်တော့်ကို လုံးဝစိတ်မပူပါဘူး ဟုတ်ပြီလား"

သူမ ရယ်လိုက်မိသည်။ သို့သော် တာရှည်မခံလိုက်။

"မ ကျွန်တော့်ကို ပြန်လာခေါ်တာနော်"

"လာပြန်ပြီလား"

"မ ပဲလာချင်လာဆိုပြီးတော့"

"အဲ့ဒါ မင်းစိတ်နဲ့ မင်းကိုပြောတာ တို့ကတော့ မခေါ်ဘူး"



(စိုးမိုးစာပေ)

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ခ တသိပ်ကလေးဆန်တာပဲနော် ဆရာက ဇာပည့်ကိုပြန်ခေါ်တာ ဘာဖြစ်လဲ ဇာပည့်က ဆရာကိုပြန်ခေါ်ရတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး ဆရာက သဘောထားကြီးရတယ်"

အနန္တ က သူမနား နားကိုကပ်ပြောကာ ပြေးထွက်သွား၏ သူမဒေါသဖြစ်ရခက် စိတ်ဆိုးရခက်နှင့်။

"မကို ကျွန်တော်အိမ်မှာ စောင့်နေမယ်"

နောက်ကို လှည့်အော်ပြောသွားတာ တကယ့် အကျယ်ကြီး သူများတွေ ဘယ်လိုထင်မည်လဲ ဂရုမစိုက်။ ဒါပေမယ့် အနန္တ သူမတို့ဆီကို ပြန်ရောက်လာတာကိုတော့ တကယ် ကျေနပ်မိသည်။

သူ့ ဘဝလေးကို မပျက်စီးစေချင်လို့ပါ။

ဒါ တကယ် ဟုတ်မဟုတ်ကိုတော့ သူမှ တစ်ယောက်တည်း သာသိပါလိမ့်မည်။

❀❀❀

(စိုးမိုးစာပေ)

## အခန်း (၂၁)

"သမီးရေ ပြင်လို့ မပြီးသေးဘူးလား"

အောက်ထပ်မှ မေမေ့အော်သံကြောင့် ဖြူကြည် နောက်ဆုံး အပေါ်ကို ပန်းနုရောင်လေးတင်လိုက်သည်။ ပြီးတော့မှ မှန်ရှေ့မှာ သချာ ခေါင်းကိုဖြီးပြီးထွက်ခဲ့သည်။

"လာပါပြီမေမေရဲ့၊ တကတည်းလောလိုက်တာ"

"လောဆို ချိန်ထားတာက ဆယ့်တစ်နာရီလေသမီးရဲ့။ အခုပဲ ဆယ့်တစ်နာရီထိုးတော့မယ်"

"အို သူတို့အိမ်မှာချိန်းတာပဲဟာ၊ ဘယ်အချိန်သွားသွားပေါ့"

"အဲဒီလိုလုပ်လို့ ဘယ်ကောင်းမလဲ၊ ဟိုမှာ အနန္တကို နဒီက သချာပြန်ခေါ်ထားတာ၊ ဒီနေ့ပြီးတာနဲ့ သူကဟိုကိုပြန်မှာ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါအခုသမီးပြီးပြီပဲသွားမယ်လေ"

ဖြူကြည် မေမေ့လက်မောင်းကိုချိတ်ကာ တွဲလိုက်သည်။ မေမေက သူမကို တစ်ချက်လှည့်ကြည့်လိုက်ပြီး

"သမီးပြင်ထားတာ နည်းနည်းများ များနေသလားလို့"

မေမေ ပြောလည်း ပြောလောက်စရာ။ အနန္တနှင့် တွေ့ရမည် ဆိုတော့ လိုတာထက်ကို ပိုပြင်ထားမိသည်။ မျက်လုံးကို အပြာရောင် ဖျော့ဖျော့တင်ထားပြီး နှုတ်ခမ်းကိုကျတော့ အနီရောင်ရဲရဲလေးဆိုးထား၏။ ပါးကကျတော့ ပန်းရောင်။ အားလုံးက ဆန့်ကျင်ဘက်အရောင် တွေဖြစ်နေပေမယ့် သူမနှင့်တော့ လှနေသည်။ အင်္ကျီကကျတော့ လက်ပြတ်ခါးရှည် ကော်လံအဖတ်ကြီးတွေပါသော အနီရောင်တောက် တောက်လေးကို ဂျင်းဘောင်းဘီအရှည်နှင့် တွဲဝတ်ထား၏။ ပိုက်ဆံ အိတ်ကလည်း အနီ၊ ဒေါက်ဖိနပ်ချွန်ချွန်ကလည်း အနီဆိုတော့ တစ် ကိုယ်လုံး ရဲရဲတောက်နေ၏။

"ဘာဖြစ်လို့လဲမေမေ ရိုင်းနေလို့လား"

"မရိုင်းပါဘူး၊ လှပါတယ်၊ နဒီသာ သွေးတိုးရှိရင်တော့ တစ်ခါတည်း မေ့လဲသွားနိုင်တယ်"

"ဟင် ဘာဖြစ်လို့"

"မေမေ့သမီးက တစ်ကိုယ်လုံး ရဲရဲတောက်နေတာကိုး"

"အဟင်း ဟင်း မေမေဟာလေ"

သူမ မေမေ့စကားကို သဘောကျသွားပြီး တဟင်းဟင်းရယ် သည်။ ဒီသားအမိနှစ်ယောက်က တကယ်ကို လိုက်ဖက်ညီတာပါ။ တစ်ယောက်က ရဲမည်ဆိုလျှင် နောက်တစ်ယောက်ကလည်း ရဲရဲ ဘယ်တော့မှ အတိုက်အခံဆိုတာမရှိ။ အခုလည်း သမီးပြင်ဆင်ထား





တာကိုကြည့်ရင်း ဒေါ်မေကြည် သဘောကျနေ၏။

သားအမိနှစ်ယောက် ရယ်မောကြရင်း ကားပေါ်တက်ကာ အနန္တတို့ဆီ မောင်းထွက်ခဲ့သည်။

"မေမေ နဝဒေးလမ်းကဖြတ်ရမှာ မဟုတ်လား"

"ဟုတ်တယ်သမီး၊ ပြီးရင် ညာချိုးလိုက်၊ နှစ်ခြံကျော်က အနန္တတို့ခြံပဲ"

သူမ မေမေပြောသည့်အတိုင်းသွားတော့ အနန္တတို့ဆီကို ချော ချော့ချူချူရောက်၏။ ခြံတံခါးဝမှနေ၍ ဟွန်းတီးလိုက်တော့ ခြံစောင့် ဖြစ်မည့်ပုံပေါ်သော လူကြီးတစ်ယောက်က ခြံတံခါးကိုဖွင့်ပေးကာ အပြုံး ဖြင့် ဆီးကြိုသည်။

"ဒေါ်မေကြည်တို့လား မသိဘူးခင်ဗျာ"

"ဟုတ်ပါတယ်၊ နဒီရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါခင်ဗျာ၊ အထဲမှာပါ၊ ဝင်သွားလိုက်ပါ"

သူမ ကားကို ခြံထဲအထိမောင်းချလိုက်ပြီးမှ ဆင်ဝင်အောက် မှာထိုးရပ်လိုက်သည်။ ကားရပ်ရပ်သွားချင်းမှာပဲ အိမ်ထဲက အသား ဖြူဖြူ ဝဖိုင့်ဖိုင့်နှင့် ရုပ်ရည်သန့်သန့်ပြန့်ပြန့် မိန်းမကြီးတစ်ယောက် ထွက်လာ၏။ သူမအထင်တော့ ဒေါ်မေနဒီပဲဖြစ်လိမ့်မည်။

"လာ မေရေ အထဲဝင်၊ နဒီ မျှော်နေတာ"

မေမေရော သူမပါ ကားပေါ်က ဆင်းလိုက်သည်။

"ဆောရီးပဲ နဒီရယ်၊ ဒီမှာလေ သမီးက ကြာနေလို့"

မေမေက သူမကို လက်ညှိုးထိုးကာပြတော့ သူမပြုံးပြလိုက် ၏။

"အချောလေးပဲ၊ ကားကလည်း အနီလေး ဆင်းလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကလည်း အနီလေးနဲ့ဆိုတော့ လှမှလှပဲကွာ''

ပထမဦးဆုံးကြားလိုက်ရသော ချီးကျူးစကားကြောင့် ဖြူကြည် အရမ်းဝမ်းသာသွားသည်။ သူမလိုချင်တာက သူမကို လှတယ်ဆိုပြီး ပြောလာမယ့် အနန္တအမေစကား၊ နောက် သူမကို တအံ့တသြ ကြည့်လာမယ့် မျက်ဝန်းတွေလေ။

''ကျေးဇူးတင်ပါတယ် အန်တီ''

''ကဲ လာ သမီးလေး အထဲဝင်''

ဒေါ်မေနဒီက သူမခါးလေးကိုဖက်၊ နောက်လက်တစ်ဖက်က မေမေလက်ကိုဆွဲကာ အိမ်ထဲကို ဆွဲခေါ်လာခဲ့သည်၊ အိမ်၏အပြင်အဆင် ကို ကြည့်ရုံနှင့် အနန္တတို့၏ချမ်းသာမှုကိုမှန်းဆနိုင်သည်။ အနန္တတို့ လည်း သူမတို့လောက်ပါပဲ။ သူမ ပိုကျေနပ်သွား၏။ တော်ကြာ အနန္တ တို့က ကိုကိုတက်ချမ်းသာနေလျှင် ဉစ္စာမက်လို့ လက်ထပ်သည်ဖြစ်နေဦး မည်။ အခုတော့ သူမတို့နှစ်ဦးက ပိုရှိုလိုက်ဖက်ညီသွားပြီ။ ဒေါ်မေနဒီ က သူမတို့ကို ဆိုဖာဆက်တီကြီးပေါ်မှာ ထိုင်စေပြီး သူမကလည်း ခုံလွတ်တစ်ခုမှာ ဝင်ထိုင်သည်။

''ညီခင်ရေ အအေးနှစ်ခွက်ယူခဲ့စမ်းဟေ့''

အမိန့်သံအတိုပြီးသောအသံဖြင့် အော်ပြီးသည့်နောက်မှာတော့ အအေးဗန်းကလေးကိုကိုင်လျက် ကောင်မလေးတစ်ယောက် ထွက်လာ သည်။

''အဲဒီမှာချထားလိုက်၊ ပြီးရင် သားကို အောက်ဆင်းခဲ့ဖို့ သွားပြောလိုက်''

''ဟုတ်ကဲ့''

ခေါင်းတစ်ချက်မှ မမော့ရဲဘဲနှင့် ရိုကျိုးစွာဆက်ဆံသော ထို





ကောင်မလေးကိုကြည့်ရင်း ဒေါ်မေနဒီ၏ အထက်စီးဆန်မှုကို သိလိုက် သည်။ ရင်ထဲမှာ နည်းနည်းတော့ လေးသွားမိသည်။ ဒီလို ယောက္ခမ မျိုးကို သူမ လက်ခံနိုင်ပါ့မလား။ သူမကလည်း သေးသေးတင်ခံသည့် လူမျိုးမဟုတ်။ ခက်တော့ခက်ပြီ။

''မေ သမီး သောက်နော်၊ လုံးဝသန့်တယ်''

''သိပါတယ် နဒီရယ်''

သူမရော မေမေပါ အအေးခွက်ယူကာ တစ်ငုံစီသောက်လိုက် ၏။

''ဟော သားဆင်းလာပြီ''

မေမေကတော့ လှေကားပေါ်ကို ချက်ချင်းမော့ကြည့်ပေမယ့် သူမကတော့ အခုချိန်ထိ မော့မကြည့်ရဲသေး။ ကိုယ့်ကို မချစ်ပါဘူးဟု ဇက်ပစ်ခါခါငြင်းသွားတဲ့သူကို အတင်းလိုက်ကပ်နေသည်ဆိုတော့ အနန္တ စိတ်မကြည်မလင်ဖြစ်နေမှာ သေချာ၏။

''သား ဒီမှာထိုင်''

အနန္တ မေမေပြသည့် နေရာမှာပဲ ဝင်ထိုင်လိုက်သည်။ သူနှင့် ချစ်ပမည့် ကောင်မလေးကတော့ ရှက်လို့လားမသိ။ ယခုထိ သူ့ကို ယှည့်မကြည့်လာသေး။ သူကတော့ သိပ်သဘောမကျသော်လည်း မေမေ့ မျက်နှာကတော့ ပြုံးနေ၏။

တကယ်ဆို သူ တည်သစ္စာကို ပြန်ကြိုးစားကြည့်ချင်သေး သည်။ ကိုယ့်ဘဝရဲ့ အချစ်ဦးဖြစ်သော သူမကို မရှိတော့သည့် အချိန် မှ ပိုလွမ်းလာသည်။ နှစ်တွေကြာနေပြီဖြစ်သော်လည်း သူမမေ့နိုင်ခဲ့။ အကယ်၍ သစ္စာသာ သူ့ကို ပြန်လက်ခံမည်ဆိုလျှင် သစ္စာကိုပဲ သူ လက်ထပ်ချင်ပါ၏။ သို့သော် သူ့အပြစ်နှင့်သူ သစ္စာကို ရှောင်ဖယ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသောကြောင့် မေမေစီစဉ်တာကိုပဲ ငြိမ်ခံရန် စဉ်းစားထားသည်။ အခွင့်ရလျှင်တော့ သူ သစ္စာကို သေချာသွားရှင်းပြချင်ပါသေးသည်။

မြူကြည် နောက်ဆုံး စိတ်ကိုဖုံးအုံးချကာ အနန္တကို မော့ကြည့်လိုက်သည်။

“ဟင်”

သူမ အံ့သြသွားတာ ဘယ်သူမှ မသိလိုက်။

ဒါ အနန္တမှ မဟုတ်တာ။ သူမ စွဲလမ်းတဲ့ အနန္တ လုံးဝမဟုတ်။ ချောတော့ ချောသည်။ ဒါပေမဲ့ သူမ နှလုံးသားကို ပိုင်စိုးထားတာ သူမှမဟုတ်ဘဲ။

“သမီး ဒါ အန်တီသား အနန္တလေ၊ ဆရာဝန်ပေါ့”

“ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်”

“ဟုတ်ကဲ့ ဝမ်းသာပါတယ်ရှင်”

ဒါဆို သူမတွေ့ခဲ့တဲ့ အနန္တဆိုတာ ဘယ်သူလဲ။ ဒီလူလိမ်သွားတာလား။ ဒါလည်းမဖြစ်နိုင်။ ဘာမှအကျိုးမရှိသည့် ကိစ္စအတွက်တော့ လိမ်မည်မထင်။ နာမည်များ တူနေတာလား။ ဒါပဲဖြစ်နိုင်သည်။ ပြီးတော့ နှစ်ယောက်စလုံးက အသားဖြူဖြူ။ အရပ်ရှည်ရှည်တွေချည်းပဲဆိုတော့ စားသောက်ဆိုင်မှာ သူ့ကိုပြောတယ်ထင်သွားလို့ လာပြီးရှင်းတာနေမှာပဲ။ သူမရင်ထဲလေးလံသွားသည်။ လိုချင်တာကတစ်ယောက်၊ ရတာကတစ်ယောက်ဖြစ်တော့မည်။ ဒါမျိုးတော့ ဘယ်တော့မှ အဖြစ်မခံနိုင်။ သူမချစ်သော အနန္တကိုပဲ ယူရန်ဆုံးဖြတ်လိုက်သည်။ သို့သော် ချက်ချင်းတော့ ဘာမှမပြောသေးဘဲ အေးဆေးနေလိုက်သည်။ အိမ်ရောက်မှ မေမေ့ကို ရှင်းပြလျှင်လည်း ဖြစ်သည်ပဲ။

သူမတို့ အေးအေးဆေးဆေး စကားတွေပြောပြီးမှ အိမ်ကို





ပြန်လာခဲ့သည်။

အိမ်ကို ရောက်ရောက်ချင်း သူမအကျီတောင်မလဲနိုင်ဘဲ မေမေ့ဆီကို အတင်းဆွဲကာ ဆိုဖာဆီ အတင်းခေါ်လာခဲ့သည်။

“ဟဲ့ သမီး၊ ဖြည်းဖြည်းလုပ်ပါ။ ဘာဖြစ်တာလဲ”

“ထိုင်ပါ မေမေရာ၊ သမီး အရမ်းအရေးကြီးတာ ပြောမလို့”

“အေးပါ၊ ကဲ ဘာလဲပြော”

“အဲဒါ သမီးကြိုက်တဲ့ အနန္တမဟုတ်ဘူး”

“ဟေ”

“ဟုတ်တယ် မေမေ၊ သူ မဟုတ်ဘူး”

“ဟင် သမီးပဲပြောတော့ အနန္တဆို”

“ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒီအနန္တမဟုတ်ဘူး”

“ဟဲ့ သမီး၊ အနန္တဆိုတဲ့ နာမည်က တူဖို့ဆိုတာ မလွယ်ဘူး”

“ဟာ မေမေကလည်း သမီးသိလို့ပေါ့”

“ဒါဆို သမီးတွေ့ခဲ့တဲ့လူက လူလိမ်ပဲ၊ ဘယ့်နှယ့် ကိုယ့်ကိုယ်ကိုယ် အနန္တလို့ လိမ်ပြောရတယ်လို့”

“လိမ်တော့ပြောမလား၊ မေမေရဲ့၊ သူ့အတွက် အကျိုးမှမရှိတာ၊ ပြီးတော့ ဟိုက တကယ့်နုနုဖတ်ဖတ်လေး၊ ဒါကြီးက ကြီးနေပြီ”

“ဘယ်ကလဲမှန်းမသိဘဲနဲ့ ချီးကျူးမနေနဲ့၊ ဒီက ဆရာဝန်၊ ဟိုက အုတ်ကြားမြက်ပေါက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ”

“ဟာ မေမေနော်၊ ပြောရက်လိုက်တာ၊ ဟိုအနန္တကလည်းပြီး သူဌေးရုပ်ပါနော်၊ ဒီဟာနဲ့များကွာပဲ၊ ဟိုက အဟုတ်ချောတာ၊ ဒီအနန္တက သူ့ခြေဖျားတောင် မမီဘူး”

“မမီလည်း မတတ်နိုင်ဘူး၊ သမီးပဲ စေ့စပ်မယ်ဆို”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မေမေကလည်း၊ အဲဒါကို မစီစဉ်လိုက်နဲ့ဦးနော်"

"ဘာဖြစ်လို့လဲ"

"သမီး သူ့ကိုမယူနိုင်ဘူး"

မေမေ့ကိုယ် ဆတ်ခနဲ မတ်သွား၏။

"မယူလို့ရမလား၊ ဒီလို မိဘတွေတွေ့ပြီးမှတော့ အတည်ဖြစ်သွားပြီပေါ့ဟဲ့"

"မလုပ်နဲ့နော် မေမေ၊ သမီးချစ်တဲ့သူကိုပဲ ယူမှာ"

"အဲဒါဆို ဘာလို့သွားတွေ့သေးလဲ"

"သိမှ မသိတာကိုး"

"ဟိုက ရက်တောင်ရွေးခိုင်းနေပြီကို"

"ကြည့်လုပ်လိုက်ပေါ့ မေမေရာ၊ သမီးတောင်းပန်တယ်၊ သမီး အနန္တကို ရှာပါရစေဦး"

"ဖြူကြည် နင်သေမယ်နော်၊ ငါလုံးဝခွင့်မပြုဘူး"

"မေမေကလည်း နင်တွေ၊ ငါတွေနဲ့ ဘယ်လိုဖြစ်တာလဲ"

"ပြောင်ချော်ချော်လုပ်မနေနဲ့ ဖြူကြည်၊ ညည်း အနန္တကိုပဲ လက်ထပ်ရမယ်"

"သူ့ကိုပဲ လက်ထပ်မှာပဲဥစ္စာ"

"ဟိုအနန္တကို ပြောနေတာမဟုတ်ဘူး။ ဒီအနန္တကို ပြောနေ





...တာ"

"အဲဒါတော့ လုံးဝပဲ၊ မေမေ ဖွတ်အတင်းလုပ်မယ်ဆိုရင် တော့...ထွက်ပြေးမှာပဲ"

ဖြူကြည် ပြောပြောပြီးချင်း အိမ်ပေါ်ထပ်သို့ ပြေးတက် ခဲ့သည်။

"ရမလားဟဲ့၊ လုပ်ရဲလုပ်ကြည့်ပါလား၊ သေသွားမယ်၊ ကြား...။"

မေမေ့အော်သံက နားထဲသို့ တစ်လုံးတစ်ခဲကြီး ဝင်လာသည်။ ...မှားကိုပိတ်ကာ အခန်းတံခါးကို ဂျိမ်းခနဲမြည်အောင် ပိတ်ပစ်...တ်သည်။

ဒါလား သားသမီးကိုချစ်တာ။

မိဘတွေက အတင်းစီစဉ်ဖို့ပဲသိသည်။ ကိုယ်မချစ်တဲ့သူနဲ့ ...တ်ထပ်လိုက်ရလို့ ခံရလျှင် ကိုယ်ပဲခံရမှာ။ သူတို့က ဒါမျိုးကျတော့ ... သူတို့ခံရမှာမဟုတ်တိုင်း အတင်းစီစဉ်နေ၏။

ဒါမျိုးကတော့ လုံးဝမရဘူး။

ဖြူကြည်တို့က ကိုယ်ချစ်တဲ့သူပဲ ကိုယ်ယူမှာ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မ ဆီကို အခုတစ်ခေါက်ပြန်ရောက်သွားတော့မှ သူနောက် ထပ် မ,နဲ့ဝေးတဲ့ဆီ ဘယ်နေရာမှ မသွားဖို့ဆုံးဖြတ်လိုက်သည်။ မ,ကို သူချစ်နေတာ သေချာသွားပြီ။ မြင်နေရလေ လိုချင်သည့်စိတ်ကို မထိန်း နိုင်လေ။ တစ်ခါတစ်ခါကျတော့ ဆွဲဖက်ကာ နမ်းပစ်လိုက်ချင်သည် ဒါပေမဲ့ အဲဒီလိုလုပ်လိုက်လျှင် တစ်သက်လုံး မ,မျက်နှာကို သူမြင်ရ တော့မှာ မဟုတ်တဲ့အပြင် သူ့ကိုလည်း မ,ရွံရှာသွားလိမ့်မည်။ သူ့အတွက် က ကြိုးစားဖို့ပဲလိုသည်။

သူ မြေကွက်လပ်တွင် ဘောလုံးကန်နေသော မိုးကျော်တို့ဆီ ထွက်လာခဲ့သည်။

မိုးကျော်နှင့် နန္ဒက သူ့ကိုမြင်တော့ အပြစ်တစ်ခုခုကျူးလွန်





းသလို စပ်ဖြီးဖြီးဖြစ်နေ၏။

"မိုးကျော်"

"ဗျာ အစ်ကို၊ ကျွန်တော် ဒီမှာဘောလုံးကန်နေလို့ ပြောစရာ င် နန္ဒနဲ့ပြောလိုက်နော်၊ ဟော့ကောင် နန္ဒ သွားလိုက်လေ၊ အစ်ကို ခေါ်နေတယ်"

"ဟာ ကျွန်တော်လည်း ဘောလုံးကန်နေတယ်၊ ပြီးရင် စာ ကျက်ရမယ်၊ ပြီးရင် စာသင်ရမယ်၊ ပြီးရင်"

"တော် တော်တော့၊ တော်ပါတော့ကွာ၊ နားလည်သွားပြီ၊ တို့ကို ငါစကားပြောချင်လို့လာတာ၊ ဘာဖြစ်လို့ အဲဒီလောက် ကြောက် ရတာလဲ"

"ဟာ မကြောက်ပါဘူး အစ်ကိုရဲ့"

"မကြောက်ရင် နှစ်ယောက်စလုံး ဟိုသစ်ပင်အောက်ကို ခဲ့"

"ဗျာ"

အနန္တက ပြောပြီးပြီးချင်း ထွက်သွားသည်။ မိုးကျော်ကတော့ ကို ပြစ်တင်စကားဆို၏။

"အဲဒါ မင်းကြောင့်"

မတတ်နိုင်သည့်အဆုံး သူတို့နှစ်ယောက်စလုံး အနန္တနောက် လိုက်သွားလိုက်သည်။

"မ,က ငါ့ကိုပြန်ခေါ်မလို့။ လပြည့်ဝန်းမှာ စောင့်ခိုင်းတယ် တာ မင်းတို့ ညာပြောတာမဟုတ်လား"

"အဲဒါကလေ"

"တော် နေဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ငါရန်ဖြစ်လို့ဆိုပြီး မ,ကို ငါ့ဆီလွှတ်လိုက်တာလည်း မင်းတို့ပဲ မဟုတ်လား"

"အဲဒါကလည်း"

"နေဦးဆို"

"မင်းတို့ ဘာလို့လိမ်တာလဲ"

"အစ်ကို့ကို ပြန်လာစေချင်လို့ပါ"

နန္ဒနှင့် မိုးကျော် ပြိုင်တူဖြေသည်။

"ပြန်လာစေချင်ရင် ဘာလို့ညာလဲ"

"ညာပေမယ့် အောင်မြင်တယ်လေ၊ အစ်ကိုပြန်လာတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်တို့ညာတာ တစ်ပါးသူကို မထိခိုက်ဘူး။ အစ်ကိုရော ဆရာမအတွက်ပါ ကောင်းကျိုးဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့က ကုသိုလ်တောင်ရသေးတယ်"

"ထားပါ ကျေးဇူးပဲ"

"ဗျာ ဘာကိုလဲ"

"မင်းတို့ကျေးဇူးကြောင့် မ,နဲ့ ငါကြည်သွားပြီ"

"ဟာ ဆရာမနဲ့ အစ်ကို ချစ်သူတွေဖြစ်သွားပြီလား"

"ဘာတွေလျှောက်ပြောနေတာလဲ၊ နန္ဒ မင်းဟာလေ"

"ဒါဆို ကြည်တယ်ဆိုတာဘာလဲ"

"တည့်သွားပြီလို့ပြောတာ"

"ဒါနဲ့ အစ်ကို့ကိုပြောရဦးမယ်၊ ဆရာမက သူစစ်တဲ့စာမေးပွဲမှာ ကျွန်တော်တို့အားလုံး အမှတ်ကောင်းလို့၊ ဆုချတဲ့အနေနဲ့ ကျိုက်ထီးရိုးကို လိုက်ပို့မယ်တဲ့"

"ဟာ ဟုတ်လား"





"ဟုတ်တယ်၊ အဲဒါ ဆရာမစီစဉ်နေတယ်"

သူတို့ စကားပြောနေတုန်းမှာပဲ မ,က သူတို့နားရောက်လာ သည်။

"ကဲ ကစားချိန်ပြည့်ပြီ၊ စာသွားကျက်ကြတော့၊ အားလုံး ရသည်ပြဇာတ်ကို ပြန်ကြည့်ထားမယ်၊ ဆရာမ မေးမယ်"

မ,စကားအဆုံးမှာ ကျောင်းသားအားလုံးအဆောင်ကိုပြန်ကာ စာသွားကျက်ကြသည်။

သူကတော့ မ,နောက်ကို ကပ်လိုက်ကာ

"မ"

"ဘာလဲ"

"ဟာ မ,ကလည်း၊ ဘယ်တော့မှ ချိုချိုသာသာ မထူးဘူး၊ ထူးလိုက်ရင် ဆောင့်ဆောင့်အောင့်အောင့်ကြီး"

"တို့က အဲဒီလို မထူးလို့ ဟုတ်ကဲ့လို့ ထူးရမှာလား"

"ကောင်းတာပဲ၊ ယဉ်ကျေးရာကျတာပေါ့"

"အနန္တ ဆရာမကို လိုက်စနေပြန်ပြီလား"

"ဟား မဟုတ်ပါဘူး၊ ကဲ ထူးချင်သလို ထူးပါဗျာ၊ ဒါနဲ့ ကျွန်တော် မ,ကို မေးစရာရှိလို့"

"ဘာလဲ"

"ဟင် လာပြန်ပြီ"

"ဩော် ကဲ မေး မေး"

"ဒီလိုမှပေါ့"

"အနန္တ"

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါဗျာ၊ ဒီမှာ မေးမယ့်ဟာလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားလဲ မသိဘူး''

သစ္စာပြုံးလိုက်မိသည်။ ဒီကောင်လေး ဒါမျိုးကျတော့လည်း မဆိုးပါဘူးဟု တွေးမိ၏။

''သတိရပြီ၊ မ, ကျွန်တော်တို့ကို ကျိုက်ထီးရိုး လိုက်ပို့ပေး မလို့ဆို''

''ကျိုက်ထီးရိုးလိုက်ပို့ပေးမှာတော့ဟုတ်တယ် ဒါပေမဲ့ မင်း မပါဘူး''

''ဟင် ဘာဖြစ်လို့''

''မင်းကျောင်းပျက်တဲ့ရက်တွေများနေပြီ အဲ့ဒီတော့မင်းနေ ပြီး စာတွေပြန်ကူး ပြန်ကျက်ထားရမယ် တို့ ဆီရောက်လာပြီး မှတော့မင်းစာမေးပွဲကျလို့မဖြစ်ဘူး တို့ကနာမည်ကောင်းရထားတာ''

''ကျွန်တော့် ကိုခေါ်ရင်လည်း စာမေးပွဲမကျပါဘူး''

''မင်းမှ တို့ စစ်တဲ့စာမေးပွဲတွေတစ်ခုမှ မဖြေရသေးတာ''

''အဲ့ဒါ အခွင့်မကြုံလို့ပါ''

''ဘယ်ကြုံမလဲ မင်းက ထွက်သွားလိုက်၊ ပြန်လာလိုက် နားနေလိုက် လုပ်နေတာကိုး။ အဲဒီတော့ အဲဒါနဲ့ထိုက်တန်တဲ့အပြစ်တော့ ခံရမှာပဲ''

''ကျွန်တော့်ကိုထားခဲ့ရင် တစ်ယောက်တည်းဖြစ်နေမှာပေါ့ အန်တီငုံးလည်း လိုက်မှာမဟုတ်လား''

''ပါမှာပေါ့''

''ဒါဆို တကယ်တစ်ယောက်တည်းပေါ့''

''ထားခဲ့ပါတယ်ဆိုမှ တစ်ယောက်တည်းပဲပေါ့''

''အဲဒါတော့ မရဘူး၊ မ ကျွန်တော့်ကို ထားခဲ့ချင်ရင် အဖော်





တော့ရှိမှဖြစ်မယ်၊ မိုးကျော်နဲ့ နန္ဒကိုပါထားခဲ့''

''ရမလား၊ ဒီကလေးတွေက ဒီလောက်ကြိုးစားထားတာ၊ ပြီး တော့ သူတို့ကိုယ်တိုင်စာမေးပွဲနီးလို့ ကျိုက်ထီးရိုးသွားချင်နေတာပါဆိုနေမှ ပဲ''

''ဒါဆို မ,နေခဲ့''

''အနန္တ မရစ်နဲ့''

''ဒါ ရစ်တာမဟုတ်ဘူးလေ၊ မ,တို့မရှိရင် ကျွန်တော်ဘာနဲ့ စားရမလဲ''

''မပူနဲ့၊ မင်းအတွက် အခြောက်အခြမ်း အကုန်စီစဉ်ပေးခဲ့မယ်''

''ဟား ဟား မရဘူး၊ ကျွန်တော်က သောက်စရာတစ်မျိုး မျိုးပါမှ စားတတ်တာ''

''ရေရှိတယ်''

''ဟာ မ,နော် ကျွန်တော်က ဟင်းချိုကိုပြောနေတာ''

မ,ကရယ်လေသည်။ ပြီးမှ မ,က သစ်ပင်လေးအောက်ကို သွား၍ ပင်စည်မှာမှီချလိုက်သည်။

''မင်းနဲ့ စကားပြောရတာမောတယ်''

''ဒါမျိုးနဲ့စကားဖြတ်လို့မရဘူး။ ကျွန်တော့်ကိုပါခေါ်''

''ကလေးမဆန်စမ်းပါနဲ့ အနန္တရယ်''

''မရဘူးဗျာ ကျွန်တော့်ကိုမခေါ်ရင် မ,နောင်တရသွားလိမ့် မယ်''

''မထင်နဲ့ အနန္တ၊ တို့ကပျော်နေမှာ''

တည်သစ္စာ စကားအဆုံးမှာတော့ အနန္တ ငြိမ်နေသော မျက်နှာတည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စာသွားကျက်တော့မယ်"

အနန္တက ဘာမှထပ်မပြောတော့ဘဲ ထွက်သွား၏။ စိတ်ကောက်သွားပြန်ပြီ။ သူမကြံရတော့သည်။

"အနန္တ"

အနန္တက ဆက်လျှောက်နေဆဲ။

"အနန္တ ခေါ်နေတယ်လေ ဒီကိုလာဦး"

သူမခပ်ဆတ်ဆတ် ပြောလိုက်တော့မှ သူမဆီကိုလာသည်။

"ဒါက ဘာဖြစ်သွားတာလဲ"

"စာကျက်ချိန်မဟုတ်လား၊ စာကျက်ရမယ်လေ၊ ပြီးတော့ ကျွန်တော်က ကျောင်းတွေပျက်ထားသေးတယ်"

"မင်းက ရှုံ့နေတာလား"

"မရှုံ့ပါဘူး မ,ရယ်၊ ကျွန်တော်မလိုက်ရင် မ,ပျော်တယ် မဟုတ်လား၊ မ,ပျော်အောင်သာနေပါ၊ ကျွန်တော်က ဒီမှာ စာကျက်ရင်း နေခဲ့လို့ရပါတယ်"

"မင်း တို့စာမေးပွဲတွေကို ပြန်ဖြေမလား"

"မ ဖြေခိုင်းရင် ဖြေရမှာပေါ့"

"ဒါဆို မနက်ဖြန်ကစပြီး ဖြေရမယ်၊ နည်းနည်းတော့ ကြိုးစားရမှာပေါ့၊ သုံးဘာသာ သင်္ချာရယ်၊ ဇီဝရယ်၊ မြန်မာစာရယ် ပြန်ဖြေရမယ်၊ ဒါမှ ကျန်တဲ့လူတွေနဲ့ တူမှာ၊ အဲဒီ စာမေးပွဲတွေမှာ အမှတ်ကောင်းရင် မင်းလုပ်ချင်တာလုပ်"

မ,က ပြီးတော့ထွက်သွားသည်။ သူ မ,နောက်ကို ပြေးလိုက်သွားပြီး

"ဒါဆို ကျွန်တော့်ကို ကျိုက်ထီးရိုးခေါ်မှာပေါ့နော်"

(စိုးမိုးစာပေ)



"အမှတ်ကောင်းရင်ပေါ့"

"ကောင်းရင်ရော"

"ခြော် လုပ်ချင်တာလုပ်ပါလို့ဆိုနေ"

"ဟား မ,က အရမ်းချစ်ဖို့ကောင်းတာပဲ"

အနန္တက သူမပါးကို တစ်ချက်ဖျစ်ကာ ထွက်ပြေးသွား၏။ သူ အဆူခံရမယ်မှန်းသိလို့ ထွက်ပြေးသွားတာနေမှာ။

တကယ့် လူလည်။ လက်ရဲဇက်ရဲနိုင်သည့် အကျင့်ကိုတော့ သူမ ဆုံးမရဦးမည်။

လုပ်ချင်ရာလုပ်လို့ ပြောလိုက်တော့ သူ့အခန်းကိုပြေးတာများ တန်းခနဲ။ အမှတ်ကောင်းအောင် စာသွားကျက်တာပဲ ဖြစ်လိမ့်မည်။

ဟွန့် ဒါမျိုးကျတော့လည်း လိုက်ချင်တာ တစ်ပိုင်းကိုသေလို့။

❀❀❀

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ကျိုက်ထီးရိုးသွားရမည်ဆိုတော့ အားလုံးက တက်ကြွနေသည်
လူက အယောက် ၃၀ ကျော်တာမို့ ကိုယ့်ဘာသာကိုယ်ပဲ အဲကွန်း
ဘတ်စ်ကားကြီး စင်းလုံးငှားကာ သွားဖို့ဆုံးဖြတ်လိုက်သည်။

"အားလုံး အဆင်သင့်ဖြစ်ပြီလား"

"မဖြစ်သေးပါဘူးဗျို့၊ ဟိုမှာ ဆရာမရော ကျောင်းသားတွေ
ရော ကျန်သေးတယ်"

"ဩော် အေး အေး"

ကားဆရာဦးလေးကြီးက အခုမှကားအပြင်ကို လှမ်းကြည့်ပြီး
ခေါင်းညိတ်၏။

ကားပေါ်မှာက ကျော်စွာနဲ့ ကျန်တဲ့သူတွေက ရောက်နှင့်နေ





မိုးကျော်၊ နန္ဒ၊ အနန္တနှင့် ဆရာမတို့ကတော့ အခုမှ အခန်းတံခါး
တွေကို သေချာလိုက်စစ်ပြီး ပိတ်နေသည်။

"ဟေ့ကောင် မိုးကျော်၊ လာတော့လေကွာ"

"နေစမ်းပါဦး၊ ဒီမှာ မစစ်ရသေးဘူး"

"ရတယ် မိုးကျော် သွားတော့၊ ငါနဲ့အစ်ကို လိုက်စစ်မယ်"

"မင်း ဘယ်မှာထိုင်မှာလဲ"

"လွတ်တဲ့နေရာမှာပေါ့ကွ"

"အဲဒါဆို ငါရှေ့ဆုံးခုံ ချန်ထားလိုက်မယ်"

"စိတ်ကြိုက်သာလုပ်ကွာ၊ ရော့ ဒါလေးတွေ ယူသွားလိုက်"

"ဒါဆို ငါကားပေါ်မှာ စောင့်နေမယ်"

နန္ဒက မိုးကျော်ကို အိတ်တချို့ပေးပြီး ကားပေါ်သွားခိုင်းလိုက်
သည်။

"မ ကျွန်တော် အားလုံးစစ်ပြီးပြီ၊ အားလုံး အိုကေပဲ"

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆို မီးနဲ့လည်းချပြီးပြီဆိုတော့ အား
လုံးပြီးပြီ၊ သွားကြမယ်"

သစ္စာကပြောပြီး အထုပ်ကိုဆွဲလိုက်တော့ အနန္တက သူမ
လက်ထဲမှ အထုပ်ကို အတင်းလုယူကာ ကားပေါ်တက်သွား၏။

"ဩော် အဲဒီအနန္တဟာလေ"

"ဘာဖြစ်လဲ သမီးရယ်၊ သယ်ချင်လည်း သယ်ပါစေ၊ အဟင်း
အန်တီလုံးကတော့ အဲဒီကောင်လေးကို သဘောကျနေပြီ"

"ရှင် အန်တီလုံးက"

"ဟုတ်တယ်၊ ဩော် တလွဲတွေမတွေး...နော်။ အန်တီလုံး
စိတ်ထဲမှာ ကောင်လေးက သမီးကို သဘောကျနေသလိုပဲ၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



လုံးကတော့ သဘောတူတယ်''

''ဟာ အန်တီလုံးကလည်း မဟုတ်တာ''

သူမလည်း ရိပ်တော့ရိပ်မိသည်။ ဒါပေမဲ့ တကယ်လို့ မထင်ခဲ့။ အခု အန်တီလုံးပြောသလိုဆိုရင် သူမထင်တာ မှန်နေပြီလာ သစ္စာ ခပ်ရှက်ရှက်နှင့်ပဲ လက်ကိုင်အိတ်ကိုဆွဲကာ ထွက်ခဲ့သည်။

ကျောင်းသားက ဆရာမကို စိတ်ဝင်စားတယ်ဆိုတာ တကယ့် မျက်နှာပူစရာ။ နောက်ပိုင်း သူမ အနေအထိုင်ဆင် ရတော့မည်။

ကားပေါ်ရောက်တော့ သူမအတွက် အရှေ့ဆုံးခုံကို ချန်ထား၏။ သစ္စာနှင့် အန်တီလုံး ထိုခုံမှာပဲ ထိုင်လိုက်ကြသည်။ သူမ ဘေးမှာကျတော့ အနန္တနှင့် နန္ဒတို့ခုံ။ သစ္စာနဲ့ အနန္တကြားမှာ လူသွ လမ်းကလေးသာခြားသည်။ သူမ အနန္တကို လှမ်းကြည့်လိုက်တော့

''ဘာဖြစ် မ၊ ချောလို့လား''

ဟု တိုးတိုးလေး သူမကြားနိုင်ရုံသာ ပြောသည်။ သူ မျက်စောင်းထိုးလိုက်ပြီး တစ်ဖက်ကို မျက်နှာလွှဲလိုက်၏။

သူ မေးလည်းမေးချင်စရာ။ အနန္တက တကယ်ချောနေသည် နီညိုရောင်စပို့ရှပ်လေးကို ဂျင်းဘောင်းဘီနှင့် တွဲဝတ်ထားတာမို့ ဖြ သောအသားက ပို၍ဖွေးနေ၏။ ဘယ်လိုကြည့်ကြည့် ခေတ်ဆန်က ချောမောနေသည်။ သစ္စာ ကိုယ့်ကိုယ်ကိုယ် အနန္တဘက်သို့ မလှည့် အောင် ကြိုးစားနေလိုက်သည်။

ညကိုးနာရီလောက်ဆိုတော့ပတ်ဝန်းကျင်မှာ လက်ဖက်ရည် ဆိုင်ထိုင်သူတွေက ထိုင်နေ၏။ စည်တော့ စည်ကားသည်သာ။ ည ဆယ်နာရီလောက်ရောက်တော့ မြို့ပြင်ကို တော်တော်ရောက်နေပြီ





ပတ်ဝန်းကျင်ကို ငေးကြည့်စရာလည်းမရှိတော့ဘဲ ကားပေါ်ကလူတွေ အားလုံး အိပ်ပျော်ကုန်ကြသည်။ ညတိုင်း ဆယ့်နှစ်နာရီလောက်မှ အိပ်ရာဝင်တတ်သော သစ္စာတစ်ယောက်တည်း ဒုက္ခရောက်နေသည်။ မသိမသာ အနန္တကိုကြည့်တော့လည်း အိပ်ပျော်နေသည်။

အနန္တက သေချာကြည့်လေ ချောလေ။ သူမ ချစ်ခဲ့ရသူ အနန္တလည်း ချောပါသည်။ ဒါပေမဲ့ တစိမ့်စိမ့်ကြည့်လျှင် ရိုးသွားသော အချောမျိုး။ အနန္တကကျတော့ တစိမ့်စိမ့်ကြည့်လေ ပိုချောလာလေ။ ပြောရလျှင် အကြည့်ခံသည်ပေါ့။

တည်သစ္စာ သတိလက်လွတ် ငေးမောနေခိုက်မှာပဲ အနန္တ မျက်လုံးတွေပွင့်လာပြီး သူမကို ပြုံးပြီးစိုက်ကြည့်သည်။

သေလိုက်ပါတော့။ မသိအောင်ကြည့်ပါတယ်ဆိုမှ သူခိုးလူမိ ဖြစ်ရသည်။ မတတ်နိုင်။ ခပ်တည်တည်ပဲ ရှေ့ကိုကြည့်နေလိုက်သည်။ အနန္တက သူ့ခုံမှထကာ သူမခုံလက်တန်းမှ ဘေးခုံလေးကို ဆွဲချလိုက် ပြီး သူမဘေးမှာလာထိုင်သည်။ ပြီးတော့ မျက်လုံးအစုံကိုမှိတ်ချလိုက် ၏။

''အနန္တ ကိုယ့်နေရာမှာ ကိုယ်ပြန်သွားထိုင်စမ်း''

အော်လိုက်လျှင် တခြားသူတွေ နိုးသွားမှာစိုး၍ ခပ်ကြိတ်ကြိတ် ပဲ ဆူလိုက်ရသည်။ အနန္တကတော့ ဂရုစိုက်ပုံမပေါ်။

''အနန္တ တို့ပြောနေတာ ကြားလား''

အနန္တ ခေါင်းခါ၏။

သစ္စာ ကြာလာတော့ စိတ်မရှည်တော့ဘဲ အနန္တပခုံးကို ပိတ် ထုပစ်လိုက်သည်။ အနန္တက ကျွမ်းကျင်စွာရှောင်လိုက်ပြီး သူမလက် ဖျံကို ဆုပ်ကိုင်ထား၏။ ကိုယ်တော်ချောက အခုထိ မျက်လုံးဖွင့်မလာ



www.burmeseclassic.com

www.burmeseclassic.com



သေး။ သစ္စာလက်ကို ကိုင်လျက်သားနှင့် အိပ်နေ၏။ ကားမောင်းသည့်လူကြီးကလည်း ကြည့်နေသည်။ သစ္စာ တဖြည်းဖြည်းရှက်လာပြီး

"အနန္တ တို့တောင်းပန်ပါတယ်၊ တို့လက်ကို လွှတ်ပေးပါ"

"မ လက်ကို လွှတ်လိုက်ရင် ကျွန်တော့်ကို ထပ်ထုဦးမှာပဲ မဟုတ်လား"

"ဒီမှာ မင်းကိုထုချင်ရင် တို့တယ်လက်တစ်ဖက်လုံး ကျန်သေးတယ်၊ လွှတ်ပေးတော့"

အနန္တက အခုမှလွှတ်ပေးသည်။ ဒါပေမဲ့ ဒီလိုကြီးထိုင်နေတာကတော့ မသင့်တော်။

"အနန္တ မင်းကြာလာရင် ဇက်နာလိမ့်မယ်၊ ခုံက သေးသေးလေးကို မှီအိပ်နေတော့၊ ဇက်ကကျိုးနေပြီ၊ သွား ကိုယ့်ခုံမှာ သက်သက်သာသာနဲ့ ပြန်သွားအိပ်ချေ"

သူမ ပြောလိုက်မှပဲ အနန္တက ကျောမှီပေါ်ကို ခေါင်းလှန်အိပ်နေရာမှ သူမ လက်တန်းပေါ်မှာ လက်ကိုခံကာ အိပ်တော့၏။

ခုမှ ပိုဆိုးပြီ။

ပြောလို့မရမည့်အတူတူ သူမထိုင်ခုံမှထကာ အနန္တခုံမှာ သွားထိုင်လိုက်သည်။ ဒါကို အနန္တမသိလိုက်။

အခုမှပဲ သူမ သက်ပြင်းချနိုင်၏။ သို့သော် တစ်ရန်ငြိမ်းသွားတော့ နောက်တစ်ရန်က တိုးလာသည်။ နန္ဒအအိပ်ကြမ်းတာက သူ့ခေါင်း သစ္စာပခုံးပေါ် ခဏခဏကျသည်။ သစ္စာမှာလည်း တစ်ချိန်လုံး သူ့ခေါင်းကို ရှောင်ရတိမ်းရနှင့် မောလာသည်။

ကိုယ့်တပည့် အိပ်မောကျနေတာဆိုတော့လည်း မနှိုးရက်။ နောက်ဆုံးကျတော့ သူမ နန္ဒခေါင်းကိုထိန်းကာ ပြတင်းပေါက်မှန်မှာ





မှီနိုင်းထားလိုက်ပြီး သူမပါ အိပ်ပျော်သွား၏။

အနန္တခေါင်းထောင်ကြည့်လိုက်တော့ ဘေးမှာ မ,မရှိတော့။ အကယ်လျှင်သည့် မ။ ဘယ်တုန်းကထွက်သွားလဲတောင် မသိ။ နာရီကိုကြည့်တော့ နှစ်နာရီခွဲနေပြီ။ နောက်မှ သူ့ခုံပေါ်မှာ မ,အိပ်ပျော်နေတာကို တွေ့၏။ သူ ထသွားပြီး နန္ဒကို ခပ်တိုးတိုးနှိုးလိုက်သည်။

"နန္ဒ နန္ဒ"

"အင်"

နန္ဒက အိပ်ချင်မူးတူးနှင့် ခေါင်းထောင်လာ၏။

"ရှူးတိုးတိုး၊ နေရာလဲပေးစမ်းပါကွာ"

"ဗျာ"

"တိုးတိုးပြောဆိုနေ၊ ထ ဟိုမှာသွားထိုင်"

နန္ဒက ပထမတော့ နားမလည်သလို သူ့ကိုကြည့်သည်။ နောက်မှ သူ့ခုံမှာထိုင်နေသည့် မ,ကိုတွေ့သွားပြီး ပြုံးသည်။

"လုပ်ပေးရမှာပေါ့"

ဟု သူ့နားနားကို ကပ်ပြောကာ မ,ထိုင်ခုံမှာ သွားထိုင်ပေးသည်။ လက်မက ထောင်ပြလိုက်သေး၏။

သူ မ,ဘေးနားမှာ ဝင်ထိုင်လိုက်သည်။ ကားက ရမ်းတော့ မ,ခေါင်းလေးက ဟိုရမ်း၊ ဒီရမ်းဖြစ်နေ၏။ သူ မ,ခေါင်းလေးကို ညင်ညင်သာသာ ဆွဲယူကာ သူ့ပခုံးပေါ်ကို မှီစေသည်။

မ,တကယ်ကို အိပ်ပျော်နေရှာတာ။ မ,ခေါင်းလေးက သူ့ရင်ခွင်ထဲကိုတောင် တိုးဝင်လာသေး၏။ အနန္တရင်ခုန်သံတွေ ဆူညံကုန်သည်။ ညာဘက်လက်က မ,ပခုံးပေါ်ကို ဘယ်လိုရောက်မှန်းမသိ ရောက်သွား၏။ မ,ခေါင်းက သူ့မေးစေ့နားမှာမို့ မ,ခေါင်းလျှော်ရည်နံ့သင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို သူတစ်ချိန်လုံးရနေသည်။ စိတ်တွေက ဘယ်လိုဖြစ်ကုန်မှန်း မသိဘဲ မ၏ ပန်းနုရောင်ပါးလေးကို သူနမ်းဖို့ရွယ်လိုက်သည်။ အဲ အချိန်ကျမှပဲ ကားက တုန့်ခနဲရပ်သွားပြီး ကားဘရိတ်အရှိန်ကြောင့် သူ့ခေါင်းငိုက်ကျသွားသလို မ,ခေါင်းက ရှေ့တိုးလာပြီး မနမ်းလိုက်ရ ဘဲနှင့် နှုတ်ခမ်းချင်းထိကပ်သွားသည်။ သူ့ ချက်ချင်းကိုယ်မတ်သွားပြီး တစ်ဖက်လှည့်ပြီးသားဖြစ်သွား၏။ နမ်းဖို့ရည်ရွယ်သည်က ပါး၊ နမ်း သွားတော့ နှုတ်ခမ်း။ အနန္တ ဘာလုပ်လို့ဘာကိုင်ရမှန်းပင် မသိတော့ စိတ်က ကိုယ်နဲ့မကပ်ချင်။ ကားဆရာကို ပြောပစ်ဖို့လည်း သတိမရ

"ရောက်ပြီ" ဆိုသော ကားဆရာအော်သံကြားမှ သတိရသည်။ သူ့ ချက်ချင်းထရပ်ကာ သူ့အိတ်သူယူပြီး ကားပေါ်ကဆင်းခဲ့သည်။ နောက်ကျမှ တစ်ကားလုံးနိုးလာကြပြီး ဆင်းလာသည်။ နန္ဒ ကားပေါ် က ဆင်းလာတော့ သူ့ဆီတန်းလာ၏။

"အစ်ကိုကလည်း ကျွန်တော့်ကိုတော့ မနိုးဘူး၊ တော်ကြာ ဆရာမနိုးသွားလို့ ကျွန်တော်နေရာပြောင်းလိုက်တာ သိသွားရင် အဆူ နေရဦးမယ်"

"အခု မ,နိုးသွားလား"

"တော်သေးတာပေါ့ မနိုးလို့ အနံ့တိလုံးနိုးမှ ဆရာမနိုးတာ ဒါနဲ့ အစ်ကိုအခြေအနေက ဘယ်လိုလဲ"

နန္ဒက မျက်ခုံးနှစ်ဖက်စလုံးကို နိမ့်ချည်မြင့်ချည်လုပ်ကာ မေး တော့ သူ ခွီးခနဲရယ်လိုက်၏။

"တော်ပါကွာ၊ လာသွားမယ်"

သူ သူ့ခရီးဆောင်အိတ်ကို လွယ်လိုက်ပြီး နန္ဒလည်ပင်းကို ဖက်ကာ ထွက်ခဲ့၏။



သစ္စာကို အနံ့တိလုံးလာနိုးတော့ ကားပေါ်မှာ ဘယ်သူမှ မရှိတော့။ အနန္တက ဘာလို့ အခုတော့ မနိုးလဲမသိ။ ရင်ထဲမှာ မကြွစ်တင်ချင်စိတ်ဖြစ်သွားရသည်။ ပြီးမှ

အို သူမနိုးလည်း ဘာဖြစ်လဲ၊ ကိုယ့်ဘာသာကိုယ် ထမှာပေါ့။ သူ့ကိုမှအရေးစိုက်စရာမလိုဘူး။

သစ္စာ ကိုယ့်ဘာသာကိုယ်တွေးရင်း ကားပေါ်က ဆင်းလိုက် သည်။ ပြီးမှ ကားသမားကြီးက ပြုံးစိစိမျက်နှာနှင့်

"သမီး ဒီမှာသုံးရက်နေမှာနော်"

"ဟုတ်ပါတယ်"

"ဒါဆို ဒီနေ့ သောကြာဆိုတော့ တနင်္လာမနက် ပြန်မှာပေါ့"

"ဟုတ်ပါတယ်"

"ဒါဆို ဦးအဲဒီကျမှပဲ ပြန်လာခဲ့တော့မယ်"

"ကောင်းပါပြီ"

ပြောပြီးတော့ ကားသမားကြီးက ကားမောင်း၍ ထွက်သွား သည်။

ဒီလူကြီးကလည်း ဘာလို့ပြုံးစိစိဖြစ်နေမှန်းမသိ။

"ကဲ အားလုံးအခုသုံးနာရီနှစ်ဆယ်ဆိုတော့ မှောင်သေးတယ်၊ နက်မိုးလင်းမှတက်မလား"

"ဟာ ဆရာမ၊ အခုပဲတက်မယ်"

"ဟုတ်တယ်"

နန္ဒ ပြောတော့ အားလုံးက လက်ခံ၏။

"ကျွန်တော်တို့မှာ လက်နှိပ်ဓာတ်မီးတွေပါတယ်၊ ပြီးတော့ ဆိုင်မှာ မီးတုတ်တွေလည်း ဝယ်လို့ရတယ်လေ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူမတို့က ကားနှင့်တောင်တက်လျှင် အန္တရာယ်များ၍ ခြေထောက်နှင့်တက်ဖို့ပဲ ဆုံးဖြတ်ခဲ့သည်။ ကိုယ်က အုပ်စုတောင့်တော့ ခြေလျင်တောင်တက်လျှင်လည်း ပျော်စရာကောင်းမည်သာ။ အားလုံးက စိတ်အားထက်သန်နေသလောက် အနန္တတစ်ယောက်ငြိမ်နေ၏။ သူမ နေရာပြောင်းလိုက်လို့များ စိတ်ကောက်နေသည်လားမသိ။ အဲဒီကောင်လေးက စိတ်ကိုကောက်တတ်လွန်းပါတယ်။ သူမ စိတ်ဆိုးဖို့တောင်မချ

"ဒါဆိုလည်း အခုတက်မယ်လေ"

"ဟင် သမီး ခြေလျင်တက်မှာလား"

"ဟုတ်တယ်လေ၊ အန်တီလုံးရဲ့၊ အိမ်မှာထဲက ပြောတာပဲကို"

"သမီး အန်တီလုံးကို ဘာမှမပြောဘူး၊ အဲဒါကြောင့် ထ ဝတ်လာတာပေါ့၊ ပြီးတော့ အန်တီလုံးက ဒူးမကောင်းဘူး၊ ကားနဲ့ပဲ တက်လို့ရမှာ"

အန်တီလုံးကြောင့် ကျောင်းသားတွေအားလုံး စိတ်ညစ်ကုန်၏

"ဆရာမ ကျွန်တော်တို့ ကားနဲ့လုံးဝမတက်ဘူးနော်"

"ဟုတ်တယ်၊ ဒါမှမဟုတ် အန်တီလုံးတစ်ယောက်တည်း ကားနဲ့တက်"

ကလေးတွေကပြတ်သည်။ အန်တီလုံးကတော့ မျက်နှာပျက်နေရှာ၏။

"အစ်ကို ဘာဖြစ်နေတာလဲ"

"ဟော ဘာမှမဖြစ်ပါဘူးကွာ"

"အဲဒါဆိုလည်း တက်တက်ကြွကြွနေလေဗျာ၊ အစ်ကိုနဲ့ အခု လိုပုံစံနဲ့ မလိုက်ဘူး၊ ဘယ့်နှယ့်ဗျာ နေရာလဲပေးလိုက်လို့ ဖြူးနေမ လားမှတ်တယ်၊ လာငိုင်နေရတယ်လို့"





"ဟာ တိုးတိုးပြောစမ်းပါ"

"အဲဒါဆို တက်တက်ကြွကြွနေ"

"အေး နေမယ်၊ မင်း အဲဒီကိစ္စ လုံးဝမပြောနဲ့တော့"

"ကောင်းပြီလေ၊ ဒါပေမဲ့ ဟိုတယ်ရောက်ရင်တော့ အကျိုးအကြောင်းနည်းနည်းတော့ ပြောပြဗျာ"

သူ အင်တင်တင်လုပ်နေတော့ နန္ဒက ခြိမ်းခြောက်သည်။

"ဘာလဲ မပြောဘူးလား၊ ရတယ်လေ ဆရာမဆီ ကျွန်တော် ခဏသွားလိုက်ဦးမယ်"

"ဟာ နန္ဒ နန္ဒ"

သူ မနည်း နန္ဒလက်ကို ဖမ်းဆွဲလိုက်ရသည်။ ဒီကောင်က မထင်လျှင် မထင်သလိုလုပ်တတ်သည်။

"ပြောပြမယ် ဟုတ်ပြီလား"

"ဒီလိုမှပေါ့ဗျာ၊ ညီအစ်ကိုတွေပဲ"

နန္ဒက ခြေဖျားထောက်ကာ သူ့ပခုံးလှမ်းဖက်၏။

သူ နန္ဒခေါင်းကို ပုတ်လိုက်ပြီး

"မင်း တော်တော်အကျပ်ကိုင်"

သူတို့နှစ်ယောက်စလုံး ရယ်လိုက်ကြသည်။

"အဆင်မပြေရင်လည်း အန်တီလုံး ခြေထောက်နဲ့ပဲ တက်ပါတော့မယ်"

ဒီလိုကျတော့လည်း အနိုင်ကျင့်ရာကျမည်။ သူက သစ္စာတစ်ယောက်တည်းဖြစ်နေမှာစိုးလို့ အဖော်လိုက်ပေးသည့်သူ။

"ဟာ အဲဒီလိုမလုပ်လည်း ရပါတယ်၊ သစ္စာနဲ့ အန်တီလုံး ကားနဲ့တက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ ကျွန်တော်တို့နဲ့ပဲတက်"

အနန္တ ပြောတော့ မ ကခေါင်းခါသည်။

"အဲဒီလိုကြေးလား၊ စစချင်း ခြေထောက်နဲ့ပဲ တက်မယ်ဆို ပြီးပြောတာ ဘယ်သူလဲ"

"အဲဒီတော့ဘာဖြစ်လဲ"

"မ,ပြောခဲ့တာဆိုတော့ မ,ခြေထောက်နဲ့ပဲ တက်ရမယ်၊ အန်တီလုံးကတော့ ကားနဲ့တက်ပေါ့"

"ဩော် အဖော်မပါဘဲနဲ့ တို့ကလွှတ်လိုက်ရမှာလား၊ အန်တီလုံးက တို့ကို အဖော်အဖြစ်လိုက်လာပေးတဲ့သူကွ"

"ကားနဲ့တက်တာပဲ၊ အဖော်မလိုပါဘူး၊ ဟုတ်တယ်မဟုတ်လား အန်တီလုံး"

"အန်တီလုံးကို မေးစရာမလိုဘူး၊ အနန္တ ကိုယ့်အလုပ်ကိုယ်လုပ်"

"ရမလား၊ အစကတည်းက မ,ကိုယ်တိုင် ကားနဲ့တက်ရမှာကြောက်လို့ ခြေထောက်နဲ့ပဲ တက်ကြမယ်ဆိုပြီး ပြောခဲ့တာလေ"

ဟုတ်တော့ဟုတ်သည်။ သူမကိုယ်တိုင် ကားနဲ့တက်ရမှာကို ကြောက်၏။ ဒါပေမဲ့ အန်တီလုံးခမျာ မျက်စိမျက်နှာပျက်နေသည်။ အင်းလေ သူလည်းတစ်ယောက်တည်းတော့ ဘယ်တက်ချင်မလဲ။

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီလုံးက တစ်ယောက်တည်း ထက်ရရင်လည်း ဖြစ်ပါတယ်၊ သမီး ကားကြောက်ရင် မလိုက်ပါနဲ့ ကိစ္စမရှိဘူး၊ ကဲ ကဲ သားတို့တွေ တက်ကြတော့၊ အန်တီလုံးကတော့ တောင်တက်ကားအလာကို စောင့်လိုက်ဦးမယ်၊ သားတို့က ခြေထောက်နဲ့ တက်မှာဆိုတော့ အချိန်ကကြာဦးမှာ၊ အန်တီလုံးကမြန်တယ်၊ သွားကြ





သွားကြ"

"အန်တီလုံးကလည်း"

"ဩော် သွားပါဆို"

အန်တီလုံးက သူမကို အတင်းတွန်းလွှတ်နေ၏။ ကိုယ်က မိန်းကလေးတစ်ယောက်တည်း ကျန်တာတွေက တပည့်တွေပေမယ့် ယောကျ်ားလေးတွေ။ မတော်လို့ လမ်းသွားလမ်းလာတွေ တစ်မျိုးထင် ကုန်ရင် မခက်ဘူးလား။

"အခုမှ လေးနာရီတောင် မထိုးသေးဘူး၊ အန်တီလုံး ကားနဲ့ တက်မယ်ဆိုရင် ခုနစ်နာရီ၊ ရှစ်နာရီလောက်မှ တက်လို့ရမှာ၊ ဒီကြားထဲ အန်တီလုံး ဘယ်လိုလုပ်မလဲ၊ ဘယ်သူနဲ့မှလည်း မသိဘူး"

"အန်တီလုံးက လူကြီးပါ သမီးရယ်၊ ဆီလျော်အောင် နေလို့ ရပါတယ်၊ ဒါပေမဲ့ ခုချိန်က အရမ်းမှောင်သေးတော့ သမီးတို့ ငါးနာရီ ခြောက်နာရီလောက်မှ တက်ကြ၊ တောင်တက်တာ ခြောက်နာရီ လောက်ကို ကြာတယ်၊ အဲဒီတော့ ဆိုင်တစ်ခုခုမှာ အခု မနက်စာ အရင်စားလိုက်ဦး"

"ဟုတ်ကဲ့ပါ၊ ကဲ အားလုံး အခု မနက်စာအရင်စားမယ်"

"ဟုတ်ကဲ့"

သစ္စာ ဆိုင်သန့်သန့်လေးတစ်ခုထဲကို ဝင်လိုက်သည်။ အားလုံး စားပြီးသောက်ပြီးကျတော့ လေးနာရီခွဲနေပြီ။

"အန်တီလုံး သစ္စာက တစ်ယောက်တည်း"

သူမ အန်တီလုံးကို ကပ်ပြောလိုက်တော့ အန်တီလုံးက နှုတ်ဆိတ်နေ၏။

"ဘာဖြစ်လဲ သမီးရယ်၊ ကိုယ့်တပည့်တွေပဲ၊ ပြီးတော့ အနန္တ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါတာပဲ”

“အမယ်လေး သူများအထင်ကြီးနေသေးတယ်၊ တကယ့် ပြဿနာ”

“ကောင်မလေးက စိတ်ကောင်းရှိရှာပါတယ်၊ မိန်းကလေး တစ်ယောက်တည်းဖြစ်နေလို့ အားမငယ်နဲ့ လမ်းမှာလည်း တောင်တ တဲ့အဖွဲ့တွေ အများကြီးရှိမှာပဲ၊ ပြီးတော့ အန်တီလုံးတို့ စားခဲ့ ထမင်းဆိုင်က ကောင်မလေးကလည်း အဖော်မရှိလို့တဲ့၊ အဲဒါ သမီး နဲ့ လိုက်လို့ရရင် လိုက်ချင်လို့တဲ့”

“ဟာ အဲဒါဆို ကောင်းတာပေါ့၊ သစ္စာလည်း အဖော်ရပြီ”

“ဒါဆို အန်တီလုံး သွားခေါ်လိုက်မယ်”

“ဟုတ်ကဲ့ အန်တီလုံး”

အန်တီလုံးကပြောပြီး ထိုကောင်မလေးကို သွားခေါ်သည် အနန္တက သူမအနားရောက်လာပြီး

“မ တက်ကြွရအောင်လေ”

“အနန္တ မင်း တို့ကို နည်းနည်းရှိသေးသမှုလေးများ မပေးနိုင် ဘူးလား”

“ဟင် ဘာဖြစ်လို့လဲ”

“မင်း တို့ကို မ မ,နဲ့ ခေါ်နေတာကို တို့မကြိုက်ဘူး”

“ဆောရီးပဲ အဲဒါကတော့ မကြိုက်လို့မရဘူး၊ ကျွန်တော်က အဖျားဆွတ်ခေါ်တာ”

“အဖျားဆွတ်ခေါ်ရအောင် တို့နာမည်က တည်သစ္စာ၊ မ ဆိုတဲ့နာမည် တစ်လုံးမှမပါဘူး”

“မ နာမည်က တည်သစ္စာလား”





“မကြောင်နဲ့နော် အနန္တ”

“မဟုတ်ပါဘူး၊ မ,ကိုယ့်ကိုယ်ကိုယ် သစ္စာလို့ပြောတာတော့ ကြားဖူးတယ်၊ ဒါပေမဲ့ တည်သစ္စာမှန်းတော့ မသိဘူး၊ မ,မှ မပြောပြဖူးပဲ”

“ထား ထား၊ တို့ကို မ,လို့ တပ်မခေါ်နဲ့တော့”

“မရဘူး၊ ကျွန်တော်က အဲဒီလိုမခေါ်ရင် ဘယ်လိုခေါ်ရမှာလဲ”

“သူများတွေခေါ်သလို ဆရာမလို့ပဲခေါ်ပေါ့”

“အခုလည်း အဲဒီလိုပဲ ခေါ်နေတာပဲ”

“အနန္တ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့၊ ဆရာမလို့ပဲ ခေါ်”

“ကျွန်တော်က အဖျားဆွတ်ပြီးတော့ ဆရာမကို မ,လို့ ခေါ်လိုက်တာလေ”

“ဩော် တော်တော်ကောင်းတယ်”

“ဘာဖြစ်တာလဲ မ,ရာ၊ ကျွန်တော် အဲဒီလိုခေါ်လိုက်လို့ မ အသားပဲ့ပါသွားလား၊ ပြီးတော့ အိမ်မှာ ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ အစ်ကို၊ အစ်မဆို သိပ်လိုချင်တာ၊ အဲဒါကြောင့် မ,ကို အစ်မတစ်ယောက်အနေနဲ့ သဘောထားလို့ မ,လို့ခေါ်တာ၊ မ နောက်ထပ် မခေါ်နဲ့လို့ တစ်ခွန်းပဲပြောကြည့်၊ ကျွန်တော်တစ်သက်လုံး မခေါ်တော့ဘူး”

ဒီလိုကျတော့လည်း ဒီကောင်လေးက သနားစရာကောင်းသွားပြန်ရော၊ ဟုတ်မှာပေါ့လေ၊ သူ့ခမျာ တစ်ကောင်ကြွက်ဆိုတော့လည်း

“ပြောလေ မ”



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းတစ်ချက်ထိုးကာ

"မသိဘူး မသိဘူး၊ ခေါ်ချင်သလိုသာခေါ်တော့"

သူမ တစ်ဖက်လှည့်လိုက်တော့ အန်တီလုံးနှင့်အတူ ခပ်ချော ချောကောင်မလေးတစ်ယောက်ကို တွေ့သည်။

"သမီး သမီးတို့နဲ့လိုက်မယ်ဆိုတာ ဒီသူလေ"

"သြော် ဟုတ်ကဲ့"

သစ္စာ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ သေချာ အနီးကပ် ကြည့်တော့မှ ကောင်မလေးက ရိုးရိုးအဆင့်အတန်းထဲက မဖြစ်နိုင်မှန်း ခန့်မှန်းမိသည်။

"ဟုတ်ကဲ့ ပေရယ်ပါ"

"သြော် အစ်မက တည်သစ္စာပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်"

"သမီးရေ သူကလည်း ဒီမနက်မှရောက်တာ၊ အခု ဒီထမင်း ဆိုင်က သူ့အိမ်က ကားဒရိုင်ဘာကြီးမိသားစု ဖွင့်ထားတဲ့ဆိုင်လေ သူကလည်း သမီးလိုပဲ ကားနဲ့တက်ရမှာ ကြောက်တော့ ခြေလျင်ပဲ တက်မှာ"

"ကောင်းတာပေါ့၊ သမီးလည်း အဖော်ရတာပေါ့၊ သြော် ဒါနဲ့ ညီမလို့ပဲခေါ်မယ်နော်၊ ကြည့်ရတာ အစ်မထက် အသက်ငယ် မယ်ထင်တယ်"

"၂၁ တော့ မပြည့်သေးဘူး"

"ဒါဆိုငယ်တာပေါ့၊ အစ်မက နှစ်ဆယ့်ငါးလေ"

"ဟုတ်ကဲ့"

အနန္တ ထိုမိန်းကလေးကို မြင်ဖူးသလိုရှိ၏။ ဒါပေမဲ့ ဘယ်မှာ

(စိုးမိုးစာပေ)



မြင်ဖူးမှန်းတော့ မမှတ်မိတော့။ သူ မ,နားကို သွားကာ

"မ, တက်မယ်လေ၊ တက်တာက ကြာဦးမှာဆိုတော့"

"အင်း အင်း သြော် ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ညီမလေး ဒါ အစ်မရဲ့ကျောင်းသား အနန္တလေ၊ ညီမနဲ့ အသက်က အတူတူ လောက်ပဲ၊ သူက စာမေးပွဲကို မဖြေခဲ့လို့"

ဒီတစ်ချက်တော့ မ,ကို ကျေးဇူးတင်မိသည်။ သူ စာမေးပွဲ ကျတာကို မပြောဘဲ မဖြေဘူးဆိုတာသာ ပြောလိုက်၏။

"အနန္တ သူက ပေရယ်တဲ့"

"ဟုတ်ကဲ့"

"မမှတ်မိဘူးနဲ့ တူတယ်နော်"

"ဗျာ"

"သြော် ပေရယ်တို့က သိနေကြတာလား"

"ယူ တို့ကို မမှတ်မိပေမယ့် ဖြူကြည့်ကိုတော့ မှတ်မိမှာပါ"

"ဖြူကြည် သြော် သိပြီ၊ သူနဲ့ အဲဒီနေ့က ထိုင်နေတာ ကောင်းလား"

"ဟုတ်တာပေါ့၊ ဖြူကြည်ကတော့ ယူ့ကို အခုထိ မမေ့သေး ဘူး"

"အဟား ဆောရီးပဲ"

"ဘာကိုလဲ"

"တို့က ဒီလိုပဲ ပြောလိုက်မိလို့လေ"

"မလိုပါဘူး၊ သူက ကျေးဇူးတင်နေတာ၊ အစက သူနဲ့ တွေ့စပ်မယ့်သူကို လုံးဝတွေ့ချင်စိတ်မရှိဘူးလေ၊ အဲဒါ ယူက ကိုယ့်ကိုယ် ကိုယ် လာမိတ်ဆက်တော့ သူက မြင်ဖူးသွားပြီး ကျေနပ်သွားတာ"

www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်မယ့်သူတဲ့။ သူတို့ ဘာတွေပြောနေကြတာလဲ။ အနန္တက စေ့စပ်တော့မှာလား။ သူမ စိတ်ထဲတစ်မျိုးကြီးဖြစ်သွားသည်။

"ကဲပါ ပေရယ်တို့ တောင်တက်ရင်းနဲ့ ဆက်ပြောကြတာ ပေါ့"

သူမ ကျောင်းသားတွေကိုခေါ်ကာ ရှေ့မှစတက်ခဲ့သည်။ အနန္တကတော့ ပေရယ်နှင့် နောက်မှနေ၍ လိုက်လာ၏။

အခုကျတော့ ရှုပ်ကပြုံးလို့။ အနန္တ ဒီလိုပဲ မိန်းကလေးတွေနဲ့တွေ့တိုင်း ပြုံးနေတာပဲလားတော့မသိ။ အနန္တက သူမဆီတောင် မလာ။ ထိုကောင်မလေးနှင့်ပဲ စကားပြောနေ၏။

အင်းပေါ့လေ။ စေ့စပ်မယ့်အကြောင်း ပြောနေတာဆိုတော့လည်း ဒီလိုပဲဖြစ်နေမှာပေါ့။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိ ဟာနေသည်။

"ဒါနဲ့ မင်းက တစ်ယောက်တည်းပဲလား"

"အေလို့ ခေါ်နိုင်ပါတယ်၊ ခင်တဲ့သူတွေအားလုံးက အဲဒီလိုပဲ ခေါ်ကြတယ်၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ တို့သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်၊ သူတို့နဲ့ စီးတဲ့ကားချင်းမတူဘူးလေ၊ တို့က ကိုယ့်အိမ်ကကားနဲ့လာတာ၊ သူတို့ကတော့ နောက်ကျမှ ရောက်မယ်ထင်တယ်။ သူတို့က ကားနဲ့တက်မှာလေ။ တို့က ခြေလျင်တက်မှာမို့ ပိုပြီးစောလာတာ"

"သူငယ်ချင်းဆိုတော့ ဖြူကြည်များ ပါနေတာလား"

"အဟင်း ဟုတ်တယ်"

"တို့တော့ မျက်နှာပူပြီ"

"ဖြူကြည်ကတော့ ပျော်နေမယ်ထင်တယ်"

"အဟား ဟုတ်မယ်မထင်ပါဘူး။ ငါ့ကို ချိုးသွားတဲ့သူဆိုပြီး





သတွက်နေမှာ"

"မထင်ပါနဲ့၊ ယူ့ကို အဲဒီနေ့ကတည်းက သူစွဲသွားတာ"

"ဟုတ်လား"

"ယူ ရင်မခုန်ဘူးလား"

"ဘာကိုခုန်မှာလဲ"

"ယူတို့ကို အေလို့ခေါ်လို့မရဘူးလား"

"ဆောရီး အဲဒီလို မခေါ်ချင်လို့"

"ဟင် ဘာဖြစ်လို့လဲ"

"ဘာမှတော့မဟုတ်ဘူး၊ တို့ချစ်တဲ့သူကိုပဲ အဖျားဆွတ်ခေါ်င်လို့"

"ဒါဆို ယူက တို့ကိုမချစ်ဘူးပေါ့"

"ဗျာ"

"မလန့်သွားပါနဲ့၊ အလကားစတာပါ"

အနန္တ သက်ပြင်းချလိုက်မိသည်။ ဒီကောင်မလေးတွေ တကယ်လွယ်။ လမ်းများခင်းပေးလိုက်လို့ကတော့ တစ်ခါတည်း မြို့ပါတည်သွားနိုင်သည်။ သူက စားသောက်ဆိုင်မှာတုန်းက လွှန်ခဲ့တာမို့ အခုည်းနည်းပြန်ဖြေနေတာပဲရှိ၏။ တကယ်တမ်းကတော့ မ,နဲ့ပဲ အတူတောင်တက်ချင်တာပါ။ မ,ကတော့ အလိုက်တသိရှောင်ပေးတာများသိလျှင် သူနှင့် ပေရယ်ကပဲ ချစ်သူတွေလိုလို။

"ဒါဆိုရင်လည်း ပေရယ်ပဲပေါ့"

သူ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး

"တို့ ရှေ့ခဏသွားလိုက်ဦးမယ်။ သူငယ်ချင်းတွေ ရှေ့မှာမို့လို့"

www.burmeseclassic.com

www.burmeseclassic.com



"ခြောက် တို့လည်း လိုက်မယ်လေ"

သေရော။ မ,ဆိသွားတာတောင်မှ သူ့ကို ခေါ်သွားရဦးမည်။

"ရပါတယ်"

သူ မတတ်နိုင်၍ ပေရယ့်ကိုပါခေါ်ကာ မ,ဆီလာခဲ့သည်။ မ က မိုးကျော်တို့ နန္ဒတို့နှင့် စကားပြောကာ တက်နေ၏။

"မ"

သူမ အနန္တကို ရယ်ပြမလို့ပါပဲ။ ဒါပေမဲ့ နောက်က ပေရယ်ကိုမြင်တော့ ရယ်ပြချင်သည့်စိတ်က မရှိတော့။

"ဘာတွေပြောပြီးရယ်နေတာလဲ မ,ရဲ့"

"ဘာမှ မဟုတ်ပါဘူး။ သူတို့ကျောင်းတုန်းက အကြောင်းပါ"

"မိုးကျော် ကျောင်းမှာတုန်းက ဘောင်းဘီချွတ်ပြီး အရိုက်ခံရတဲ့အကြောင်းပြောနေတာ အစ်ကိုရ"

"ဟော့ကောင် နန္ဒ တော်တော့၊ တစ်ခါဆိုရှပြီ"

"ပရိသတ်က တောင်းဆိုရင်တော့ ပြောရမှာပေါ့၊ ဘယ်လိုလဲ အစ်ကိုသိချင်လား"

"နန္ဒ တော်တော့ဆို"

"တော်ပါပြီကွာ၊ ဟိုမှာ မိုးကျော်မျက်နှာကြီး နီရဲနေပြီ၊ နေစမ်းပါဦး။ မင်းတကယ်အရိုက်ခံရတာလား"

"ဒါပဲလေ အစ်ကိုသိချင်နေတာကို ပြောပြလိုက်စမ်းပါ"

"အစ်ကိုကလည်း ဟုတ်ပါတယ်ဆို တော်ပြီပေါ့"

"ဟာ အစ်ကိုရေ မိုးကျော်ဖင်ကလေ မဲတူးနေတာပဲ"

ကြားထဲက ကျော်စွာဝင်ပြောတော့ သူရယ်မိသည်။

"အဲဒါကြောင့် မိုးကျော်ဘောင်းဘီအဖြူဝတ်ရင် ဖင်နေရာပဲ





ကွက်မဲနေတာနဲ့တူတယ်"

သူ ထပ်ပြောတော့ မ,ပါရယ်သည်။

"အဟင်း ဟင်း တော်တော့ တော်တော့၊ ဟိုမှာ မိုးကျော် ရှက်နေပြီ"

"မင်းတို့ကလည်း ညစ်ညစ်ပတ်ပတ်တွေ"

ဘာကြီးလဲ။ ဘာမဆိုင် ညာမဆိုင်နှင့် ပေရယ်က ဝင်ပြောတော့ သူတို့လားလုံး ရယ်နေတာတွေ ပျောက်ကုန်၏။

မိုးကျော်က အနန္တနားကိုကပ်ကာ

"ဆရာကြီးလား သူက"

"မင်းကလဲ ထားလိုက်ပါကွာ"

"အစ်ကိုနော်၊ ဆရာမနဲ့ပဲ ကျွန်တော်သဘောတူတာ"

နန္ဒကပါ ဝင်၍

"ကျွန်တော်ရောပဲ"

သူ မိုးကျော်နဲ့ နန္ဒ ပခုံးတစ်ဖက်စီကိုဖက်ကာ

"မင်းတို့ သူနဲ့သဘောတူရင်တောင် ငါက မမှမပဲ"

"ဟာ ကြိုက်သွားပြီ"

သူတို့သုံးယောက်သား ကြိတ်ပြီးလက်ချင်းရိုက်လိုက်သည်။ နှစ်နာရီလောက်တောင်ကို မနားတမ်းဆက်တိုက်တက်လာတော့ လူက ထိုက်လာသည်။ သစ္စာ မနားလို့မဖြစ်တော့။

"ခဏ နားကြရအောင်"

"မ မောလို့လား"

"အင်း မောနေပြီ"

မ ဟန်မပျက်ပြောသော်လည်း မ,မျက်နှာလေးက ရဲကာ



www.burmeseclassic.com

www.burmeseclassic.com



ချွေးတွေစို့နေသည်။

"မ အိတ်တွေ ကျွန်တော့်ကိုပေး"

"ဟာ မဟုတ်တာ၊ မင်းမှာလည်း မင်းကျောပိုးအိတ်က အကြီးကြီးရယ်"

သူ့ တောင်တက်ကျောပိုးအိတ်က သူ့အရပ်တစ်ဝက်လောက်ရှိတာမို့ ဒီအိတ်တစ်လုံးနဲ့တင် ပစ္စည်းအားလုံးဆန့်သည်။ ဒါပေမဲ့ အိတ်က တော်တော်ကြီးတာမို့ မ,က အားနာနေတာဖြစ်၏။

"ကျွန်တော်က ကျောမှာလွယ်ထားရတာ အေးဆေးပဲ၊ မ လက်တွေ ကြာလာရင် နာကျန်လိမ့်မယ်၊ မ,ဘာသာမ လက်ကိုင်အိတ်လေးပဲကိုင်၊ ဒီအထုပ်တစ်ထုပ်လောက်တော့ ကျွန်တော်သယ်နိုင်ထယ်"

ပေရယ် သူတို့နှစ်ယောက်ကိုကြည့်ရင်း သဘောပေါက်သလိုတော့ ရှိလာသည်။ ဘယ်တော့မှ သူများအတွက် အရေးပေးတာမျိုး မရှိသောသူက ဒီဆရာမကိုကျတော့ အရေးပေးနေသည်။ တို့မှာ ချစ်သူရှိတယ်ဆိုတာ ဒီဆရာမလား။

သစ္စာ တောင်တက်မှာမို့လို့ ဝေါကင်းရှူးဝတ်လာတော့ အချိန်ကြာကြာတောင်တက်လိုက်တာနှင့် ခြေထောက်တွေနာလာသည်။ သူမ ဖိနပ် ရော ခြေအိတ်ကိုပါချွတ်လိုက်တော့ ခြေသန်းလေးကရဲတွတ်ကာ ဖုနေ ၏။ လက်နဲ့ဖိလိုက်တော့ နာတာမှအရမ်း။ သူမ မျက်နှာရှုံ့မဲ့သွား ဒါကို အနန္တမြင်သွားပြီး

"ခြေထောက်ဘာဖြစ်သွားလို့လဲ မ"

သူမ ဟန်တောင့်မဆောင်နိုင်ဘဲ

"ရေကြည်ဖုတက်နေပြီ၊ တအားစပ်တာပဲ"

အနန္တက သစ္စာခြေထောက်ကို လက်နှင့်ထွေးအုပ်ကာ ဖိဖေး





"အို မလုပ်နဲ့၊ မလုပ်နဲ့ အနန္တ မကောင်းဘူး"

"ဘာဖြစ်လဲ ကျွန်တော့်ဘာသာ လုပ်ချင်လို့လုပ်ပေးတာပဲ။ သိုဖိပေးရင် သက်သာသွားလိမ့်မယ်"

နန္ဒ ကြားထဲမှဝင်၍

"အစ်ကို ကျွန်တော့်ခြေထောက်လည်း ရေကြည်ဖုတက်နေ

"ချွေးကောင်"

သူနဲ့ နန္ဒက ရယ်လိုက်ပေမယ့် မ,ကတော့ ရှက်ပြုံးပြုံးနေ ည်။

"ရပြီ ရပြီ အနန္တ၊ တို့ သက်သာသွားပြီ"

မ,က အတင်းပြောကာ သူ့လက်ကို ဖယ်ချလိုက်ပြီး ခြေအိတ် ဝတ်သည်။

"မ တကယ်ရလို့လား"

"ရပါပြီ၊ ကျေးဇူးပဲ အနန္တ"

"ဟော့ အနန္တ ဒီလိုအကြာကြီးနားနေရင် ခရီးဖြစ်တော့မှာ ဟုတ်ဘူး"

သူ ပေရယ်ကို တော်တော်ချဉ်သွားသည်။

"ဒါဆို မင်းအရင်တက်နှင့်၊ တို့ကတော့ မ,နဲ့ပဲ တက်မယ်၊ ှောင်းသားတွေကလည်း တို့နဲ့ပဲ တက်မှာဆိုတော့၊ မင်းတစ်ယောက် ည်းဖြစ်နေရင် ဖြစ်နေမှာပေါ့၊ စိတ်တော့ မကောင်းဘူးကွာ"

မထင်မှတ်သော အနန္တစကားကြောင့် ပေရယ်မျက်နှာတင်း သည်။ တည်သစ္စာ ဒီလိုထိုင်နေလို့ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သွားကြရအောင်"

သစ္စာ ထမယ့်သာထလိုက်ရသည် ခြေထောက်က နာနေသဖြင့် ကိုယ်က ယိုင်သွား၏။ အနန္တက လှမ်းထိန်းလိုက်ပြီး

"ဒီလိုဖြစ်နေတာပဲ မ,က ဆက်တက်ချင်သေးလို့လား"

"တို့က ရပါတယ်၊ ကိစ္စမရှိဘူး အနန္တ၊ ကဲ အားလုံး ဆက်တက်ကြမယ်"

ပြော၍ မ,က ဆက်တက်သည်။ သူ ပေရယ်ကို တစ်ချက် ကြည့်ကာ

"မ,က တို့အသက်ပဲ"

ဟု ပြော၍ မ,နောက်ကို လိုက်ခဲ့သည်။ သေချာသွားပြီ ဒါကို ဖြူကြည်သိအောင် သူမပြောပြရဦးမည်။

အနန္တ မ,လက်မောင်းကို ထိန်းပေးရင်း တက်ခဲ့သည်။ မ က သူ့လက်ကိုတောင် ရုန်းမချနိုင်။ မ တော်တော်မောနေပြီထင်သည်။ သူတို့ နာရီဝက်လောက် ထပ်တက်ရင်း လမ်းမှာတွေ့သည့် ဆိုင်လေး ကို ဝင်လိုက်ပြီး

"ဦးလေး ဘယ်လောက်ဆက်တက်ရဦးမလဲ"

"အင်း မင်းတို့ မိုင်ဝက်တော့ရောက်ပြီ"

"ဩော် ရှိတာက ခုနစ်မိုင်နဲ့ ဘယ်နှစ်ဖာလုံလဲ ဦးလေး"

"လေးဖာလုံ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

အနန္တ ဆိုင်ထဲက ပြန်ထွက်ကာ

"မ ဒီဆိုင်မှာ အအေးသောက်မလား"

"ထက်ဖို့ ဘယ်လောက်ကျန်သေးလဲ"



"အခု တက်ခဲ့တာလောက် ထပ်တက်ရဦးမယ်"

သူမ ဘာမှမပြောတော့ဘဲ

"မသောက်တော့ဘူး၊ ဆက်တက်မယ်"

"မ ရရဲ့လား"

"တို့ထက် အသက်ငယ်တဲ့ ကျောင်းသားတွေတောင် ရသေး တာပဲ၊ တို့က ဘာလို့ မရရမှာလဲ၊ ပြီးတော့ ခဏခဏနားနေရင် အန်တီလုံး စောင့်နေရဦးမယ်၊ နောက်ထပ် နှစ်နာရီခွဲ သုံးနာရီလောက် ထပ်တက်ရဦးမှာ"

"မ အဆင်ပြေရင် ပြီးတာပဲ"

"ဆရာမ ကျွန်တော်တို့ဆီမှာ အအေးပါတယ်၊ သောက် မလား"

"တော်ပါပြီ နန္ဒရယ်၊ ကျေးဇူးပါပဲ"

သူမတို့ ထပ်တက်ကြပြန်သည်။ ခရီးသုံးပုံနှစ်ပုံခွဲလောက် ရောက်တော့ သစ္စာ မခံနိုင်တော့ဘဲ ခွေကျသွားသည်။

"ဟာ မ ဘာဖြစ်လို့လဲ"

ကလေးတွေလည်း ပျာပျာသလဲဖြစ်ကုန်ကြ၏။ သူမ လက် ကာပြလိုက်ပြီး ပြန်ထဖို့ ကြိုးစားပေမယ့် ခြေထောက်က တအားနာ နေတာမို့ မထနိုင်။

"ခြေထောက် ခြေထောက်နာနေလို့"

ပေရယ်က လာကြည့်ကာ

"အနန္တ ပေရယ်တက်နှင့်တော့မယ်၊ အစ်မကလည်း ဒီလောက် များတာ ခြေထောက်နဲ့တက်ဖို့မကောင်းဘူး၊ ကဲ ဖြူကြည်နဲ့တွေ့ရင် ပြန်းမယ်၊ သွားပြီ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ပေရယ်ပြော၍ ရှေ့ကထွက်သွား၏။

ယဉ်ယဉ်လေးပြောသွားပေမယ့် မ,ကို သက်သက်ဖွဲ့သွား မှန်း သိသာသည်။ ပိုဆိုးတာက ဖြူကြည်နဲ့တွေ့မှ ချိန်းမယ်ဆိုရ သူက တွေ့ချင်နေတာမှ မဟုတ်တဲ့၊ ဘယ်လိုကြီးမှန်းကိုမသိ။ ယော လေးသာဆိုလျှင် ဆွဲထိုးပြီးတာကြာပြီ။

"မ ထောက်လို့ရောရလား"

"ရတယ်၊ မိုးကျော်နဲ့ နန္ဒ ဆရာမကို တွဲပေး"

"ဘာဖြစ်တာလဲ၊ ကျွန်တော်တွဲပေးမှာပေါ့"

"မလိုဘူး၊ ဟိုမှာပြောသွားတာကြားလား"

"ဘာမှမဆိုင်ဘူး"

"ဆိုင်တာပေါ့၊ တစ်ချိန်လုံး တို့ကိုချိုးဖွဲ့ပြောနေတာ"

"အဲဒါကြောင့် ကျွန်တော်လည်း ခပ်ရှင့်ရှင့်ပြောလိုက်တာ"

"အဲဒီလို ပြောလိုက်ဖို့မကောင်းဘူး၊ ဟိုက မင်းစေ့စပ် သူရဲ့ သူငယ်ချင်း"

"ဟာ အဲဒါလုံးဝပဲ၊ ကျွန်တော်အပြတ်ပြောပြီးသား တယ်"

"ကဲပါ မိုးကျော်နဲ့ နန္ဒ တွဲပေးပါဆို"

"မတွဲနဲ့ ငါတွဲမယ်"

"အနန္တ မရစ်နဲ့"

မိုးကျော်နှင့် နန္ဒ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

"မ,က သက်သက်ကပ်နေတာ"

"မင်း အခုလိုပုံမျိုးနဲ့ ရောက်တော့မှာကို မဟုတ်ဘူး"

"လာပါ ကျွန်တော်တွဲပါ့မယ် မ,လျှောက်နိုင်မှာ မဟုတ်ဘူး"





"ဟုတ်ပါတယ် ဆရာမရယ် အဆင်ပြေသွားတာပေါ့"

နန္ဒက မီးလောင်ရာ လေပင့်ပေးသည်။ သူ နန္ဒကို ပြုံးပြ လိုက်ပြီး

"ကဲ လာပါ မ,ရာ၊ ရော့ နန္ဒ ဒီကျောပိုးအိတ်လေးကို ကူသယ်ပေးကွာ၊ မိုးကျော်က ဒီလက်ကိုင်အိတ်လေးကို ယူထားပေး"

"အနန္တ မင်းသေသွားလိမ့်မယ်၊ ဒါပန်းခင်းလမ်း မဟုတ် ဘူး၊ တောင်တက်နေတာ၊ ပြီးတော့ တို့က အလေးကြီး"

"ကျွန်တော် ယောကျ်ားပါ မ,ရာ၊ မ,တစ်ကိုယ်စာလောက် တော့ အေးဆေးပဲ"

သူမ ခြေထောက်လည်းနာ၊ ပြောလို့လည်း မရနိုင်တော့မှန်း သိသောကြောင့် နောက်ဆုံး အနန္တကျောပေါ် တက်လိုက်ရသည်။

"ဟာ လေးလိုက်တာ"

"အနန္တနော်၊ အဲဒါဆို တို့ကို အခုချပေးတော့"

"အလကားစတာပါ၊ ဒါပေမဲ့ မ,အခုလို ခဏခဏမလှုပ်နဲ့၊ တောင်တက်နေရတာ၊ မတော်လို့လိမ့်ကျရင် လျှောခနဲပဲ"

"ပါးစပ်ပုပ်ကြီးနဲ့ လျှောက်ပြောမနေနဲ့ အနန္တ၊ မင်း မကြောက် ပေမယ့် တို့ကြောက်တယ်"

အနန္တ မ,ကို ခေါင်းလှည့်ကြည့်တော့ သူ့ပခုံးစွန်းမှာ လက်ခံ ကာ မေးကင်ထားသော မ,မျက်နှာနှင့် နီးနီးလေးဖြစ်သွား၏။ မ,က သူမ လက်နှစ်ဖက်နှင့် အနန္တခေါင်းကို ရှေ့သို့ပြန်လှည့်စေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းကို အရှေ့မှာပဲထား။ နောက်လှည့်မလာနဲ့"

"ဘာဖြစ်လို့လဲ"

"မရှည်နဲ့ အနန္တ။ မလှည့်လာနဲ့ဆို မလှည့်လာနဲ့"

အနန္တက ရယ်သည်။ သူမကတော့ ခုန်နေသော ကိုယ့်ရင်ဘတ်ကို ကိုယ်ပြန်ထိန်းနေရသည်။ တော်ကြာ အလှည့်လွန်လို့ သူမနှာခေါင်းနှင့် အနန္တပါးမိတ်ဆက်မိသွားရင် ဒုက္ခ။

လှည့်မလာနဲ့၊ လှည့်မလာပါနဲ့ အနန္တရယ်။

တို့ရင်တွေ တုန်လှုပ်နှိုးလို့ပါ။

❀❀❀



## အခန်း (၂၄)

"ဘယ်လိုလဲ မ၊ ခြေထောက်သက်သာသွားပြီလား"

"အင်း ထောက်လို့တော့ရပြီ"

သစ္စာတို့ တောင်ပေါ်ကို ခြေချမိသည်နှင့် ကြိုတင်ဘွတ်ကင်လုပ်ထားသော ကျိုက်ထိုပ်ဟိုတယ်မှာပဲတည်းကာ ရေမိုးချိုးပြီး နားနေခဲ့တာ ခုဆို ညနေငါးနာရီကျော်ပြီ။ တောင်တက်ရတာ မောလိုက်တာမှ ယူက ကိုယ့်ကိုယ်ကိုယ်ပင် မသယ်နိုင်တော့။ ဒီနေ့တစ်ရက်တော့ ညမှသာ ဘုရားဖူးသွားဖို့ ဆုံးဖြတ်လိုက်သည်။ ကျန်သည့်နေရာတွေကိုတော့ နောက်ရက်တွေမှာ သွားကြမည်။ တည်းသစ္စာတို့က လူအင်အားတော့ တာမို့ ဟိုတယ်တစ်ဝက်လောက်က ကိုယ့်လူတွေချည်းဖြစ်နေသည်။ သူမတို့တည်းရသည့်က သီးသန့်အိမ်ကလေးတွေမှာ ဖြစ်သည်။ သစ္စာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနံ့တိုင်းကတော့ တစ်အိမ်ကို နှစ်ယောက်ပဲတည်းပေမယ့် ကျောင်း
သားတွေကတော့ တစ်အိမ်ကို သုံးယောက်တည်းကြ၏။ သစ္စာတို့အ
ကလေးက စစချင်းမှာရေလျှင် ငါးလုံးမြောက်အိမ်ကလေး။ အနန္တ
ကျော်နှင့် နန္ဒတို့က သူမနှင့်ကပ်လျက် စတုတ္ထမြောက် အိမ်လေး
နေသည်။ အစောကြီးကတည်းကမှ လာချင်ချင်ဖြစ်နေကာမှ အ
အခန်းချင်းနီးတော့ ပိုဆိုးရပြီ။

"မ ကျွန်တော့်ကို ကျေးဇူးမတင်ဘူးလား"

"မတင်ပါဘူး"

ဟုတ်တယ်လေ ကိုယ့်မှာ သူ့ကြောင့် ရင်တွေခုန်ရတာ ဘယ်
သူသိလို့လဲ။

"ဟာ တကယ်၊ ကျွန်တော့်မှာတော့ ယယ်လိုက်ရတာ၊ ဆ
အိတ်ထက်ကိုလေးတာ တကယ်"

"ဘာ မင်းနော်၊ မင်းကို ဘယ်သူက သယ်ခိုင်းလို့လဲ"

အနန္တ မ,ကို သေချာစိုက်ကြည့်လိုက်တော့ မ,ရှက်၍ထ
သည်။ မျက်နှာလွှဲသွား၏။ မ ခုတင်ခြေရင်းမှာ ကျုံ့ကျုံ့လေးထိုင်နေ
က တကယ့်ချစ်စရာ။ အိပ်ထားတာမို့ မ,မျက်နှာလေးက ပြည့်ပြည့်
ဝင်းဝင်းလေးဖြစ်နေသည်။ ပြီးတော့ မိန်းမတီရှပ် အနီရောင်ရင့်ရင့်
လည်ဟိုက်ဟိုက်ကလေးကို ဝတ်ထားတာကြောင့် ဂုတ်သားဖြူဖြူလေး
နှင့် ရင်ဘတ်ဖွေးဖွေးလေးကို မြင်နေရ၏။

သူကြည့်မှန်း မ,ကသိသဖြင့် အင်္ကျီလေးကို မသိမသာဆွဲတင်
လိုက်ပြီး

"ပြန်တော့လေ"

"မကို ထပ်ကြည့်မှာစိုးလို့လား"





"မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ အနန္တ၊ ပြန်တော့"

သူ မနှင့် မျက်နှာချင်းဆိုင်မှာ ဆောင့်ကြောင့်ထိုင်နေရာမှ
မ,ဘေးနားကို ပြောင်းထိုင်လိုက်သည်။

"ဘာလုပ်တာလဲ အနန္တ"

"ဘာဖြစ်လို့လဲ၊ မ,နားမှာ ထိုင်တာပဲကို၊ မ,ကို ကျွန်တော်
ဖက်နမ်းနေတာမှ မဟုတ်တာ"

"ဟင် အနန္တ မဟုတ်တာတွေ လာပြောနေတယ်၊ မင်း
ပြန်တော့"

မ,က ပြောပြီးထရပ်တော့ သူ မ,လက်ကို ဆွဲကာ ထိုင်ချ
ခိုင်း၏။

"အမေ့"

အနန္တ ဆောင့်ဆွဲလိုက်သည့်အရှိန်ကြောင့် အစကတည်းကမှ
နာချင်ချင်ဖြစ်သောနေသော ခြေထောက်က ယိုင်သွားကာ အနန္တရင်ခွင်
ထဲကို ဘုတ်ခနဲပြုတ်ကျ၏။ အနန္တတို့က ဒါမျိုးတော့ ဘယ်တော့မှ
လက်လွှတ်မခံ။ မ,ကို ခပ်တင်းတင်းဖက်ထားလိုက်သည်။ ထင်သည့်
အတိုင်းပါပဲ။ မ,က အကြောက်အကန် ရုန်းသည်။

"အနန္တ မင်းလွှတ်စမ်း လွှတ်စမ်း ငါ့ကို"

"ကျွန်တော် မ,ကို ချစ်တယ်"

"ဟင် လူရမ်းကား၊ ငါလွှတ်လို့ပြောနေတယ်"

"ခဏ ခဏလေးပါ မရယ်၊ ကျွန်တော်ပြောတာလေးကို
ခဏပဲနားထောင်ပေးပါ၊ မရုန်းပါနဲ့"

"မထောင်ဘူး အနန္တ၊ ငါ မင်းကို အရမ်းမရွံသွားစေချင်
ရင် လွှတ်ပေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မ ငြိမ်ငြိမ်လေး ကျွန်တော်ပြောတာကို နားထောင်မယ်ဆိုရင် လွှတ် ပေးမယ်"

"မင်းလာပြီး အကျုပ်မကိုင်နဲ့ အနန္တ တစ်သက်လုံးမရဘူး အေး မင်းမလွှတ်ပေးရင် ငါ လုပ်မိလုပ်ရာလုပ်မှာနော်"

"ဒီလောက်လေးကိုတောင် မလိုက်လျောနိုင်ဘူးလားမရာ"

သူ ဒီတစ်ခွန်းပဲပြောပြီး မ ကို လွှတ်ပေးလိုက်သည်။

မ ကဆတ်ခနဲ ထရပ်ကာ

"မင်း အခုထွက်သွားလိုက်"

သူ မ ကို မော့ကြည့်ရင်း မတ်တပ်ထရပ်လိုက်သည်။

"မ ကျွန်တော့်ကို ရိုက်ချင်နေလား"

"ထွက်သွားတော့ အနန္တ ငါ အရမ်းဒေါသတွေပေါက်ကွဲမလာခင် ထွက်သွားလိုက်ပါ"

သူ ခါးကိုင်းကာ မ နားကိုကပ်လိုက်ပြီး

"မ ကိုအရမ်းချစ်တယ်"

သူပြောအပြီးမှာတော့ မ လက်တစ်ဖက်မြောက်တက်သွားသည်။

"ဖြန်း"

သူ သိရဲ့သားနှင့်ကို အရိုက်ခံလိုက်တာပါ။ ဒါမှ လျော်ကြေးဆိုတာရှိမှာ။

"ဒါပါနဲ့ဆို မ ကျွန်တော့်ကိုရိုက်တာ နှစ်ခါရှိပြီ၊ ပထမတစ်ခါကတော့ ဘယ်ဘက် ခုကျတော့ ညာဘက်၊ မ ထပ်ရိုက်ဦးမလား ဒါပေမဲ့ တန်ရာတန်ကြေးတော့ရှိတယ်"

မ ဘာမှမပြောနိုင်ဘဲ တစ်ကိုယ်လုံးတုန်နေ၏။

(စိုးမိုးစာပေ)



"ပထမတစ်ချက်အတွက်က ကျွန်တော့်အချစ်ကို မ လက်ခံရမယ် ဒုတိယတစ်ချက်ကတော့ ကျွန်တော့်ကို မ လက်ထပ်ရမယ်၊ ဒီလောက်ပါပဲ သိပ်မများပါဘူး"

သူ ပြော၍ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ကိုထည့်ကာ လှည့်ထွက်ခဲ့သည်။

မင်းကြောင့် ငါရင်ခုန်ချင်ခုန်မယ် အနန္တ ဒါပေမဲ့ ဘယ်တော့မှ ဒီလိုအကြမ်းမဖက်နဲ့၊ ဒီလိုလုပ်လို့တော့ မင်း ငါ့အချစ်ကို ဘယ်တော့မှမရဘူး။

သူမ တစ်ယောက်တည်း စိတ်ထဲမှ ကြိတ်ကြုံးဝါးလိုက်သည်။

ရင်ဘတ်ဖိမိသူကတော့ ဒေါ်လုံးရယ်ပါ။ ကိုယ့်မှာ ဘုရားဖူးပြန်ရောက်လို့ အခန်းထဲဝင်မယ်ကြံကာရှိသေး အနန္တနှင့်သစ္စာ ဒီလိုတွေဖြစ်နေကြတော့ သူမမှာ ဝင်ရမည့်အရေးတွန့်နေ၏။ ဒါကြောင့်လည်း အဖြစ်အပျက်ကို အစအဆုံးမြင်လိုက်ရတာပါ။

တစ်ယောက်ကလည်းဖွတ်၊ တစ်ယောက်ကလည်း ဆတ်ဆတ်ထိမခံ။

ဒီကလေးတွေနဲ့တော့ ခက်ပါပြီ။

တည်သစ္စာအကြောင်းလည်း သူမ မသိတာမဟုတ်။

ဒီကောင်မလေး မျက်လုံးထဲမှာလည်း ချစ်သည့်အရိပ်အငွေ့တွေတွေ့နေရသည်။ ဒါကိုများ ဘာလို့မကြည်ဖြူရတာလဲ။

ချစ်စကိုရှည်စေတော့ မကောင်းဘူးလား။

❀❀❀

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အနန္တ မ ကို ဘုရားဖူးဖို့ သွားခေါ်ရမှာတွန့်နေမိသည်။ သူက လွန်တာဆိုပေမယ့် သူလည်း ဒဏ်ရာရခဲ့သည်သာ။ ဒါပေမဲ့ မကိုတော့ စိတ်မဆိုးရက်။ သိပ်ချစ်တော့လည်း ပေးဆပ်ရဦးမည်ပေါ့။

"နန္ဒမင်းပဲ မကိုသွားခေါ်လိုက်ကွာ"

"ဘာဖြစ်ပြန်ပြီလဲ ညနေကတည်းက အစ်ကို ဆရာမဆီက ပြန်လာပြီး မျက်နှာမကောင်းတာကို ကျွန်တော်သတိထားမိတယ်"

သူ ဒီအတိုင်းပဲ ငြိမ်နေလိုက်သည်။

"အဆင်ပြေအောင်နေပါအစ်ကိုရာ အစ်ကိုနဲ့ဆရာမနဲ့ အဆင်ပြေရင်ပြီးပြီ"

မိုးကျော်ကလည်း ဝင်ဖျောင်းဖျပြန်သည်။





"ငါလည်း အဲဒီလိုပဲဖြစ်ချင်တာပေါ့"

"အခု ဘာဖြစ်နေလို့လဲ အစ်ကိုရဲ့"

"မ က ငါ့ကို မကြည်ဘူးနဲ့တူတယ်ကွ"

"မကြည်ဖြူရင် အစ်ကို့ကို သူ့လက်တောင်ထိနိုင်းမှာမဟုတ်ဘူး အခုပဲကြည့်လေ တောင်တက်တုန်းကဆို အစ်ကို အမောခံပြီး ဆရာမ တိုသယ်တာပဲ ဆရာမကငြိမ်လို့"

သူတို့ပြောတော့လည်း အနန္တ အားတက်သွား၏။

ဟုတ်တာပဲ။ ဒါဆို သူ ကြိုးစားလျှင်ဖြစ်နိုင်သည်ပေါ့။

"ဒေါက် ဒေါက်"

"နေ ငါသွားဖွင့်မယ်"

လန်းလန်းဆန်းဆန်းတက်တက်ကြွကြွနဲ့ တံခါးပေါက်ဆီ အနန္တ ထွက်လာခဲ့ပေမယ့် တံခါးဖွင့်လိုက်လို့ တွေ့လိုက်ရသည့်သူတွေကြောင့် စိတ်ညစ်သွား၏။

ဖြူကြည်နှင့်ပေရယ်။

"အစ်မ ကျေးဇူးနော်"

ပေရယ်ရောကြည်ဖြူကပါ မ ဘက်အခန်းကိုလှည့်ကာ ရယ်ပြ လိုက်ကြသည်။ မကို လှမ်းကြည့်လိုက်တော့ မမျက်နှာကမဲ့သွားပြီး တံခါးကို ဂျိမ်းခနဲမြည်အောင်ပိတ်လိုက်၏။

"ဘာကိစ္စရှိလို့လဲ ပေရယ်"

"ဟာယူ့ စိမ်းကားလှချည်လား ဒီမှာလေ ဖြူကြည့်ကိုလာ ပို့တာ"

သူ ပေရယ့်ကို တောင်တက်ကတည်းက မကြည်တော့တာ အခု အချိန်ထိ။ ပြီးတော့ ဒီကောင်မလေးကိုလည်း သူ့ဆီလာ



www.burmeseclassic.com

www.burmeseclassic.com



ပို့တယ်ဆိုတော့ သူကပဲ တွေ့ချင်လို့ချိန်းလိုက်သလိုလို။

"ဆောရီးကွာတို့ အရမ်းအိပ်ချင်နေလို့"

သူ ဒီတစ်ခွန်းပဲပြောပြီး တံခါးကိုပိတ်လိုက်တော့ ဖြူကြည်က လက်ထုတ်လိုက်ကာ တံခါးကို မပိတ်သွားအောင် တွန်းလိုက်ပြီး..

"ဖြူကြည် ယူ့ကိုတွေ့ချင်လို့လာတာပါ မေးစရာလေး လည်းရှိလို့ ခွင့်ပြုမယ်မဟုတ်လားဟင်"

ဖြူကြည်အသံကို အချိုသာဆုံးဖြစ်အောင်ပြောလိုက်သည်။ ဒါမှ စိတ်ပါလာမှာ။

ဒီလောက်ရိုရိုကျိုးကျိုးဖြစ်နေတော့လည်း နှင်ထုတ်ဖို့ကမဖြစ်နိုင်တော့။

"ဒါဆိုလည်း ဟိုမှာသွားစောင့်နေ တို့လိုက်ခဲ့မယ်"

သူ တောင်ကမ်းပါးစွန်းလေးမှာ ထုတ်၍ ဝရန်တာသဖွယ်ပြုလုပ်ထားသော နေရာလေးဆီ လက်ညှိုးထိုးပြလိုက်ပြီး တံခါးပြန်ပိတ်လိုက်သည်။ ကောင်မလေးကတော့ သူ့ကိုကျေးဇူးတင်သည့်အကြည့်နှင့် တစ်ချက်ကြည့်ကာ ထွက်သွား၏။

"ဟိုမိန်းမကြီးမဟုတ်လား အစ်ကို"

"အင်း"

"အစ်ကို ကျွန်တော်တစ်ခုမေးမယ်နော် စိတ်တော့မဆိုးနဲ့ အစ်ကိုနဲ့အဲဒီမိန်းမတွေနဲ့က ဘာလဲ"

မိုးကျော်က နန္ဒလို ဘယ်တော့မှစပ်စပ်စုစုမမေးတတ်။ အခုလည်း နန္ဒက ပွမ်နေသလောက် မိုးကျော်ကငြိမ်နေ၏။

"စကားမများနဲ့ကွာ"

"မရဘူးအစ်ကို အစ်ကိုက ဆရာမကိုချစ်တာလားပေရယ်





တို့ကိုချစ်တာလား"

"ဟား တော်း"

"ပြောလေဗျာ"

"မ မ ကဲရှင်းပြီလား"

သူ စိတ်မရှည်သလိုဖြေတော့ မိုးကျော်ကရယ်သည်။ နန္ဒကတော့ ပြုံးသွား၏။

"ဟော့ကောင် နန္ဒ အစ်ကို့ကို ရစ်မနေနဲ့တော့ တော်ကြာဘုရားဖူးသွားဖို့နောက်ကျလိမ့်မယ်၊ အစ်ကို မြန်မြန်ဖြတ်ခဲ့နော်"

သူ ခေါင်းညိတ်ပြလိုက်ပြီး ဗီရိုတံခါးကိုဖွင့်ကာ သူ့ကျောပိုးအိတ်ထဲမှ တီရှပ်အဖြူနှင့် ကုတ်အင်္ကျီအနက်ကိုထုတ်ပြီး ဝတ်လိုက်သည်။ ပြီးမှ အောက်က အနက်ရောင်လိုလို မီးခိုးလိုလို ဂျင်းပင်(န်)ကို ဝတ်လိုက် ပြီး Adidas ဝေါကင်းရှူး အဖြူလေးကိုစီးလိုက်၏။

"တကယ်မိုက်တယ်ဗျာ အစ်ကိုက စတိုင်မိတယ်"

နန္ဒကချီးကျူးသည်။

"အစ်ကို ဘုရားကိုသွားမှာမဟုတ်လား အဲ့ဒီကပြီးရင် ဘာလို့ ဝေါကင်းရှူးကြီးစီးရတာလဲ ဖိနပ်ချွတ်ရမယ့်ဟာကို"

"လက်နဲ့ကိုင်မယ်လေ ခြေအိတ်နဲ့ပဲသွားချင်လို့ သွားပြီ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

သူ အခန်းထဲက ထွက်လာတာကို ဖြူကြည်က သေချာစိုက်ကြည့်နေ၏။ သူမ မျက်နှာကို သူ မမြင်ရပေမယ့် သူခန့်မှန်းတတ်သည်။ ဒါပဲလေ မိန်းမတွေက။ အဲ့ဒါကြောင့် ကိုယ့်မာနနဲ့ကိုက်နေသည့် မတို့ အထင်ကြီးလေးစားရင်း ချစ်သွားခဲ့တာဖြစ်၏။ မ ကပြတ်သည်။ ဘယ် လောက်ချောချော မျက်လုံးကို စွေလို့ပင်မကြည့်။ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မဟုတ်။ တစ်ခါတစ်ခါတော့ မသူကိုင်း ကြည့်လေ့ရှိ၏ အဲဒီလိုအချိန် မျိုးမှာဆိုရင် သူပျော်တာများ ပြောမပြတတ်အောင် ကိုဖြစ်၏။

"တို့ကို ပြောစရာရှိတယ်ဆို"

"ယူ့နာမည် အနန္တပါနော်"

"အကြောင်းလာရိုက်နေတာလား"

"မဟုတ်ပါဘူး သေချာအောင်လို့ပါ"

"မင်းကိုညာလိုက်လို့ တို့မှာအကျိုးမရှိဘူးမင်းမေးချင်တာ ဒါပဲလား. . တို့ဘုရားဖူးသွားရဦးမှာ"

"ယူက စကားပြောရင် သိပ်ရင့်တာပဲ"

"တို့ အဲဒီလိုပဲ ပြောတတ်လို့ပါ"

"ထားပါ ယူဘုရားဖူးသွားမှာမဟုတ်လား ဖြူကြည်လည်း လိုက်မယ်လေ"

"ဟား အဲဒါတော့ ဆောရီးပဲ တို့က မနဲ့သူငယ်ချင်းတွေ နဲ့အတူသွားမှာ"

"ယူ ဖြူကြည်က ယူနဲ့စေ့စပ်မယ့်သူနော်"

"ဘယ်လို"

"ဟုတ်တယ်လေ"

ဖြူကြည် သိရက်သားနှင့်ကို ဖွင့်ပြောနေလိုက်သည်။ အနန္တ ကတော့ သူမဟုတ်မှန်းသိပုံမပေါ်။

"မင်းကို ရှင်းရှင်းပြောပြီးပြီလေ ဟိုးအစောကြီးက တည်းက ငြင်းခဲ့တာ ဘာလဲ မင်းက ထပ်အငြင်းခံချင်သေးလို့လား ထပ်ပြောမယ် မင်းကို လုံးဝရင်မခုန်ဘူး"





သူ့စကားအဆုံးမှာ ဖြူကြည်မျက်နှာရဲသွား၏။ ယောက်ျားမဆန် ဘူးပဲပြောပြော၊ သူဒီလိုပဲ ခပ်ရှုတ်ရှုတ်ပြောလိုက်မိသည်။ ကြာလာရင် မိန်းမမျိုးတွေက ကျွတ်လိုတွယ်ပြီး ကိုယ့်ဆီကသွေးတွေစုပ်မှာ။

"ယူ ဘာလို့အဲဒီလောက်ထိ ပြောနိုင်ရတာလဲ"

"ယုံတာမယုံတာမင်းအပိုင်းပဲ မင်းအဲဒါတွေပြောဖို့လာတာ ဆိုရင် ပြန်တော့ကွာ ဘုရားလာပြီး အကုသိုလ်မယူချင်နဲ့"

သူ လှည့်ထွက်လိုက်တော့ ဖြူကြည်က သူ့လက်လှမ်းဆွဲ၏။

အဲ့ဒါကိုပဲကြည့် ဒါမိန်းကလေးလုပ်ရမယ့်အလုပ်မှမဟုတ် တာ။ ပြီးတော့ချစ်သူဆိုလည်းထားတော့ ကိုယ်က မကြည်ဖြူပါဘူးဆို တာကို အတိအလင်းဖွင့်ပြောနေလျက်သားနဲ့ကို လာငြိချင်နေသည်၊ ဘယ်နေရာမှ ခ နှင့်ယှဉ်လို့မရ။

"ယူ့ဘက်က စိတ်မဝင်စားဘူးဆိုတာ သေချာလို့လား"

သူ ဖြူကြည့်လက်ကို ခါထုတ်လိုက်ပြီး

"စိတ်မဝင်စားဘူး၊ မင်းကိုကြွေနိုင်မယ့် နောက်တစ်ယောက် ကို ရှာလိုက်ပါဦး တို့ကတော့ စိတ်မကောင်းပါဘူး"

သူ ပခုံးကိုတွန့်ပြပြီး သူ့အခန်းဆီ သူပြန်ထွက်ခဲ့သည်။

ဖြူကြည့်ဘဝမှာ ဒီလိုယောက်ျားမျိုး တစ်ခါမှမတွေ့ဘူး။ မှန်ရာ ဝန်ခံရရင် သူမ ရှက်မိသည်။ ဟိုက တကယ့်ရင့်ရင့်သီးသီး။

သူမ မဲ့ပြုံးတစ်ခု နှုတ်ခမ်းပေါ်မှာဆင်မြန်းလိုက်ရင်း ဆုံးဖြတ် ချက်တစ်ခု ခိုင်ခိုင်မာမာချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သူတို့တွေ ကျိုက်ထီးရိုးမှာ ပျော်လည်ကြတာ နေရာစုံခဲ့ပြီ ဖြစ်သည်။ ဒီနေ့က နောက်ဆုံးနေ့မို့မရောက်သေးသည့်နေရာကို စဉ်းစားရင်း ခေါင်းခြောက်လာသည်။ အခုထက်ထိလည်း မ နဲ့က အဆင်မချော သေး။

"အစ်ကို စဉ်းစားပါဦး ကျိုးကန်းပါးစပ်လည်း သွားဖူးပြီးပြီ ကျောက်ဖျာကြီးလည်းရောက်ပြီးပြီ ဘုရားတွေလည်းနုံနေပြီးဘယ်နေရာ ကျန်သေးလဲ"

"မ နဲ့ အဆင်ပြေအောင် လုပ်ရဦးမယ်"

"အစ်ကို မနောက်နဲ့ဗျာ ဒီနေ့နောက်ဆုံးနေ့ဗျ။ ပြီးရင် စာတွေနဲ့ပြန်လုံးရတော့မှာ"

(စိုးမိုးစာပေ)



"မ နဲ့ အဆင်မပြေသေးဘူး"

သူ ခုတင်ပေါ်မှာထိုင်ရင်းနံရံကိုမှီလျက် ဒါပဲပြောနေမိသည်။

"ဟောဗျာ ဘယ်သွားမလဲလို့ပါဆိုနေ"

"ငါလည်းပြောနေတာပဲကွ မ နဲ့အဆင်မပြေဘူးလို့"

"ငါသိပြီ နန္ဒ"

မိုးကျော်စကားကြောင့်နန္ဒမျက်လုံးတွေ အရောင်လက်လာ၏။

"ရေတံခွန်လေ"

"ဟား သိပ်ဟုတ်တာပေါ့၊ ဒါနဲ့အဲဒီရေတံခွန်နာမည်က ဘာ"

"ငါလည်း သေချာတော့မသိဘူးကွ၊ ဒါပေမဲ့ တော်တော် ဝေးတယ်၊ တောင်အောက်နားကိုပြန်ဆင်းရမှာ"

"ဘာဖြစ်လဲကွာ၊ နောက်ဆုံးနေ့ပဲ နည်းနည်းတော့အပင် ပန်းခံရမှာပေါ့"

"အစ်ကို အစ်ကိုရောလိုက်မှာလား"

"မ နဲ့"

"အဆင်ပြေချင်ရင်လိုက်ခဲ့ လုံးဝအဆင်ပြေမှာ သေချာတယ်"

"မင်းကဆရာကြီးလားနန္ဒ"

မိုးကျော်က ခနဲ့သည်။

"ကျွန်တော် ပ...ယ်ပြောတာအစ်ကိုရ ရေတံခွန်ဆိုတာက ချော်စရာကြီးလေ အားလုံးစုပေါင်းစားကြ၊ သောက်ကြ၊ ဆော့ကြ နဲ့ ပြန်အဆင်ပြေသွားမှာ"

"ဒါပေမဲ့ ဝေးတယ်ကွ"

"အဲဒါတော့ ဟုတ်တယ်"

"မ က လိုက်ပါမလား"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နန္ဒရ ဆရာမက ခြေထောက်လည်း နည်း[illegible] နည်းနာတာ ကျွန်သေးတယ်"

"ဒါဆို မသွားဘူးလား အရမ်းပျော်စရာကောင်းမှာကွ"

"နေပါဦး၊ နန္ဒ ရေတံခွန်က တောင်အဆင်းလမ်းမှာလား"

"ဟုတ်တယ်"

အနန္ဒ အဓိပ္ပါယ်ပါပါပြုံးလိုက်ပြီး

"သွားမယ်"

"ဟား ကြိုက်သွားပြီ"

"ကဲ ပစ္စည်းတွေသိမ်းတော့"

"ဟင် ဘာဖြစ်ရပြန်ပြီလဲဗျာ"

"ဘာမှမဖြစ်ဘူးလေ၊ ဒီရေတံခွန်သွားရင်း တစ်ခါတည်း[illegible] မယ်"

"ဘယ်လိုကြီးလဲ"

"ဘာလဲ မင်းက တောင်တက်တောင်ဆင်း နှစ်ခါပြန်လုပ်ချင်[illegible] လို့လား"

"အဲဒီလိုတော့မဟုတ်ဘူးပေါ့၊ အစ်ကိုရ ဒါပေမဲ့ မနက်[illegible] မနက်မှ ကားကလာမယ့်ဥစ္စာ တစ်ခါတည်းပြန်လို့ဘယ်ရမလဲ"

"သိပ်ရတာပေါ့ မီးပုံပွဲလုပ်မယ်လေ"

"ဟား ပျော်စရာကြီး"

"နန္ဒ မင်းဆီမှာ ရွက်ဖျင်တဲအိတ်ကလေးပါလား"

"မသိဘူးဗျ လက်ကိုင်အိတ်မှာ ဝယ်ဝယ်ချင်းတုန်းကတော့[illegible] တစ်ခါတည်းပါတယ်၊ အခုတော့ မေမေတို့များဖြုတ်ယူထားလားမသိ[illegible] ခဏလေး ကျွန်တော်သွားကြည့်လိုက်ဦးမယ် အစ်ကို"





"ငါမှာတော့တစ်ခုပါတယ် မိုးကျော် မင်းရော"

"ကျွန်တော်က ရွက်ဖျင်ကို ရုပ်ရှင်ထဲမှာပဲမြင်ဖူးတယ်"

"ပြီးရော ဒါဆိုမပါဘူးပေါ့"

"ဟုတ်"

"နန္ဒ သေချာရှာနော် ပါလားလို့"

"တွေ့ပြီအစ်ကို ပါတယ်"

"ဒါဆို အထုပ်တွေသိမ်းကြမယ် မိုးကျော် မင်းရွက်ဖျင်မပါတဲ့ အတွက် မ ကိုသွားခေါ်"

"ဟား ဘာဆိုင်လို့လည်း အစ်ကိုကလည်း"

"ဆိုင်တယ် မရဘူး အပါခေါ်နော် သွားတော့"

သူ ပြောရင်း မိုးကျော်ကို အခန်းအပြင်သို့အတင်းတွန်းလွှတ် လိုက်သည်။

"အစ်ကို မလုပ်ပါနဲ့"

မိုးကျော်က တံခါးကိုတဝုန်းဝုန်းထု၏။

"အစ်ကို ဖွင့်ပါဗျာ"

သူတံခါးကို မျက်နှာမြင်ရရုံလေးသာဖွင့်လိုက်ပြီး ခြေထောက်နှင့် ခံကာ ညှပ်ထားလိုက်သည်။

"မင်းလိုက်ချင်ရင် ခုအောင်ခေါ်ခဲ့"

သူတံခါးကို ပြန်ပိတ်လိုက်သည်။

မိုးကျော် ဘာမှမတတ်နိုင်ဘဲ ဆရာမဆီထွက်ခဲ့ရသည်။

ဆရာမ တံခါးကိုခေါက်မလို့လုပ်နေတုန်းမှာပဲ တံခါးကရုပ်ခနဲ ပွင့်သွား၏။

"ဩော် အန်တီလုံး"



www.burmeseclassic.com

www.burmeseclassic.com



"သား ဘာကိစ္စရှိလို့လည်း"

"ဆရာမ ရှိလားလို့ပါ"

"သမီးရှိတယ် ဝင်လေ အန်တီလုံး လေညှင်းခဏထွက်ခံလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ဘယ်သူလဲ သြော် မိုးကျော် ဘာဖြစ်လို့လဲ"

ဆရာမထွက်လာရတော့မှ အန်တီလုံးက သူ့ကိုပြုံးပြကာ ထွက်သွားသည်။

"ဆရာမ ရေတံခွန်သွားမလို့ အဲဒါ"

"ရေတံခွန် ဟုတ်လား"

သစ္စာပျော်သွား၏။ အစကတည်းက သစ္စာကရေတံခွန်ဆိုလျှင် မျက်စိပသာဒရှိလွန်းလို့ အရမ်းသွားချင်ခဲ့တာ။ ဒါပေမဲ့ ဘယ်တုန်းကမှ မရောက်ဘူးခဲ့။

"ဟုတ် အဲ့ဒါ ဆရာမလိုက်ခဲ့လားပါလို့ လာခေါ်တာပါ"

"ရေတံခွန်က ဘယ်မှာလဲ"

"တောင်အောက်ဆင်းတဲ့ လမ်းမှာပါ"

"ဟင် အဝေးကြီးပဲ"

"ဟုတ် အဲဒါ ကျွန်တော်တို့တွေအားလုံး ဟိုတယ်အခန်းတွေပြန်အပ်ပြီး အဲ့ဒီမှာပဲ မီးပုံပွဲလုပ်ပြီး မနက်မိုးလင်းမှ တောင်အောက်တစ်ခါတည်းဆင်းမလို့"

"ကျန်တဲ့ကျောင်းသားတွေကိုရော ပြောပြီးပြီလား"

"မပြောရသေးပါဘူး၊ ဆရာမလိုက်မယ်ဆိုမှ သူတို့ကိုခေါ်မလို့ပါ"





"ဒါဆို အန်တီလုံး ဒီတစ်ခေါက်လည်း မပါဘူးပေါ့ တောင်အဆင်းခရီးကြီးဆိုတော့ "

"ခေါ်ကြည့်လိုက်ပါလား ဆရာမ"

"ရမှာမဟုတ်ဘူး ဆရာမသိတယ်"

"ဆရာမတော့ လိုက်ခဲ့ပါနော်"

"ဆရာမလည်းလိုက်ချင်ပါတယ် ဒါပေမဲ့"

"ဟား လိုက်ချင်ရင် လိုက်ခဲ့ပေါ့ဆရာမရဲ့ ကိုယ့်တပည့်တွေနဲ့ပဲဥစ္စာ"

"ဒါနဲ့ အဲဒီမှာပဲ အိပ်ရမှာပေါ့"

"အဲဒီအတွက်မပူနဲ့ဆရာမ ကျွန်တော်တို့မှာ ရွက်ဖျင်ပါတယ်၊ ရေတံခွန်နားမှာ မီးပုံလေးနဲ့ရွက်ဖျင်ထိုးပြီးအိပ်ကြမှာ ဆရာမရဲ့ ပျော်စရာကြီး"

"အင်းလေ အန်တီလုံးကို အတက်တုန်းကလိုပဲ တစ်ယောက်တည်းဆင်းခိုင်းရဦးမှာပေါ့ အားတော့နာစရာ"

"အန်တီလုံးက နားလည်မှာပါ သြော် ကျွန်တော်ကျန်တဲ့ကျောင်းသားတွေကို ခေါ်လိုက်မယ်နော်"

"အင်းခေါ်ကြည့်လိုက်လေ ပြီးရင် ဆရာမကိုလည်း ပြန်လာပြီး အခြေအနေကိုလည်းပြောဦး"

"ဟုတ်"

သူမ လိုက်မည်ဆိုတော့ မိုးကျော်က တက်ကြွနေသည်။

"အစ်ကို ဆရာမက လိုက်ဖြစ်ဖို့များတယ် ကျန်တဲ့သူတွေကိုပဲအရင်ခေါ်ဦးတဲ့"

"အင်း ဒါဆို နန္ဒ မင်းပါ လိုက်သွားပြီးခေါ်ခဲ့ ငါ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



အထုပ်တွေသိမ်းထားလိုက်မယ်''

''ဟုတ်''

''ဒါဆို ကျွန်တော်တို့သွားမယ်''

သူ အခန်းတံခါးကို ခပ်ဟဟပဲဖွင့်ထားလိုက်ပြီး အထုပ်တွေကို ဆက်သိမ်းနေလိုက်၏။ တအောင့်ကြာတော့ နန္ဒနဲ့မိုးကျော်ရောက်လာသည်။

''ဘယ်လိုလဲ''

သူ မေးငေါ့ကာမေးလိုက်တော့ နှစ်ယောက်စလုံးက ခေါင်းညိတ်သည်။ ပြီးတော့မှ နန္ဒက

''မလိုက်တော့ဘူးတဲ့အစ်ကို . . သူတို့မနက်ကျမှပဲ ကားနဲ့ဆင်းကြတော့မှာတဲ့''

''ကားနဲ့''

''ဟုတ်တယ် အစ်ကို တောင်ကိုတက်ကြည့်ပြီးကတည်းက ခြေလျှင်ကိုလက်လံသွားပြီတဲ့ အဲဒါဘယ်လိုလုပ်မလဲ''

''ဘယ်လိုမှလုပ်စရာမလိုဘူး၊ လူနည်းတော့ပိုတောင်ကောင်းသေးတယ်''

''လူနည်းရင် ဆရာမက လိုက်ပါ့မလား''

''သူတို့က ကားနဲ့ဆင်းမှာလေ စိတ်ချ မဘယ်တော့မှ ကားစီးမှာမဟုတ်ဘူး၊ မိုးကျော် မင်းပဲ မကိုရှင်းပြပြီး ခေါ်ခဲ့တော့''

မိုးကျော် ခေါင်းကို တငြင်းငြင်းကုတ်လျက်ထွက်သွား၏။

မိုးကျော်ထွက်သွားမှ နန္ဒက သူ့အနားကပ်လာပြီး

''ဆရာမက လိုက်ပါ့မလား''

''အနန္တ မပိုင်ရင် ဘာမှမလုပ်ဘူး''

သူ သူ့ကိုယ်သူ လက်ညှိုးထိုးကာပြောတော့ နန္ဒက ဖတ်ပသွား





သည်။ သူ သူ့အထုပ်ကို အခန်းအပြင်ထုတ်ဖို့ တံခါးဖွင့်လိုက်တော့ မိုးကျော် ဝမ်းပန်းတသာနှင့်ပြန်လာ၏။

''အစ်ကို ဆရာမက လိုက်ခဲ့မယ်ကွဲ့''

''သိသားပဲ''

''ဟင် ဘယ်လိုသိလဲ''

''ဒီမှာ မင်းကိုသိလို့ခေါ်ခိုင်းလိုက်တာ ဟုတ်ပြီလား။ ကဲ ဟိုမှာ ကိုယ့်အထုပ်ကိုယ်သွားသယ်''

''ဟုတ်''

အနန္တတို့ အထုပ်တွေအပြင်ထုတ်၊ အခန်းသော့ပြန်အပ်ပြီး ပြန်လာတော့ မက သူ့အထုပ်ကလေးသူဆွဲလျက် အခန်းပြင်မှာ ရပ်စောင့်နေ၏။ သူ့ကိုမြင်တော့ မ ကမျက်နှာလွှဲသွား၏။ သူ မအနားကိုသွားကာ

''စိတ်ဆိုးနေတုန်းပဲလား မ''

မ ဘာမှမဖြေ။ သူ မ လက်ထဲက အိတ်ကလေးကိုကြည့်လိုက်ပြီး

''ဒီတစ်ထုပ်ပဲလား မ ဟိုအိတ်အကြီးကြီးရော''

''အန်တီလုံးက သူ့ကားနဲ့ဆင်းရင် သယ်ခဲ့မယ်တဲ့''

ဖြေပြီးသွားတော့မှ မ ကကိုယ့်ပါးစပ်ကို ကိုယ်ပြန်ပိတ်လိုက်သည်။ ပုံစံကတော့ လွှတ်ခနဲယောင်ပြီး ပြန်ဖြေလိုက်မိသည့်ပုံစံ။ သူ တစ်ချက်ရယ်လိုက်သည်။

''မ စိတ်ကောက်မနေနဲ့တော့ တောင်ဆင်းရင် ဒီလူလေး ယောက်ပဲရှိတာ''

''လေးယောက်မဟုတ်ဘူး အစ်ကိုရေ ငါးယောက် ဒီမှာ ကျော်စွာက အခုမှ လိုက်မယ်ဖြစ်သွားတာ''



www.burmeseclassic.com

www.burmeseclassic.com



နန္ဒအသံကြောင့် သူရော မ ပါ မြိုင်တူလှည့်ကြည့်လိုက်ကြ ကျော်စွာ အထုပ်လေးပိုက်လျက်ပြုံးပြ၏။

"ဒါဆိုကောင်းတာပေါ့ ကဲသွားကြမယ် မ ကျွန်တေ သယ်ပေးရမလား"

"ဟင့်အင်း ရတယ် တို့သယ်နိုင်ပါတယ်"

မ အသံက ပျော့ပျော့လေးဖြစ်သွားတော့ သူစိတ်ချမ်းသာသွ သည်။ နို့မို့ဆို သူဘယ်အချိန်အထိ ချော့နေရဦးမလဲမသိ။ တော အောက်ဆင်းကြတော့ မိုးကျော်၊ နန္ဒနဲ့ကျော်စွာတို့ဂ၁ စကားတပြောပြေ နှင့် ရှေ့ကသွားနှင့်ကြ၏။ မကတော့ ခြေထောက်ဒဏ်ရာကြောင့်လားမ လိုသလောက်မြန်မြန်မလျှောက်နိုင်တော့ သူပဲ မ ကို စောင့်ခေါ်ရသည် တချို့နေရာတွေကျတော့ လှေကားထစ်တောင် မပီပြင်တာမို့ မ သူ့ လက်မောင်းကိုကိုင်ကာ ထိန်းဆင်း၏။ ထိုအချိန်တွေမှာများ သူ့ဆီ ဘယ်က အားအင်တွေမှန်းမသိ ရောက်လာတတ်၏။

"အစ်ကို ဘယ်နားမှာလဲ သိလား"

နန္ဒ မေးတော့ သူခေါင်းခါပြလိုက်သည်။

"ဟင် မသိဘဲနဲ့ ဘယ်လိုသွားမလဲ"

"လမ်းမှာ တွေ့တဲ့လူတစ်ယောက်ကို guide အဖြစ် ငှားလိုက် ပေါ့ကွ"

"တွေ့ဦးမှကိုး"

"မပူပါနဲ့ကွာ သူများတွေလည်း ဒီလိုပဲ လမ်းမှာတွေ့တဲ့လူကို ငှားသွားတာပဲ"

တစ်နေရာရောက်တော့ လူတစ်ယောက်ကိုတွေ့သည်။

သူအကြံအတိုင်း ထိုသူကိုငှားလိုက်ပြီး ရေတံခွန်ကိုလာခဲ့တော့





ချောချော့ချူချူရောက်၏။

ရေတံခွန်က ထင်ထားတာထက်ကို ပိုသာယာနေသည်။ သူတို့ ကြ်(၈)နာရီမထိုးခင်ဆင်းခဲ့တာ ရေတံခွန်ကိုရောက်တော့ နေ့လည် နာရီခွဲနေပြီ။ ဆောင်းတွင်းမို့ ရေတွေဘာတွေတောင်သိပ်မစိမ်လိုက်ရ။ မှောင်ခင် မီးပုံလေးတစ်ပုံရအောင် လုပ်ရသေးသည်။ တော်ကြာ း မှာ မျောက်တွေဘာတွေရှိနေမှဖြင့် ဒုက္ခရောက်ရဦးမည်။ အနန္တတို့ ပုံ ကလေးကို ရေတံခွန်နားမှာလုပ်ကာ ငါးယောက်စလုံး င်းထိုင်လိုက်ကြ သည်။

"မ ဘာစားချင်လဲ"

"ဟော် မိုးကျော် ဆရာမ လက်ကိုင်အိတ်လေးယူပေးပါလား"

"ဟုတ်"

ရာသီဥတုကအေးတာမို့ အားလုံးကမွေးပွခြုံထည်ပဝါကြီးတွေကို ည်ပင်းမှာပတ်ထားရသည်။ မီးပုံဘေးမှာထိုင်နေပေမယ့် စကားပြော ှင့် ပါးစပ်က အငွေ့တွေထွက်လာတဲ့အထိကိုအေးသည်။

"မ ဘာစားမလဲလို့"

"ဟိုမှာ တို့အိတ်ထဲမှာပါတယ်"

"ဆရာမ ဒီဟာမဟုတ်လား"

"ဟုတ်တယ် ကျေးဇူးပဲ"

သစ္စာ အိတ်ဇစ်ကိုဖွင့်လိုက်ပြီး ဝေဖာတွေ၊ ချော့ကလက်တွေ၊ အာလူးကြော်တွေ ထုတ်ယူလိုက်ပြီး

"ရော့ အားလုံး ကြိုက်တာကြိုက်သလောက်စားကြ"

သူမက ပြောပြီး မြေပေါ်မှာပဲ မုန့်တွေကိုချလိုက်သည်။

သစ္စာက ချောကလက်တောင့်လေးယူရန် လက်ကမ်းတော့



www.burmeseclassic.com

www.burmeseclassic.com



"မ ကျွန်တော့်ကို အဲဒီချော့ကလက်ကလေးယူပေးပါ
ကျွန်တော် မမှီလို့"

ကြည့်တိုက်လည်းတိုက်ဆိုင်ကတ်၏။ သူကလည်း ဒီလော
မုန့်တွေအများကြီးထဲမှာမှ ဒီချော့ကလက်ကိုမှ စားချင်ရသတဲ့လာ
သူမ ဘာမှမပြောတော့ဘဲ ပေးလိုက်တော့ သူက စိမ်ပြေန
ရွှေပတ်ကလေးကိုခွာပြီးစားသည်။ ကြည့်ရတာသူလည်း ချော့ကလ
ကြိုက်ပုံရသည်။

"ဘာကြည့်တာလဲ မရဲ့ ကျွန်တော့်နှုတ်ခမ်းမှာပေနေလို့ လာ

အနန္တပြောလိုက်မှ မက မျက်နှာလွှဲသွားသည်။ သူ စားလက်
ချော့ကလက်ကို လက်စသတ်လိုက်ပြီး

"မိုးကျော် ရွက်ဖျင်ထိုးမလို့ နည်းနည်းကူကွာ"

"ဟုတ်"

မိုးကျော်အကူအညီနှင့် သူရွက်ဖျင်နှစ်ခုစလုံးကိုထိုးကာ မ
နားမှ သူနေရာလေးဆီပြန်လာခဲ့သည်။

"မ အပြင်မှာအရမ်းအေးနေပြီ ရွက်ဖျင်ထဲဝင်ပါတော့လား

သစ္စာခေါင်းညိတ်ပြလိုက်ပြီးမှ

"ရွက်ဖျင်ကနှစ်ခုတည်းကို လူကငါးယောက် ဘယ်လိုအိ
မှာလဲ"

"မ က တစ်ခုယူလိုက်လေ"

"ဟင် တို့တစ်ယောက်တည်းလား"

သူမ ကဘာသဘောမှမဟုတ်ဘဲ ရိုးရိုးပြောလိုက်တာကို အန
ကရယ်၏။

"အဟား မ ကတစ်ယောက်တည်းမနေလို့ ဘယ်သူနဲ့





နေမလို့လဲ"

သူပြောမှ သစ္စာသတိရသည်။ ဟုတ်တာပေါ့။ မိန်းကလေးဆိုလို့
သူမတစ်ယောက်ပဲရှိတာ။ အိမ်မှာတော့ ကိုယ့်အခန်းနှင့်ကိုယ်နေရဲပေမယ့်
ဒီမှာကျတော့ မနေရဲ။ ဒါပေမဲ့ မတတ်နိုင်၊ ရာသီဥတုကလည်း လေတ
ဝိုးဝိုးဖြစ်နေသည်။ နောက်ဆုံး သူမတစ်ယောက်တည်း ကြိတ်မှိတ်နေ
ဆုံးဖြတ်လိုက်၏။

"ဒါနဲ့ ရွက်ဖျင်တစ်လုံးမှာ လေးယောက်ဆံ့လို့လား"

"ဟုတ်သားပဲ ဘယ်ဆံ့"

ကြားထဲက ဝင်ပြောသောနန္ဒကို အနန္တ လက်ကိုကုတ်၍
သတိ ပေးလိုက်ရသည်။

"ကျွန်တော်တို့အတွက်မပူနဲ့ မကိုယ့်ဘာသာစိတ်ချလက် ချအိပ်
ဘာကိုမှမကြောက်နဲ့ ဟုတ်ပြီလား"

အနန္တက သူမ လည်ပင်းမှခြုံပဝါလေးကို ဆွဲစေ့ပေးရင်းပြော
တော့ သူမ မနေတတ်သလို အနန္တလက်ကို ဖယ်လိုက်သည်။ အနန္တက
သူမကို သူ့ကလေးများထင်နေသလားမသိ၊ ချော့မြူနေသည်က တကယ့်
ကို တယုတယ။ သူမ ခေါင်းညိတ်ပြလိုက်ပြီး ရွက်ဖျင်ကလေးထဲဝင်လိုက်
သည်။ အထဲရောက်တော့ နွေးသွား၏။

"အစ်ကို ရွက်ဖျင်တစ်လုံးက အများဆုံးသုံးယောက်ပဲ ဆံ့တာ
ဒါတောင် ပူးပူးကြပ်ကြပ်ကြီး လေးယောက်ဆိုရင် ရွက်ဖျင်ပြဲသွား
လိမ့်မယ်"

"ဟုတ်တယ်အစ်ကိုရဲ့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်နဲ့ မင်းတို့ဘာသာမင်းတို့ သွားအိပ်တော့"

"အစ်ကိုကရော "



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီမှာပဲထိုင်နေမယ်"

"ဟာ ဒီလောက်အေးတာကို"

"အနွေးထည်ဝတ်မှာပေါ့ကွာ သွားအိပ်တော့"

"မလုပ်ပါနဲ့ဗျာ လာပါ ရွက်ဖျင်ထဲကိုလိုက်ခဲ့ မဆဲ့လည်း ဘာဖြစ်လဲဗျာ ထိုင်နေကြမယ်"

ကျော်စွာက သူ့လက်ကိုအတင်းဆွဲခေါ်သည်။ သူညင်ညင်သာသာပဲ ကျော်စွာ့လက်ကို ဖယ်ချလိုက်ပြီး

"ငါဒီမှာပဲစောင့်ဖို့ပေးမယ်၊ ဇော်ကြာ လေအရမ်းတိုက်လို့ မီးပုံငြိမ်းသွားရင် ဒုက္ခများသွားမယ် သွားအိပ်တော့"

"ဒါဆိုရင်လည်း ရတယ်လေ ကျွန်တော်တို့လည်း စောင့်မယ်"

နန္ဒနဲ့တော့ခက်ပြီ။

"နန္ဒ မကပ်နဲ့ကွာ သွားအိပ်"

"အိပ်မယ် ဒါပေမယ့်အခုမှ ခြောက်နာရီခွဲပဲရှိသေးတာ စောသေးတယ် စောင့်ဦးမယ်"

သူ တစ်ချက်ပြုံးကာ နန္ဒခေါင်းကို ဖွလိုက်သည်။

"မင်းဟာလေ တကယ်ပြောရခက်တဲ့ကောင်မနက် နှစ်နာရီလောက်ထရမှာ တောင်အောက်လည်းထပ်ဆင်းရဦးမှာ အိပ် တော့"

"အစ်ကို"

"ဟော့ကောင် အိပ်တော့ဆို"

သူဒီလောက်ပြောတာတောင်မှ မရနိုင်သေးဘဲဖြစ်နေသည်။ နောက်ဆုံးကျမှ သူ့ကိုခြုံစောင်နှစ်ထည်လာပေးကာ ရွက်ဖျင်ထဲဝင်သွား၏။

(စိုးမိုးစာပေ)



အနန္တလည်း အပြင်မှာစောင့်မယ်သာစောင့်နေရသည်။ လေကတိုက်တာပြင်းလွန်းသည်။ မီးပုံငြိမ်းသွားမှာစိုး၍ ဂရုစိုက်ရလွန်းတော့ ကိုယ် မှာခြုံထားသည့်စောင်နှစ်ထည်က ခဏခဏကွာကျသည်။ ကြာတော့ လူက ခိုက်ခိုက်တုန်လာ၏။

သစ္စာအိပ်နေပေမယ့် အခုထက်ထိအိပ်မပျော်နိုင်သေး။ အခုနကတော့ အနန္တတို့စကားပြောသံကြားသည်။ ဘာတဲ့ အနန္တက အပြင်မှာပဲ မီးပုံဘေးမှာထိုင်စောင့်မယ်ဆိုပဲ။ ဒီလောက်အေးတာကိုများ သူက အပြင်မှာစောင့်ချင်သေးသည်။

သစ္စာစိုးရိမ်စိတ်နှင့် ရွက်ဖျင်အဝင်ဝကလေးကိုဟကာ ချောင်းကြည့်လိုက်တော့ မီးပုံရှေ့မှာ စောင်ကြီးခြုံကာ ထိုင်နေသောအနန္တကိုတွေ့သည်။ အမှန်ဆို ဒီလောက်အေးလျှင် စောင်ကို ခေါင်းပါလုံအောင်ခြုံထားသင့်တာပါ။ ဒါကို သူ့ဆံပင်ပုံပျက်စိုး၍လားမသိ ခေါင်းကို မခြုံပဲ ကိုယ်သာ ခြုံထား၏။

သူမ ရွက်ဖျင်ထဲမှထွက်ကာ အနန္တဆီလျှောက်သွားလိုက်သည်။ အနန္တနားကို သူမ ရောက်နေတာတောင် အနန္တက မော့မကြည့်လာ။ သေချာကြည့်လိုက်တော့ ကိုယ်တော်ချောက မျက်လုံးလေးမှိတ်လျက် အိပ်ပျော်နေ၏။

"အနန္တ"

သူမ ခေါ်လိုက်တာ တိုးတိုးလေးပေမယ့် အနန္တ မျက်လုံးတွေပွင့်လာပြီး သူမကို မော့ကြည့်၏။ ပြီးတော့ ပြုံးပြသည်။ ထို့နောက် သူမ လက်ကိုကိုင်ကာ သူ့နားမှာထိုင်စေ၏။

အနန္တလက်က အေးစက်နေသည်။

သူမ အနန္တဘေးနားမှာပဲ ထိုင်ချလိုက်ပြီး

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"အနန္တ မင်းလက်တွေ အေးစက်နေပြီ သွားတဲ့ထဲမှာ သွား အိပ်ချေ"

"မ ကျွန်တော့်ကို ဖက်ထားပေးပါလား"

သူမ ဘာမှမဖြေဘဲ သူ့ကိုမော့ကြည့်လိုက်တော့ အနန္တက သူမမျက်နှာကို လက်ဖြင့်တစ်ချက်ပွတ်ကာ

"လူတွေကချမ်းရင် တစ်ယောက်နဲ့တစ်ယောက်ဖက်ပြီး နွေးစေတယ်တဲ့ ခန္ဓာကိုယ်အပူရှိန်နဲ့လေ ကျွန်တော်က အဲဒီသဘော ပြောတာပါ"

အနန္တပြောတာကို သူမနားလည်သည်။ တကယ်တမ်းလည်း အနန္တက အပာတ်ချမ်းနေသည့်သူ။ နှုတ်ခမ်းတွေက ဖြူဖွေးနေသော် သူမ ဒီလိုလုပ်ပေးလိုက်လို့ အသားပဲ့ပါမသွားနိုင်။ ပြီးတော့ ဒါက လူတိုင်း အေးနေသည့်လူကို ကူညီပေးသည့်နည်း။

"ဟိုဘက်တိုး"

"ဟင်"

အနန္တက သူမ ကူညီမည်ဟု ထင်မထားသဖြင့် အံ့သြသွားသော် ဒါပေမယ့် ချက်ချင်း ဟိုဘက်ကိုတိုးပေးသည်။

"ဒါပဲလား မ"

"ဒါပဲပေါ့ တို့မင်းဘေးမှာထိုင်ပေးတော့ မင်းနည်းနည်းတော့ အချမ်းသက်သာတာပေါ့"

"အဟား ကောင်းပါပြီဗျာ ဒါနဲ့ မ ရောမအေးဘူးလား ဒုက္ခမခံပါနဲ့ဗျာ ရွက်ဖျင်ထဲမှာ ပြန်သွားထိုင်နေပါ"

"မင်းကျတော့ရော မအေးလို့လား"

"ဟောဗျာ ဘာဖြစ်လို့လဲ"





"ဟုတ်တယ်လေ ဟီးရိုးလုပ်ပြီး အပြင်မှာထိုင်နေတာ ကြာရင် မင်းဂိသွားလိမ့်မယ်"

"မ ကစိတ်ပူလို့လား"

သစ္စာ အနန္တကိုကြည့်လိုက်တော့ သူမျက်နှာကပြုံးနေသည်။

"အနန္တ စကားအကောင်းပြောနေတာနော် လာမရိနဲ့"

"ဘာပဲဖြစ်ဖြစ်ပါ မ တော့အပြင်မှာမထိုင်နဲ့ အေးလွန်းတယ် တစ်ခုခုဖြစ်ရင် ကျွန်တော်ရင်ကျိုးမှာ"

အနန္တလွှတ်ခနဲပြောလိုက်ပြီးမှ ပြန်သတိရလိုက်သည်။

အခုအချိန်မှာ မ ကို သူဘယ်လိုနည်းနဲ့မှ ချစ်တဲ့အကြောင်း မပြောသင့်။ သူ့ကို အခွင့်အရေးသမားဟု မြင်သွားမှာကို သူမလိုလား။

"ဆောရီးနော် မ သွားအိပ်တော့"

"တို့ မအိပ်ချင်တော့ဘူး မင်းသာသွားအိပ် တို့ဒီမှာ စောင့်ပေးမယ်"

"အစီပွါယ်မရှိတာ မရယ် တဲထဲမှာတောင်ကြောက်နေတာ ကိုဒီမှာသာ မ စောင့်ရရင် လိပ်ပြာလွင့်သွားမှာ"

"ဟင်အပြင်မှာ ဘာတွေရှိလို့လဲ"

"အကောင်တွေပေါ့ မရဲ့"

"အကောင်တွေ"

မျက်လုံးကလေးကို ဟိုဝေ့ဒီဝေ့နှင့် လိုက်ကြည့်နေသည့် မ ပုံစံလေးကချစ်စရာ။ သူ မ ကိုပွေ့ဖက်ပစ်လိုက်ချင်စိတ်ကို မနည်းမျိုသိပ် နေရသည်။

"အလကားစတာပါ မရယ် သွားအိပ်တော့နော်"

အနန္တဒီလောက်ပြောနေပေမယ့် သစ္စာပေကာင်ကာပ်နှင့် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေမိတာ ဘာကြောင့်မှန်းကိုယ့်ကိုကိုယ်မသိ။ ဒီလိုချည်းပဲ အနန္တ တစ်ယောက်တည်း ဒုက္ခခံဆိုတော့ သူမ ကတရားပါ့မလား။

"မင်း တစ်ယောက်တည်းကို ပစ်ထားခဲ့ရအောင် တို့က အဲ့ဒီ လောက်ထိ မရက်စက်သေးဘူး"

"မ စစချင်းက ဘယ်လိုအိပ်ခဲ့လဲ အဲ့ဒီလိုပဲပေါ့"

"အဲဒီတုန်းက တို့မှ မင်းတစ်ယောက်တည်းမှန်းမသိတာ"

"အခု သိတော့ရော ဘာလုပ်လို့ရမှာလဲ မရဲ့ကျွန်တော် ခံနိုင်ရည်ရှိပါတယ် မ ပြောသလို ဂိမသွားနိုင်ပါဘူး"

"ရွက်ဖျင်ကို ဒီနားမှာထိုးလို့မရဘူးလား"

"မ ကထိုးချင်လို့လား"

"အင်း"

"ထိုးပေးမယ်"

သူ ချက်ချင်းထရပ်ကာ မီးပုံနှင့်ခပ်လှမ်းလှမ်းမှာ ထိုးထားသော ရွက်ဖျင်ကိုပြန်ဖြေ၊ ပြီးတော့ မီးပုံနားမှာ ထိုးပေးလိုက်တော့ မ မျက်နှာ ပြုံးသွား၏။

"ကျေးဇူးပဲ"

"ကဲ မ အိပ်တော့နော်"

"ဒါချည်းပဲ ပြောနေတာပဲ အိပ်မှာပါ ဒါပေမဲ့ တို့ရွက် ဖျင်အစွန်းလေးမှာ မင်းထိုင်နေ"

"ဘယ်အစွန်းလဲ မရဲ့"

"အပေါက်ဝမှာ မင်းအေးမှာစိုးလို့"

"မှာ ရတယ် ကိစ္စမရှိဘူး"

"အနန္တ ထိုင်ဆိုထိုင်လိုက်နော် တို့က ဆရာမ မရှည်နဲ့"





"မ ကအိပ်နေမယ့်ဟာကို"

"တို့လည်းမအိပ်ဘူး အိပ်လို့လည်း ပျော်တော့မှာမဟုတ်ဘူး။ တို့ကခေါင်းရင်းမှာထိုင်မယ် မင်းက အဲ့ဒီအဝင်ဝမှာထိုင် မီးပုံတေး မှာဆိုတော့ ငြိမ်းမှာလည်းမပူရတော့ဘူး"

"မ က ကျွန်တော့်ကို ဂရုစိုက်တယ်နော်"

"တပည့်ကို ဆရာက ပစ်ထားတယ်ဆိုတာ မင်းကြားဖူးလား"

"အဲ့ဒီလိုပုံစံဟုတ်လို့လား မရဲ့"

"ဘာ"

"အလကားစတာပါ ကဲ မ သွားထိုင်လေ ကျွန်တော် ခဏနေမှ လာထိုင်မယ်"

"မင်းအေးစက်နေပြီ ဝင်တော့"

"မ ကျွန်တော့်ကို ချစ်လားဟင်"

သူ ရုတ်တရက်မေးလိုက်တော့ မ ကြောင်သွား၏။

"အနန္တ ဘာမှထပ်မပြောနဲ့တော့"

မ ကအဲဒါပဲပြောပြီး ဝင်သွားသည်။ သူလိုက်မဝင်သေးဘဲ မီးပုံနားမှာဆက်ထိုင်နေတော့ မ ကရွက်ဖျင်လေးကိုဟကာ

"ဟိတ် လာလို့ပြောနေတယ်လေ"

သူ ခေါင်းညိတ်ပြကာ မီးပုံလေးကို နည်းနည်းကြည့်ပြီးမှ ဝင်လာ ခဲ့သည်။ အထဲရောက်တော့ မ ကခေါင်းရင်း၊ သူကခြေ ရင်းမှာထိုင်နေပေမယ့် မ နဲ့သူကြားက အကွာအဝေးက ခြေတစ် ဆန့်လောက်သာရှိ၏။ မ အနေကျုံ့မည်ဖြစ်သလို၊ သူလည်း အနေကျုံ့ရသည်။ ပြီးတော့ တစ်ချိန်လုံး မ ကို အနီးကပ်မြင် နေရ သည်က ပိုဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ ကျွန်တော် အပြင်ထွက်တော့မယ်"

"ဘာဖြစ်လို့လဲ"

ရော် ဘယ်လိုလုပ်ပြီး မ ကိုမြင်နေရတာ ကျွန်တော့်ရင်တွေ ခုန်လွန်းလို့ပါလို့ ဖြေရမလဲ။

"ဘာမှမဟုတ်ပါဘူး ကျွန်တော်အိုက်လာလို့"

သူ့ အကြောင်းပြချက်ညံ့၍ထင်သည် မ ကပြုံး၏။

"မင်းအနေရကြပ်ရင် တို့ကိုကျောပေးထားလိုက်ပေါ့ မင်းလည်းသက်သာမယ် တို့လည်းသက်သာမယ်"

သူ ဘာမှမပြောတော့ဘဲ မ ပြောသည့်အတိုင်း မ ကိုကျောပေးထားလိုက်သည်။

အနန္တ တစ်ဖက်လှည့်သွားမှ သစ္စာလည်း သက်ပြင်းချနိုင်၏။ သူက သစ္စာကို တစ်ချိန်လုံး စိုက်ကြည့်နေပါသ နဂါးသာဆိုလျှင် သစ္စာ ပြာတောင်ဖြစ်ချိန်ရလိုက်မှာမဟုတ်။ တကယ်ပါ သူ့မ ရင်တွေခုန်တာများ တဒိန်းဒိန်း။

သူမ အနန္တကို ချစ်နေပြီလားဟုပြန်ဆန်းစစ်ကြည့်လိုက်တော့ သူမ မျက်နှာပေါ်မှာ ရှက်ပြုံးလေးတစ်ခု နေရာယူသွား၏။

❀❀❀



## အခန်း (၂၇)

ကျိုက်ထီးရိုးက ပြန်ရောက်ပြီးကတည်းက အနန္တဖျားတော့သည်။ သူဖျားတော့ သစ္စာလည်းမနေရ။ ညတိုင်း မိုးကျော် ဒါမှမဟုတ် နွေတစ်ယောက်ယောက်ကို အနန္တဘေးနားမှာ စောင့်ခိုင်းရ၏။ အနန္တ အဖျားရှိန်တက်လာလျှင် သူမကို ကလေးတွေကလာနှိုးပြီး သတိပေးသည်။ ထိုအခါရောက်တိုင်း အနန္တနဖူးပေါ်မှာ ရေခဲဝတ်လေး အုပ်ပေးရသည်။ ဆေးခန်းသွားပါဆိုတော့လည်း ကိုယ်တော်ချောက ခ လိုက်ပို့ပေးမှတဲ့လေ။ တစ်ခါတစ်ခါကျတော့ ရှုံ့ပြီးပစ်ထားလိုက်တာ ခုလို အခြေအနေထိ ရောက်သည်။

"အနန္တ အနန္တ"

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"တို့ စကားပြောနေတာ ကြားလား"

"အင်း မ ကျွန်တော် ဘာမှမဖြစ်ဘူး"

ဒီလောက်ထိ အဖျားရှိန်တက်ပြီး သတိလစ်တော့မလိုဖြစ်နေတာတောင်မှ ဘာမှမဖြစ်ဘူးတဲ့။ အနန္တက သူ့ဘေးမှာ လူတစ်ယောက်ထိုင်စောင့်နိုင်းထားတာတောင်မှ အဖျားတက်လျှင် ဘယ်တော့မှမနိုးတတ်သူ့ဘာသာကြိတ်ခံ၏။ အခုတောင်မှ အနန္တ တဟင်းဟင်းညည်းနေ၍ နန္ဒက သူမကို လာခေါ်ခြင်းပါ။ နို့မို့သာဆို သိလိုက်မှာတောင်မဟုတ်

"နန္ဒ ဆရာမကို ဒီရေသွားလဲပေးပါ"

"ဟုတ်ကဲ့"

"နန္ဒ သွားအိပ်တော့"

"အနန္တ မင်းဒီလောက်ဖြစ်နေလို့ အနားမှာ လူခေါ်စောင့်နိုင်းတာ အဲ့ဒါကို ဘာဖြစ်နေတာလဲ"

"ကျွန်တော့်ကြောင့် သူများတွေအလုပ်တွေပိုကုန်ပြီ"

"မင်းကဖျားနေတဲ့လူလေ ဖျားနေတဲ့လူကို ကူညီတာဆန်းလား"

အနန္တ မျက်လုံးနှစ်လုံးပွင့်လာပြီး ဆတ်ခနဲ ထထိုင်သည်။ အနန္တမျက်လုံးတွေက အဖျားကြီးတာကြောင့် နီရဲနေ၏။ အနန္တက သူမ ကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး

"မ ကကူညီတဲ့သဘောနဲ့လုပ်ပေးနေတာလား"

"ဩော် မကူညီလို့ ပစ်ထားရမှာလား"

"ကူညီတာဆိုရင် မ နားလိုက်ပါ ဒါ အလုပ်ပိုတွေ"

"တို့ အကောင်းပြောနေတာကို လာမရွဲနဲ့ အနန္တ ကူညီတာမို့လို့ ကူညီတယ်ပြောတာ ဘာဖြစ်လဲ"





"ကျွန်တော်က မ တာဝန်အရလာလုပ်ပေးတာကို လိုချင်တာဟုတ်ဘူး လိုလိုလားလားနဲ့ပြုစုတာကို လိုချင်တာ"

"မကြောင်စမ်းနဲ့ အနန္တ မင်း မဟုတ်တာတွေလျှောက်ပြောနေ အားအကုန်မခံနဲ့ ပြန်အိပ်တော့"

အနန္တ ကိုယ်ပေါ်မှ စောင်ကိုခွာကာ ခုတင်ပေါ်မှ ဝုန်းခနဲဆင်းလိုက်သည်။ စိတ်ကထန်နေသော်လည်း လူကမခံနိုင်ဘဲ တစ်ချက်ယိုင်သွား၏။

"ဘာလုပ်တာလဲ အနန္တ ခုတင်ပေါ်ပြန်တက်စမ်း"

"ကျွန်တော်အပြင်ခဏသွားမလို့ မ"

"ဘာ"

"မာမီတို့ဆီ ခဏသွားမလို့ ကျွန်တော် မာမီနဲ့ဒယ်ဒီကို သတိရလို့ပါ"

"မနက်ကျမှသွား"

"မ လည်းတာဝန်တွေကြောင့် ပင်ပန်းနေပြီ ဟိုမှာနန္ဒလည်း စပ်ကသာ ထုတ်မပြောတာ အိပ်ချင်နေမှာပဲ ကျွန်တော် သူများတွေရဲ့ အငြူစူခံရပြီးမှရတဲ့ကူညီမှုကို မလိုချင်ဘူး။ ပြီးတော့ ကျွန်တော် ယောကျ်ားပါ ဒီလောက်နဲ့တော့ သေမသွားနိုင်ပါဘူး"

"မင်း အဖျားဘယ်လောက်ရှိတယ်ထင်နေလဲ အနန္တ ၁၀၃ ကျော်တယ် ပါးစပ်ကသာယောကျ်ား ယောကျ်ားနဲ့ထတော့ လူက ယိုင်နေပြီ ဒါကိုများ အပြင်သွားချင်သေးတယ် အပြင်မှာ ဒီလောက်လေစိမ်းတွေတိုက်နေတာ တစ်ခါတည်း အဖျားတက်ပြီး လမ်းမှာတင် သွားလိမ့်မယ် မင်းအလောင်းကို လိုက်ကောက်မယ့်သူတောင်ရှိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မဲ့ကို အနန္တကို ဝိတ်ပြောပစ်လိုက်တာပါ။

ဒါမှနာမှာ။ ဘယ်နှယ့် ညကြီးအချိန်မတော် ဖျားနေတဲ့သူ ယောက် အပြင်ထွက်တယ်ဆိုတာ ဘယ်တုန်းကများကြားဖူးလို့လဲ။ တော့ ဒီကောင်လေးက အကျပ်ကိုကိုင်လွှန်းသည်။

အနန္တက သူမကို ခပ်စိမ်းစိမ်းတစ်ချက်ကြည့်၍ အဝတ်တ တွင်လှန်းထားသော ဂျာကင်ကို ကောက်ဝတ်လိုက်သည်။

"အနန္တ ဘယ်သွားမလို့လဲ ဒါက"

"ကျွန်တော့် မိဘတွေဆီ"

သူ သစ္စာပြောတာကို ဘာမှထပ်မစောင့်နေတော့ဘဲ အခ တံခါးကိုဆွဲဖွင့်ကာ ထွက်ခဲ့သည်။ မ ကတော့ ဆွံ့အကျန်ခဲ့၏။

သူ အပြင်ရောက်တော့ ရေဇလုံလေး ကိုင်လျက်သား ရပ်နေသော နန္ဒကို တွေ့လိုက်ရသည်။

"အစ်ကို့ကို ကျွန်တော်မငြူစူပါဘူး၊ ဒါပေမဲ့ အစ်ကို အခုသွားပေမယ့် ပြန်တော့လာခဲ့ပါ မိဘတွေနဲ့တွေ့ပြီး ပြန်လာခဲ့ အစ်ကို"

သူ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး ဆက်ထွက်ခဲ့သည်။

အခန်းထဲမှာ သစ္စာတစ်ယောက်တည်း ဒေါသဗလပ္ပနှင့် ကျ ရစ်၏။

နာရီကိုကြည့်လိုက်တော့ ည(၁)နာရီကျော်ပြီ။

မျက်ဝန်းမှာလည်း မျက်ရည်တွေ ပြည့်သိပ်နေသည်။

ဆွဲခေါ်ထားဖို့ကျတော့ ကိုယ်က မိန်းကလေး။

"မင်း မြန်မြန်လျှော့လေကောင်းလေပဲ"

သူမ အနန္တထွက်သွားသည့်တံခါးဘက်ကိုကြည့်၍ ကျိန်ဆဲလိုက်





သည်။ ပြီးမှ ကိုယ့်ပါးစပ်ကိုယ်ပြန်ပုတ် လက်အုပ်ကလေးနှစ်ဖက်ချီကာ

"ဖွဟဲ့ လွဲပါစေ ပယ်ပါစေ အနန္တတစ်ယောက် ဘေးမ သီရန်မခပါစေနဲ့"

စိတ်ပူလိုက်ရတာ အနန္တရယ်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

သူ့ခြံရှေ့ရောက်တော့ အချိန်က နှစ်နာရီထိုးဖို့ မိနစ်နှစ်ဆယ်။

ခြံတံခါးတွေလည်း သော့ခတ်မထားဘဲပွင့်နေ၏။ မီးတွေပွင့်နေသည်။ စကားအသံအချို့ကိုလည်း ကြားနေရ၏။

ဒယ်ဒီနဲ့မာမီများ ရန်ဖြစ်နေကြပြန်ပြီလား။

ဒယ်ဒီနဲ့မာမီက အမြဲဒီလိုပါပဲ။ စိန်တိုက်ပိုင်ရှင်သူဌေးဖြစ်သော ဒယ်ဒီက ရုပ်ရည်ရှိတော့ ကောင်မလေးတွေက ဝိုင်းဝိုင်းလည်သည်။

သားဖြစ်သူ စိတ်မဝင်စားမှန်းသိလို့ အဖေကိုကပ်သည့်ပုံ။

အစောကြီးကတည်းကမှ လျှာနဲ့သွားထက်ဆိုးသည့်ဒယ်ဒီနှင့်မာမီအခြေအနေက အပေါ်သွားနှင့်အောက်သွားဖြစ်တော့သည်။

(စိုးမိုးစာပေ)



ထမင်းစားလည်းရိုက်၊ ရေချိုးလည်းရိုက်၊ သွားတိုက်လည်းရိုက်ဖြစ်နေသော အပေါ်သွားနှင့်အောက်သွား။

ဒယ်ဒီကလည်း တစ်ဖက်ကို စိတ်ကပါချင်သည်။

သူ့တို့စိန်တိုက်က ဆိုင်ခွဲထားတာမို့ ဒယ်ဒီကတစ်ဆိုင်ဦးစီးလျှင်၊ မာမီကတစ်ဆိုင်ဦးစီး၏။ ဒါကြောင့်မို့ ဒယ်ဒီဘာလုပ်လုပ် မာမီကမသိနိုင်။ ဆိုင်ဝန်ထမ်းတွေကလည်း သူ့ဆန်စားတော့ ရဲရတော့သည်။ ဒါကြောင့်လည်း မာမီဘာဆိုဘာမှ မရိပ်မိခဲ့။

တစ်ရက် သူ့ကိုဆိုင်ခဏထိုင်ခိုင်းထားပြီး ဒယ်ဒီနဲ့မာမီ သွားရာမှ ပြဿနာကစတာဖြစ်သည်။

မာမီ ထင်သလို ဒယ်ဒီဆိုင်စောင့်မနေ။ ဝန်ထမ်းတွေကိုမေး တော့လည်း ဒယ်ဒီက အလုပ်ကိစ္စနှင့်ထွက်သွားသည်တဲ့။ ဒီအချိန်အထိမာမီက အေးအေးလူလူပင်။ ဒါပေမဲ့ အသက်ခပ်ငယ်ငယ်၊ တောင့် တောင့်တင်းတင်းကိုယ်လုံးနှင့် ခေတ်ဆန်လှပနေသော မိန်းမတစ်ယောက် ကိုလက်ချိတ်လျက် ကားပေါ်မှဆင်းလာသော ဒယ်ဒီ့ကိုမြင်သည်နှင့် မာမီ့ ဒေါသတွေငယ်ထိပ်သို့တက်ဆောင့်၏။

ဒယ်ဒီ ထင်ထားသလို မာမီက ထိုမိန်းကလေးကို ကက်ကက်လန်ရန်မတွေ့ခဲ့၊ ရွံရှာစွာခပ်မဲ့မဲ့တစ်ချက်သာကြည့်ပြီး သူ့ဆီပြန်ရောက်လာခဲ့သည်။ ဆိုင်ရောက်လို့ သူ့ကိုပြောတာကတော့ ရှင်းရှင်းလေးရယ်ပါ။ "သား ဒယ်ဒီကို မာမီစိတ်ကုန်သွားပြီ" တဲ့။

အနန္တဘာမှနားမလည်နိုင်။ နောက်ပိုင်းအခြေအနေတွေတင်းမာလာတော့မှ ဒယ်ဒီဖောက်ပြားနေမှန်းသိသည်။ ကွဲကြမည်၊ ကွာကြမည်ဆိုတော့လည်း သူဘာမှဝင်မပြောခဲ့။ ရှင်းရှင်းပြောရလျှင် ဒယ်ဒီ့ကို သူစိတ်ပျက်မိ၏။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘယ်ကနေဘယ်လိုဖြစ်သွားမှန်းမသိ၊ မကွာဖြစ်ကြတော့ဘဲ တစ်အိမ်ထဲမှာ အတူနေလျက် သူစိမ်းကြီးတွေဖြစ်ခဲ့ကြသည်။

အခုလည်း ရန်တွေဖြစ်နေကြပြန်ပြီလားမသိ။

သူခြံတံခါးကို အသာအယာတွန်းဖွင့်ကာဝင်ခဲ့သည်။ သူဝင်လာတာကိုမြင်တော့ အိမ်ကလူယုံကြီးဦးဘသန်းက အပြေးအလွှားထွက်လာကာ

"လူလေး လူရေး ပြန်လာတယ်နော်"

သူ ဦးဘသန်းကို ပြုံးပြလိုက်သည်။ ဦးဘသန်းမျက်လုံးထဲမှာ မျက်ရည်လေးတွေဝဲနေ၏။

"ဘကြီး အထဲမှာ မာမီနဲ့ဒယ်ဒီရှိတယ်မဟုတ်လား"

"လူလေး မသိသေးဘူးလား"

"ဘာကိုလဲ ဘာဖြစ်လို့လဲ ဘကြီး"

လူယုံကြီးက သူ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး

"မင်း မာမီဆုံးပြီ"

"ဗျာ"

"ဒီနေ့က တစ်လပြည့်လေ အဲဒါ မနက်စောစောထပြီး ဘုန်းကြီးဆွမ်းအတွက်ချက်နေတာ"

"မာမီ ဆုံးပြီ"

"စိတ်ခိုင်ခိုင်ထားပါ လူလေးရယ်"

သူ ဘာကိုမှထပ်မစဉ်းစားတော့ဘဲ အိမ်ထဲထိ တောက်လျှောက်ဝင်ခဲ့လိုက်သည်။

တွေ့ပါပြီ။ မိန်းကလေးတစ်ယောက်နှင့် ပြုံးပြုံးရွှင်ရွှင်စကားပြောနေသောဒယ်ဒီ။ သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝေ့ခနဲတစ်ချက်





ဆက်လာသည်။

အနန္တ ဒယ်ဒီ့နားကို လျှောက်သွားလိုက်ပြီး

"ဒယ်ဒီ"

"ဟာ သား မင်းပြန်လာတယ်"

"ပျော်သွားတာလား စိတ်ညစ်သွားတာလား ဒယ်ဒီ"

ဒယ်ဒီ့မျက်နှာ တစ်ချက်ပျက်သွား၏။

ကြည့်စမ်းပါဦး၊ သားဖြစ်သူရောက်မလာခင်တုန်းကအထိ တကယ့်ကိုပြုံးပြုံးရွှင်ရွှင်။ သူရောက်လာတော့မှ မျက်နှာက အပျော်တွေ လွင့်ပျောက်ကုန်၏။

ဘာလဲ သူကဒယ်ဒီ့သားမဟုတ်ဘူးလား။ သူ့ကိုအခုဒယ်ဒီ့ဘေးနားမှာထိုင်နေတဲ့မိန်းမလောက်တောင် တန်းဖိုးမထားဘူးလား။

"မင်း မာမီဆုံးပြီ"

"ကျွန်တော်သိပြီးပြီ၊ ဒါပေမဲ့ မာမီဆုံးဆုံးချင်းကတော့ မဟုတ်ဘူး၊ ဒီရောက်မှ ဦးဘသန်းပြောပြလို့ ဘာလဲဒယ်ဒီရယ် ကျွန်တော် ဒီနေ့ဒီကိုရောက်မလာရင် မာမီအရိုးဆွေးသွားတာတောင် ကျွန်တော် သိလိုက်ရမှာမဟုတ်ဘူး"

"ဒယ်ဒီ မင်းကို ဘယ်လိုဆက်သွယ်ရမှန်းမသိလို့"

"အဟား ရယ်ရတယ်ဗျာ မရှာရင်တော့ ဘယ်တွေ့မလဲ ဒယ်ဒီရယ်"

"ကိုကြီး ဒါ ကိုကြီးသားအနန္တလား"

ဒယ်ဒီ့ဘေးနားကမိန်းမက သူ့ကိုမေးငေါ့ပြလျက်မေးတော့ ဒယ်ဒီက ခေါင်းညိတ်သည်။

ထိုမိန်းမ ဒယ်ဒီကိုခေါ်လိုက်တာ ဘာတဲ့ ကိုကြီးတဲ့ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမက ဒယ်ဒီရဲ့။

"သူ ဘယ်သူလဲဒယ်ဒီ"

သူ ပြောင်ပဲလက်ညှိုးထိုးကာမေးချလိုက်သည်။ ထိုမိန်းမ ဆက်တီခုံမှထရပ်ကာ သူ့မျက်နှာချင်းဆိုင်သို့လာ၍

"တို့က မေဘယ်"

ပြော၍ သူ့မက သူမ၏ဘယ်ဘက်လက်ကို မြင်သာအောင် ထောင်ပြသည်။ အနန္တ သူမလက်သူကြွယ်မှ လက်စွပ်ကိုတစ်ချက်ကြည့် ပြီး ဒယ်ဒီ့ကို ကျောခိုင်းလိုက်၏။

"အနန္တ မင်းအတွက်ငွေတွေ မင်းမာမီ ဘဏ်မှာလွှဲထား တယ်"

သူ ဒယ်ဒီ့ကို ချက်ချင်းမျက်နှာချင်းဆိုင်လိုက်ပြီး

"ကျွန်တော် အဲဒါတွေကို မက်မောနေတယ်လို့ ဒယ်ဒီထင် လား၊ ကျွန်တော် စိတ်ပျက်မိတာ တစ်ခုပဲရှိတယ် ဒယ်ဒီက ဘယ်သူ လူဆိုး၊ ဘယ်သူလူကောင်းဆိုတာကို ခွဲခြားနိုင်စွမ်းမရှိဘူး"

သူပြောလိုက်တာ မေဘယ်ဆိုသောမိန်းမကို တိုက်ရိုက်ထိမှ သွားသည်ထင်သည်။ ထိုမိန်းမက တီကောင်ဆားပက်ခံရသလို တွန့်ကွ လူးသွား၏။

"မင်း ဘာစကားပြောတာလဲ အနန္တ"

"ကြားတဲ့အတိုင်းပဲ"

"ဟင် မင်း"

မေဘယ် လက်တစ်ဖက်မြှောက်တက်သွားသည်။ အနန္တ ချက်ချင်းဆုပ်ကိုင်ဖမ်းလိုက်ပြီး ဆိုဖာပေါ်ကို ဆောင့်တွန်းချလိုက်တော့ ထိုမိန်းမ ပုံပျက်ပန်းပျက်ကျသွား၏။

(ဆိုးမိုးစာပေ)



ဒယ်ဒီက ဆတ်ခနဲထရပ်ကာ

"ခွပ်"

အလစ်အငိုက်ဖြစ်တာလည်းပါသည်၊ အဖေဖြစ်နေတာကလည်း ပါသည်။ သူ ခံလိုက်ရသည်။

ဒါပေမဲ့ သူမြတ်ပါသည်။ ဘာမဟုတ်သည့်မိန်းမတစ်ယောက် အတွက် သားကိုထိုးသည့်အဖေ။

သူ သူ့နှုတ်ခမ်းထောင့်ရှိ စိုစွတ်နေသောအရာကို လက်မနှင့် ဖိပွတ်လိုက်သည်။

"ကျေးဇူးတင်တယ်ဒယ်ဒီ၊ ဒယ်ဒီဘာလည်းဆိုတာ ကျွန်တော် သိသွားပြီ၊ မာမီ အခုအချိန်မှာဆုံးသွားတာကိုတောင် ဒယ်ဒီက သိပ် နောက်ကျတယ်ဆိုပြီးထင်နေမှာ စိတ်ချ ဒယ်ဒီ့ပိုက်ဆံကိုမက်လို့ ဒယ်ဒီ့ အနားကိုကပ်နေတဲ့သူတွေနဲ့ ပျော်ပျော်နေပါ လိုအပ်ရင် ကျွန်တော့် အတွက် မာမီ ဘဏ်ထဲမှာထားခဲ့တဲ့ငွေတွေပါယူလိုက် ကျွန်တော် သွားတော့မယ်"

အနန္တ ချက်ချင်းလှည့်ထွက်ခဲ့တော့ ဦးမင်းထင် ကြောင်ကြောင် ကြီးရပ်ကျန်ခဲ့သည်။

သူ လွန်သွားလား။ မိန်းမအတွက်နဲ့ သားကိုထိုးလိုက်မိတာ သူမှားတာပေါ့။ တားဆီးဖို့ကြိုးစားပေမယ့် သားက မရှိတော့။

သူ ဆိုဖာပေါ်မှာ ထိုင်ကျသွားသည်။ မေဘယ်ကတော့ သူ့လက် မောင်းကို တစ်ချက်ဆုပ်၏။ သူ မေဘယ့်လက်ကို ခါချလိုက်သည်။

"မင်း လွန်တယ် မေဘယ်"

"အိုး မေဘယ် ဘာလွန်လို့လဲ ကိုကြီးသား ပြောသွားတာ

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



တွေမကြားဘူးလား ဒီလောက်ထိရိုင်းတဲ့ကောင်လေး ကိုကြီးထိုးလိုက်တာမှန်တယ်''

''အနန္တက ငါ့သားကွ မင်းကို ကိုယ်ထိလက်ရောက်တွန်းချလိုက်လို့ ငါထိုးလိုက်တာ ငါမချစ်လို့မဟုတ်ဘူး''

''ကိုကြီးရယ် အမေတစ်ယောက်လုံးသေတာတောင် ကိုကြီးသားကို အသိပေးခဲ့လို့လား''

မေဘယ်ပြောတော့ သူ ငိုင်ကျသွား၏။

ဒီရက်ပိုင်းတွေမှာ သူ ဘာတွေဖြစ်နေခဲ့လဲ။ မိန်းမတစ်ယောက်လုံး ဆုံးသွားတာကိုလည်း ဝမ်းနည်းဖို့သတိမရခဲ့ဘဲ ပျော်ပါးနေခဲ့မိသည်။

အားလုံးရဲ့အကျိုးဆက်ကတော့ သားရဲ့ရွံရှာစက်ဆုပ်မှုကို သူ ရလိုက်သည်။ ပတ်ဝန်းကျင်၏အထင်အမြင်သေးခြင်းကို ခံလိုက်ရ၏။ အားလုံးကို သတိရလိုက်သည့်အချိန်မှာ သူက လူတွေရဲ့အဝေးတစ်ဖက်ကို ရောက်နေခဲ့ပြီ။

''ဒယ်ဒီ သိပ်မှားတယ် သားရယ်''

❀❀❀



## အခန်း (၂၉)

ညကြီးမိုးချုပ်မှ အငှားကားတွေထွက်လောက်သည့်အချိန်ထိ လက်ဖောင်းခေါက်တိုင်ကိုမှီပြီးစောင့်ရသည်။ မနက်လေးနာရီကျော်လောက်ရောက်မှ သူအငှားကားတစ်စီးငှားကာ သူ့အခန်းလေးဆီ ပြန်လာခဲ့၏။

သူ အခန်းတံခါးကိုဖွင့်လိုက်တော့ သူစားပွဲပေါ်မှာ လက်နှစ်ဖက်ယှက်တင်ကာ မျက်နှာမှောက်ချ၍ အိပ်ပျော်နေသော မကို တွေ့လိုက်ရသည်။

အဖျားတွေလည်း ဘယ်ရောက်ကုန်ပြီမသိ။

သူ ခုတင်ပေါ်မှ ခြုံစောင်ကလေးတစ်ခုကိုယူကာ မ ကိုယ်ပေါ်မှာ ခြုံပေးလိုက်သည်။ ပြီးမှ အနီးအနားရှိ ခုံကိုဆွဲ၍ မ အိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ဘေးမှာထိုင်ချလိုက်သည်။

အိပ်ပျော်နေသော မပုံလေးက သူ့ရင်ကိုအေးစေတော့ အမှန်ပင် ဖြစ်သည်။ သူမဆံပင်လေးတွေကို ပွတ်သပ်လိုက်တော့မှက တွန့်ခနဲ တစ်ချက်ဖြစ်သွားကာ နိုးလာ၏။

သူ့ကိုမြင်မြင်ချင်းတော့ မ မျက်နှာကပြုံးသွားသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားပြီး နေရာမှ ဆတ်ခနဲထရပ်ကာ အခန်းတံခါး ဆီလျှောက်သွား၏။

"မ"

မ ခြေလှမ်းတွေ တုံ့သွားသည်။

"ကျွန်တော့်နဖူးကို ရေခဲအေး အုပ်ပေးပါလား"

"နေဦး"

မ မငြင်း၍ သူပျော်သွားသည်။ သူ ခုတင်ပေါ်မှာ တက်လှဲနေ လိုက်သည်။ ခဏကြာတော့ မက ရေဇလုံလေးတစ်ခုကိုကိုင်ကာ ပြန်ဝင် လာ၏။

အနန္တက ထိုင်ခုံကို ခုတင်ဘေးမှာရွှေ့ပေးလိုက်သည်။

မက ရေဇလုံလေးကို စားပွဲပေါ်မှာတင်၍ ထိုင်ခုံမှာ ထိုင်ချ လိုက်သည်အထိ သူ့မျက်နှာကို မကြည့်သေး။

ပြီးမှ ပဝါသေးသေးလေးကို ဇလုံထဲမှာနှစ်၍ ရေညှစ်ချကာ ခေါက်ရှည်ရှည်လေးခေါက်လိုက်ပြီး သူ့နဖူးပေါ်တင်ပေး၏။

အစအဆုံးထိ မ ဘာစကားမှမဆို။

တကယ်တမ်း မ ကိုသူ့အနားက ထွက်မသွားအောင်ဒီလိုလုပ် ခိုင်းလိုက်ခြင်းပါ။

"မ ကျွန်တော့်ကို ကြည့်ပါဦး"





"အနန္တ မင်း ဘာမှပြောဖို့မကြိုးစားနဲ့ ဒီဟာကပ်ပေးပြီး အိပ်ပြန်မှာ"

အခုမှ မ မျက်နှာကို သေချာဂရုစိုက်ကြည့်မိသည်။ မ မျက်ခွံလေးတွေက မို့ယောင်နေကာ မျက်လုံးလေးတွေကနီပြီး အစ်နေ၏။

မ ငိုထားတာလား။

"မ ငိုထားလား"

သစ္စာ သူ့ခိုးလုမိဖြစ်သွားသော ကိုယ့်ကိုကိုယ် ရုပ်တည်ပြန်ဖမ်း တာ

"မငိုပါဘူး တို့က ဘာလို့ငိုရမှာလဲ"

"မ ငိုထားတာ သေချာပြီ"

သူ လှဲနေရာမှ ထထိုင်ကာ မကို ရင်ခွင်ထဲဆွဲသွင်းလိုက် ပြီး

"မ ကို ကျွန်တော် အရမ်းချစ်နေပြီ"

"အနန္တတို့ မကြိုက်ဘူးနော် လွှတ်ပေး"

သူ လွှတ်ပေးလိုက်တော့ မ က ချက်ချင်းထထွက်သွား၏။

"မ မာမီဆုံးသွားပြီ"

အခန်းတံခါးကိုဦးတည်နေသောသစ္စာခြေထောက်တွေ တုန့်ခနဲ ရပ်တန့်သွားပြီး အနန္တဘက်ကို လှည့်ကြည့်လိုက်မိသည်။

အနန္တမျက်နှာမှာ ယူကျုံးမရခြင်းတွေ ပြည့်နှက်နေ၏။

"မာမီဆုံးတာ ဒီနေ့ဆို တစ်လပြည့်ပြီ"

"ဟင်"

သူမ ပိုပြီး ကရုဏာသက်ရပြီ။ အနန္တခမျာ အမေဆုံးတာ တစ်လပြည့်မှ သူမှာသိခွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းလိုက်တာ အနန္တရယ်။

သူမ ထိုင်ခုံလေးမှာပြန်သွားထိုင်ကာ အနန္တလက်ကို ဆုပ်ကိုင်ထားပေးလိုက်၏။

"အားမငယ်ပါနဲ့ကွာ မင်းမှာ ဒယ်ဒီရှိပါသေးတယ်"

အနန္တ ခေါင်းခါပြလိုက်သည်။

"ဟင့်အင်း ဒယ်ဒီ့ကို ကျွန်တော်မပိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဒယ်ဒီက နောက်အိမ်ထောင်ပြုတော့မှာ"

အနန္တမျက်နှာက မငိုပေမယ့် အတွင်းသာက်မှာငိုနေပြီ။

သူမမှာ ကြိတ်မှိတ် မျိုသိပ်ထားရရှာတာ။

"အနန္တတို့ ဘာလုပ်ပေးရမလဲ"

အနန္တ သစ္စာ၏ ရှေ့ဆံပင်လေးကို သပ်တင်ပေးလိုက်ပြီး

"ဘာမှလုပ်ပေးစရာမလိုပါဘူး မရယ် ကျွန်တော့်ဘေးနားမှာ မရှိနေရင် ရပြီ"

"မင်း တို့ကို အဲဒီလောက်ပဲချစ်လားဟင်"

"မေးရက်တယ် မရယ် ကျွန်တော့်ဘေးနားမှာ ချောသလှသပဆိုတဲ့ကောင်မလေးတွေ ဝိုင်းနေခဲ့တာပါ အခု မကိုတွေ့တော့မှ ကျွန်တော်အချစ်ဆိုတာကို သိတာ တကယ်ပါ မကို ကျွန်တော်သိပ်ချစ်တယ်"

ပြော၍ အနန္တမျက်နှာကြီး သူမဆီကို ငိုက်ကျလာတော့

"နေနေပါဦး၊ အနန္တရယ်တို့ကို စဉ်းစားခွင့်တော့ ပေးပါဦး"

အနန္တမျက်နှာ ရှုံ့မဲ့သွားပြီး

"ကျွန်တော့်ကို မ ချစ်နေတာ ကျွန်တော်သိတယ်"





"အမယ် မဟုတ်တာတွေ"

အံမယ် မဟုတ်တာတွေဟုဆိုလာသော မ မျက်နှာမှာ ရှက်ရွံ့မှုလေးတွေပြည့်နေ၏။

ချစ်စရာကောင်းလိုက်တာ မရယ်။

"မ ကျွန်တော့်ကိုပြန်ချစ်ပါနော် ကျွန်တော့်မှာဒဏ်ရာရနေတဲ့ အသည်းနှလုံးကို မ အချစ်နဲ့ မနည်းပြန်ကုစားရဦးမှာ"

"ဟွန်း မိုက်ပြီ"

"မ ကျွန်တော့်ကို ချစ်တယ်မဟုတ်လားဟင်"

"မသိဘူး"

မ ကပြော၍ ထိုင်ခုံမှထထွက်ပြေးဖို့ပြင်လျှင် သူမ လက်ကိုလှမ်းဆွဲကာ ခုတင်ပေါ်ဆွဲချလိုက်ပြီး မကိုမြတ်နိုးမှုများစွာနှင့် အနမ်းများကို တာရှည်စွာ ခြွေချလိုက်သည်။

မက သူ့ရင်ဘတ်ကိုတွန်းကာ

"ဒီမှာ တို့အသက်ရှုမဝတော့ဘူး အနန္တရဲ့ လွှတ်ပါဦး"

"မရဘူး မ ချစ်တယ်လို့မပြောမချင်းကို မလွှတ်ဘူး"

"လွှတ်မှပြောလို့ရမှာပေါ့၊ အနန္တရဲ့"

"ဒါဆို ဖြေ"

အနန္တ မ ကိုလွှတ်ပေးလိုက်သည်နှင့် မ က အတင်းပြေးထွက်သွားသည်။ သူ ဘာမှမတတ်နိုင်လိုက်။

အခန်းတံခါးကိုဆွဲဖွင့်ပြီးကာမှ မ ကသူ့ဘက်ပြန်လှည့်ကာ

"ချစ်တယ်"ဟုပြော၍ ပြေးထွက်သွား၏။

"ဟာ"

သူမှာ တကယ်လိုလို အိပ်မက်လိုလိုနှင့် ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဖြစ်သွား၏။

တစ်နေကုန်စိတ်ညစ်ခဲ့လာရသမျှ အခုမကြောင့် သူမှာ ပျော်ရွှင်ရသည်။

သစ္စာ အနန္တမျှားနောက်က လိုက်လာသေးလားဆိုသည့် စိုးရိမ်မှုဖြင့် နောက်ကိုလှည့်ကြည့်လိုက်တော့ အနန္တကိုမတွေ့သဖြင့် စိတ်အေးသွား၏။

သူကပြောလို့မရ၊ အတင်းထွက်လာပြီးဖက်ထားမှုဖြင့် ရပ်သိရှာသိဖြစ်ကုန်တော့မည်။

သူမကလည်း ဘာလို့ဒီလောက်မြန်မြန်ကြီး အဖြေပြန်ပေးလိုက်မိမှန်းမသိ။ ပထမတစ်ယောက်တုန်းကလည်း ကိုယ်က ခံရပြီးပြီ။ ဒါဖေမယ့် ချစ်မိတာကချစ်မိတာပဲဖြစ်သည်။

အနန္တချင်းတူလို့ စိတ်ဓါတ်ချင်းတူပြီး သူမကို ထပ်ပစ်သွားခဲ့လျှင်တော့ ဒီတစ်ခါ သူမအသည်း တကယ်ပင်မွမွကြေပါလိမ့်မည်။

❀❀❀



## အခန်း (၃၀)

မေမေ အတင်းဖွတ်စီစဉ်၍သော သူမ ဒေါက်တာအနန္တနှင့် ဗိုလ်ချုပ်ဈေးဘက်ထွက်ခဲ့ရသည်။ စိတ်ကမပါ။ သူမ စိုးရိမ်သည်က ခုတ်ရာတခြား ရှရာတခြားဖြစ်မှာကိုပါ။

ကိုယ် သဘောကျတာကတစ်ယောက်၊ ရတော့တစ်ယောက်ဆိုတာမျိုးတော့ ဘယ်လိုမှအဖြစ်မခံနိုင်။

သူ့ကိုကြည့်ရတာလည်း ဖြူကြည့်အပေါ်စိတ်ယိမ်းနေသည့်ပုံမမြင်ရ။

ဟုတ်ပြီ ဒါခွင်ပဲ။

သူမ ပြတ်ပြတ်သားသားငြင်းရန် တစ်ဖက်လှည့်လိုက်သောအခါမှာပင် ခြံဝကိုကျော်၍ထွက်လာသော ဘောလုံးတစ်လုံးက ဖြူကြည့်အင်္ကျီရင်



www.burmeseclassic.com

www.burmeseclassic.com



ဘတ်တည့်တည့်သို့ လာမှန်သည်။

"ဟာ အစ်ကို ဟိုမှာခြံပြင်က မမကိုထိသွားပြီ"

အနန္တခေါင်းတစ်ချက်ကုတ်လိုက်မိ၏။ ပြဿနာတော့ရှင်း မည်။ သူ သစ်ပင်အောက်တွင်စာဖတ်နေသော မ ကိုလှမ်းကြည့်လိုက် တော့ မ ကသူ့ကိုပြုံး၍ သွားတောင်းပန်ရန် အမူအယာလုပ်ပြသည်။

သူ ဘာမှစောင့်ဆိုင်းမနေတော့ဘဲ တောင်းပန်ရန်ခြံတံခါးဆီ အလာ

"ဟာ ဖြူကြည် မလုပ်နဲ့"

ဒေါက်တာအနန္တလှမ်းတားလိုက်ချိန်ပင်မရလောက်အောင် ဖြူကြည့်လက်ကမြန်သည်။

"ဘုတ်"

"ဟာ သွားပြီ"

အနန္တရှောင်လိုက်သော်လည်း ဘောလုံးက ပခုံးစွန်းကိုလာ ၏။ အနန္တဒေါသထွက်မိသည်။ ကိုယ်ကတောင်းပန်ဖို့လာတာကို သူ ဘောလုံးနှင့်ပြန်ပစ်သည်။

ဘယ်လောက်များ အမြင်ကတ်ဖို့ကောင်းလိုက်သလဲ။

ဖြူကြည် ထိုသူကိုဘောလုံးထိသွားပြီဆိုမှ ကားလမ်းကိုဖြတ် ကာ ထိုခြံဆီသို့လာခဲ့သည်။ ဒေါက်တာအနန္တကတော့ ဖြူကြည့်နော ပြေးလိုက်ရှိသာ။

စစချင်း ဘောလုံးလာမှန်တုန်းကတော့ တစ်ဖက်ကမှားတာ ဒါပေမဲ့ ကိုယ့်ဘက်ကပြန်ပစ်လိုက်ပြီဆိုကတည်းက တွေးကြည့်နေစရာ ပင်မလို၊ ကိုယ့်အမှားဖြစ်သွားပြီ။

ဖြူကြည် ခြံဝကိုရောက်မှ ခြေလှမ်းတို့တုန့်သွားသည်။





အနန္တကလည်း သူမကိုမြင်တော့ မျက်ခုံးတွေကျုံ့သွား၏။

"ဟင် ယူ"

အနန္တ ဘာမှမပြောတော့ဘဲကျော်နိုင်းခဲ့တော့ဖြူကြည်ခြံတံခါး ကိုဖွင့်ကာ သူနောက်ကိုအတင်းလိုက်၏။

"ယူ ခဏ ခဏနေပါဦး"

သူမကပြော၍ သူ့ရှေ့အတင်းတိုးဝင်သဖြင့် ကိုယ်ရှိန်သတ်လိုက် ရသည်။ နို့မို့ဆို ရင်ဘတ်ချင်းတိုက်မိမှာအမှန်။

"ဘာလုပ်တာလဲ"

"ဟို ဖြူကြည်တောင်းပန်ပါတယ်"

သူ သူ့ပခုံးစွန်းမှာပေနေသည့် ဖွက်တွေကို တစ်ချက်ခါထုတ် လိုက်သည်။

အနန္တဝတ်ထားတာက တီရှပ်အဝါနုရောင်လေးဆိုတော့ ဘောလုံးထိမှန်သည့်အကွက်ကြီးက ထင်းနေ၏။ ပို့ဆိုးသည်ကဖြူကြည်။ သူမ ဝတ်ထားတာ အဖြူရောင်လက်ပြတ်လည်ပိုက်။ ရှံ့ကွက်က ရင်ဘတ်ဖွေး ဖွေးမှာတောင် နည်းနည်းပေနေ၏။

"ရတယ်"

သူ ဒါပဲပြောကာ လှည့်ထွက်ဖို့ပြင်လျှင် ဖြူကြည်က သူ့လက်ကို လှမ်းဆွဲ၏။

သစ်ပင်အောက်မှာ မတ်တပ်ရပ်ရင်းကြည့်နေသော သစ္စာရင်ထဲ မှာ ကလိကလိဖြစ်လာသည်။

ဒါ သူမ သဝန်တိုနေတာလား။

ကိုယ့်ကိုကိုယ်တောင် ကောက်ချက်မချနိုင်သေးဘဲ အနန္တဆီကို ထွက်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အနန္တက သူမကိုမြင်တော့ ဖြူကြည့်လက်ကို ပုတ်ချ၏။

"မင်း မြန်တော့"

မျက်လုံးတွေ ပြူးစက်ဝိုင်းကျယ်သွားသည့်သူက ဒေါက်တာ အနန္တပါ။

သူ့ရှေ့မှာ နုံ့သာရောင်ပါတိတ်ဝမ်းဆက်လက်ပြတ်ကလေး ကျစ်ဆံမြီးလေးကျစ်ကာ တစ်ဖက်မှာချထားပြီး လှချင်တိုင်းလှနေသ သူက တခြားသူမဟုတ်။ တစ်ချိန်က သူချစ်သူ တည်သစ္စာ။

တည်သစ္စာက ငယ်ငယ်တုန်းကတော့ ကလေးမျက်နှာလေးနှ ချစ်ဖို့ကောင်းသည်။ အခုကြီးလာတော့ ရင့်ကျက်တည်ငြိမ်စွာနှင့် လှ သည်က အ၁ သူဘေးမှာပါလာသည့် ကောင်မလေးနှင့်ဘာမှမဆိုင်

သစ္စာလည်း သူ့ကိုမြင်သွားသည်ထင်သည် နှုတ်ခမ်းလေးတွေ ပွင့်ဟသွား၏။

"သစ္စာ"

မ ဆီကိုလှမ်းနေသော သူ့ခြေလှမ်းတွေရပ်သွား၏။

သစ္စာတဲ့။

သူလှမ်းကြည့်လိုက်တော့ အကောင်းစားနီညိုရောင်စပို့ရှပ်နှ စတိုင်ပင်အနက်ကို တွဲဝတ်ထားသည့် ထိုသူ့ပုံစံက ရှင်းသန့်နေသည်

အဓိကကတော့ မျက်ဝန်းတွေ။

ထိုသူ့မျက်ဝန်းတွေက နူးမြောတသခြင်းများစွာပါနေသည်။ မ ကို ကြည့်တော့ မျက်ဝန်းတွေက ခပ်စိမ်းစိမ်းပင်။

ဘာတွေလဲ။ သူမ လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ

"မ သူနဲ့သိလား"

မ ကသူ့ကိုမော့ကြည့်လျက် ပြုံးပြီး ကိုင်ထားသောသူ့လက်ကို





င်ချက်ဆုပ်သည်။

သူ အားတက်သွား၏။

"အနန္တ မတွေ့ရတာကြာပြီနော်"

ဟင် အနန္တတဲ့။ မကိုကြည့်တော့ သူ့ကိုပြောနေတာလည်း ဟုတ်။ ဒါဆို ထိုသူ့နာမည်လည်း အနန္တပဲလား။

"ကိုယ်တို့ကို အထဲမခေါ်တော့ဘူးလား"

"အဟော် မေ့သွားလို့ ဒါနဲ့ ညီမလေးကိုမြင်ဖူးသလိုပဲ"

"ဟုတ်ကဲ့ ဖြူကြည်ပါ အစ်မကိုကျိုက်ထီးရိုးမှာတွေ့ဖူးပါတယ်"

"ဩော် ဟုတ်သားပဲ"

သစ္စာမှတ်မိသွား၍ ပိုရင်လေးသွား၏။

ဒီကောင်မလေးက အနန္တကို အတင်းလိုက်ချစ်နေသည့်ကောင် လေးလေ။ ပြီးတော့ စေ့စပ်မည့်သူတဲ့။

အနန္တဒီလိုလုပ်မှာမဟုတ်မှန်းသိပေမယ့် စိတ်ကတော့ပူနေဆဲ ပဲ။

"အနန္တ"

"ပြော သစ္စာ"

"ဗျာ မ"

"အဟင်း အနန္တကိုခေါ်တာမဟုတ်ပါဘူး။ သစ္စာတပည့် လးကိုခေါ်တာပါ အနန္တ ဒါကဒေါက်တာအနန္တလေ တို့ရဲ့ကျောင်း နေဖက်သူငယ်ချင်းပေါ့၊ ဒေါက်တာအနန္တ ဒါကတော့ တို့ကျောင်း သားလေး၊ အနန္တတဲ့၊ ဖြူကြည်ကတော့ သူ့ကိုသိမှာပါ"

"ဟုတ်ကဲ့"

"နာမည်တူချင်းတွေ့ရတာ ဝမ်းသာတယ်ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအနန္တက သူ့ကိုလက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသည်။

"ဟုတ်ကဲ့ ဝမ်းသာပါတယ်"

"ကဲ လာ သစ္စာတို့အထဲမှာ စကားပြောကြရအောင်"

"ဟာ မ ခဏနေ စာသင်ရဦးမှာလေ အခုပဲ သုံးနာရီ ထိုးတော့မယ် ငါးမိနစ်လောက်ထဲနဲ့တော့ ညည့်သည်တွေကို ညည့်ခံတာ မကောင်းပါဘူး"

"အနန္တကလည်း ရတယ် ဖြူကြည်တို့ဝင်ပါ"

"ဟိုဟာဖြစ်ရင်လည်း စာသင်ချိန်ဖျက်လိုက်ပါလား"

သူ ဘာသဘောနှင့်ပြောနေမှန်း ဒေါက်တာအနန္တနှင့်ဖြူကြည်က နားလည်ပုံပေါ်သည်။

"ရတယ် သစ္စာ ကိုယ်တို့လည်း သွားစရာရှိသေးလို့"

"အာ ရပါတယ် အားမနာပါနဲ့ ကျွန်တော်တို့လည်း စာသင်လို့ရသွားတာပေါ့"

စစချင်းကတော့ သွယ်ဝိုက်ပြီးနှင်သည်။ နောက်ပိုင်းကျတော့ ဒဲ့ဒိုးပဲပြောလိုက်သည်။

ဖြူကြည်ကတော့ သူဘာလုပ်လုပ် သူ့ကိုသာစိုက်ကြည့်နေ၏။ ဒေါက်တာအနန္တကတော့ သူ့ကိုပြုံးပြကာ

"ကဲ ကိုယ်သွားတော့မယ် ညီလေး သွားပြီကွာ သစ္စာ သွားမယ်နော်"

"ဟုတ်ကဲ့"

သူတို့နှစ်ယောက်လှည့်ထွက်ကြတော့မှ သစ္စာ အနန္တကို မျက်စောင်းထိုးလိုက်သည်။





"အနန္တ မင်းဟာလေ"

"ရှုံ့တုံ့တုံ့လာ ညည့်သည်တွေကို ခြံအထိ လိုက်ပို့ရ အောင်"

အနန္တက မ ခါးလေးကိုဖက်ကာ ခြံဝထိလိုက်ပို့သည်။

"ရပါတယ် ဝင်ကြတော့လေ"

"ရတယ် အစ်ကိုတို့ သွားကြပါ၊ ကျွန်တော်တို့က အေးသေးပဲ"

ဒေါက်တာအနန္တက အဓိပ္ပါယ်ပါပါ တစ်ချက်ပြုံးသည်။

"ယူ့ ဖြူကြည် ယူ့ဆီကို ခဏခဏလာလည်မယ်နော်"

သစ္စာတွန့်သွား၏။ ဘေးမှာပိုင်ရှင်တစ်ယောက်လုံးကိုကျော်ပြီး အနန္တကို ခွင့်တောင်းတာဘာသဘောလဲ။

"အဲဒါ မကိုပြော တို့ကို မပိုင်တာလေ"

အနန္တစကားကြောင့် သစ္စာမျက်နှာပူသွားမိ၏။

ဒီကောင်လေးက ဘာကိုမှ ဂရုမစိုက်ဘဲ ထင်ရာစိုင်းသတ်သူ။

"ဟင်"

"ကဲပါ သွားစရာရှိတယ်ဆို"

ဖြူကြည် ဘာမှဆက်မပြောနိုင်ဘဲ ထွက်သွား၏။ ခုမှပဲ သူလည်း သက်ပြင်းချနိုင်တော့သည်။

သစ္စာ အနန္တလက်ကိုဖယ်လိုက်ပြီး ရှေ့မှထွက်ခဲ့၏။

"ဟာ မ ဘာဖြစ်တာလဲ"

"မင်းဟာလေ ရှေ့နောက်မကြည့်ဘူး။ ပြောချင်တာကိုပြောတော့တာပဲ"

"ဘာလဲ မက ဟိုဒေါက်တာသိသွားမှာစိုးလို့လား"

"အနန္တနော် တို့ကပတ်ဝန်းကျင်ကိုပြောနေတာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဂရုတောင်မစိုက်ဘူး"

"သူကတော့ တော်တော်ခံစားသွားရတယ်တူတယ် ကျွန်တော့်ကို မ ပိုင်တာလို့ပြောလိုက်တော့ သူ့မျက်နှာကြီးများအဟွန်း ညှိုးပုပ်သွားတာပဲ မ အမှန်အတိုင်းပြောဗျာ သူက မနဲ့ဘာလဲ"

"ဘာရမှာလဲ သူငယ်ချင်းပေါ့"

"ညာနေတာ"

"တော် ဒါဆို မင်းကိုလည်းမေးမယ် ဖြူကြည်ကရော ဘာလဲ"

"လူလေ"

"အနန္တနော်"

"အဟား နောက်တာပါ၊ စရချင်းကတော့ စေ့စပ်ရမယ့်သူပါပေမဲ့ ကျွန်တော့်အထင်တော့ လူချင်းလွဲသွားတာလို့ထင်တယ်"

"တို့ သူငယ်ချင်းနဲ့လား"

"အင်း ဟုတ်မယ် သူပြောတာဒေါက်တာဆိုတော့ သူပဲနေမှာပေါ့"

"မင်းနဲ့ဘယ်လိုတွေတာသဲ"

"အရှည်ကြီးပဲ ဒီလိုလုပ် မရယ် အပြင်မှာတွေ့တယ်လို့ပဲမှတ်ထားလိုက် ဒါနဲ့ နေပါဦး၊ မ ကျွန်တော့်အကြောင်းပဲမေးမနေနဲ့ ဟိုဒေါက်တာအကြောင်းလည်းပြောဦး"

"သူက ဇွဲချစ်သူ"

"ဟင်"

လမ်းလျှောက်နေသော သူ့ခြေလှမ်းတွေရပ်သွားသည်။

အစကတည်းက ထင်နေခဲ့တာ၊ အခုတော့ မှန်နေခဲ့ပြီ။ ပြီးတော့ ဟိုက မကိုမြင်တော့ လိုချင်တပ်မက်သည့်မျက်လုံးကြီးတွေက





သောတငမ်းငမ်းနှင့်။

"ဘာဖြစ်သွားတာလဲ"

"စိတ်ပူသွားတာ"

"ဟင်း ဟင်း"

"မရယ်နဲ့ မရာ ကျွန်တော့်ကို မ ပစ်သွားရင် ကျွန်တော်သေမှာ"

"အပိုတွေ"

ပြော၍ မ က သစ်ပင်လေးဆီလျှောက်သွားတော့ သူနောက်ကခြေလှမ်းကျဲကြီးများနှင့်လိုက်ကာ မကိုသိုင်းဖက်ထားလိုက်သည်။

"ကျွန်တော် မကို တကယ်ချစ်တာ"

မ ဘာမှမဖြေ။

"ကျွန်တော့်ကိုရော မ ချစ်လားဟင် ဟိုဒေါက်တာကိုရော ပြတ်သွားပြီလားဟင်"

မ ကသူ့လက်တွေကို ညင်သာစွာဖယ်ချကာ သူ့ဘက်လှည့်လာပြီးတော့ ခြေဖျားလေးထောက်ကာ သူ့မေးဖျားလေးကိုနမ်းသည်။

သူ့ရင်ထဲမှာ အမည်မဖော်တတ်သော အရာကိုခံစားလိုက်ရ၏။

"သူနဲ့တို့နဲ့က ပြတ်သွားတာကြာလှပြီ သူနဲ့ပတ်သတ်ပြီး နောက်ဘယ်ယောကျ်ားမှမချစ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ မင်းကြောင့်"

ပြောပြီး မကသူ့ရင်ထဲမှာ ခေါင်းလေးမှီလာ၏။

"ဟာ မ ပုရွက်ဆိတ်"

"အလန့်တကြား အနန္တရယ် ဘယ်မှာလဲ"

"ဒီမှာလေ ကျွန်တော် သတ်ပစ်လိုက်ပြီ"

"ဟယ် သူများအသက်ကို အလကားသက်သက် လေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှတ်ထုတ်လိုက်ပေါ့ ဘယ်နေရာမှာ ရောက်နေတာလဲ"

"မ ၂ခုံးစွန်းလေးမှာလေ"

"တကယ်ပဲ မှတ်ထုတ်လိုက်ရတာပဲကို"

"ဩော် ရမလား ဒီကောင် ဒီထက်တောင်ပိုသေပေး ဦးမှာ"

"ဟင် ဘာလို့"

"ဒီမှာလေ ကျွန်တော်တောင် မထိရက် မကိုင်ရက် မနမ်းရက်နေရာလေးကို သေချာတယ် အဲဒီကောင်အထိးပဲ"

"အဟင်း အနန္တဟာလေ ပေါက်ပေါက်ရှာရှာ ပုရွက်ဆိတ်တောင် မကြည်ဖြူဘူး"

"အမလေး မကြည်ဖြူနိုင်ပါဘူးဗျာ၊ ဒီကောင် အချိန်မီသာမတားလိုက်ရင် ဒီထက်ပိုကဲဦးမှာ"

"တော်ပါတော့"

"ဒါနဲ့မ နောက် ပုရွက်ဆိတ်တွေမတက်ခင် ကျွန်တော်အရင်ဦးအောင်နမ်းလိုက်မယ်"

အနန္တက ပြောပြောဆိုဆိုနှင့် သူ့မ ပခုံးစွန်းလေးကို ရွှတ်ခနဲနမ်း၏။ သစ္စာသူ့ကို အပြစ်မဆိုမိ။

"လူလည်"

"မလည်ရင် ကျွန်တော်ခံသွားရမှာ"

"မင်းဘက်ချည်းပဲ ဆွဲပြောမနေနဲ့ . တို့လည်း ခံချင်ခံရမှာပဲ"

"ဘာအတွက်နဲ့လဲ"

"ဖြူကြည်ဆိုတဲ့ကောင်မလေးပေါ့"

"သူက ဘာဖြစ်နေလို့လဲ"

"မင်းကိုချစ်နေတာ အသိသာကြီး"





"ဖွီး မျက်လုံးနဲ့တောင် ယောင်လို့ဝေ့မကြည့်ချင်ဘူး"

"လျှောက်ပြောမနေပါနဲ့ ဟိုက တို့ထက်ငါည်းငယ်တယ်၊ လည်းလှတယ်၊ မင်းစိတ်ကပြောလို့ရတာမဟုတ်ဘူး၊ အခုဟင်နေမယ့် နောက်အင်းချင်မှအင်းမှာ"

"ဟာ လုံးဝပဲ ဒီကောင်က မကလွဲပြီး မတိုးဘူး"

အနန္တက သူ့ရင်ဘတ်သူပုတ်ပြကာပြောတော့ မကသဘောကျ ရယ်သည်။ အနန္တ မကိုရင်ခွင်ထဲဆွဲသွင်းပြီး နဖူးလေးကို ငုံ့နမ်းဖို့ပြင်

"အမလေး ရှက်လိုက်တာဗျာ"

သူကြည့်လိုက်တော့ နန္ဒနဲ့မိုးကျော်က မျက်နှာကို လက်နှင့်အုပ် ရှက်ရှက်နေသည့်ပုံလုပ်ပြနေသည်။

"ဟေ့ကောင်တွေ အရှိန်ကောင်းတုန်းကွာ"

"အို အနန္တ ဘာတွေလျှောက်ပြောနေတာလဲ"

သစ္စာ အနန္တ ရင်ဘတ်ထဲမှရုန်းထွက်ကာ မျက်နှာကိုဖွက်လျက် မ်ထဲကို ပြေးဝင်ခဲ့သည်။ အနန္တကတော့ မ ဝင်သွားသည့်အထိ ကြည့် နေပြီးမှ

"နန္ဒနဲ့မိုးကျော် မင်းတို့သေပြီ"

သူပြော၍ လက်သီးတပြင်ပြင်နှင့် ပြေးလာတော့ နန္ဒနှင့်မိုးကျော် ယားဖားယား ထွက်ပြေး၏။

ဒီလိုလေးပဲ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေရပါစေတော့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

" မေမေ့ကို သမီးတစ်ခုပြောစရာရှိတယ် "

သမီးစကားကြောင့် ဆိုဖာပေါ်တွင် ပုတီးစိပ်နေသော ဒေါ်မေကြည် ခေါင်းထောင်လာသည်။

သမီးကိုလှမ်းကြည့်တော့ လှေကားရင်းတွင် ဆီးထုပ်စားကာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

ဒေါ်မေကြည် ပုတီးဆက်စိပ်နေလိုက်သည်။

"မေမေ သမီးပြောတာ ကြားရဲ့လား"

"ခဏနေဦး မေမေ ပုတီးစိပ်နေတယ်"

ဖြူကြည် စိတ်မရှည်တော့ဘဲ လှေကားပေါ်မှာပဲ ဆီးထုပ်ကို ချကာ ဒေါ်မေကြည် ပုတီးစိပ်နေသည့်ရှေ့မှာ ထိုင်၍အော်လိုက်သည်။

"မေမေရေ"





"ဟဲ့"

"မေမေ သမီးရောဂါ ရင့်နေပြီ"

"ဖြူကြည် အမေ စိပ်ပုတီးစိပ်နေတာကို နားမလည်ဘူးလား"

"သမီးတောင်းပန်တယ် ပြီးမှဆက်စိပ်ပါ မေမေရာ"

"ညည်း ဘယ်လိုဖြစ်နေလဲ"

"သမီး အနန္တကို အရမ်းစွဲလန်းနေပြီ ရူးသွပ်နေပြီဆိုပါတော့ မေမေရာ"

သူမ အသံပြကြီးနှင့် ထအော်တော့ မေမေ ပါးစပ်ကိုအတင်း လိုက်ပိတ်သည်။

"ဟဲ့ ဘယ်လိုဖြစ်နေလဲ ဟိုမှာ နင့်အဖေကြားသွားရင် သေလိမ့်မယ်"

"မေမေ ဖေဖေ့ကို ဘာမှပြောမထားဘူးလား"

"မပြောရသေးဘူး သမီးအဖေက သမီးကိုငယ်သေးတယ်တဲ့ သူတောင် ချစ်လို့မဝသေးဘူးတဲ့ အခုမေမေက သမီးနဲ့ဟိုဆရာဝန်လေးနဲ့ အဆင်ပြေသွားမှ နဒီတို့ကအတင်း သမီးတောင်းနေပြီဆိုဖြီး လုံးရမှာ"

"မေမေ သမီးချစ်နေတဲ့သူက သူမဟုတ်ဘူး"

"အဲဒါတွေ မေမေ စိတ်မဝင်စားဘူး၊ နဒီနဲ့ကတော့ ကျွံခဲ့ပြီ"

"မသိဘူး မေမေရာ သမီးက အနန္တကိုပဲယူမှာ"

"ဒီသားအမိနှစ်ယောက် ဘာတွေ အငြင်းပွားနေကြတာလဲ"

ဦးခင်ဇော်အသံကိုကြားတော့ ဖြူကြည်ရော ဒေါ်မေကြည်ပါ အသံတိတ်သွားသည်။

"ဟော ဖေဖေ လာဒီမှာလာထိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူကြည်ကတော့ ဟန်မပျက် ဖေဖေ့ကို ထိုင်ခုံနေရာပေးလိုက်၏။

"အခုနက ဘာတွေပြောနေကြတာလဲ"

"ဘာမှမဟုတ်ပါဘူး ဖေကြီးရယ် ဒီလိုပဲရောက်မိရောက်ရာပါ"

ဖြူကြည်ကတော့ အကွက်ရပြီ။

"ဖေဖေ သမီး သမီးမချစ်တဲ့သူနဲ့ လက်မထပ်ချင်ဘူး ဖေဖေ"

"ဘာကိုလဲ သမီးရဲ့"

"ဟို မေမေက သမီးမချစ်တဲ့သူကို အတင်းလက်ထပ်ခိုင်းနေတယ်"

"ဟင်"

"မဟုတ်ပါဘူး ဖေကြီးရယ် နဒီတို့က တောင်းနေလို့ပါ"

"နဒီတို့က မေရယ် မဟုတ်တာတွေ လျှောက်မလုပ်ပါနဲ့ကွာ သမီးက ငယ်ငယ်လေးပဲရှိသေးတာ"

"ဖေကြီး သမီးက သက်သက်မဲ့လျှောက်ပြောနေတာ သူ့လိုချင်တာနဲ့ . တကယ်တမ်း သူလိုချင်တာတစ်ယောက်ဖြစ်နေလို့လေ"

"ဟေ ဟုတ်လား သမီး"

"အဟီး ဟုတ်တယ်"

"ဘယ်သူလဲ"

"အနန္တ"

"ထားပါဦး အဲဒါတွေ ဖေဖေလည်း ကိုမင်းထင်ရဲ့ကင်းလှမ်းတာကို ခံရတယ်"

"ဘာကိုလဲ ဖေကြီး"

"ဒီလိုမေရဲ့ မမြလွန်းမဆုံးတာ တစ်လတောင်ကျော်ပြီလေ"





"အမလေး တော်ပါတော့ သူ့ကိုတော့ အော့ကြောလန်မိန်းမဆုံးတာ တစ်လပဲရှိသေးတယ် နောက်တစ်ယောက်ကဘေးမှာ စိတ်ပျက်စရာကြီး"

"ကိုမင်းထင်လည်း အခုနောင်တရနေပြီလေ သူ့သားပြန်လာတော့ သူ့ကိုခါးခါးသီးသီးဖြစ်သွားလို့တဲ့"

"အေးလေ ဖြစ်တော့မှာပေါ့ မေဘယ်က တကယ်တမ်းတွက်ကြည့်ရင် (၂၇)တောင်ပြည့်သေးတာမဟုတ်ဘူး။ ကိုမင်းထင်က (၅၀)တောင်ကျော်ပြီ၊ သူ့သမီးအရွယ်ကိုယူဖို့လုပ်တာဆိုတော့ ကောင်လေးလည်းရှက်မှာပေါ့"

"အခုလည်း မေဘယ်က မကျေနပ်ဘူးလေ"

"ဟင် ဘာကိုလဲ"

"ကိုမင်းထင်က သူ့စိန်တိုက်တွေအားလုံးကို သူ့သေရင်သားနာ ညီနဲ့ပဲလွှဲမလို့တဲ့ မေဘယ်က ထုံးစံအတိုင်း တစ်ဆိုင်လောက်တော့ ပေးသင့်တယ်ဆိုပြီး မကျေမနပ်ဖြစ်နေတာပေါ့"

"ဟယ် မရှက်တတ်လိုက်တာ"

"ထားပါတော့ ကိုမင်းထင်က သူ့သားကိုတို့သမီးနဲ့ သဘောတူလို့"

*"ဟာ ဒုက္ခပဲ ဒီမှာက နဒီနဲ့အဆင်ပြေ"*

"မပြေပါဘူး၊ ဖေဖေ အခုဖေဖေ့သူငယ်ချင်းသားကိုလည်း သမီး မယူနိုင်ဘူး၊ သမီးပြောပြီးပြီ သမီးမှာချစ်တဲ့သူရှိတယ်"

"အဲဒါကတော့ သမီးသဘောပါ၊ သမီးပေါင်းမယ့်သူကို သမီးပဲ ရွေးချယ်သင့်တာပေါ့၊ ဒါပေမဲ့ ဖေဖေတို့အကဲခတ်ဖို့တော့ ခေါ်လာခဲ့ ဖေဖေတို့ သဘောမကျရင်တော့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာရမယ်တဲ့။ ဖြူကြည်ဘယ်လိုလုပ်ရမှာလဲ အနန္တရ

ဟိုက ကိုယ့်ဘက်က ဒီလောက်ခဝါချနေတာတောင်မှ ယော လို့မှစေ့စေ့မကြည့်တဲ့သူ။ အနားမှာကပ်နေတာတောင်မှ ကိုယ့်ကိုရှိတ လို့တောင်မထင်။ ဒါကိုမှ ကိုယ်ကလည်းစွဲနေမိသည်။

ဒေါ်မေကြည် သမီးဖြစ်သူ မျက်နှာလေးညှိုးသွားတာကိုကြ ရင်း စိတ်မကောင်းဖြစ်သွား၏။

သမီး အခုအချိန်ထိပြောနေခဲ့တဲ့အထဲမှာ အနန္တက သမီး ချိုချိုသာသာပြောဆိုဆက်ဆံသည် တစ်ခုမှမပါ။

တစ်သက်နဲ့တစ်ကိုယ် မာနနဲ့နေလာခဲ့သမျှ ဒီလူရှေ့မှာကျတော့ သမီးလေးက ကြောင်ကလေးတစ်ကောင်ဖြစ်နေသည်။

ဦးခင်ဇော်ထထွက်သွားတော့ သမီးလေးကို ဒေါ်မေကြည် သူ့နားမှ ပေါင်ပေါ်မှာထိုင်စေလိုက်သည်။

"သမီး"

"ရှင်"

"စိတ်ညစ်နေတာလား"

သမီးလေးခေါင်းညိတ်ရှာသည်။

"သမီး သူ့ကို တကယ်ချစ်နေတာလား"

"မေးရက်တယ် မေမေရယ်"

"ဪ"

ဒေါ်မေကြည် ဪ တစ်လုံးတည်းသာပြောနိုင်သည်။

"မေမေ သမီး ဟိုဆရာဝန်ကို တကယ် စိတ်မပါတာ ပြီးတော့ သူ့ဘက်ကလည်း ကောက်ရလို့ ယူထားလိုက်သလိုမျိုးကြီး"

"ဘာကိုလဲ သမီး"





"ဟိုတစ်နေ့က ဖြူကြည်နဲ့သူ စကော့ဈေးသွားတယ်လေ ဖြူ ကြည် အနန္တနဲ့တွေ့ခဲ့သလို့. . သူလည်း သူ့အရင်အပေါင်းနဲ့တွေ့ခဲ့တယ်"

"သူ့မှာ ရည်းစားရှိတယ်လား"

"အရင်ကပါတဲ့ ဒါပေမဲ့ သူ အသုံးမကျလို့ ကွဲရတာတဲ့ ပေးတော့မှ သူ အခုထိ အဲဒီကောင်မလေးကို ချစ်နေတုန်းပဲဆိုတာသိရ တာတဲ့၊ ဒါပေမဲ့ သူရောသမီးပါ ကံဆိုးပါတယ်၊ မေမေရယ် အနန္တက သူ့ရည်းစားဟောင်းနဲ့ချစ်နေကြလားမသိဘူး၊ အနန္တပြောတာ ကတော့ သူ့ကို မကပိုင်တာတဲ့လေ"

"သူတို့က ရည်းစားတွေပေါ့"

"ဟုတ်လိမ့်မယ် သမီး ကျိုက်ထီးရိုးသွားတုန်းကလည်းတွေ့ တယ် အဲဒီတုန်းကတော့ အနန္တကပဲ အတင်းလိုက်ချစ်နေတာ ဟိုမမက ဘာသိဖာသာ အခုကျတော့ အဲဒီမိန်းမကပါ ပါချင်နေပြီ"

ပြောရင်း ဖြူကြည် မျက်ရည်တွေဝေ့တက်လာ၏။

"ဟဲ့ သမီးရယ် ဘာဖြစ်လို့တုန်း"

ဖြူကြည် မျက်ရည်တွေကို လက်ခုံနှင့်ပွတ်လိုက်ရင်း ခေါင်း ခါသည်။

"မေမေ အနန္တကို တွေ့ဖူးချင်တယ်"

ဖြူကြည့်မျက်နှာလေး ချက်ချင်းမော့လာ၏။

"ဟင်"

"မေမေပြောတော့ သဘောမတူဘူးဆို"

"အခုထိလည်း မတူသေးဘူး၊ ကြည့်ဦးမှာ ရည်းစားရှိတာ ပဲ အိမ်ထောင်ရှိတာမှမဟုတ်တာ သမီးအတွက် အချိန်ရှိပါသေးတယ်"

"အန်တီနဲ့ဒီကိုရော"



www.burmeseclassic.com

www.burmeseclassic.com



"သမီးပြောသလိုသာဆိုရင် သူ့သားကသူ့ကို တားလိမ့်မယ် ဟိုကလည်း ရည်းစားဟောင်းကို ပြန်တွေ့သွားပြီလေ မပုနဲ့ မေမေတို့ကိုတောင် နဒီက တောင်းပန်လာဦးမှာ"

မေမေ့မှန်းချက်မှန်သည်ဟု ဆိုရမည်။ တကယ်ပင် အန်တီနွဲ့ဘက်က တောင်းပန်လာ၏။

သို့သော် စေ့စပ်ပွဲကို ဖျက်ပစ်လိုက်တာမျိုးတော့မဟုတ်။ ခဏဆိုင်းထားသည့်ပုံမျိုး။ ဘာပဲဖြစ်ဖြစ် သူမအတွက်တော့ ထွက်ပေါက်ရခဲ့သည်သာ။

မေမေကလည်း သူမ အလိုကိုလိုက်ကာ အနန္တကိုလိုက်ချောင်းပေးသည်။ မေမေ အနန္တကိုမြင်တော့ လက်ဖျားခါသွား၏။ ပြီးတော့ "ဒါကြောင့်ကိုး"ဟုပြောကာ သူမ ခေါင်းကိုပုတ်သည်။

ဒေါ်မေကြည်လည်း တစ်ခါမှမလုပ်ဖူးသည့်အလုပ်တွေ လုပ်နေရသည်။ အနန္တဆိုသည့်ကောင်လေးကို ကွယ်ရာမှနေ၍ အကဲခတ်ရသာရှုနှင့် ရင်တော့မောစရာကောင်း၏။

သမီးပြောသည့်အတိုင်း ကောင်လေးကသူ့ဆရာမနှင့်ငြိနေသည် ဒါပေမဲ့ ကိစ္စမရှိ။ အလှအပကိုမြင်ရင် ဘယ်ယောကျ်ားကများသိက္ခာတွေ၊ သမာဓိတွေ ရှိနိုင်ဦးမည်လဲ။

ဒေါ်မေကြည်ခေါင်းထဲကို အကြံတွေတစ်ခုပြီးတစ်ခု ဝင်လာသည်။

အားလုံးဟာ သမီးလေးအတွက်ပဲဖြစ်၏။

ဒီသမီးလေး စိတ်ချမ်းသာနေဖို့က အဓိက။

❀❀❀

(စိုးမိုးစာပေ)

## အခန်း (၃၂)

"ဟော့ ယူ"

ခေါ်သံကြောင့်လှည့်ကြည့်လိုက်တော့ ပန်းရောင်လည်ဟိုက်ကြိုးတစ်ချောင်းအင်္ကျီလေးကို ခါးတစ်ဝက်ထိသာရှိသော အနက်ရောင်လက်ဖြတ်အနွေးထည်လေးနှင့် တွဲဝတ်ထားပြီး ရှော့ပင်ဖြူလေးကို ဆင်မြန်းထားသည့် မှုန်အိနေအောင်လှသော ကောင်မလေးတစ်ယောက်။

အခြားသူမဟုတ်ပါ။ သူ့နောက်ကို တကောက်ကောက်လိုက်၊ အတင်းခင်မင်ခွင့်တွေတောင်းနေခဲ့သော ကောင်မလေး ဖြူကြည်။

သူ တစ်ချက်သာလှည့်ကြည့်ပြီး ပြန်လှည့်ဖို့ပြင်တော့ ဖြူကြည်က သူ့ရှေ့သို့ပြေးလာကာ အတင်းပိတ်ရပ်သည်။

"ဟာ ဟော့"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



သူကရှေ့ကိုဆက်လျှောက်နေတာမို့ ရှေ့ကိုရုတ်တရက်ပြေးဝင်လာသည့် သူမကို ရှောင်လိုက်ချိန်မရဘဲ ပစ်တိုက်မိသွား၏။ အရှိန်ကပြင်းတာကြောင့် ဖြူကြည်နောက်ကို လန်ကျသည်။ အနန္တဆက်ကြည့်နေလျှင် သူမ ပုံပျက်ပန်းပျက်လဲကျသွားမည်ကိုသိတာမို့ ဖြူကြည့်လက်ကို မဆွဲချင်ဘဲ လှမ်းဆွဲရသည်။

ဘာကယ်လား။ ဘမင်သက်သက်လုပ်တာလားမသိ။ ဖြူကြည်က သူ့ရင်ဘတ်ထဲ အင့်ခနဲရောက်လာ၏။

မထင်မှတ်ဘဲ သူ့ရင်ခွင်ထဲရောက်နေရသည့်အဖြစ်ကို ဖြူကြည် အံ့လည်းဩ၊ ဝမ်းလည်းသာမိသည်။ တစ်ဆက်တည်း သူ့ခါးကိုပါ ခပ်တင်း တင်းဖက်ထားလိုက်၏။ စွဲမက်စရာကောင်းသော ကိုယ်သင်းနံ့က ချက် ချင်းနှာခေါင်းထဲသို့ တိုးဝင်လာသည်။

အနန္တက သူ့ခါးကိုဖက်ထားသော ဖြူကြည့်လက်ကို ခပ်ဆတ်ဆတ်ပုတ်ချလိုက်တော့ ပတ်ဝန်းကျင်ကလူတွေက ပြုံးစိစိနှင့် ကြည့်သွားကြ၏။

စဉ်းစားကြည့်ဦးလေ။ လူတွေဒီလောက်ရှိနေသည့် လပြည့်ဝန်း ပလာဇာထဲမှာ ဆွဲလိုက်၊ ရမ်းလိုက်၊ ဖက်လိုက်နှင့်။ ပြီးတော့ ဒီလိုဖြစ်နေကြတာ ရုပ်ဆိုးဆိုးကြီးတွေမဟုတ်ဘဲ ခေတ်ဆန်သော ခပ်ချောချော ကောင်လေးနဲ့ကောင်မလေး။

ပတ်ဝန်းကျင်က သူတို့ကို ဘယ်လိုမြင်မလဲ။

"မင်း တော်တော်မလွယ်တဲ့မိန်းမပဲ"

"ယူ့ကလည်း ဘာဖြစ်တာလဲ"

"ဘာဖြစ်တာလဲ ဟုတ်လား ငါကစေတနာနဲ့တွဲပေးတာကို မင်းကဘာလို့လာဖက်လဲ"

(စိုးမိုးစာပေ)



"အိုး ဖြူကြည်က ဖက်ချင်လို့ဖက်တာမဟုတ်ဘူး၊ ပြုတ်ကျသွားမှာစိုးလို့"

"တော်တော့"

သူပြော၍ စက်လှေကားပေါ်တက်လိုက်တော့ ဖြူကြည်ကပါ လိုက်တက်သည်။

"ယူ ဖြူကြည့်ကို ကြည့်မရရင်တောင်မှ ခင်ခွင့်တော့ ပေးပါ ဖြူကြည် ယူ့ကို ခင်ချင်လို့ပါ"

"မင်းကို အခုကတည်းက ရှင်းအောင်ပြောမယ် တို့ မင်းကို သုံးဝမခင်ဘူး"

အနန္တပြော၍ စက်လှေကားပေါ်က ဆင်းလိုက်၏။ ဖြူကြည်က တော့ သူ့အထုပ်တွေမလျက် ဓါတ်လှေကားပေါ်မှာ ငူငူကြီးရပ်နေသည်။

စက်လှေကားက အောက်ဆုံးအဆင့်ထိရောက်နေတာတောင်မှ ဖြူကြည်က မဆင်းမိဘဲရပ်နေတော့ ဓါတ်လှေကားအဆုံးမှ အချွန်တွေနှင့် ခြေထောက်ညှိတ်ကာ ဘိုင်းခနဲလဲကျ၏။

"ဘုန်း"

အနန္တ သိလိုက်သည်။ ဟိုကောင်မလေး လဲကျပြန်ပြီ။

ဒီအတိုင်းထားခဲ့ပြီး ထွက်လာဖို့ကျတော့လည်း တာဝန်မဲ့ရာကျလွန်းသည်။ ပြီးတော့အနီးမှာ သူမနှင့်သိသည့်သူ ဘယ်သူမှရှိတာမဟုတ်။

အနန္တ ဘာမှမစဉ်းစားတော့ဘဲ ဖြူကြည့်ဆီပြန်ထွက်ခဲ့၏။

သူမ အနားမှာ လူတစ်ယောက်စနှစ်ယောက်စလောက်တော့ ရှိသည်။ ဒါပေမဲ့ မိန်းကလေးတွေတော့မဟုတ်။ ဒီလိုအခိုက်မျိုးကို စောင့်နေသည့် လမ်းသူရဲလိုလို ဘာလိုလိုကောင်တွေ။

"ညီမလေး ထ ထ ဘယ်နာသွားလဲ"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



စကားပြော၍ လက်ကပါ သူမခါးကို လာဖက်သည်။ မသိလျှင်တော့ ကူညီနေသလိုလို။

"အိုး ကျွန်မကို မထိပါနဲ့"

"မင်းလေးကလည်းကွာ ကိုယ်တို့က ကူညီတာပါ"

"မထိနဲ့ဆို မထိနဲ့နော်"

ပတ်ဝန်းကျင်ကလည်း ဘယ်သူမှ ဘာမှဝင်မပြောပေးကြ။

"ဖြူကြည် ဘာဖြစ်သွားသေးလဲ"

အနန္တရောက်လာတော့ ထိုနှစ်ယောက်ရှဲသွား၏။

အနန္တ သူမနားကိုသွားကာ ဆွဲထူပေးလိုက်သည်။

"ယူ ကျေးဇူးတင်ပါတယ်"

"အဲဒါဆိုရင် ဖဲ့နောက်ကို တို့နောက်မလိုက်ပါနဲ့"

"ယူကလည်း ဖြူကြည့်ဆိုရင် ဘာလို့ အဲဒီလောက်ထိခါးနေတာလဲ ဟင်"

"မင်း မဟုတ်တာတွေလျှောက်တွေးပြီး မျှော်လင့်ချက်ထားနေမှာစိုးလို့"

"ထားတော့ဘာဖြစ်လဲ"

"တို့မှာ ချစ်သူရှိတယ်"

"ဟို ဆရာမလား"

"ဟုတ်တယ် ကဲ ရော့ ဒီမှာမင်းပစ္စည်းတွေ ပြန်တော့"

"ယူ ဖြူကြည့်ကို သူငယ်ချင်းအဖြစ်နဲ့ ခင်ပေးလို့မရဘူးလား"

"တော်တော့ကွာ ဟိုပြန်ပြီ"

အနန္တအဆောင်ကိုပြန်ရောက်တော့ မကာသူ့အခန်းကို လာသည်။

(စိုးမိုးစာပေ)



"အနန္တ အနန္တ"

"လာပြီ"

"ဘာကိစ္စရှိလို့လဲ မ"

"ဟိုမှာ မင်းညှော်သည်တွေရောက်နေတယ်"

မ မျက်နှာက ခါတိုင်းလိုရွှန်းညှံ့မနေ။

"မ ဘာဖြစ်လို့လဲဟင်"

"မင်း အရှုပ်ထုပ်ကို မင်းဘာသာလာရှင်း"

ပြော၍ မထွက်သွားတော့ သူနောက်က ကပျာကယာ ပြေးလိုက်ရသည်။

"မ ဘာတွေလဲ"

"စကားမများနဲ့ အနန္တ ညှော်ခန်းထဲကိုသာ လိုက်ခဲ့ မင်းသိလိမ့်မယ်"

မ ကသူ့ကိုတစ်ချက်မှ မကြည့်တော့ဘဲ အိမ်ထဲသို့ဝင်သွား၏။

သူ ညှော်ခန်းထဲကိုရောက်တော့ သဘောပေါက်သွားသည်။

"ယူ လာထိုင်လေ"

"ဘာလာလုပ်တာလဲ ဖြူကြည်"

"ယူကလည်း လာကျေးဇူးတင်တာလေ ကဲပါ အရင်ထိုင်ပါ"

"မထိုင်ဘူး၊ ဖြူကြည် ဘာကိုလာကျေးဇူးတင်နေတာလဲ ပြောစမ်းပါ"

"ဩော် သားက သမီးချော်လဲတာကို တယုတယပြုစုပေးလို့ အန်တီက လာကျေးဇူးတင်တာပါ"

တယုတယတဲ့၊ ဒီတိုင်းပဲ လူမှုရေးစိတ်ဓာတ်နဲ့ ထူပေးလိုက်တာကို တယုတယ ပြုစုပေးတာလို့ခေါ်သလား။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



မကသည့်ခန်းထဲမှာတောင်မရှိတော့။ သူ အခန်းထဲမှာသူ ဝင်အိပ်နေပြီထင်သည်။

မ ဘယ်လောက်တောင်စိတ်ဆိုးနေပြီလဲ။

ရှိင်းသည်ထင်လျှင်လည်း ထင်ပါစေတော့။ သစ္စာမကြားချင် တော့၍ အပေါ်ထပ်ကိုသာတက်ခဲ့သည်။

တစ်ချိန်လုံးစိတ်ပူမနေခဲ့သမျှ အခုဖြစ်နေခဲ့ပြီလား။

"အန်တီ့ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ကျွန်တော် သူ့ကို တယုတယ ဘာမှလုပ်မပေးခဲ့ဘူး။ ရိုးရိုးထူပေးရုံပဲ ထူပေးခဲ့တာ"

"ယူကလည်း၊ ရှက်နေပြန်ပါပြီ ယူတောင် ဖြူကြည့်ဒူးခေါင်း ကသွေးတွေကို သုတ်ပေးခဲ့တယ်လေ"

သစ္စာ အခန်းထဲမဝင်သေးဘဲ လှေကားရင်းမှာထိုင်နေတာမို့ ပြောသမျှ အကုန်ကြားနေရ၏။

"ဒါတွေကို သမီးပြောပြလို့ အန်တီသိတာပါ ပြီးတော့ သမီးက သားကို မေတ္တာရှိနေတာကြာပါပြီတဲ့ သားကတော့ ဘာမှမတုံ့ပြန်သေးဘူး တဲ့ ပြောရမှာလည်း ရှက်ပါတယ်သားရယ် အန်တီက သမီးသဘော ပဲဆိုတော့ ဖြစ်နိုင်ရင် သားတို့စေ့စပ်လိုက်ကြပါလား"

ဘလိုင်းကြီးမှ တကယ့်ဘလိုင်းကြီးပါလား။ အမေကလည်း သမီးက ဘာပြောပြောယုံနေသည်ထင်သည်။ ဖြူကြည် ချီးစားကြည့်ပြီး ကောင်းတယ်ဟုပြောလျှင်တောင် လိုက်စားကြည့်မယ့် အမေမျိုး။

အနန္တ မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိသည်။

သစ္စာကြားရတာ ကိုယ့်နားပင်ကိုယ်မယုံချင်။ အမေကိုယ်တိုင် အိမ်အထိလာပြီး စေ့စပ်နေ၏။ အနန္တတို့ နေထိုင်မတတ်တာဟုသာ အပြစ်တင်နေမိသည်။ သစ္စာ့ဘာကိုမှ ဆက်နားထောင်ဖို့ အားအင်မရှိ





တော့ဘဲ ကိုယ့်အခန်းထဲကိုကိုယ်ဝင်ကာ တံခါးကိုပိတ်ထားလိုက်သည်။ ဘာမှထပ်မကြားချင်၍ပါ။

အနန္တလည်း အခုမှနောင်တရသည်။

သူကိုယ်တိုင်က အဖက်လုပ်ပြီး ထူပေးမိတာကိုကမှားတာ။ ဒီကောင်မလေး ဒီလောက်ထိ လုပ်ရဲလိမ့်မည်ဟု မထင်တာအမှန်။

"ဖြူကြည် မင်းကိုငါထကယ်ချီးကျူးတယ် အန်တီလည်း ကိုယ့်သမီးပြောတာကို ချင့်ယုံပါ၊ ကျွန်တော့်မှာ ရည်းစားရှိပြီးသား အန်တီ့သမီးကို ကျွန်တော်ထူပေးလိုက်မိတာ၊ ကျွန်တော်တကယ်နောင်တ ရတယ်၊ စေ့စပ်ဖို့မပြောနဲ့၊ ကျွန်တော့်ကို တစက္ကန့်လောက်ထိုင် ကြည့်ခွင့်ပေးပါဆိုရင်တောင် ကျွန်တော် ကိုယ့်ကိုကိုယ်သတ်သေမိမှာ အဲဒီလောက်ထိကို အန်တီ့သမီးကို ကျွန်တော်မုန်းတာယုံ"

သမီးသာဘေးမှာမရှိရင် ဒေါ်မေကြည် ထိုကောင်လေးကို တစ်ခု ခုလုပ်ပြီးပြီ။ မာနကမိုးပေါ်မှာ။ ပြောသည့်စကားတွေကလည်း သမီးနဲ့ သဘောတူချင်စရာ တစ်စက်မှမရှိ။

သူမ အောက်ထပ်မှာဈေးဝယ်နေတုန်း သမီးက သူမဆီပြေး ဆင်းလာပြီး ချက်ချင်းဒီကိုလာမည်ပြောတော့ သူမ နားမလည်။ ကားပေါ် ရောက်မှ သမီးက ဒီလိုဒီလိုလုပ်ပေးပါဟုပြောလာတော့ သူမငြင်းသေး သည်။ ဒါပေမယ့် ငိုမတတ်ဖြစ်နေသော သမီးကြောင့် အရှက်ကို ခဏထား ကာ ဒီလိုလုပ်ခဲ့ရ၏။

ဒီလိုတုံ့ပြန်မှုမျိုးကို သူမ မမျှော်လင့်မိတာ တကယ့်အမှန်။ အလွန်ဆုံး ဆောရီးလောက်ပေါ့။

ဒေါ်မေကြည် ပိတ်ပြောဖို့ပြင်နေတာကို သမီးရိပ်မိသည်ထင် သည်။ သူမလက်ကို ဖျစ်ဆုပ်ကာ တား၏။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦးသားရယ် ကဲ အန်တီတို့သွားဦးမယ်"

သူ့ရဲ့ နောက်ဆုံးဟန်ဆောင်စကားတစ်ချက်ဆိုပြီး သမီးလက်ကို ဆွဲကာထွက်ခဲ့သည်။

"ယူ့ကို ဖြူကြည်ချစ်တယ်"

ဒေါ်မေကြည် ဒီလောက်ဆွဲနေတာတောင်မှ ဒီစကားကို ဖြူကြည်က ပြောဖြစ်အောင်ပြောလိုက်သေးသည်။

ကားပေါ်ရောက်တော့ ဖြူကြည်ငိုတော့၏။

"ညည်း ဘာလို့ငိုနေရတာလဲ ပြောစမ်း ဒီလောက်မာကြောနေတဲ့ကောင်ကို ဘာမက်နေလဲ"

"မသိဘူး ဖြူကြည်မသိဘူး။ သူ့ကိုပဲချစ်တယ်"

"မရဘူး။ ငါအစက သဘောတူခဲ့ပေမယ့် အခုမရတော့ဘူး ညည်း နဒီသားနဲ့ပဲ လက်ထပ်ရမယ်"

"မေမေ မေမေ အဲဒီလိုအတင်းစီစဉ်ရင် သမီးဘာလုပ်မလဲ ဆိုတာစောင့်ကြည့်လိုက်"

"ညည်း ငါ့ကို ခြိမ်းခြောက်နေတာလား"

"သမီး အနန္တကို အရမ်းချစ်သွားပြီ၊ ဘာနဲ့ပဲခွဲခွဲ မေမေ ခွဲလို့ရမှာမဟုတ်ဘူး။ သူမရှိရင် သမီးသေမှာ"

"သေလိုက်တော့ ဖြူကြည်ညည်းကြောင့် ငါစိတ်ဆင်းရဲတယ်"

"မေမေရယ် သမီးတောင်းပန်ပါတယ် ဖြူကြည့်ကို ဒီတစ်ခုတော့ အလိုလိုက်ပါနော်"

"ညည်းကြောင့် ဟိုအကောင်ပက်ပက်စက်စက်ပြောတာကို ငါခံခဲ့ရတယ် ညည်းအဲမေကိုတောင် မသနားတော့ဘူးလားဟင်"

"မေမေ ခွင့်ပြုပေးရင်ပဲ ရပါပြီ မေမေ့ကို အကျအညီမ





တောင်းတော့ပါဘူး သမီးဘာသာ သမီးပဲကြိုးစားပါ့မယ် အဲဒါတော့ ခွင့်ပြုပါမေမေရယ် မေမေခွင့်မပြုရင် သမီးကို မေမေဘယ်တော့မှ မြင်ရတော့မှာမဟုတ်ဘူး"

ဒါ တောင်းပန်နေတာလား။ ခြိမ်းခြောက်နေတာလား။ ကိုယ်က ချစ်မှန်းသိလို့ လာအနိုင်ယူနေတာလား။ သူမ တကယ်ခွင့်မပြုလိုက်လို့ သမီးထွက်သွားရင်။ အို မဖြစ်ဘူး၊ မဖြစ်ပါဘူး၊ သမီးလေးဟာ သူမအသက်ပဲ။

ဘာလို့ ဒီလောက်ထိ မိုက်ချင်ရတာလဲ ဖြူကြည်ရယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မ တံခါးဖွင့်ပါ တံခါးဖွင့်ပါဦး မရယ်"

"မလာနဲ့နော် အနန္တ မင်း လုံးဝမလာခဲ့နဲ့"

"မ ကျွန်တော်ရှင်းပြတာ နားထောင်ပါဦး"

"မပြောနဲ့ မကြားချင်ဘူး မင်းကိုငါ မုန်းတယ်"

"မ အဲဒီ့လို မပြောပါနဲ့ဗျာ ကျွန်တော်တောင်းပန်ပါတယ် ကျွန်တော် မကိုဘယ်လောက်ချစ်လဲဆိုတာ မသိမှာပါ မ ကျွန်တော့်ကိုချစ်တယ်ဆိုတာလည်း ကျွန်တော်သိတယ် သူတို့က အလကား သက်သက်လာနှောင့်ယှက်နေတာပါ မရယ် ကျွန်တော့်ကိုတောင် မယုံဘူးလားဟင်"

"မင်းသွားတော့ မင်း အသံကို ငါလုံးဝမကြားချင်ဘူး"





မ ငိုနေသည်။ မ တအားကိုငိုနေသည်။ ဒါကို သိလေ ဒေါသထွက်လေ။

သူနဲ့မ ချစ်တာ မကြာသေးပေမယ့် အချစ်ကခိုင်သည်။

"မ ကျွန်တော် ရှင်းပြတာကို အရင်နားထောင်ပေးပါ၊ ပြီးရင် မကြိုက်သလိုဆုံးဖြတ်ဗျာ ကျွန်တော် တောင်းဆိုနေတာပါ"

ငိုသံတိတ်သွားသည်။ ခြေသံရှပ်ရှပ်ကိုကြားပြီးသည့်နောက်မှာ တံခါးလေးပွင့်လာပြီး မို့အစ်နီရဲနေသော မ မျက်နှာဝင်းဝင်းလေးကို တွေ့လိုက်ရသည်။

အနန္တ ချက်ချင်း မ ကို ပွေ့ဖက်လိုစိတ်တွေ တဖွားဖွားပေါ်လာပြီး ဖက်ဖို့ပြင်တော့ မ ကနောက်ကိုဆုတ်ကာ. . .

"မထိနဲ့ အနန္တ ကျေးဇူးပြုပြီး မထိပါနဲ့"

သူမ ဒီစကားကိုပြောရင်း ချောက်ချားလာပြန်သည်။

ပထမအနန္တတုန်းကလည်း ဒီလိုပဲ သူမပြောခဲ့သည်။

ဒါဆို ဒါဟာ သူမတို့နှစ်ယောက်အတွက် အဆုံးသတ်လား။

"မ ရယ်"

"မင်း ပြောစရာရှိတာပြော အနန္တ ပြီးရင် ငါ့ရှေ့ကထွက်သွား"

"ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ဘူးလား မရယ်"

"ခွင့်လွှတ်တယ် ခွင့်လွှတ်တယ် အနန္တ အဲ့ဒါကြောင့်လည်း မင်းကိုထွက်သွားခိုင်းနေတာ မင်းကို ငါခွင့်မလွှတ်ရင် မင်းက ငါ့ရင်ထဲမှာ တစ်သက်လုံးနေရာယူသွားမှာ"

"မ အခုစေ့စပ်တဲ့ကိစ္စ ကျွန်တော်တကယ်မသိတာ"

လွန်ခဲ့တဲ့ငါးရက်က ဖြူကြည်တို့ကြောင့် သူနဲ့မ ရန်ဖြစ်ခဲ့ရပြီးပြီ။ ဒါပေမဲ့ သူသေချာရှင်းပြလိုက်တော့ မကနားလည်သွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ ဒယ်ဒီ့နာမည်ပါ ပါလာပြီး အဆောင်ကို စာတစ်စောင်ရောက်လာသည်။

စာထဲမှာ ဒယ်ဒီက သူ့ကိုပြန်လာဖို့ခေါ်သည်။ ဒယ်ဒီက အိမ်ထောင်ထပ်ပြုဖို့လက်လျှော့လိုက်သည့်ကိစ္စလည်း ပါ၏။

ဒါဟာ ဝမ်းသာစရာပါ။ ဒါပေမဲ့ စာအစမှာတော့ သူဝမ်းသာရပြီး နောက်ပိုင်းကျတော့ သူ့ဘဝကိုဒယ်ဒီက ကိုင်တွယ်လာ၏။

မြူကြည်ဟာ ဒယ်ဒီသူနဲ့သဘောတူသည့် တစ်ဦးတည်းသောမိန်းကလေးတဲ့။ မြူကြည်ကလည်း သူဟာ ဒယ်ဒီသားမှန်းသိသွားတော့ အလိုကြီးလိုချင်နေသည့်ဆန္ဒက ပြည့်မြောက်တော့မလိုဖြစ်နေပြီ။

စာထဲမှာ ဒယ်ဒီ သားကိုချစ်လို့ မေဘယ်နဲ့လမ်းခွဲလိုက်တာ။ သား ဒယ်ဒီကိုချစ်ရင် ဒယ်ဒီစီစဉ်တာကို လက်ခံပေးပါ . . တဲ့။

ပြီးတော့ ဒယ်ဒီက ပြောသေး၏။ ကိုယ်နဲ့အဆင့်အတန်းတူတဲ့သူကိုရွေးချယ်ပါတဲ့။ ဒါဆို မနဲ့သူချစ်နေမှန်း ဒယ်ဒီ သိတာပေါ့။

ဒါလည်း မြူကြည့်လက်ချက်ပဲဖြစ်လိမ့်မည်။ မြူကြည်ကချောတဲ့အထဲမှာပါသည့်အပြင် သွက်လည်းသွက်သည်။ ထို့ပြင် ဆရာဝန်မလောင်းဖြစ်နေတာကအစ မနှင့်ဘာမှမဆိုင်။

မ လည်းဆေးကျောင်းဝင်ခဲ့ရဲ့သားနဲ့ မတက်ခဲ့တာဆိုတာ သူတို့ သာသိသည်။ ဒါကို ပြောပြလျှင်လည်း ဘယ်သူကယုံမည်လဲ။ လက်ရှိ ဆရာဝန်မနဲ့ ယှဉ်လျှင်တော့ ဘယ်သူက မကိုပိုအထင်ကြီးမှာလဲ။

သူများတွေက အရေးမကြီး။ သို့သော် ထိုသူတွေထဲမှာ ဒယ်ဒီကပါနေတာခက်သည်။

"ကျွန်တော်မလိမ်ပါဘူး၊ မရယ်ကျွန်တော်တကယ် မသိတာပါ"

"ဒါဆိုရင် ဒီသတင်းစာထဲမှာပါတဲ့ စေ့စပ်ကြောင်းလမ်းပြီး





စီးခြင်းဆိုတာ အတုကြီးလား"

"ဟုတ်တယ် မ အဲဒါ အတုကြီး ဒယ်ဒီက ဘာမှမသိဘဲနဲ့ မြူကြည့်စကားကိုယုံပြီး ထင်ရာတွေလုပ်နေတာ"

"ဒါဆို မင်း သတင်းစာထဲကနေ ပြန်ဖြေရှင်းပါလား၊ ဒါက အတုကြီးပါဆိုတာကိုလေ"

"အဖေကို တရားစွဲရမယ့်အလုပ်ကို ကျွန်တော်လုပ်သင့်လား မ ပြောသလိုသာ ကျွန်တော်လုပ်လိုက်ရင် အားလုံး ရှုပ်ကုန်မှာ ပြီးတော့ စိန်တိုက်ပိုင်ရှင် ဦးမင်းထင်ဆိုတာ မသိတဲ့လူမရှိဘူး၊ မ အခု ဒီကြော်ငြာထည့်လိုက်တာနဲ့ ဝမ်းမြောက်ဂုဏ်ယူခြင်းဆိုတဲ့စာတွေက သတင်းစာထဲမှာပါတာ တစ်ပုံတစ်အောကြီး မရယ် ကျွန်တော်က ဒါဟာ အတုကြီးပါလို့ ပြောလိုက်ရင် လိမ်လည်မှုနဲ့ဒယ်ဒီခံရမှာ မြူကြည်တို့ခံရမှာ မဟုတ်ဘူး အောက်မှာ သက်ဆိုင်သူအနေနဲ့ထည့်ထားတဲ့နာမည်က ဒယ်ဒီ့နာမည်ကြီး ဒယ်ဒီက ဖြစ်စေချင်တဲ့စိတ်တစ်ခုပဲရှိတာပါ၊ မရယ် မြူတဲ့သူကမြူလို့ ဒီလိုတွေဖြစ်ကုန်တာ"

"မင်း အဖေဘက်က ပြောနေတာ သဘာဝကျပါတယ်၊ အဲဒီတော့ မင်းအဖေလည်း အရှက်မကွဲရအောင် မင်း တကယ်စေ့စပ်လိုက်ပါ"

"မ"

သူ မပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။ မက ရုန်းသော်လည်း သူ့အားကိုမရုန်းနိုင်။

"မ ကျွန်တော့်ကို တစ်ခုပဲပြော မ ကျွန်တော့်ကို ချစ်လား"

မ ဘာမှမဖြေဘဲနေနေတာမို့ သူမ ပခုံးကို ဆွဲယမ်းလိုက်၏။

"ဖြေလေ မ ကျွန်တော့်ကိုမုန်းတယ်လို့ တစ်ချက်ပဲပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက် အခုချက်ချင်း ဒယ်ဒီစီစဉ်တာကို ကျွန်တော်လက်ခံလိုက်မယ်"

သစ္စာ အံကိုခပ်တင်းတင်းကြိတ်လိုက်ပြီး

"မင်းကို ငါ မုန်းတယ် အနန္တ"

"ဟင်"

မ ကိုဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်ပြေကျသွားသည်။

မ စကားအဆုံးမှာ သူဟာ မနဲ့ အဝေးဆုံးကို ရောက်သွားပြီ။

"ကျွန်တော် ဧချုနပ်တယ် မ ကျွန်တော်သွားတော့မယ် ဒါပေမဲ့ တစ်ခု၊ တစ်ခုပဲ မှတ်ထားပေးပါ မ ရယ် မကို ကျွန်တော် သိပ်ချစ်တယ်"

အနန္တ လှေကားပေါ်ကပြေးဆင်းသွားပြီး ခြံထဲရောက်သွားသည်နှင့် သစ္စာလည်း နေရာမှာပင် ခွေကျသွား၏။

ချစ်နေပါလျက်နဲ့ မုန်းနေပါတယ်ဟု ပြောရလောက်အောင်ကို သစ္စ အားမွေးခဲ့ရသည်။

အဆိုးဆုံးက ဖြူကြည့်စကားတွေ။

အနန္တ စာမေးပွဲကိစ္စနှင့်ပတ်သတ်ပြီး ကျောင်းရောက်နေချိန်တွင် ဖြူကြည်အိမ်ရောက်လာသည်။

ညှိသည်တစ်ယောက်အနေနှင့် လက်ခံလိုက်ရသော်လည်း စိတ်ကမသန့်။

အနန္တပြောပြသည်ကို အားလုံးသိပြီးပြီကိုး။

ဖြူကြည်ကတော့ ရောက်တာနှင့် ဒဲ့ဒိုးပြော၏။

အနန္တကိုမက်လို့ ချစ်တာပါဟု သူမကိုစွပ်စွဲသည်။ ဒါမျိုးတွေက တကယ်ထန်းကျတော့ မဆန်းတော့ပေမယ့် စကားတွေက ဓားနှင့်ထိုးတာထက်နာသည်။





"အဟင်း စစချင်းကတော့ ရုပ်ကလေးချောလို့ ဘယ်ရယ်မှ မဟုတ်ဘဲ ကြိုက်လိုက်တာ နောက်မှ အနန္တနောက်က အမွေတွေကို ကြည့်ပြီး လက်မလွှတ်နိုင်အောင်ဖြစ်သွားတာမဟုတ်လား အင်းလေ တစ်ဘဝလုံး ရုန်းကန်ခဲ့ရတော့လည်း ရွှေဘုံပေါ်မှာစံရမယ့်ကိစ္စကို ဘယ်လက်လွှတ်ချင်ပါ့မလဲ၊ သဘာဝကျပါတယ်"

စစချင်း ပြုံးပြုံးလေးတုန့်ပြန်နိုင်သော်လည်း နောက်ပိုင်းကျတော့ ဒေါသက အလိပ်လိုက်ထွက်လာသည်။

"ဖြူကြည် မင်း ဘာကိစ္စနဲ့ ဒီအထိလိုက်လာပြီး တို့ကို စော်ကားနေတာလဲ"

"ဘာသဘောမှ မပါဘူး၊ ကိုကို့ဒယ်ဒီကလည်း ဖြူကြည်မှ ဖြူကြည်ဖြစ်နေတာ တခြားသူတွေတိုးမှာမဟုတ်ဘူး အဆင့်အတန်းချင်းလည်းတူတယ်လေ ပြီးတော့ ဖြူကြည်ကဆရာဝန်မဆိုတော့ အဟင်း ဆန်းတော့ မဆန်းပါဘူး၊ သာမန်ဆရာမအဆင့်နဲ့တော့ ဘယ်တူမလဲ အဲဒါကြောင့်ကြိုပြီးလာပြောပြတာ တော်ကြာ အနန္တကိုမနိုင်မနင်းဆွဲထားရရင် မောနေမှာစိုးလို့"

ဖြူကြည်ကလည်း ပြတ်သည်။ ဒါမျိုးကိုပဲ သက်သက်မဲ့လာနှိပ်ကွက်နေပြီး ပြန်သွား၏။

ရည်ရွယ်ချက်ကတော့ သူမနဲ့အနန္တကွဲစေဖို့။

အပေါ်စားရုပ်ရှင်တွေထဲက ဇာတ်ကွက်တွေဖြစ်နေပေမယ့် အသုံးဝင်သည်။

ရုပ်ရှင်တွေထဲမှာတော့ အဆုံးသတ်မှာ မင်းသားနဲ့မင်းသမီး ညားသည်။

ဒါပေမယ့် သစ္စာက ဒီအဖြစ်မှာ မင်းသမီးလား၊ ဇာတ်ပို့လား



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကတော့ အနန္တပဲဖြစ်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းသမီးဆိုလျှင်လည်း မင်းသားနဲ့သာ ညားရပါစေ၊ ဇာတ်ပို့ဖြစ်နေလျှင်လည်း မင်းသားနဲ့သာညားရပါစေ

သစ္စာ ဒါကိုပဲ အထပ်ထပ်ဆုတောင်းနေမိသည်။

အချစ်က တကယ်အဆိပ်ပါ။ အဆိပ်မှန်းသိသည့်အချိန်မှ ကိုယ်က တပ်မက်စွာမျိုချပြီးနေပြီ။

❀❀❀



## အခန်း (၃၄)

"ဟင် အနန္တ သား"

ဒယ်ဒီ ဝမ်းပန်းတသာ သူ့ဆီရောက်လာ၏။ ပြီးတော့ သူ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး ဆိုဖာပေါ်မှာ ထိုင်စေသည်။

ဒယ်ဒီအိမ်မှုအရာတွေအားလုံးက အပျော်အတိပြီးနေသည်။ အနန္တ တစ်ချက်ပြုံး၍

"ဒယ်ဒီ နေကောင်းလား"

"အစကတော့ မကောင်းချင်ဘူး။ အခုတော့ အားလုံးအိုကေပဲ ဒယ်ဒီ့သားပြန်ရောက်လာပြီလေ"

ဒယ်ဒီကပြော၍ သူ့ပခုံးလေးကို ထပ်ညှစ်ပြန်သည်။

မာမီဆုံးပြီးနောက်ပိုင်း သူနှင့်ဒယ်ဒီပြဿနာဖြစ်ကြကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီပြောင်းလဲသွားပြီး သူ့ကို ပိုနွေးထွေးလာသည်ဟု ခံစားမိ၏။

"သား ဒယ်ဒီလေ မေဘယ်နဲ့"

သူ ချက်ချင်း လက်ကာပြလိုက်ပြီး

"သိတယ် ဒယ်ဒီ ဒယ်ဒီ့စာကိုကျွန်တော်ရတယ် ကျွန်တော့်ကို တစ်ခုလောက်တော့ မေးခွင့်ပြုပါ ဒယ်ဒီ"

ဒယ်ဒီခေါင်းညိတ်၏။

"သတင်းစာထဲမှာပါတဲ့ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုတာ ဘာလဲ"

"အဲ့ဒါ ဒယ်ဒီတောင်းပန်ပါတယ် ဖြူကြည်လေးနဲ့နီးစပ်ခ ချင်တဲ့အပြင် သားကိုပြန်လာအောင်လုပ်နိုင်မယ့်နည်းကလည်း ဒီတစ်ခု ပဲရှိတာလေ ပြီးတော့ ဖြူကြည့်ကို တခြားမိသားစုကလည်း ကမ်းလှမ်း ထားသေးတော့ သူတို့တွေရှဲသွားကြအောင် အကူအညီပေးပါဦးလို့ပြော လာလို့ ဒယ်ဒီ လက်ခံလိုက်တာပါ"

"အဲ့ဒါ အဓိပ္ပါယ်မရှိတာဘဲ ဒယ်ဒီ ကျွန်တော့်ဆုံးဖြတ်ချက် မပြောနဲ့ ကျွန်တော့်ကို အသိတောင်မပေးဘဲနဲ့ အခုလိုလုပ်လိုက်တာ ပျော်စရာကောင်းသွားတယ်လို့ ဒယ်ဒီထင်နေလို့လား. . ပြီးတော့ ဘာရှ ကြီးတွေမှမပါဘဲ ကုန်ကုန်ပြောရရင် သတို့သားတောင်မပါတဲ့ စေ့စပ်ပွဲ ရော အထမြောက်တာပဲလား"

"သားမှာ ချစ်သူရှိနေပြီလား"

မဆီမဆိုင် ဒယ်ဒီကပါးနပ်စွာမေး၏။ သူရဲရဲပင်ခေါင်းညိတ်လိုက် သည်။

"ဟုတ်တယ် ဒယ်ဒီ ရှိတယ် ကျွန်တော့်အသက်အရွယ် နဲ့ကိုတ မဆန်းပါဘူး၊ ဒယ်ဒီ ဒါပေမဲ့ အခုဒယ်ဒီ့သားက ချစ်သူရရချင်းမှာဲ





စွန့်ပစ်ခြင်းကိုခံလိုက်ရပြီ ဘယ်နှယ့်လဲ ဒယ်ဒီ"

"မရှိပါနဲ့ သားရယ် ဖြူကြည်ပြောတော့ သားနဲ့သူက နားလည်မှုရနေကြပြီတဲ့"

ဒယ်ဒီက ယုံတာပဲလားဟု သူမေးလိုက်ချင်ပေမယ့် မမေးဖြစ်။

စီးပွားရေးမှာ ဒီလောက်တောင်တော်တဲ့သူက ဒီဘာမဟုတ်တဲ့လူ တစ်ယောက်ပြောစကားကိုကျတော့ ယုံသတဲ့လား။

"ဒယ်ဒီ ကျွန်တော့်ကို တစ်ခုလောက်ပြောကြည့်ပါလား"

"ဘာကိုလဲ သား"

"အမှန်တရား"

ဦးမင်းထင် ပင့်သက်မောတစ်ချက်ရှိုက်ထုတ်လိုက်မိသည်။

"သား ကောင်မလေးက ဘာမဟုတ်တဲ့ အညတရလေးဆိုတာ ကို ဒယ်ဒီသိထားတယ်"

သူ ဟင့်ခနဲ တစ်ချက်မဲ့လိုက်၏။

"အဲဒါကြောင့် ဒယ်ဒီ ဖြူကြည်ပြောတဲ့အကြံကို လက်ခံ လိုက်တာ"

"ကျွန်တော်ပျော်မယ်လို့ ဒယ်ဒီထင်လား"

သူ ခနွဲ့ခနွဲ့မြေ့မြေ့မေးလိုက်တော့ ဒယ်ဒီ သူ့ကိုအံ့ဩသလို ကြည့်လာသည်။

"သား ဝမ်းမနည်းဘူးလောက်ဘူးလို့ ဒယ်ဒီထင်တာ"

အနန္တ ဒယ်ဒီ့ကို မျက်နှာချင်းဆိုင် စိုက်ကြည့်နေလိုက်၏။

"ဘာလဲ သား ဝမ်းနည်းနေတာလား"

"ကျွန်တော် နားတော့မယ် ဒယ်ဒီ"

သူ ဒါပဲပြောကာ အိမ်ပေါ်ထပ်တက်ပြီး သူ့အခန်းထဲဝင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှာ သူနားချင်နေပြီ။

အနန္တ လက်ဆွဲအိတ်ကို ကြမ်းပေါ်ပစ်ချကာ ခုတင်ပေါ်မှာ တက်လှဲနေလိုက်သည်။

သူ့အခန်းလေးက ပြောင်ရှင်းနေသည်။

ဒါ ဒယ်ဒီလုပ်ပေးထားတာနေမှာပါ။

သူ အိပ်နေရာမှ ဆတ်ခနဲထထိုင်ကာ ခုတင်ဘေးမှာရှိသော စားပွဲလေးပေါ်မှ သူ့တို့မိသားစုပုံလေးဓါတ်ပုံမှန်ဘောင်ကိုယူလိုက်ပြီး ပြန်လှဲလိုက်သည်။

ဓါတ်ပုံထဲမှာ မာမီကလက်ကမ်းပေးနေသည်ကို သူကပြေး၍ ဟာမို့ဆီသွားနေ၏။ ဒယ်ဒီကတော့ သူ့နောက်ကပြေးလိုက်နေသည်။

ဓာတ်ပုံထဲမှာ အားလုံးပြုံးနေကြသည်။

တကယ်ပင် အားလုံးပြုံးနေခဲ့ကြပါသည်။

သူ ဓါတ်ပုံလေးကိုကြည့်ရင်း ရင်ခွင်ထဲထည့်ကာ ပြုံးလိုက်မိ၏။

သေချာတာတစ်ခုက ဒါသူ့အတွက် နောက်ဆုံးအပြုံးပဲဖြစ်မှာပါ။

❀❀❀



## အခန်း (၃၅)

စာမေးပွဲက တစ်ပတ်ပဲလိုတော့တာမို့ ကျောင်းသားတွေအားလုံး၏ စာကျက်သံလေးတွေက ညံနေသည်။

ကလေးတွေဒီလိုကြိုးစားနေတာ တကယ့်ကို ဆရာမတစ်ယောက်အဖို့ ကျေနပ်စရာပါ။

သို့သော် တည်သစ္စာ မပျော်နိုင်။ ကျေလည်းမကျေနပ်နိုင်။

စိတ်ထဲမှာမြင်ယောင်နေသည်က အနန္တမျက်နှာ၊ တွေးနေမိသည်က အနန္တအကြောင်း၊ လွမ်းနေသည်က အနန္တကို၊ ချစ်နေဆဲကသည်း အနန္တသာဖြစ်၏။

သစ္စာ နံရံတွင်ချိတ်ထားသော အသည်းပုံကီးချိန်းသောလေးကို ယူပြီးထွက်ခဲ့သည်။ အနန္တနေထိုင်ခဲ့သည့် အိမ်ကလေးဆီသို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကလေးထဲမှာ အနုန္တ၏အရိပ်ကလေးရှိ၏။ အနုန္တ၏ကိုယ်ငွေ့မပြယ်သေးသော အင်္ကျီလေးများလည်းရှိသည်။ ကုန်ကုန်ပြောရလျှင် အနုန္တသုံးခဲ့သော ဘီးကလေးလည်းရှိ၏။

သစ္စာ တံခါးလေးကို မဝံ့မရဲဖွင့်လိုက်ပြီး ဟိုဟိုဒီဒီလိုက်ရှာနေမိသည်။

အနုန္တများ ရောက်နေသလားလို့ပါ။

ဒါပေမဲ့ ခါတိုင်းတွေလို အားလုံးဘာမှမပြောင်းမလဲ။ အိပ်ရာခင်းလေးကလည်း ပြန့်နေ၏။ ထိုင်ခုံလေးကလည်း နေရာမရွေ့။ ခြေသုတ်ခုံလေးမှာလည်း ဖုန်မရှိနေ။

အားလုံးက သစ္စာ ထားထားသည့်အတိုင်းပင်။

သစ္စာ အခန်းထောင့်အဝတ်စင်အောက်မှာရှိသည့် အနုန္တ၏လက်ကိုင်အိတ်ကလေးကို ဖွင့်လိုက်ပြီး အနုန္တအများဆုံးဝတ်တတ်သည့် အပြာနုရောင်တီရှပ်ကလေးကို ထုတ်လိုက်သည်။

အင်္ကျီကလေးကိုကိုင်ကာ ခုတင်ပေါ်မှာဖြန့်ချလိုက်ပြီး ခုတင်စွန်းလေးမှာ သစ္စာတစ်ယောက် ငြိမ်ငြိမ်ကလေး ထိုအင်္ကျီကို ထိုင်ကြည့်နေမိသည်။ ကြည့်နေရင်း ကြည့်နေရင်းနှင့်ပင် မျက်လုံးတွေက ဝေဝါးလာ၏။

သစ္စာ ဒူးနှစ်ဖက်ကိုထောင်ကာ ဒူးပေါ်မှာ မျက်နှာကိုအပ်၍လိုက်သည်။

နေ့တိုင်းဒီကိုလာ၊ ဒီအင်္ကျီလေးကိုကြည့်ရင်း ဒီလိုငိုနေရတာကိုလည်း သစ္စာ အခုထိ မငြီးငွေ့နိုင်သေး။

ဘယ်လိုပဲမေ့ဖို့ ကြိုးစား၊ ကြိုးစား တစ်ရက်ထက်တစ်ရက် ဒဏ်ရာတွေတိုးလာသည်သာ အဖတ်တင်၏။

"ဒေါက် ဒေါက်"





"သမီးသစ္စာ အန်တီလုံး ဝင်ခဲ့မယ်နော်"

သစ္စာ မျက်နှာကိုကပျာကယာသုတ်၍

"ဟုတ် ဟုတ်ကဲ့"

"ကလေးတွေက စာမေးချင်လို့တဲ့"

အန်တီလုံးကပြောနေပေမယ့် မျက်လုံးကတော့ ခုတင်ပေါ်မှာ ဖြန့်ထားသည့် အနုန္တအင်္ကျီဆီကမခွာ။

"လာခဲ့မယ်လို့ ပြောပေးပါနော်"

အန်တီလုံး သက်ပြင်းတစ်ချက်ချ၍ ခေါင်းညိတ်သည်။ ပြီးတော့ တံခါးဝဆီပြန်ထွက်သွား၏။ အန်တီလုံးက တံခါးကိုဖွင့်၍ ထွက်မည်ပြင်ပြီးမှ သူမဘက်သို့လှည့်ကာ

"မေ့နိုင်အောင် ကြိုးစားပါ သမီးရယ်" ဟုပြောကာ ထွက်သွားသည်။

အန်တီလုံးပြောသလို ကြိုးစား၍သာရမည်ဆိုလျှင် ဘယ်လောက်တောင်ကောင်းလိုက်မလဲ"

"သား စာမေးပွဲ ဘယ်တော့လဲ"

ထမင်းစားရင်း စာအုပ်ဖတ်နေသော သူ့ကို ဒယ်ဒီကမေးသည်။ သူစာအုပ်ဆီမှ မျက်နှာကိုမခွါဘဲ

"သဘက်ခါ ဒယ်ဒီ"

"တော်တော်တောင်နီးနေပြီပဲ ဘယ်လိုလဲ ဒီနှစ်ရောအောင်မှာလား"

သူခေါင်းကိုမမော့ဘဲ ဒယ်ဒီ့ကိုမျက်လုံးလှန်ကြည့်လိုက်ပြီး စာအုပ်ဆီမှာပဲ မျက်လုံးကိုပြန်ထားလိုက်သည်။

"ကျွန်တော်ဂုဏ်ထူးလိုချင်တာ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မိုက်လှချည်လား၊ သားပြောသလို ဂုဏ်ထူးသာ တကယ်ပါလို့ကတော့ သားလိုချင်တာပြော ဒယ်ဒီပေးမယ်"

သူချက်ချင်းခေါင်းထောင်သွားပြီး

"လိုချင်တာ"

"ဟုတ်တယ်လေ သားရဲ့ သားလိုချင်တာကိုပြောပေါ့"

"ဘယ်တော့ပေးမှာလဲ ဒယ်ဒီ"

"အောင်စာရင်းထွက်ရင်ပေါ့ သားရဲ့"

"အောင်စာရင်းမလိုဘူး၊ ဒယ်ဒီ ဖြေပြီးတာနဲ့ ဘယ်ဘာသာဂုဏ်ထူးထွက်နိုင်တယ် ဘယ်ဟာမထွက်နိုင်ဘူးဆိုတာ သိတယ် ဘယ် လိုလဲ ဒယ်ဒီ အဲဒီအချိန်မှာဆိုရင်ရော ပေးနိုင်ရဲ့လား"

ဒယ်ဒီ ကျေနပ်စွာခေါင်းညိတ်၏။

"သား သာသေချာပါစေ"

"ကျိုက်သွားပြီ ဒယ်ဒီ၊ ဒါပေမဲ့ ကတိတော့ပေးနော်"

"ပေးတယ်"

"ဟုတ်ပြီ"

"ဒါနဲ့သား ဖြူကြည်နဲ့အတည်စေ့စပ်ဖို့ ဘယ်နေ့ရွေးမလဲ"

သူ လျှို့ဝှက်စွာတစ်ချက်ပြုံးလိုက်ပြီး

"စာမေးပွဲနောက်ဆုံးနေ့ "

"ဟ စောလှချည်လား"

သူ ဘာမှမပြောဘဲ ခေါင်းညိတ်ပြကာ စားလက်စကိုရပ်ပြီး စားပွဲမှထလိုက်သည်။

"ကျွန်တော် စာသွားကျက်တော့မယ် ဒယ်ဒီ"

"ကုန်အောင်စားပါဦး"

(စိုးမိုးစာပေ)



"တော်ပြီ ကျွန်တော်ဗိုက်ဝသွားပြီ"

ဒယ်ဒီ ဒီတစ်ချက်တော့ညံ့သွားပြီ။ စာမေးပွဲနောက်ဆုံးနေ့။ ဖြူကြည်ဆိုတဲ့မိန်းကလေးကို ချီးရမယ့်နေ့။

တွေးရင်း တွေးရင်း အပြုံးတွေက နှုတ်ခမ်းထက်မှာ တစ်စ ဆက်တစ်စ ဖိုပီပြင်လာ၏။

ညရောက်တော့ ဒယ်ဒီက သူ့ကိုအသိပေးသည်။

''သား ကိုခင်ဇော်နဲ့ဖေဖေဖုန်းအဆက်အသွယ်ရတယ် သားပြောသလို စာမေးပွဲနောက်ဆုံးနေ့လို့ပြောလိုက်တော့ သူတို့သဘော တူပါတယ်တဲ့ အချိန်ကိုသားရွေးမလား သူတို့ရွေးရမလားတဲ့ သူတို့ ရွေးထားတာက တစ်နာရီလောက်တဲ့၊ စာမေးပွဲပြီးပြီးချင်းဆိုပါတော့ သားရယ် ဒါပေမဲ့ သားရွေးထားတဲ့အချိန်ရှိရင်လည်း ပြောပါတဲ့"

"သူတို့ပြောတဲ့အချိန်ကောင်းပါတယ် ဒယ်ဒီ"

"ဖြူကြည်ကတော့ အရမ်းကိုပျော်နေပြီသားရေ သားကို သူကျောင်းမှာ လာစောင့်နေမှာတဲ့"

"ဟင်"

"အဲ့ဒါပေါ့ ဖြူကြည်က သားကိုသိပ်ချစ်တာ"

ဒယ်ဒီကတော့ သူပြောချင်တာပြော၍ထွက်သွားသည်။

ခေါင်းစားပြီးကျန်ခဲ့သူက သူ။

နောက်ဆုံးနေ့ လာစောင့်နေမည်ဆိုတော့ သူ့အကြံနှင့်နည်း နည်းတော့လွဲနေပြီ။

ဒါပေမယ့် ကိစ္စမရှိ။ အနန္တတို့က ဒါမျိုးဆို ထစ်ခနဲဆိုအသနဲ့ အဖြေပေါ်ပြီးသား။

မ ကိုသိပ်ချစ်လို့ပါ မရယ်။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဟဲလို"

"ဟုတ်ကဲ့ ပြောပါ"

"အန်တီလုံးလား"

"ဟင် မင်း အနန္တ"

"ဟုတ်ပါတယ် မ ရှိလားဟင်"

"အမလေး မင်းဘာလုပ်ချင်သေးလို့လဲ"

သူမ စစချင်းကတော့ သဘောတူခဲ့ပေမယ့် အခု သစ္စာဒီလို ခံစားနေရတာကိုမြင်တော့ စိတ်မကောင်းနိုင်။

သစ္စာလေးနှင့် အတင်းသဘောတူခဲ့မိတာကိုပဲ နောင်တရနေမိသည်။





အခုလည်း ကိုယ်တော်က ဖုန်းဆက်လာပြန်ပြီ။

"အန်တီလုံး မ ရှိတယ်မဟုတ်လား"

"အင်း ဒါပေမဲ့ သူစကားပြောမှာမဟုတ်ဘူး"

"ခဏလေး ခဏလေးပါ အန်တီလုံးရယ်"

"ခဏလေးတောင် သူပြောမှာမဟုတ်ဘူး။ မင်းလက်လျှော့လိုက်ပါကွာ"

"ဟာ မရဘူးဗျာ အန်တီလုံး တစ်ခါလောက်ဖြစ်ဖြစ်တော့ကူညီပါဗျာ ကျွန်တော် ဖြေထားတဲ့သုံးဘာသာလုံး အခြေအနေကောင်းတယ်လို့ပြောချင်လို့ပါ"

"ခက်တာပဲ မင်းလို့ပြောလိုက်တာနဲ့ သူက ဖုန်းကိုင်မှာမဟုတ်ဘူး"

"အဲဒါဆိုလည်း ကျွန်တော်လို့ မပြောနဲ့ပေါ့ဗျာ"

"ရမလား"

"လုပ်ပါဗျာ တစ်ခါတလေပဲ"

"မင်းနဲ့တော့ စိတ်ညစ်တယ် ခဏကိုင်ထား ကိုင်ထားနော်"

"ဟုတ်"

အန်တီလုံးထွက်သွားသည့်ခြေသံကို ဖုန်းထဲကနေကြားနေရသည်။ ဒါပေမဲ့ တော်တော်ကြာသည်အထိ ဖုန်းကိုတစ်ယောက်မှ ကိုင်မလာ။

အန်ကီလုံးများ ပြောလို့မရဘူးလား။

"ဟဲလို"

ရုတ်တရက်ကြားလိုက်ရသည်က အန်တီလုံးအသံမဟုတ်။

"ဟဲလို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကတိတ်နေတော့ မ အသံလေးထပ်ထွက်လာ၏။

"မ"

"ဟင်"

"မ ဖုန်း မချလိုက်နဲ့နော်"

မ ဘက်ကဘာအသံမှမကြား။

မ မျှားဖုန်းချသွားလျှင် ထပ်ခေါ်ဖို့က ဘယ်လိုမှလွယ်မှာမဟုတ်။

"မ မ ဖုန်းမချနဲ့နော် မဖုန်းချလိုက်တာနဲ့ မဆီ ကျွန်တော် အရောက်လာမှာ မယုံမရှိနဲ့"

ဖုန်းလိုင်းကဝင်နေသေးတာမို့ မ ဖုန်းကိုင်ထားမှန်းသိသည်။ ဒါပေမဲ့ မ ကဘာတစ်ခွန်းမှမပြော။

"မ ကျွန်တော့်ကို စကားမပြောချင်ဘူးလားဟင်"

တစ်ဖက်က တိတ်နေဆဲ။

"ဒါဆိုလည်း ကျွန်တော်ပြောတာလေးတော့ နားထောင်ပေးနော်"

"ကျွန်တော် မြန်မာစာရော အင်္ဂလိပ်စာရော သချာရောဖြေနိုင်တယ် မ အင်္ဂလိပ်စာနဲ့သင်္ချာကိုတော့ ဂုဏ်ထူးမှန်းလို့ရတယ် မြန်မာစာကတော့ သိပ်မသေချာဘူး မ ကျေနပ်ရဲ့လားဟင်"

"မ စကားလေးတစ်ခွန်းလောက်ဖြစ်ဖြစ် ကျွန်တော့်ကို ပြောကြည့်ပါလား"

သစ္စာ ကိုယ့်ပါးစပ်ကိုယ်အတင်းပိတ်ကာ ရှိုက်သံမထွက်အောင် ထိန်းနေရသည်။

ဒီကောင်လေးအသံကြားတာနှင့် မျက်ရည်တွေက ဝေါခနဲပြည့် တက်လာသည်က ဘာကြောင့်မှန်းကိုမသိ။

(စိုးမိုးစာပေ)



မငိုနဲ့ဟုအားတင်းထားလည်း မျက်ရည်ကလည်သည်။ အငို လွယ်သောမိန်းမတွေကို ပိုတယ်ဟုထင်ခဲ့သမျှ ခုချိန်မှာ သစ္စာက ထိုအထဲ မှာပါနေပြီ။

"မ တကယ်နေစိမ့်တယ်နော် ကျွန်တော်မှာတော့ လွမ်း လိုက်ရတာမ ကျွန်တော့်ကိုတော့ မမုန်းလိုက်နဲ့နော် စကား မပြောချင်ရင်ရတယ် ကျွန်တော် စာမေးပွဲနောက်ဆုံးနေ့ကျရင် စေ့ စပ်ရတော့မှာ သိလား မ"

"ဟင်"

"မ မ စကားပြောလေ"

မဆီက ရှိုက်သံသဲ့သဲ့လေးကို ကြားနေရသည်။

မ ငိုနေလို့ သူနဲ့စကားမပြောတာလား။ စိုးရိမ်စိတ်က ဒိန်းခနဲ ဝင်လာ၏။

"မ မ ဟဲလို"

"ဟာကွာ.တောက်"

သူ လက်ကိုင်ဖုန်းကို နံရံသို့ပစ်ပေါက်လိုက်သည်။ လက်ကိုင် ဖုန်းလေးက နံရံနှင့်ထိကာ အိပ်ရာပေါ်ကို ဘုတ်ခနဲပြုတ်ကျ၏။

သူက မ စကားပြောလာအောင် လုပ်လိုက်တာက မ ကို မျက်ရည်ကျအောင် လုပ်လိုက်သလိုဖြစ်နေသည်။

တကယ်ဆို သူ မ ဆီက အမုန်းစကားပဲဖြစ်ဖြစ်၊ နာကြည်း သည့်စကားပဲဖြစ်ဖြစ် ကြားချင်၍ ဒီလိုပြောလိုက်တာ ဒါပေမဲ့ မ ကတော့ ငိုသွားပြီ။

အရှုံးထဲက အမြတ်ကတော့ မ သူ့ကို ချစ်နေသေးသည်လေ။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"မေမေ"

"ပြော"

"သမီးတောင် စေ့စပ်ရတော့မယ်နော်"

"အဲဒီတော့"

"သမီးက ငယ်များငယ်သေးသလားလို့"

"ဒါဆိုလည်း ဖျက်လိုက်လေ"

ဒေါ်မေကြည် တမင်သက်သက် အရွဲ့တိုက်ပြီး ဖုန်းကိုကောက်ကိုင်တော့ ဖြူကြည်ပျာပျာသလဲလု၏။

"ဘာလဲ ဘာလို့လုနေတာလဲ ငယ်သေးတယ်ဆို"

"မေမေကလည်း သမီးကနောက်တာကို"





"သိသားပဲ ညည်း ဘယ်လိုဖြစ်သွားမလဲဆိုတာ သိချင်လို့"

"အဟင်း ဒါနဲ့ မေမေနည်းနည်းထူးဆန်းမနေဘူးလား ဟင်"

"ဘာကိုလဲ"

"အနန္တက ချက်ချင်းလက်ခံလိုက်တာကိုလေ"

"ဘာဖြစ်လို့လဲ"

"မေမေ စဉ်းစားကြည့်လေ အစက ခါးခါးသီးသီးကြီးကို"

"ပြန်အစမဖော်နဲ့နော် ဖြူကြည်မေမေ အဲ့ဒီကောင်လေးကို အခုအချိန်ထိ ကြည့်မရဖြစ်နေတုန်းပဲ ညည်းက ထွက်သွားမယ် ဘာခမယ် ခြိမ်းခြောက်နေလို့သာ လက်ခံလိုက်ရတာ တွေးရင် ဒေါသထွက်တယ်"

"ဟိုး ဟိုး မထွက်ပါနဲ့တော့ အနန္တက မေမေ့သမက်လောင်းလေးဖြစ်နေပြီပဲကို"

"တော်ပါ"

"မေမေ အနန္တမှာ အကြံများရှိနေလားမသိဘူးနော်"

"ဘာအကြံလဲ"

"ဟို စေ့စပ်ပွဲကို အနီးကပ်မှ ဖျက်ပစ်လိုက်တာမျိုးတို့ ဘာတို့လေ"

"မကြောင်စမ်းပါနဲ့ ညည်းလည်း အနန္တနဲ့တွေ့မှပဲ မလုပ်ဖူးတာတွေ လျှောက်လုပ်နေတယ် အခုလည်းဘာတွေ လျှောက်တွေးနေပြန်ပြီလဲ မသိဘူး"

"သမီးကချစ်တော့ အဲ့ဒီလိုပဲ ဟိုလိုလျှောက်တွေး ဒီလိုလျှောက်တွေးလုပ်ရတော့တာပေါ့ သိတယ်မဟုတ်လား လက်လွှတ်မှမခံနိုင်တာ"

"နေစမ်းပါဦး အကယ်၍ အနန္တက ချွတ်ချော်ချော်ဆင်းရဲနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ကော''

"မေမေကလည်း ဖြစ်မှမဖြစ်နိုင်တာချည်းကို''

"မေးတာသာဖြေစမ်းပါ အနန္တက ရုပ်ကလေးပဲရှိပြီး အုတ်ကြားမြက်ပေါက်ဖြစ်နေရင်ကော ချစ်မှာပဲလား''

ဖြူကြည်ခေါင်းခါသည်။

"စစတွေ့ကတည်းက အဲ့ဒီလို အတန်းအစားထဲကမဟုတ်မှန်းသိလို့ ဖွတ်မိုတ်ချစ်ပစ်လိုက်တာပေါ့ မေမေပြောသလိုချည်းပဲဆိုရင်တော့ သမီးကစဉ်းစားဦးမှာပေါ့''၊

"ဟွန်း စဉ်းကစဉ်းစားလိုက်သေးတယ်၊ မွဲချင်တဲ့ခွေးပြာမုံ့တိုးဆိုတာ ညည်းကိုပြောတာနေမှာ''

"အံမယ်၊ အခုသမီးက ဆင်ဖြူတော်မှီးပြီး ကြီးစုပ်တော့မှာ''

'ဒါဆို ညည်းက အနန္တကို မက်လို့ယူတာပေါ့''

"ဟင့်အင်း မဟုတ်ဘူး မြတ်နိုးလို့''

"ဟွန်း ပိုကိုပိုတယ်မေမေကတော့ အခုအချိန်ထိ ဒေါက်တာအနန္တလေးကို လက်မလွှတ်ချင်တုန်းပဲ''

"ဟာ မေမေကလည်း သူကအိုနေပြီ''

"လုပ်မနေနဲ့ ညည်းအိုတယ်လို့ ပြောတဲ့အသက်အရွယ်ကိုပဲ ညည်းလူအနန္တ တမ်းတမ်းစွဲနေတာလေ''

"ဟုတ်တယ်နော် အဲဒီဆရာမနဲ့များ အနန္တ အဆက်အသွယ်ရှိသေးလားမသိဘူး''

"ဘာလုပ်ဦးမလို့လဲ''

"ဘာမှတော့မလုပ်ပါဘူး၊ တော်ကြာ သမီးနဲ့မစေ့စပ်ခင် အဲ့ဒီမိန်းမနဲ့ယူသွားမှဖြင့် အမလေး ရင်ကျိုးရချည့်ရဲ့''





"အဲ့ဒီလိုတော့ အင်း ဖြစ်ချင်လည်းဖြစ်နိုင်တယ်''

"ဟင် တကယ်''

"သမီး စဉ်းစားကြည့်လေ၊ သမီးပြောသမျှထဲမှာ အနန္တက သမီးကိုမှန်းတာပဲပါတယ်၊ မေတ္တာတို့ သံယောဇဉ်တို့ဆိုဝေလာဝေးပဲ''

"အဲဒါဆို သူက အဲဒီမိန်းမဘက်ပါသွားနိုင်တယ်ပေါ့''

"စိတ်မပူပါနဲ့ သမီးရယ် စာမေးပွဲနောက်ဆုံးနေ့ကျရင် သမီးသွားကြိုလိုက်ပေါ့''

"အဲ့ဒါကတော့ အစောကြီးကတည်းက ကြိုမလို့ပြောပြီးသား''

"အဲဒါဆိုရင် စိတ်ချရပြီလေ''

"ဘာလို့လဲ''

"အနန္တ ဒီလောက်ကြိုးစားနေတာကို နောက်ဆုံးဘာသာကျမှ မဖြေတော့ဘဲ ထွက်ပြေးမယ်မထင်ပါဘူးကွာ''

"ဟုတ်ရောဟုတ်ရဲ့လား မေမေရယ်''

ဒေါ်မေကြည် ဆတ်ခနဲခေါင်းညိတ်၏။

"စိတ်သာချ''

"ဒီလောက်နဲ့တော့ မလုံလောက်သေးဘူး၊ သမီး တစ်ခါတည်းထိုင်စောင့်နေရင်ကောင်းမယ်''

"ညည်းကိုတော့ မနိုင်တော့ဘူး၊ လုပ်ချင်တာသာလုပ်ပေတော့''

"မေမေကလည်း တညည်းတည်း ညည်းနေတာပဲ သမီးလိုခေါ်ပါ ပြီးတော့ အနန္တကိုလည်း အမျက်တော်ပြေပါတော့ တကတည်း နောက်တစ်ရက်ဆိုရင်ပဲ သူသားဖြစ်တော့မယ်ဟာ''

ဖြူကြည် မေမေ့ကိုမျက်စောင်းထိုး၍ပြောတော့ မေမေကပြုံး၏။

"သမီး ဘယ်လောက်တောင်ပျော်နေမလဲဆိုတာ မေမေခန့်မှန်း

www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်”

“အဲဒါဆိုလည်း အနန္တကိုချစ်လိုက်တော့ပေါ့”

“ကဲပါ တော်ပါတော့ သွား ဟိုမှာ ကိုးနာရီခွဲကျော်နေပြီ သွားအိပ်တော့”

“မေမေကလည်း အစောကြီးရှိသေးတဲ့ဟာကို”

“သမီး စိတ်ကူးယဉ်မှာ ရင်ခုန်ဦးမှာနဲ့ဆိုရင် အခုချိန်လောက် အိပ်ရာဝင်မှ တော်ကာကျမှာ ကဲ အိမ်ထောင်သည်လေး သွားအိပ်တော့”

“ဟင် မေမေခေါ်တာကြီးကလည်း”

“ဘာလဲ မကြိုက်ဘူးလား”

“ကြိုက်တော့ကြိုက်ပါတယ် ဒါပေမဲ့ မစွ အနန္တဆိုပိုမကောင်းဘူးလားလို့”

“ဘာ”

ဒေါ်မေကြည်အော်ကာ ဖြူကြည်ကိုထရိုက်တော့ ဖြူကြည်က အိမ်အပေါ်ထပ်ကို တက်ပြေး၏။

ကြည့်ပါဦး။ ပျော်နေလိုက်တာများ။ ကိုယ့်မှာတော့ သမီးလေးနဲ့ခွဲရတော့မယ့်အရေးမပျော်နိုင်။ ပြေးကြည့်မှ ဒီသမီးလေးတစ်ယောက်သာ ချွေးသားဆိုလို့ရှိတာပါ။

စေ့စပ်တာပဲဖြစ်ပေမယ့် ဘယ်လောက်မှမကြာသေးသည့်အချိန် အတွင်းမှာ လက်ထပ်ရမှာ။ ဒါဆို သမီးလေးက သူများနဲ့ပါသွားရ တော့မှာ။

ဒေါ်မေကြည် ရယ်ရမလို၊ ငိုမလိုဖြစ်နေ၏။

သမီးကတော့ မိုးမမြင်၊ လေမမြင်။ အမေ ဘယ်လိုခံစားနေရ





သည်ဆိုတာကိုလည်းမသိ။

အင်းလေ အတောင်စုံပြီဆိုတော့လည်း ပျံချင်တော့မှာပေါ့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

နာရီကိုကြည့်တော့ ဆယ့်တစ်နာရီထိုးဖို့ ခုနစ်မိနစ်အလို။

အနန္တ ချက်ချင်းဖြေထားသည့် အဖြေလွှာကို သေချာစစ်ပြီး
ည့်နှင့် အခန်းစောင့်ဆရာမကိုအပ်ကာ ထွက်ခဲ့သည်။

ပြီးပြီ။ သူ့ဒီစာမေးပွဲမှာ အနည်းဆုံးလေးဘာသာလောက်တော့
ဘ်ထူးပါနိုင်သည်။

ဒါက သိပ်ပျော်စရာမကောင်း။ သူ့အတွက်အချိုကြီးပျော်ရမည့်
ွစ္စက မ ကိုသူ့ဘဝထဲအပြီးအပိုင်သွင်းလိုက်တော့မည့်ကိစ္စ။

ကိုယ့်အတွေးနှင့်ကိုယ်ပျော်သွားပြီး ဟေးခနဲ ထအော်လိုက်ပြီး
သူများတွေစာမေးပွဲ ဖြေနေမှန်း သတိရကာ လှေကားပေါ်မှ အပြေး
လွှားဆင်းခဲ့၏။

(စိုးမိုးစာပေ)



သူ ကျောင်းဂိတ်ဝကိုလှမ်းကြည့်တော့ ဖြူကြည့်ကိုမတွေ့တာနှင့် စိတ်ချလက်ချလျှောက်သွားလိုက်၏။ ဂိတ်ဝရောက်မှ အုတ်တိုင်ကိုမှီ၍ စာဖတ်နေသော ဖြူကြည့်ကိုတွေ့လိုက်ရတော့ ချက်ချင်းနောက်ကြောင်းပြန်လှည့်ရတော့၏။

တော်ပါသေးရဲ့ ဖြူကြည် သူ့ကို ဒီအချိန်ထွက်လာမည်မထင်လို့ စာဖတ်နေတာ။

ကျောင်းမှာက ထွက်ပေါက်တွေက လေးပေါက်တောင်ရှိသည်။ ဒါကြောင့်မို့ တစ်ပေါက်မရလျှင် နောက်တစ်ပေါက်မှထွက်ရုံသာ။

သူ ချောချောချူချူပဲ ကျောင်းအပြင်ရောက်ခဲ့သည်။

မ ဆီသို့သွားနေသည့်လမ်းတစ်လျှောက်လုံးက ပျော်စရာတွေနှင့် သာအတိပြီးနေခဲ့သည်။

"ဟင် အနန္တ ဘာလာလုပ်တာလဲဟင်"

မထင်မှတ်ဘဲ တွေ့လိုက်ရသည့် အနန္တကြောင့် သစ္စာ အံ့သြသွား၏။

"ကိုယ့်ကို အထဲဝင်ဖို့ မခေါ်တော့ဘူးလား"

အနန္တပြောမှပဲ သစ္စာအခန်းတံခါးကိုပိတ်၍ ရပ်နေမိသောကိုယ် ကို ဘေးရွှေ့ပေးလိုက်ရသည်။

"ဩော် ဝင်ပါ အနန္တ အောက်မှာ ကျောင်းသားတွေမကြာခင်ပြန်လာ တော့မှာ ပြီးတော့ ထိုင်ခုံကောင်းကောင်းလည်းမရှိလို့ အဲဒါပေါ်ထပ်မှာ ပဲ စကားပြောကြရအောင်နော် "

"ကောင်းတာပေါ့"

အနန္တကဘာမှမငြင်းဘဲအပေါ်ထပ်ကို လိုက်၏ ။

"ဒီမှာထိုင်"

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

သစ္စာ အနန္တအတွက် ခုံတစ်လုံးကိုလက်ညှိုးထိုးကာသစ္စာကတော့သူနဲ့မျက်နှာချင်းဆိုင် ခုံမှာဝင်ထိုင်လိုက်ပြီး

"ဘာပြောမလို့လဲဟင်"

"သစ္စာပိန်သွားတယ်"

သူပြောမှပဲ သစ္စာကိုယ့်မျက်နှာကိုယ် ပြန်စမ်းကြည့်မိ၏။

ဟုတ်တာပေါ့။ အချစ်စိတ်နှင့်အလွမ်းစိတ်က သူမကိုတော်တော်နှိပ်စက်ခဲ့သည်ကိုး ။

"အင်း ဟုတ်တယ်"

"ဟို သစ္စာ ငိုထားသေးလားဟင်"

"နည်းနည်းပါ"

ကြည့်ပါဦး။ တည်သစ္စာဆိုတဲ့ မိန်းကလေးဟာ အခုချိန်ထိ မကွယ်မဝှက် ပြောပြနေတုန်း"

သူမှာ စွန့်ပစ်ခဲ့မိသည်ကို နောင်တရပြီးရင်း ရနေတော့၏။

"နေမကောင်းဘူးလား"

သစ္စာ စိတ်ညစ်လာပြီး

"အနန္တ ပြောမယ့်စကားတွေက ဒါတွေလား"

အနန္တက တစ်ချက်ပြုံး၏။

"ဘာလဲ ကိုယ်နဲ့စကားမပြောချင်တော့လို့လား"

"သစ္စာ ပင်ပန်းနေလို့ပါ"

"ဒါဆိုလည်း လိုရင်းပဲပြောတော့မယ်ကွာ၊ မင်း ကိုယ့်ဆီပြန်လာပါလား"

မထင်မှတ်ဘဲကြားလိုက်ရသောစကားကို သစ္စာမအံ့သြမိ။ ဒီ





ဘူတာပဲဆိုက်မည်ဆိုတာကို သိတာကိုး။

"အဲဒါလား အနန္တပြောချင်တဲ့စကား"

"အင်းကိုယ် သစ္စာကိုမစွန့်လွှတ်နိုင်တော့ဘူး"

ပြောရင်း အနန္တက သူ့ခုံမှထလာပြီး သူမထိုင်နေသည့်နှစ်ယောက်ထိုင်ကြိမ်ခုံမှာ ကပ်ထိုင်၏။

စိတ်ကမကျေနပ်ပေမယ့် လူမှုရေးရော၊ သူငယ်ချင်းရောဖြစ်နေတာမို့ သည်းခံလိုက်ရသည်။

အနန္တက သူမ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ

"ကိုယ်သိပ်မှားခဲ့တယ် သစ္စာအကြီးအကျယ်ကိုမှားခဲ့တာပါ သေချာပြန်တွေးကြည့်လိုက်တော့ ကိုယ်သစ္စာကို သိပ်ကိုလိုအပ် တယ် ကိုယ့်အိမ်ကစေ့စပ်နေတဲ့ကောင်မလေးကိုတောင် ကိုယ်ငြင်းခဲ့ တာပါ ပြီးတော့ ကိုယ်တို့လည်းချစ်ခဲ့ဖူးကြတာပဲ သစ္စာရယ်ကိုယ့်ကိုပြန်လက်ခံပေးပါနော်"

သစ္စာ ကိုယ့်လက်ကိုတောင်ပြန်မရုန်းနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွား၏။

သူ အခုလိုပြောလေ အနန္တကို ပိုသတိရလေသော။

"မ သိပ်ပျော်နေလားဟင်"

တရင်းတနှီးရှိသော အသံလာရာကို လှည့်ကြည့်လိုက်တော့ အနန္တ။

သစ္စာလက်ကိုရုန်းကာ ချက်ချင်းမတ်တပ်ရပ်လိုက်တော့ ခေါ်က်တာအနန္တကလည်း လိုက်ရပ်၏။

အနန္တကတော့ လေ့ကားကိုကျော်ဖြတ်၍ ခပ်မြန်မြန်သာ မဆီလျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက ယုံနိုင်စရာမရှိ။

"မ ကျွန်တော် မေးနေတယ်လေ"

"မင်း ဘာလာလုပ်တာလဲ"

"ဘာလဲ ကြောက်သွားတာလား"

"ဘာကို တို့ကကြောက်ရမှာလဲ အနန္တ"

အနန္တ ဘာမှမပြောဘဲ မ ဘေးမှာရပ်နေသောလူကိုသာ ခပ်မဲ့ မဲ့တစ်ချက်စိုက်ကြည့်လိုက်၏။

"ဘာမှကြောက်စရာတော့မရှိပါဘူး၊ ဒါကြောင့်လည်း မက ကျွန်တော်နဲ့အဆက်အသွယ် ချက်ချင်းဖြတ်လိုက်နိုင်တာကိုး"

"မင်း ဒီနေ့ စေ့စပ်မှာမဟုတ်လား ပြန်တော့"

သူ မကိုစိုက်ကြည့်ရင်း မျက်ရည်တွေ ဝေ့တက်လာ၏။

ယောကျ်ားတန်မဲ့ မျက်ရည်လွယ်တတ်တဲ့ကောင်လို့ ပြောချင်ရင်လည်း ပြောကြပါစေတော့။

သူ မပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ

"မ ကျွန်တော် မဘဝထဲကို အပြီးပိုင်ဝင်ဖို့ လာခဲ့တာ"

"အဲဒါ တို့က ဘာလုပ်ပေးရမှာလဲ"

သစ္စာ အနန္တမျက်ရည်ဝဲနေတာကိုကြည့်ရင်း သူမပါ မျက်ရည်ဝဲလာ၏။

"လာ ကိုယ့်ညီ ခဏလောက် လက်ကိုလွှတ်လိုက်ပါ သစ္စာ နေကောင်းတာမဟုတ်ဘူး"

ပြော၍ ထိုသူက အနန္တလက်ကို ဆွဲဖြုတ်၏။

သူ အသာတကြည်ပဲ လွှတ်ပေးလိုက်ပါသည်။

"မ ကျွန်တော့်ကို တကယ်မုန်းနေပြီလားဟင်"





မ ဘာမှပြန်မပြော။

သူ စိတ်မထိန်းနိုင်တော့ဘဲ မ ပခုံးကို ပြန်ဆုပ်ကာ လှုပ်ယမ်းလိုက်မိသည်။

"ဟေ့ အရမ်းမလုပ်နဲ့လေကွာ"

"ဒီမှာ ခင်ဗျား ခဏလောက်ဘေးထွက်ရပ်နေပေးပါ"

"ရမလား မင်းသစ္စာကို လုပ်ချင်တိုင်း"

"အနန္တ သစ္စာ ကိုယ့်ကိစ္စကိုယ်ရှင်းနိုင်ပါတယ်"

သစ္စာ ဝင်ပြောလိုက်တော့ အနန္တပါးစပ်ပိတ်သွား၏။

"ကဲ မင်းလည်းတို့ကိုလွှတ် ဒီမှာအနန္တ တို့မင်းကို ချစ်ခဲ့တယ် ဒါပေမဲ့ ရခဲ့တဲ့ရလဒ်တွေကမတန်ဘူးကွာ ဒဏ်ရာ တွေလည်း ရင်နဲ့အမျှပဲ အခု မင်းတို့ကို ဒုက္ခပေးရတာမဝသေးလို့လား ဟင် ပြောစမ်းပါ"

ပြော၍ မကငိုတော့ ဒေါက်တာအနန္တက ပခုံးကိုဖက်၍နှစ်သိမ့်၏။

"မ ကျွန်တော့်ကို ချစ်နေသားနဲ့ မရယ်"

မ ခေါင်းခါ၏။

"ကဲ မင်းလည်းပြန်တော့ကွာ နောက်မှအေးအေးဆေးလာပေါ့ ဟုတ်လား"

ဒေါက်တာအနန္တလေသံက အောင်နိုင်သူ၏လေသံနှင့်နှင်၏။

သူ ထိုသူကို ရွံရှာစွာတစ်ချက်ကြည့်လိုက်ပြီး

"မ သိပ်ရက်စက်တယ်"

သူ ပြောပြီးပြီးချင်း နေရာမှချက်ချင်းလှည့်ထွက်ခဲ့၏။

ဘာကိုမှလည်း မကြည့်ချင်၊ မမြင်ချင်တော့။

သူ ပခုံးလေးကိုကိုင်တော့ မကိုင်နဲ့ဟုပြောသည့် မကထိုသူ



www.burmeseclassic.com

www.burmeseclassic.com



ဖက်တာကိုကျတော့ ငြိမ်ခံနေ၏။

ဇက်ချိန်လုံးပျော်နေခဲ့သည့် အိပ်မက်တွေက အခုတော့ လေထဲမှာ။

သစ္စာလည်း အနန္တထွက်သွားသည်နှင့် ဒေါက်တာအနန္တ၏လက်ကိုဖယ်ချကာ ကိုယ့်အိပ်ခန်းထဲကိုယ်ဝင်လိုက်၏။

ဒီနေ့လည်း သူမခေါင်းဦး မျက်ရည်တွေနှင့်ရွှဲနေမှာ သေချာပါ၏။

❀❀❀



## အခန်း (၃၉)

"ဒါ ဘယ်လိုဖြစ်တာလဲ ကိုမင်းထင် ကျွန်တော်တို့တွေကို သက်သက်မဲ့အရှက်ခွဲတာလား"

"အဟင့် ဟင့် သမီးလည်းရှက်လို့ ဘယ်နားမှာသွားနေရမလဲတောင်မသိတော့ဘူး၊ သမီးကို သတ်လိုက်ပါတော့မေမေရယ်"

"အို အဓိပ္ပါယ်မရှိဘာ သမီးရယ် ဒီမှာ မစေ့စပ်ရတာဘဲ ကျေးဇူးတင်ရဦးမယ် ဒီလိုကောင်မျိုးနဲ့စေ့စပ်လိုက်ပြီးမှ ဒီလိုမှန်းသိရင် ပိုတောင်ဆိုးဦးမယ်"

တစ်ယောက်တစ်ပေါက်ဝေဖန်သံတွေကြားထဲမှာ ဦးမင်းထင် ဘယ်လိုမှခေါင်းမဖော်နိုင်။

မှားခဲ့သည်က ကိုယ့်သား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဘယ်လိုတောင်းပန်ရမလဲကို မသိတော့ပါဘူးဗျာ၊ ဦးခင်ဇော်နဲ့ဒေါ်မကြည်တို့ ခွင့်လွှတ်ပေးဖို့ပဲ မျှော်လင့်ပါ တယ်"

"ခွင့်လွှတ်ပေးရမယ်၊ ပြောရက်လိုက်တာရှင် ကျွန်မတို့ကို ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ ရှင်စဉ်းစားကြည့်စမ်းပါ၊ အဲ့ဒါတွေအားလုံးက ရှင့်သားအမိုက်အမဲကြောင့်ဖြစ်ရတာ"

"တော်တော့ကွာ ကဲ သမီးမငိုနဲ့တော့ တိတ် ပြန်မယ်။ ကိုမင်းထင် ကျွန်တော်တို့ပြန်တော့မယ်"

"ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ"

ညည်းသည်တွေပြန်သွားကြတော့ သူ သားအခန်းလေးကို လှည့်ပတ်ကြည့်နေမိသည်။

"ဒယ်ဒီ ကျွန်တော် ပြန်လာဖြစ်ဦးမှာမဟုတ်ဘူး။ စိတ်ပြေလက်ပျောက် ခဏလျှောက်သွားဦးမယ် ဒယ်ဒီ စိတ်မပူပါနဲ့"

ဒါပဲပြောပြီး ဖုန်းချသွားသောသားကို သူဘယ်လိုမှအပြစ်မမြင်ရက်။ သား အသံလေးက တကယ့်ကို ဆွေးဆွေးမြေ့မြေ့လေး။

ပြီးတော့ ပထမငါးရက်စာမေးပွဲဖြေပြီးကတည်းက ဂုဏ်ထူးအနည်းဆုံးလေးဘာသာပါလိမ့်မည်ဟုပြောလာသော သားက လိုချင်တာတောင်းခဲ့၏။

ကိုယ်ကလည်း ကိုယ့်ကတိနှင့်ကိုယ်ဆိုတော့ မတတ်နိုင်။

သား တောင်းသည့်အရာကလည်း ဒီဇေစပ်ပွဲကို ပျက်စီးသွားစေဖို့တဲ့။

ရုတ်တရက်ကတော့ ဘယ်လိုမှသဘောမတူနိုင်ခဲ့။ ဒါပေမယ့် ကတိလည်းပေးထားပြီးသားဖြစ်သည့်အပြင် သားပြောပြသည့် ဖြူကြည့် အကြောင်းကိုကြားတော့ စိတ်ကရွံ့သွား၏။





သားပြောပြသည့် သားကောင်မလေးကလည်း ပိုက်ဆံမချမ်းသာပေမယ့် စိတ်ရင်းလေးကကောင်းရှာသည်။ ဒါကြောင့်လည်း သားက သူ့အစီအစဉ်နှင့်သူ ကြည့်လုပ်မည်ဆိုတာကို သူလက်ခံခဲ့တာဖြစ်၏။

အခုတော့ သားဖုန်းဆက်လာသည့်ပုံအရဆိုလျှင် သားနှင့်သူ့ကောင်မလေး အဆင်မပြေတာ တကယ့်ကိုထင်ထင်ရှားရှား။

သားလေး အခုဘယ်ရောက်လို့ ဘာလုပ်နေပြီမှန်းလဲမသိ။ ဒါပေမဲ့ ဖုန်းဆက်လာ၍တော်သေး၏။ မဟုတ်လျှင် ရင်ကျိုးရှုံးသာရှိတော့သည်။

ဦးမင်းထင် အခန်းထဲမှပြန်ထွက်ကာ အောက်ထပ်စားပွဲပေါ်ရှိ ဖုန်းကိုကောက်ကိုင်လိုက်၏။

လက်ချောင်းကလေးတွေနှိပ်လိုက်သည်က သား နေထိုင်ခဲ့သော အဆောင်ကလေးဆီသို့။

"ဟဲလို"

"ဟုတ်ကဲ့ ဆရာမတည်သစ္စာရဲ့ ဘော်ဒါဆောင်ကလား မသိဘူးခင်ဗျာ"

"ဟုတ်ပါတယ်"

"ဆရာမ တည်သစ္စာနဲ့ စကားပြောချင်လို့ပါခင်ဗျာ"

"ဟို သူ နေမကောင်းဘူးရှင့်"

"အခု ပြောနေတာက"

"သူ့အဒေါ်ပါ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်သူ့ဆီလာချင်လို့ပါ အဲဒါ"

"အခုတော့ သူစကားပြောနိုင်ဦးမှာမဟုတ်ဘူးရှင့် ဒါပေမဲ့"

တစ်ဖက်ကအသံ ခဏမျှတိတ်သွားပြီး စကားသံတွေသဲ့သဲ့ကို ကြား



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

"ဟဲလို တည်သစ္စာ စကားပြောနေပါတယ်ရှင်"

အသံလေးက ဝမ်းနည်းမှုတွေစွက်နေ၏။

သားနဲ့ဘာတွေဖြစ်သွားကြပြီလဲ။

"သမီး ဦးနာမည်က ဦးမင်းထင်ပါ"

"ဦးမင်းထင်"

သူမ နာမည်ကို တစ်ချက်ရေရွတ်လိုက်အပြီးမှာ ဦးမင်းထင်ဆိုတာကို သိလာ၏။

"ကျွန်တော့်ဒယ်ဒီက ဦးမင်းထင်"

ဒါဆို အနန္တရဲ့ အဖေပေါ့။

"ဟုတ်ပါတယ်၊ သမီး ဦးက အနန္တရဲ့အဖေပါ"

"ဟုတ်ကဲ့ သိပါတယ်"

"အခုဆင်ပြေမယ်ဆိုရင် ဦးသမီးနဲ့တွေ့ချင်လို့ပါ"

"သစ္စာ နေသိပ်မကောင်းလို့ အဲဒါ"

"ဦး သမီးကို ကောင်းသောတွေ့ခြင်းနဲ့တွေ့ဖို့လာမှာပါ၊ ဦးဘာ၀အတွက်လည်း အရမ်းအရေးကြီးနေလို့ပါ"

သေချာရိုရိုကျိုးကျိုး တောင်းပန်လာသောသူကြီးက ကိုယ့်အဖေအရွယ်လောက်ရှိတာမို့ အားနာပါးနာနှင့်ပဲ ဟုတ်ကဲ့ဟုဖြေလိုက်ရသည်။

တကယ်တမ်း စိတ်ထဲမှာကနင့်နေ၏။ သူနှင့်ပတ်သတ်သောသူ ဘယ်သူ့ကိုမှမတွေ့ချင်။

မုန်းလို့တော့ မဟုတ်ပါ။

အနန္တနှင့်ပတ်သက်သည့်သူတွေကို တွေ့တာနှင့် မျက်ရည်ကကျလာမြဲ။ သူတစ်ပါးရှေ့မှာ မျောည့်သောမိန်းမတစ်ယောက်အဖြစ်တော့





အဖြစ်မခံနိုင်။

သစ္စာ မျက်နှာသစ်ကာ အကျီလဲပြီး အောက်ထပ်ဧည့်ခန်းဘက်မှာ ထိုင်စောင့်နေလိုက်၏။

ဘယ်လောက်မှမကြာလိုက်ဘဲ စက်သံခပ်ညက်ညက်ကားတစ်စီး သစ္စာတို့အိမ်ကလေးရှေ့မှာ ထိုးဆိုက်လာ၏။

ကားပေါ်ဆင်းလာသည့်လူကြီးက အသားဖြူဖြူ ကျော့ရှင်းသော ကိုယ်ဟန်နှင့် အတော်ပင်နုပျိုနေသည်။ မျက်နှာပုံ မျက်နှာထားကလည်း အနန္တနှင့်အတော်ဆင်၏။

သူမ ချက်ချင်းပြုံးပြကာ

"ဦးမင်းထင် အထဲကြွပါရှင်"

ထိုလူကြီးကလည်း နှစ်လိုဖွယ်ပြန်ပြုံးပြ၏။

ဦးမင်းထင် ရေညှိစိမ်းရောင် ဝမ်းဆက်မြန်မာထည်ပွင့်ရိုက်ကလေးကို ဝတ်ထားသည့်ကောင်မလေးကိုကြည့်ရင်း မျက်နှာကအလိုလိုပြုံးပြီးသားဖြစ်သွား၏။

ကျောလယ်လောက်ဆံပင်လေးကို ကပိုကရိုလေးဖားလျားချထားသည့်ပုံက မကလက်ပဲလှနေသည်။ အသားလေးကဝင်းနေတာမို့ ဝတ်ထားသည့်အစိမ်းရောင်လေးနဲ့လိုက်ဖက်လွန်းသည်။ သူ့ကိုပြုံးပြတော့လည်း နှုတ်ခမ်းပါးလေးတွေနှင့် ပုလဲရောင်သွားကလေးတွေက အမှန်ပင်ချစ်စရာကောင်းနေပြန်သည်။

လှလိုက်တာ ဟုရေရွတ်မိတော့မတတ်ဖြစ်သွားပြီးသည့်နောက်မှာ သားမျက်နှာ ပြေးမြင်မိသေးသည်။

ကောင်မလေးကလည်း သွယ်သွယ်လျလျအရပ်ရှည်ရှည်ကလေး၊ သားကလည်း အရပ်ရှည်ရှည်ကလေးဆိုတော့ တကယ့်ကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖွက်မည်သာ။

တစ်ပြိုင်နက်တည်း ဖြူကြည်ဆိုသောကောင်မလေး၏ ခပ်ရိုး ရိုးဝတ်စားဆင်ယင်မှုကို သတိပြုမိ၏။

"ထိုင်ပါရှင်"

"အေး သမီး"

သူ ကောင်မလေးညွှန်ပြသည့်ခုံမှာပဲ ဝင်ယိုင်လိုက်သည်။

"ဦး ဘာသုံးဆောင်မလဲရှင်"

"တော်ပါပြီ သမီးရယ်၊ ဦးကစကားပဲပြောမလို့လာတာပါ။ သမီးလည်း ထိုင်ပါဦး"

"ဟုတ်ကဲ့"

"ဦး သမီးကို လာတောင်းပန်တာပါ"

"ရှင်"

"သမီးကို ဖြူကြည်တို့ လာစော်ကားခဲ့တဲ့အတွက်ရော ဦး အထင်လွဲမိတာအတွက်ပါ တောင်းပန်ပါတယ်"

"ရပါတယ် သစ္စာ စိတ်ထဲမှတ်မထားပါဘူး၊ ပြီးတော့ဒါ ကလည်း ဦးနဲ့မှမပတ်သက်တာ"

"ပတ်သတ်တာပေါ့ သမီးရယ် ဦး အတင်း သားနဲ့စေ့စပ် ဖို့စီစဉ်ခဲ့လို့ ဒီလိုတွေဖြစ်ကုန်ရတာ"

"ရပါတယ် ဦး တောင်းပန်စရာမလိုပါဘူး၊ တကယ်အနန္တသာ"

သူမ ပြောမလို့ပြင်ပြီးမှ ဦးမင်းထင်မျက်နှာကို လှမ်းကြည့်ရင်း ပြောမည့်စကားကို ရပ်ပစ်လိုက်သည်။

"သား မရှိတော့ဘူး သမီး"

"ဘာကိုပြောတာလဲ မသိဘူး"

(စိုးမိုးစာပေ)



"သား အိမ်က ထွက်သွားပြီလေ စေ့စပ်ပွဲလည်း ပျက်သွား တာပေါ့"

"ဟင်"

"သားက သမီးကိုတကယ်ချစ်တာပါကွယ် ဦးလည်း စာမေး ပွဲပါးရက်မြေပြီးကတည်းက သားဆန္ဒကိုလိုက်လျောဖို့ သဘောတူခဲ့တာပါ၊ ဒါပေမဲ့ တကယ်တမ်းကျတော့ သားမျှော်လင့်ထားသလို ဖြစ်မလာ ဘူးလေ"

အနန္တ သူ့အဖေကို ဘာတွေများရင်ဖွင့်ထားပြီလဲ။

"ဒါပေမဲ့ ဦး ဘာအကျိုးအကြောင်းမှမသိရပါဘူး၊ ခရီး ထွက်ဦးမယ် စိတ်မပူပါနဲ့ဆိုတဲ့စကားပဲ ဦး ကြားခဲ့ရတာ"

"အနန္တက ဦးဆီကို ဖုန်းဆက်ခဲ့တာပေါ့"

"အင်း"

သစ္စာ ငိုချင်စိတ်ကို မနည်းမျိုချနေရ၏။ ဦးမင်းထင်ပြောစကား တွေက ငိုချင်စိတ်ကို အတင်းကိုဖြေချခိုင်းနေခဲ့သည်။

ဟန်ဆောင်ပန်ဆောင်နှင့်ပဲ ဦးမင်းထင်နဲ့သစ္စာ စကားဖြောင့် ဖြောင့်ဖြူးဖြူးပြောနိုင်ခဲ့၏။

ဦးမင်းထင်ပြန်သွားသည်နှင့် သစ္စာထိုင်ခုံပေါ်မှာပဲ ခေါင်းကို လှန်ချလိုက်သည်။ မျက်ရည်တွေက ချက်ချင်းဝေါခနဲ သွန်ကျလာ၏။

အားလုံးအဆင်ပြေသွားကျတော့ မင်းက ဘယ်နေရာမှာမှန်း တောင်မသိရဘူး။

စိတ်ရှည်ရှည်နဲ့သာ မင်းစောင့်နေခဲ့ရင် အခုဆို ဇာတ်သိမ်းခန်း ရောက်နေလောက်ပြီ။

မင်းတော်တော် အသုံးမကျတာဘဲအနန္တ။

(စိုးမိုးစာပေ)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဆရာမရေ ဆရာမ"

အော်သံတွေက ဆူညံနေတာမို့ နန္ဒတို့မိုးကျော်တို့ ရောက်နေပြီဆိုတာကို သိလိုက်၏။

"ဘာတွေစွတ်အော်နေကြတာလဲ ဘာလဲ အခြေအနေကောင်းလို့လား"

"ဟာ မေးမှမေးရက်တယ် ဆရာမရယ်၊ ကျွန်တော်က သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ လေးဘာသာဂုဏ်ထူးပါတယ်၊ မိုးကျော်ကတော့ ဆရာကြီးလေ မြန်မာစာကလွဲလို့ ငါးဘာသာဂုဏ်ထူးပါတယ်"

နန္ဒကမိုးကျော်ကို လက်ညှိုးထိုးပြတော့ မိုးကျော်က မေးစေ့ကို ပွတ်ပြ၏။

"ဆရာကြီးပေါ့"





"အမလေး တော်ပါတယ်ဆိုမှပဲ ချော့တွေ့အောင့်ပေါ့မနေနဲ့ လာ ဆရာမတပည့်တွေအထဲဝင်၊ ရှယ်ဆုချမယ်"

"ဆရာမ ကျန်တဲ့သူတွေလည်း ဂုဏ်ထူးအားခွန်နဲ့အောင်ကြတယ်၊ ဂုဏ်ထူးမပါတာဆိုလို့ ဆယ့်ငါးယောက်လောက်မှပဲရှိမယ်၊ ဆရာမ ဒီနှစ်လည်း နာမည်ကြီးဦးမယ်"

"အင်းပါ"

"ဪ ဒါနဲ့ အစ်ကိုအနန္တလည်း ဂုဏ်ထူးငါးခုပါတယ်ဆရာမ မိုးကျော်နဲ့အတူတူပဲ"

"ဟင် တကယ်"

ဝမ်းသာစိတ်က လှိုက်ခနဲတက်လာ၏။

"ဒါဆို မြန်မာစာပဲမပါတာပေါ့နော်"

"ဟုတ်ကဲ့ မိုးကျော်နဲ့အတူတူပဲ ဆရာမကလည်း နော်မျက်နှာကိုလိုက်တယ်၊ အစ်ကို့အကြောင်းလည်းကြားရော ထခုန်မတတ် ပဲ"

"မဟုတ်ပါဘူးကွာ၊ သွား အထဲမှာအန်တီလုံးရှိတယ်ဝင်နှင့်ဆရာမ နောက်မှလိုက်ခဲ့မယ်"

သူမ ချက်ချင်း သစ်သားအိမ်ကလေးဘက်သို့ ပြေးသွားလိုက်သည်။

အနန္တကို ဂုဏ်ပြုမလို့ပါ။

လက်ထဲမှာ အမြဲမပြတ်ကိုင်ထားသည်က ထိုအခန်းသော့လေး။

အခန်းတံခါးလေးကိုဖွင့်ကာ ခုတင်ပေါ်မှာဖြန့်ထားသော အကျီလေးကို ငုံ့နမ်းလိုက်၏။

အခုအချိန်ထိ ကြည်ပြာရောင်အကျီလေးက အနန္တကိုယ်ငွေ့မပြယ်သေးသလို ခံစားရစေသည်။



www.burmeseclassic.com

www.burmeseclassic.com



လွမ်းလိုက်တာ အနန္တရယ်။

အင်္ကျီလေး ကိုယ်ပေါ်မှာ ကပ်တင်လိုက်ပြီးသစ္စာလှဲအိပ်လိုက်သည်။

အခုချိန်ထိ မျက်ရည်တွေကျနေရတုန်းပါပဲ။

အင်္ကျီဆွဲကာ မျက်နှာကိုပါ အုပ်ထားလိုက်၏။

အမှတ်မထင်အန်တီလုံးဝင်လာလျှင် လွမ်းနေပြန်ပြီဟု အပြောခံရဦးမည်။

စဉ်းစားနေတုန်းမှာပဲ ခြေသံရှပ်ရှပ်လေးကို ကြားလိုက်ရတာမို့ အန်တီးလုံးဝင်လာပြီမှန်း သိလိုက်၏။

အင်္ကျီကို မျက်နှာမှမခွာသေးဘဲ

"သစ္စာပြီးရင် လာခဲ့မယ် အန်တီလုံး ကလေးနှစ်ယောက်ကို ခဏလောက်စောင့်ခိုင်းထားလိုက်ပါ"

အန်တီလုံးက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေ၏။

သစ္စာ တစ်မျိုးကြီးခံစားရ၍ အင်္ကျီလေးကို မျက်နှာပေါ်မှခွာလိုက်တော့ သစ္စာကို ပြုံး၍စိုက်ကြည့်နေသော အနန္တ။

သစ္စာ ချက်ချင်းထထိုင်ပြီးသားဖြစ်သွား၏။

အနန္တဆံပင်တွေရှည်နေ၏။ ဒါပေမဲ့ ပျော့ပြောင်းသောဆံပင်မို့ ဂုတ်နားမှာဝဲသည့်ဆံပင်ကဝဲ၊ မျက်နှာထက်မှာ ကပိုကရိုကျသည့်ဆံပင်ကကျနှင့် အတော်ပင်ကြည့်ကောင်းပါ၏။

စိမ်းပြာရောင်တီရှပ်လေးကို အနက်ရောင်ဂျင်းဘောင်းဘီနှင့် ဘွဲ့ဝတ်ထားတာမို့ ရှင်းသန့်၍ချောမောနေသည်။

အနန္တက သူမ လက်ထဲမှာကိုင်ထားသည့်အင်္ကျီကိုယူကာတစ်ချက်ကြည့်ပြီး နှာခေါင်းရှုံ့၏။ ထို့နောက်အင်္ကျီကိုလုံးကာ အခန်းထောင့်





ကိုပစ်လိုက်သည့်အချိန်မှာတော့ သစ္စာဒေါသထွက်သွားပြီး အနန္တနားကို ချက်ချင်းရောက်သွားသည်။

ကိုယ်က အမြတ်တနိုးသိမ်းဆည်းထားခဲ့ရသည့် အင်္ကျီလေး။

"ဘာလုပ်တာလဲ အနန္တ"

သူမ ပြော၍ အနန္တကိုကျောခိုင်းကာ အခန်းထောင့်ကိုသွားမည်လုပ်တော့ အနန္တက သူမလက်ဖမောင်းကိုလှမ်းဆွဲကာ ခါးမှသိုင်းဖက်ပြီး ပခုံးစွန်းလေးကိုငုံ့နမ်း၏။

သစ္စာရုက်ရုက်နှင့် အတင်းရုန်းပေမယ့်မရ။

"မ ကိုလွမ်းနေတာ"

ပြော၍ သူမခါးလေးကို ဆွဲလှည့်ကာ မျက်နှာချင်းဆိုင်စေပြီး အနမ်းမိုးရွာပြန်သည်။

သစ္စာ အနန္တရင်ဘတ်ကို အတင်းတွန်းထုတ်တော့မှ အနန္တ လက်ကလွှတ်၏။

ကိုယ့်မှာ အသက်ရှုပင်မဝတော့။

"ဘာဖြစ်လို့လဲ မ"

"မင်း မင်း ဘာလာလုပ်တာလဲ"

"မ ဆီလာတာလေ"

"မင်း အူကြောင်ကြောင်မလုပ်နဲ့ အနန္တ ဘာကိစ္စနဲ့လာတာလဲလို့တို့က မေးနေတာ"

"အကြောင်းမရှိဘဲနဲ့ရောလာလို့မရဘူးလား၊ ဒယ်ဒီပြောတော့ မ ကျွန်တော့်ကို အမြင်ကြည်သွားပြီတဲ့ အဲ့ဒါကြောင့် ပြန်လာတာ"

"မင်း ဒယ်ဒီက အဲဒီလိုပဲပြောသလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင်တော့ မင်းမှားပြီ"

"အင်းလေ ဟုတ်မှာပေါ့၊ ဒါပေမဲ့ နည်းနည်းထူးဆန်းမနေ ဘူးလား မ"

"ဘာကိုလဲ"

"အမြင်မကြည်တဲ့သူကလည်း အကျီကိုနမ်းနေလိုက်တာများ တကယ့်တရှိုက်မက်မက်ပဲနော် အဟွန်း"

သစ္စာ သူခိုးလူမိဖြစ်သွားတာမို့ ဘာမှမငြင်းနိုင်။ ဒါကို အနန္တ က အခွင့်ကောင်းယူကာ သူမ လက်ဖဝါးလေးနှစ်ဖက်ဆွဲယူ၍

"ရှက်မနေပါနဲ့မရယ်၊ ကျွန်တော်မရှိတဲ့အချိန်တွေမှာ မ ဒီ အခန်းလေးကိုလာလာပြီး ဆွေးတတ်တာကအစ ကျွန်တော်သိတယ် မ ငြင်းချင်သေးလို့လား"

"တော်စမ်းပါ မင်းကို လုံးဝမကြည်တာတော့ အမှန်ပဲ"

မကြည်ဘူးဟုဆိုနေသော မက သူဆွဲကိုင်ထားသည့်လက်က လေးတွေကိုမရုန်း။

"မ ကျွန်တော်စာမေးပွဲကို ဘာနဲ့အောင်ခဲ့လဲဆိုတာကိုသိလား"

"သိသားပဲ၊ ဂုဏ်ထူးငါးဘာသာရတာများဆန်းတာကျနေတာပဲ တို့လည်း ငါးဘာသာနဲ့အောင်လာတာ"

မဲ့ရွဲ့ပြောနေသော မကိုကြည့်ရင်း သူရယ်ချင်စိတ်ဖြစ်လာသည်။ သူသတိထားမိလိုက်သည်က မ တော်တော်လှလာသည်ပဲ။

"မောင့်ကို ဘာနဲ့ဆုချမလဲ"

မထင်မှတ်သော အသုံးအနှုန်းကြောင့် သစ္စာ နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းသွား၏။

"ဆောရီးပဲ"





သူမ နှုတ်ခမ်းကိုမဲ့၍ပြောကာ လက်ကိုရုန်းတော့ အနန္တက အတင်းဖက်လာပြန်၏။

"မောင် နော်"

"ဟာ မ ဘယ်လိုခေါ်လိုက်တယ်"

"ဟင် ဘာလဲ အနန္တ မင်းနော်လို့ပြောလိုက်တဲ့ဟာကို"

"မရက်စက်ပါနဲ့ မရယ် ဒီတစ်ခါ မောင်တကယ်သေမှာ ဟိုဒေါက်တာနဲ့မှော မ ကင်းသွားပြီလားဟင်"

"အစောကြီးကတည်းက ဘာမှမ မဆိုင်တာကို"

"အဲ့ဒါများ အဲဒီနေ့ကတည်းက မကိုခွဲမသွားပါနဲ့တော့ မောင် ရယ်လို့ တားပါတော့လား"

"အမယ် တားစရာလား"

"မာနကလည်း ကြီးပေါ့"

"ကြီးကြီးပဲ"

"ဘာလဲ မချစ်ဘူးလား"

"ဟင့်အင်း"

"ဟာ့ ရတယ်"

အနန္တက အတင်းငုံ့နမ်းတော့ မကသူ့မျက်နှာကို အတင်း လက်နှင့်ဆွဲဖယ်ကာ

"မလုပ်နဲ့နော် တကယ်မချစ်ဘဲနေလိုက်မှာ"

"ဒါဆို ချစ်နေတယ်ပေါ့"

"အနန္တနော်"

"မောင် ပါ"

"သွား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"ကြည့်ပါလား၊ ချစ်ချင်စရာကိုမကောင်းဘူး"

"မ လည်း နည်းနည်းလောက်ပြေပြေလည်လည်ပြောကြည့်ပါလား၊ မောင်လို့ခေါ်ရတာကိုပဲ တွန့်တိုနေသေး"

"ရှက်တာပေါ့"

"ရှက်ရင် တိုးတိုးလေးခေါ်လေ"

"မခေါ်ချင်ဘူးကွာ"

"မ အခုနကတောင် ခေါ်သေးတာပဲကို ခေါ်ပါ"

"ပြီးရင် လွှတ်တော့နော်"

"အင်း ခေါ်ပါတော့ကွာ"

မ ကခြေဖျားလေးထောက်၍ သူ့နားနားကပ်ကာ

"မောင်"

"ဟင် ဘာလဲ မကြားလိုက်ရဘူး"

"လူလည်"

"လုပ်ပါ နောက်တစ်ခေါက်လောက် မောင်တစ်လုံးတည်းတော့မလုပ်နဲ့ကွာ မောင့်ကိုချစ်တယ်လေး ဘာလေးလုပ်ပါနော်"

"ဒါနောက်ဆုံးပဲနော်"

"အင်း"

"မောင့်ကိုချစ်တယ်"

သစ္စာစကားအဆုံးမှာ အနန္တက လက်တစ်ဖက်ဖြင့် သူ့မခါးကိုဖက်ကာ ကျန်လက်တစ်ဖက်ဖြင့် သူ့မ မျက်နှာလေးကို မော့ယူကာ နေရာလပ်မကျန်နမ်းတော့သည်။

ဒီတစ်ခေါက်တော့ သစ္စာမရှုန်းရက်တော့ဘဲ ငြိမ်နေလိုက်၏။





"ဟာ မိုးကျော်ရေ ဒီမှာ ကောင်းခန်း ကောင်းခန်းဟေ့"

နန္ဒအော်သံအဆုံးမှာ မိုးကျော်အိမ်ထဲမှ အူယားဖားယားပြေးထွက်လာ၏။

"ချီးမသားတွေ"

သူ့ ဖျစ်ဖျစ်နှစ်နှစ်ဆဲတော့ နန္ဒဖက်ပု၍ လျှာထုတ်ပြ၏။

အနန္တ မ နားမှခဏထွက်၍ အခန်းတံခါးကိုပိတ်၊ သော့ခ်ပါချလိုက်ပြီး မအနားပြန်လာကာ

"ဘယ်နားရောက်သွားပြီလဲတောင်မသိဘူး"

"အဟင်း ဟင်း"

မ ကပခုံးလေးလှုပ်ကာရယ်၏။

"ရှုပ်ပါတယ်ကွာ၊ အစကပဲပြန်စတော့မယ် မောင် မကို အရမ်းချစ်တယ်"

"သစ္စာလည်း မောင့်ကို အရမ်းချစ်ပါတယ်ရှင်"

"အဟား သေပျော်ပြီကွာ"

"သွား . ပါးစပ်ပုတ်ကြီးနဲ့"

"အဟွန်း ဟုတ်တယ်နော် ဆောရီး"

"အို"

အနန္တ သစ္စာကိုယ်လေးကို ခွေခနဲပွေ့ယူ၍ ခေါ်ဆောင်သွားသည်က အချစ်နယ်မြေဆီသို့ပင်ဖြစ်လေသည်။

အားလုံးအတွက်

နတ်သမီး



www.burmeseclassic.com